www.burmeseclassic.com

မောင်သူမှိုင်း (သန်လျင်)

# ဆင်မနင်းဘုန်းတော်ကြီး

အပါအဝင်

ဂန္ဓီရဝတ္ထုတိုများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

NEW IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြဲးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၅၀၀ ကျပ်

၈၉၅ ၈၀၃
ညိုမှိုင်း၊ မောင်(သန်လျင်)
ဆင်မနင်းဘုန်းတော်ကြီးအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ/
မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၄၆–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ဆင်မနင်းဘုန်းတော်ကြီးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆင်မနင်းဘုန်းတော်ကြီး | ၁ |
| ၂။ | လူသေခေါင်းပေါ်ကရတဲ့ ကြွက်ကလေး | ၃၃ |
| ၃။ | အရှုံးပေါက်ကျော် | ၆၄ |
| ၄။ | မေတ္တာဖော၏ ဝေါတ်ကွဲအား | ၈၆ |
| ၅။ | အချစ်ကြမ်းတော့ လွမ်းရသည် | ၁၀၄ |
| ၆။ | အုတ်ဖာစ်ချပ် အယူမှားခဲ့စဉ်က | ၁၂၆ |
| ၇။ | မျက်ရည်ဝိုင်း၍ ထျန်ရစ်ခဲ့ကြသူများ | ၁၄၆ |
| ၈။ | ပြန်ချိန်တူကြသူများ | ၁၈၃ |
| ၉။ | အဝိဇ္ဇာပေါ် အဝိဇ္ဇာဆင့်တဲ့နေ့ | ၂၀၆ |
| ၁၀။ | အစွဲအလမ်း | ၂၃၀ |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မြစိမ်းဖက် တောင်ခြေရွာကလေးအနီး အလွန်အသက်ကြီးလှသည့် ဘုန်းတော်ကြီးတစ်ပါး တောရလာတည်နေသည်ဟု ကြားရသောအခါ မြစိမ်းဖက် ရွာသူရွာသားများသာမက အင်ကြင်းကုန်း၊ သွားခေါ်ကုန်းနှင့် မကျိုးရွာရှိ လူအများပါ အံ့ဩဝမ်းသာဖြစ်ကုန်၏။

ကြားခါစတုန်းက ဟုတ်မှဟုတ်ရဲ့လားဟု မေးစမ်းကြ၏။ ရွာထဲကို ဘုန်းကြီးအိုကြီးကြွလာတော့မှ အားလုံး အံ့ဩဝမ်းသာနှင့် ဆွမ်းလောင်းကြ ဦးချကန်တော့ကြကုန်ကြ၏။

ဒါနှင့်အတူ အံ့ဩရသည်တလည်း ရှိလေ၏။

တခြားမဟုတ်။

မြစိမ်းဖက်တောင်ဝန်းကျင်သည် အစောင့်အရှောက်ကြီး၏။ ကြမ်း၏။ အမှားမခံ။ ထိုနှင့်အတူ မြစိမ်းဖက်တောင်ခြေရှိ သုသာန်ဟောင်းကြီးက ပိုဆိုး၏။

ဒီသုသာန်ဟောင်းကြီးဝန်းကျင်ကို တော်ရုံလူများ နေ့ခင်းကြောင် တောင်မှာပင် ဖြတ်မသွားရဲ။





သုသာန်ဟောင်းကြီးသည် တစပြင်လို ဖြစ်နေသည်မှာ ကာလအတန်ကြာ၏။ ဒီနေရာမှာ သုသာန်တစပြင်နှင့် သချိုင်းကို ခွဲခြား၍ ပြောလိုသည်။

သုသာန်ဆိုသည်မှာ လူသေကောင်စွန့်ပစ်ရာအရပ်ဖြစ်၏။ တစပြင်ဆိုသည်မှာ သချိုင်းဟောင်း၊ လူသေစွန့်သည့်နေရာဟောင်း၊ လူမနေသည့် ဇုန်းဆိုးမြေကို ခေါ်၏။

သချိုင်းဆိုသည် လူသေကောင်ကို ကျင်းတူး၍လည်းကောင်း၊ မြေမြှုပ်၍လည်းကောင်း၊ ဂူသွင်း၍လည်းကောင်း၊ မီးသဂြိုဟ်၍လည်းကောင်း၊ စီရင်ပြုပြင်သည့် နေရာကို ခေါ်၏။

ဤမြစိမ်းဖက်တောင်ခြေမှာ အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်က ပုလိပ်ရောဂါဖြစ်၍ ရွာလုံးကျွတ်သေသဖြင့် မြေမမြှုပ်နိုင်ဘဲ ရွာကိုစွန့်ကာ ရွာနေလူများ စွန့်ပစ်ပြေးခဲ့ရ၏။

ပုလိပ်ရောဂါသည် လူသေ၊ ကလေး၊ လူကြီး၊ လူရွယ်အလောင်းတို့က မြင်လို့မကောင်း။

ပုပ်ပွန်စော်နေသည်။ ကျီးကန်းတို့ နေ့စဉ် အုပ်ဖွဲ့ဝဲပျံစားသောက်နေကြသည်ကို ကြောက်လန့်စဖွယ် မြင်ရ၏။

အချို့ လူသေအလောင်းများကို မြစိမ်းဖက်တောနက်ကြီးမှ ကျားများ၊ တောခွေးများက လာရောက်စားသောက်ကြ၏။ နောင်အခါ ၎င်းရောဂါဆိုး ရွာပျက်ကြီးမှ ညအခါ လူအများရဲ့ အော်ဟစ်ညည်းညူသံများ၊ ငိုကြွေးရှိုက်ငင် အကူအညီတောင်းသံများကို ခပ်ဝေးဝေးရွာများက ကြားရ၏။

လူစုလူဝေးနှင့် မီးတုတ်မီးတိုင်များ ထွန်းညှိပြီး သွားကြည့်ကြလျှင် သူဝေး၍ ခွေးပင်မမြင်ရ။

သို့နှင့် ပြန်လှည့်လာလိုက်လို့ အတော်လှမ်းလှမ်းရောက်လျှင် ကလေးငိုသံများကို ကြားရလေ့ရှိပြန်၏။

တစ်ခါမှာ ရွာသူကြီး ဦးစံကုလားကြီး၏အမည်ကို ခေါ်နေ၍ ဦးစံကုလားကြီးနှင့်ရွာသားများက အရဲစွန့်ပြီး သွားကြည့်ကြသောအခါ မည်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ မတွေ့ရဘဲ အရိုးခေါင်းပုံကြားမှ ဆန်ကောခန့်ကြီးမားသော မီးလုံးကြီး တစ်လုံး ထခုန်နေသည်ကို မြင်ရပြီး အားလုံးဒရောသောပါး ပြေးခဲ့ရ၏။

သည်တုန်းက ရွာသူကြီးဦးစံကုလားကြီး ညဘက် အိပ်လို့မပျော်ခဲ့။ သူ့နာမည်ခေါ်သံကို ကြားနေရသည့် အိမ်ဝန်းကျင်မှာလည်း ခွေးများ ညစဉ်အူကြသည်။ ငှက်ဆိုးများရဲ့ အော်သံကလည်း နားကွဲလုနီးပါး ကြားရ၏။ သိပ်မကြာလိုက်။

ရွာသူကြီး ဦးစံကုလားကြီး မြွေကိုက်၍ သေသွားခဲ့၏။ ရွာကလူတွေက ရွာသူကြီး ဦးစံကုလားကြီးကို မြစိမ်းတောင် တစပြင်က မကောင်းဆိုးဝါးများခေါ်၍ သေရသည်ဟု ဆိုကြလေ၏။

ဦးစံကုလားကြီး သေပြီးလို့ ရက်လည်ပြီးမကြာခင် အရက်သမား လူကြမ်းကြီး ကိုပဲကွပ် သေရပြန်၏။

ကိုပဲကွပ်သည် ထောင်ထောင်မောင်းမောင်း လူလုံးလူဖန်ကြီး၏။ မုဆိုးနောက်လိုက်လုပ်၏။ လုံမစ်လုံထိုး ကျွမ်းကျင်လွန်းလှ၍ ရွာခံမုဆိုးနှင့် အခြားရွာမှ မုဆိုးများက ကိုပဲကွပ်ကို မုဆိုးနောက်လိုက် ခေါ်သွားလေ့ရှိ၏။

သူသည် တောဝက်ကို လုံနှင့်ထိုး၍ အရသတ်ဖူး၏။ ကျားသစ်ကို ထိုးလုံရှည်နှင့် ထိုးဖူး၏။ အရက်အသောက် အလွန်ကြမ်းတမ်း၏။

သူမူးလာလျှင် တစ်ရွာလုံးလန့်ကြသည်။ စိတ်မထင်သူကို ရိုက်ပုတ်ကန်ကျောက်သည်။ သူ့ မူးတုန်းလိုက်ကိုက်သည့်ခွေးကို ခေါင်းမှကိုင်၍ ကိုင်ပေါက်သတ်၏။ အာဖြဲသတ်၏။

သို့ဖြစ်၍ သူ့ကို အလွန်ကြောက်ကြ၏။

နွားပေါက်ကို တူနှင့်ထုသတ်၊ လည်လိမ်ချိုးသတ်၏။ အဲလောက်ကို သန်မာသူဖြစ်၏။

ရွာသူကြီး ဦးစံကုလားကြီးသည် သူ့ဆရာသမား အရင်းဖြစ်၏။ သူ့ဘာအမှု ကျူးလွန်လာပလေ့စေ။ ရွာသူကြီးဦးစံကုလားကြီးက အမြဲကာကွယ်ပေး၍ အချုပ်နှင့် ထောင်သို့မရောက်ခဲ့။





အခု သူ့ဆရာသခင် ကျေးဇူးရှင်သူကြီးကို မြစိမ်းတောင်တစပြင်က မကောင်းဆိုးဝါးက အမည်ခေါ်ပြီး မြွေကိုက်သေစေသည်ဟု အများက ပြောဆိုဝေဖန်ကြသောအခါ သူ မြစိမ်းတောင်တစပြင်က မကောင်းဆိုးဝါးများကို လုံးဝမကျေနပ်ခဲ့။ အရက်မူးလာသောအခါ မြစိမ်းတောင်တစပြင်က မကောင်းဆိုးဝါးများကို ဆဲရေးတိုင်းထွာတော့၏။

သို့နှင့် သူ၏သောက်ဖော်မူးဖက်များက လူကြမ်းကြီး ကိုပဲကွပ်ကို မြှောက်ပင့်ပေးကြတော့သည်။

"ပဲကွပ် ..."

"ဘာတုံး"

"မင်း မြစိမ်းတောင်တစပြင်က တစ္ဆေသရဲကို မကြောက်ဘူးလား"

"ချီးမှိုလို့ ကြောက်ရမှာလား။ ပဲကွပ်ကြောက်ရမယ့်ကောင် လူ့ပြည်မှာ မမွေးသေးဘူးဟေ့ ... ဖွီ ..."

"မင်းဆရာကို နာမည်ခေါ်ပြီး မြွေနဲ့တိုက်ခေါ်တာ မင်းသိတယ် မဟုတ်လား"

"ငါ့ကို ခေါ်ရဲခေါ်ကြည့်လေ။ ပဲကွပ်ကို ခေါ်ကြည့်ပါလား။ ပဲကွပ်လုံဖျားမှာ ကားခနဲဖြစ်သွားမယ်။ ဟင်း ... အေ့ ..."

"ဒါဆို မင်း အဲဒီတစပြင်ကို ညဘက်တစ်ယောက်တည်း သွားရဲလား။ ပြော ..."

"သွားရဲရင် မင်းတို့ဘာလုပ်ပေးမလဲ ... ပြော ... ပြောလေ"

"ချက်အရက်ငါးလုံးနဲ့ ကြက်သုံးပိဿာပေးမယ်"

"အခုပေးမလား"

"လုပ်လိုက်လေ ... ဟား ... ဟား ... ဟား ... မင်း တစပြင်ကို ဒီညရောက်မရောက် ဘယ်လို ငါတို့ကိုသက်သေပြမလဲ"

"မင်းတို့လည်း လိုက်ကြည့်ပေါ့"

"အဖော်မလိုဘူးလေ့ကွာ။ မင်းတစ်ယောက်တည်း သွားရမှာ"

"ဒါဆိုရင် ငါ လူသေကောင် ဦးခေါင်းငါးလုံးကို ဟောဒီဆိုးနဲ့ ထုပ်ပြီး ထမ်းယူလာပြမယ်။ ဘယ့်နှယ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်လေ"

ဒါနဲ့ အရက်ငါးလုံးကုန်လို့ သူငယ်အိပ်ဆိတ် ကြက်လည်းတွန်ရော လူကြမ်းကြီး ကိုပဲကွပ်လက်သုံးတော် လှံရှည်ကြီးစွဲကိုင်လို့ ဒယီးဒယိုင်နဲ့ မြစိမ်းဖက် တောင်ခြေတစပြင်ကို သွားခဲ့သည်။

လမ်းခရီးမှာလည်း စိန်ခေါ်ပြီး ကြိမ်းဝါးသွားတာကို ရွာသူရွာသား အချို့လည်း ကြားနေရ၏။

"ဟေး ... မြစိမ်းတောင်ခြေ တစပြင်က တစ္ဆေသရဲတွေ ငါလာပြီဟေ့။ ပဲကွပ်လာပြီ။ ကြုံကြဆိုကြဟေ့"

"ငါ့ဆရာသူကြီးကို နာမည်ခေါ်သတ်တဲ့ တစ္ဆေသရဲ ထွက်ခဲ့။ မင်းနဲ့ငါ ဒီည ဟောဒီလူရိုးပုံကြားမှာ နှစ်ယောက်တည်း ချမယ်။ ထွက်ခဲ့"

ဒီလိုနဲ့ ပဲကွပ်ကြီး တစပြင်ရှိရာကို လှံကြီးမြှောက်ပြီး ဝင်သွားတာကို လောင်းကြေးစားကြေးလုပ်တဲ့ ခေါင်းတုံးသံခဲနှင့် ကြက်ဖကြီးတို့ မြင်လိုက်ရသည်။

သူတို့က ဒီတစပြင်ကို နေ့ခင်းပင် သွားရဲကြသူများမဟုတ်။ ရွာစပ်တဲဖျက်မှာပဲ အရက်သောက်ရင်း နောက်ဆုံး အိပ်ပျော်သွားကြ၏။

မိုးလင်းလို့ သူတို့ကို ရာအိမ်မှူးကိုငှက်ခါးက လာနှိုးမှ သူတို့နိုး၏။ နိုးသည်နှင့် ပဲကွပ်ကြီးကို သတိရကြလေ၏။

"ကိုငှက်ခါး ..."

"ဘာတုံး"

"ဟို ... ဟို ... ပဲကွပ်ကြီးကို မတွေ့မိဘူးလားဗျ"

"မတွေ့ဘူး။ ဘာဖြစ်လို့တုံး"

သို့နှင့် ညတုန်းက စိန်ခေါ်လောင်းကြေးအလုပ်ကိစ္စကို ပြောပြလိုက်သောအခါ ရာအိမ်မှူးကို ငှက်ခါး စိုးရိမ်သွားခဲ့၏။

"ဟာ ... မင်းတို့ကွာ မဟုတ်တရုတ်တွေ လုပ်ကုန်ပြန်ပါပြီ။ သွား သွား ... ရွာထဲမှာ လိုက်ရှာကြစမ်း"

သည့်နောက် သူတို့သုံးဦး ရွာအနှံ့လိုက်ရှာကြ၏။ အရက်ဆိုင်များ





ဆိုလိုက်မေး၍ ထန်းတောများမှာ လိုက်ရှာမေးကြ၏။ မုဆိုးများကို သွားမေးကြ၏။ အားလုံးက မလာ၊ မတွေ့ဟု ဖြေကြ၏။

"မတွေ့ဘူးတဲ့ ... ကိုငှက်ခါး၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ဒါဆို တစပြင်ကို သွားရှာကြမှပေါ့ဟ"

"ကျုပ်တို့ မသွားရဲဘူးဗျ"

"တောက် ... မင်းတို့ကွာ အချင်းချင်း ဒုက္ခပေးတဲ့ကောင်တွေပဲ။ သွား ... လူစုပြီး တစပြင်ကို သွားကြည့်ကြစို့"

ဒီလိုနဲ့ လူစုပြီး ရွာနှင့်တစ်မိုင်ဝက်ခန့်ဝေးသော မြစိမ်းတောင်ခြေက နာမည်ကြီးတစပြင်ကို သွားကြည့်ကြသောအခါ ...

ပြန့်ကြဲနေသော လူရိုးလူခေါင်းခွံများအကြားမှ ပက်လက်လန်နေသည့် လူကြမ်းပဲကွပ်ကြီးကို တွေ့ရတော့သည်။

"ဟာ ..."

"အမလေး ..."

"အို ... ဘုရား ... ဘုရား ..."

ပဲကွပ်ကြီးသည် လှံရှည်ကို ညာလက်နှင့်ဆုပ်ရင်း မျက်လုံးနှစ်လုံးပြူး၍ အသက်မရှိတော့။ သူ့ဝမ်းဗိုက်သည် အူများမရှိဘဲ ဟောင်းလောင်း ပေါက်ဖြစ်နေ၏။ ခြေသလုံးသား၊ ပေါင်သားများလည်း မရှိတော့။

ပါလာသည့် မုဆိုးများက အနီးဝန်းကျင်ကို ခြေရာခံ၍ ကြည့်ကြ၏။

"ကိုငှက်ခါး ..."

"ဘာလိုတုံး ... ကိုပြောက်ကြီး"

"ပဲကွပ်ကို ကျားကိုက်သွားတာ"

"ကျိန်းသေရဲ့လားကွာ"

"ဒီမှာ ကျားခြေရာတွေဗျ"

"ဘယ်လိုလုပ်ကြမလဲ"

"ဟူး ... မင်းတို့ကြောင့် ပဲကွပ်ကြီး သေရတာ။ တောက် ... ထူးပါဘူးကွာ။ ရွာကို အသိပေးပြီး ဒီနေရာမှာပဲ မြေမြှုပ်ကြရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မြစိမ်းဖက်တောင်ခြေ တစပြင်ဟာ အဲဒီလို ကြမ်းတမ်းခက်ရော်သည့် မြေကြမ်း၊ နေရာကြမ်းကြီးပဲ။

ဂျပန်ဝင်လာတော့ ပိုဆိုးသေးရဲ့လေ။

"ဂျပန်ကင်ပေတိုင်နဲ့ ဂျပန်စစ်သားများက သူတို့သဘောမကျတဲ့လူ၊ သူတို့ မသင်္ကာသူမှန်သမျှ ဒီတစပြင်ပေါ်ခေါ်လာပြီး လက်ပြန်ကြိုးတုပ်၊ လည်ပင်း ဓားနဲ့ခုတ်ပြီး သတ်ခဲ့တာ။ ဟိုရွာသည်ရွာက အလောင်းပေါင်း နည်းရောလားဗျာ"

ဒါကြောင့် ...

ဒီမြစိမ်းတောင်ခြေ တစပြင်သည် အင်္ဂလိပ်အစိုးရဝင်ချိန်က ပုလိပ်ကပ်ရောဂါဆိုးကြောင့် ရွာလုံးကျွတ်နီးပါး သေကုန်ပြီး တစပြင်ဖြစ်ခဲ့ရသလို ဂျပန်ဝင်လာတော့ လူသေကောင်စွန့်ပစ်ရာသုသာန် ဖြစ်ခဲ့ရလေရဲ့။

ခု လွတ်လပ်ရေးခေတ်ဦး ရောက်လာကြတော့ အဲဒီမြစိမ်းဖက်တောင်ခြေတစပြင်၊ သုသာန်နဲ့ မလှမ်းမကမ်းမှာ ရွာနီးဝန်းကျင်က လူများသေရင် မြှုပ်ဖို့ သင်္ချိုင်းတစ်ခုကို သတ်မှတ်ထားခဲ့ရသည်။

ခက်သည်က ရွာမှာ ဘုန်းတော်ကြီးကျောင်းရှိသော်လည်း ကျောင်းထိုင်ဘုန်းတော်ကြီးမရှိသည့် ကာလကြာပြီဖြစ်၏။

အရင်တုန်းက နာမှုကိစ္စရှိလျှင် ရွာဦးဝါးကျောင်းဘုန်းကြီး ဦးသောဘိတက စီမံဆောင်ရွက်ပေး၏။

ဆရာတော်ကြီး ဦးသောဘိတ ပျံလွန်တော်မူသောအခါ သူ့တပည့် ဘုန်းတော်ကြီး ဦးဝိမလ ကျောင်းကို တာဝန်ယူ၏။

တစ်ခါမှာ ဦးဝိမလ မြစိမ်းဖက်သင်္ချိုင်းမှာ သုသာန်ကမ္မဋ္ဌာန်းသွားထိုင်လေ၏။ မိုးလင်းသည့်တိုင် ကျောင်းသို့ ပြန်မကြွတာကြောင့် လူတို့ သင်္ချိုင်းရှိရာကို လာရှာကြသောအခါ ဦးဇင်းကြီးဦးဝိမလကို မြေပုံတစ်ခုပေါ်မှာ မေ့မြောလျက်တွေ့ရသည်။ သို့နှင့် ပွေ့ထမ်းခေါ်လာပြီး ရွာဆေးဆရာကြီး ဦးတောကျော်နှင့် ကုသပေးမှ ပြန်သတိရလာ၏။





"ဦးဇင်းကြီး ... ဘယ်လိုဖြစ်လို့ မြေပုံပေါ်မှာ မေ့လဲနေရပါသလဲဘုရား"

မဖြေပါ။

အထပ်ထပ်အခါခါ ဝိုင်းမေးကြသည့်တိုင် လုံးဝမဖြေပါ။ နောက်နှစ်ရက်ကြာသောအခါ သပိတ်နှင့် သင်္ကန်းများကို လွယ်ပိုး၍ ရွာကျောင်းမှ ထွက်သွားတော့၏။

သည့်နောက် သည်ဝါးကျောင်းလေးမှာ ကျောင်းထိုင်မည့် ဘုန်းကြီးမရှိတော့။ ရွာမှာ နာရေးကိစ္စပေါ်လာခဲ့လျှင် ဆယ်မိုင်ခန့်ဝေးသည့် ဇရပ်ကြီးကုန်းရွာမှ ဘုန်းတော်ကြီးများ ပင့်ဆောင်၍ နာရေးကိစ္စများကို ဆောင်ရွက်ကြရပေသည်။

အခု အဲဒီ တစပြင်သုသာန်သင်္ချိုင်းဝန်းကျင်မှာ ဘုန်းကြီးအိုကြီးတစ်ပါး ကြွရောက်တော့မှ သတင်းသုံးနေသည်ကို ရွာသူရွာသားတို့ မြင်ရသောအခါ လွန်စွာလည်း ဝမ်းသာကြရ၏။

လွန်စွာလည်း အံ့သြကြရ၏။

ဒါနှင့်အတူ အလွန်တရာမှလည်း စိုးရိမ်ပူပန်ကြရလေ၏။

တစ်နေ့ ဘုန်းတော်ကြီး ရွာထဲသို့ ဆွမ်းခံကြွလာလေ၏။ သက်တော်ကား ကြီးလှပေပြီ။ မရှိဘူးဆို (၆၀) ကျော်၊ (၇၀) ဝန်းကျင်ခန့်ရှိသည်ဟု ခန့်မှန်းရ၏။

ခါးအနည်းငယ်ကုန်း၏၊ မျက်ခုံးမွေးမှာ ဖြူဆွတ်နေ၏။ ခန္ဓာကိုယ်ရှိ လက်မောင်းနှင့် ခြေသလုံးတို့သည် အကြောပြိုင်းပြိုင်းထနေ၏။

ကြည့်ရတာ သွားများပင် ရှိပုံမပေါ်။

ရွာလမ်းမအဆုံး ဆွမ်းခံကြွ၏။ ရှေ့နောက်ဝဲယာမကြည့်၊ အိမ်ရှေ့တိုင်းမှာ ရပ်၏။ မလောင်းလှူလျှင် နောက်တစ်အိမ်သို့ကြွ၏။ ဒီလိုနှင့် ရွာလမ်းမကြီးဆုံးလျှင် တောလမ်းအတိုင်း မြစိမ်းဖက်တစပြင် သင်္ချိုင်းရှိရာသို့ ကြွသွားလေ၏။

ရွာကလူများ လိုက်လံကြည့်ရှုသောအခါ သင်္ချိုင်းရဲ့အစွန် အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်တောအုပ်ကြားမှာ ဝါးကျောင်းတဲတစ်ပါးထိုင်လေးနှင့် စံမြန်းသည်ကို အံ့ဖွယ်တွေ့မြင်လိုက်ရလေ၏။

ဘုန်းတော်အိုကြီး၏ဘွဲ့အမည်ကို မည်သူမျှ မသိကြ။ ဘယ်အရပ်က ကြွလာသည်ကိုလည်း မသိကြ။ ရွာလူကြီးဦးစံချွန်းက အရဲစွန့်၍ မေးလျှောက်တော့ စကားပြန်မပြော။

သို့နှင့် ပြန်လာခဲ့ရသည်။

တစ်နေ့မနက် ဘုန်းကြီးအိုကြီး ရွာထဲသို့ ထုံးစံအတိုင်း ဆွမ်းခံကြွ၏။ ဘုန်းကြီးအိုကြီးသည် ဒီနေ့ဒီရွာသို့ ဆွမ်းခံကြွပြီးလျှင် နောက်နေ့ အခြားရွာသို့ ပြောင်းလဲပြီး ဆွမ်းခံကြွလာ၏။

တစ်နေ့ ...

အမယ်အိုကြီးတစ်ဦးက ဆွမ်းလောင်းပြီးနောက် မြေပြင်မှာ လက်အုပ်ချီရှိခိုးပြီး မေးမြန်းလျှောက်တင်လေ၏။

''အရှင်ဘုရား ... ဘယ်အရပ်ကပါလဲ ဘုရား''

မဖြေပါ။ မျက်လွှာကို ချထားပါသည်။

''အရှင်ဘုရားဘွဲ့အမည် ဘယ်လိုခေါ်ပါသလဲဘုရား''

မဖြေပါ။ မျက်လွှာကို ချထားပါသည်။

''အရှင်ဘုရား ... အဲဒီတောထဲမှာ တစ်ပါးတည်း'မနေပါနဲ့ဘုရား။ အဲဒီမြစိမ်းဖက်တောင် သချိုင်းသုသာန်တစပြင်ဟာ အလွန်ကြမ်းကြုတ်ချောက်ချားစရာ ကောင်းပါတယ်ဘုရား။ ဘယ်လို ရှင်လူ့ရဟန်းမှ နေလို့မရ၊ နေထိုင်လို့မသင့်သည့် နေရာအရပ်ပါ ဘုရား။ သားရဲတိရစ္ဆာန်ရိုင်းများ ဝင်ရောက်သည့်အရပ်လည်း ဖြစ်ပါတယ်ဘုရား။

ဖြစ်နိုင်ရင် အရှင်ဘုရား ရွာထဲကကျောင်းမှာ မှီတင်းသတင်းသုံးတော်မူပါဘုရား။ ဘုရားတပည့်တော်မတို့ ရွာသူရွာသားများနဲ့ တိုင်ပင်ပြီး ကျောင်းကို ကောင်းကောင်းပြုပြင်ပြီးတာနဲ့ အရှင်ဘုရားကို လာရောက်ပင့်ခေါ်ပါသည်ဘုရား။

တပည့်တော်မရဲ့အမည်ကို မှတ်ထားပေးတော်မူပါ .. အရှင်ဘုရား တပည့်တော်မရဲ့အမည်က ဒေါ်စိမ်းနွဲ့လို့ ခေါ်ပါတယ်ဘုရား။ အရှင်ဘုရား





ဒီအရပ်ကို ရောက်လာကြွလာတဲ့အတွက် တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ပါ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း လျှောက်ထားဦးချ ကန်တော့ပါသည် ... အရှင်မြတ်ကြီးဘုရား''

ဒေါ်စိမ်းနွဲ့ဟာ သူလျှောက်ထား မေးမြန်းလိုသမျှကို မေးမြန်းလျှောက်ထားပြီးနောက် ဦးချကန်တော့လိုက်ပြီးသောအခါ ဘုန်းကြီးအိုကြီးသည် မည်သည့်စကားမျှ ပြန်လည်မမိန့်ကြားဘဲ ရှေ့ဘက်သို့ ကြွသွားလေသည်။

တစ်နေ့သောအခါ ထူးဆန်းသော ဘုန်းကြီးအိုကြီးထံမှ တုံ့ပြန်စကားပြောသံ အံ့ဖွယ်ကြားရလေ၏။

ရွာသူရွာသားတို့ သိထားရသည်မှာ ဘုန်းကြီးအိုကြီးသည် ဆွမ်းခံချိန်မှလွဲ၍ နေ့နေ့ညည မြစိမ်းတစပြင်သုသာန်မှာလည်းကောင်း၊ မလှမ်းမကမ်းရှိ သချိုင်းမြေပုံများပေါ်မှာလည်းကောင်း သုသာန်ကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်း ဘာဝနာများ၊ စဥ်ဆက်မပြတ် ပွားများနေသည်ကို မြင်ရလေ၏။

မိုးလင်းလို့ ရွာထဲဆွမ်းကြွမှ 'ဟင်း' ချနိုင်ကြ၏။

ဘာကြောင့်မူ ဘုန်းတော်ကြီးနေသည့်တောသည် တောကြီးမျက်မည်း ရိုးမနှင့် ဆက်နေသောကြောင့်ဖြစ်၏။

ရွာခြေတောင်ယာများကို မကြာခဏ ဆင်ဆိုးအုပ်များ ဝင်ရောက်ဖျက်ဆီးစားသောက်သည်ကို နှစ်စဥ်ကြုံရ၏။

မကြာခဏ ကျားသောင်းကျန်းများ ဝင်ဆွဲ၍ နွားဆိတ်များ ပါသွားသည်လည်းရှိ၏။ မုဆိုးများလည်း ကျားဆိုးနှင့် ဆင်ရိုင်းအုပ်ကို မတွန်းလှန်နိုင်ကြ။

ညမိုးချုပ်သည်နှင့် ဘုန်းတော်ကြီး တောဆင်ရိုင်းအုပ်လက်ချက်၊ ကျားဆိုးများ လက်ချက်နှင့် ပျံလွန်တော်မူလေမလားဟု စိုးရိမ်ပူပန်ပြီး အန္တရာယ်ကင်းဘေးရှင်းစေရန် တစ်ရွာလုံး မေတ္တာပို့ကြ၏။

မိုးလင်းလို့ ဘုန်းကြီးအိုကြီး သပိတ်နှမ်းလေးပိုက်၍ ရွာထဲ ဆွမ်းခံကြွသည်ကို မြင်ကြမှ အားလုံး 'ဟင်း' ချနိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ...

ရွာထဲမှာ နာမူကိစ္စပေါ်လေ၏။ ကွယ်လွန်သူကား အသက် (၁၈) နှစ်ခန့်ရှိ မိန်းမသားတစ်ဦးဖြစ်လေ၏။

သို့နှင့် နာရေးကိစ္စအတွက် ရွာသူကြီးဦးစံချွန်းဦးဆောင်၍ ကာယကံရှင်များလိုက်ပါပြီး လျှောက်ထားရတော့၏။

"အရှင်ဘုရား ... ရွာထဲမှာ နာရေးကိစ္စတစ်ခု ပေါ်ပေါက်နေပါသည်ဘုရား။ အရင်တုန်းက ဟိုးဆယ်မိုင်ကျော်ဝေးသည့် ဇရစ်ကြီးကုန်းကျေးရွာမှ ဘုန်းတော်ကြီးများကိုပင့်ပြီး နာရေးကိစ္စစီစဉ်ရသည့်အတွက် မြေချသင်္ဂြိုဟ်နေ့နဲ့ ရက်လည်ဆွမ်းသွတ်နေ့နှစ်နေ့ပဲ လှည်းနဲ့ပင့် စီစဉ်ရပါတယ်ဘုရား။

သက်ပျောက်ဆွမ်းလည်း မကြွနိုင်ကြပါဘူး။ ကြွရသည့် ဘုန်းကြီးရဟန်းများသည် ခရီးကြမ်းလို့ ပင်ပန်းကြရပါသည်။ ဒါကြောင့် အရှင်ဘုရားကိုလည်း အားကိုးကြီးစွာနဲ့ ပင့်လျှောက်ပါသည်ဘုရား။

သက်ပျောက်ဆွမ်းနေ့စဉ်ကြွပြီး မြေကျသရဏဂုံနှင့် ရက်လည်ဆွမ်းသွတ်နေ့မှာလည်း အရှင်ဘုရားကြွရောက် ကူညီဆောင်ရွက်ပေးပါရန် ဟောဒီ နာရေးကာယကံရှင်နှင့်တကွ ဘုရားတပည့်တော် ရွာလူကြီး ဒကာကြီး ဦးစံချွန်းမှ ရိုသေစွာ လျှောက်ထားရပါသည် ... အရှင်မြတ်ဘုရား"

ဘုန်းကြီးအိုကြီးက ဝါးကျောင်းရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်ပြီး မျက်လွှာကိုချလို့ ပုတီးကိုလည်း စိပ်လို့နေပါသည်။ သူကြီးနှင့်ပါလာသူ နာရေးကာယကံရှင်များကလည်း မြေပြင်မှာ ဒူးတုပ်ထိုင်ရင်း ငံ့လင့်စောင့်စားနေကြ၏။

အတန်ကြာမှ ...

"ဒကာကြီး ..."

"မှန်ပါဘုရား ..."

"ဘုန်းကြီး လူတွေနဲ့ ဒွေးရောယှက်တင် မနေချင်ဘူး"





"သင်္ဂြိုဟ်သည့်နေနဲ့ ရက်လည်ဆွမ်းသွတ်နေ့ ဘုန်းကြီးကိုယ်တိုင်ကြွခဲ့မယ်"

"မှန်ပါဘုရား"

သည့်နောက် မည်သည့်စကားမျှ မမိန့်တော့။ မျက်လွှာချပြီး စိပ်ပုတီးကိုစိပ်နေသဖြင့် အားလုံး ဝမ်းသာအားရ ရှိခိုးကန်တော့ ရွာအိမ်ရှိရာကိုပြန်ခဲ့ကြတော့သည်။

နောက်နေ့မှစ၍သက်ပျောက်ဆွမ်းကို တောထွက်ကျောင်းလေးသို့ပို့၍ တရားနာကြ၏။

သင်္ဂြိုဟ်မည့်နေ့ရောက်တော့ မြစိမ်းဖက်သချိုင်းမှာ ဘုန်းကြီးအိုကြီးက ကြိုစောင့်နေ၏။ သည့်နောက် သရဏဂုံတရား ချီးမြှင့်ပြီး မြေမြှုပ်သင်္ဂြိုဟ်ကြသည်။

ရက်လည်နေ့ရောက်တော့ တရားကို ကိုယ်တိုင်ဟော၏။

"လူတိုင်း တစ်နေ့သေရမှာချည်းပဲ ... ဒကာ၊ ဒကာမကြီးတို့။ မသေတဲ့လူ မရှိဘူး။ အသက်ရှိသူ လူ၊ သတ္တဝါမှန်သမျှ မွေးလာပြီးရင်သေရမှာပဲ။ လူရော၊ နတ်ရော၊ ဗြဟ္မာရော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရော သေခြင်းတရားကို ရှောင်လွှဲလို့မရဘူး။ ဖြစ်ပြီးရင် ပျက်မှာပဲ၊ အနိစ္စအမြဲမရှိဘူး။ အားလုံး သခ်ါရဘောင်ထဲမှာ သေဖို့စောင့်နေကြတာ။ အသေမြတ်အောင် ကျင့်ကြ။

ဒါန၊ သီလ၊ ဘာဝနာ တစ်ခုခုကို မအိုမနာ၊ မသေခင် ရသမျှအချိန်လေး ကြိုးစားအားထုတ်ကြ။ အကုသိုလ် ဒုစရိုက်အလုပ်ကို ရှောင်၊ ကုသိုလ် သုစရိုက်အလုပ် ကြိုးစားကြ။ ဒါမှ ဘဝကူးကောင်းမယ်။ အစွဲသိပ်မကြီးကြနဲ့။ အစွဲနဲ့သေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ကိုရောက်လိမ့်မယ်။ အစွဲအလမ်းကင်းပြီး ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်စိတ်နဲ့သေရင် ကောင်းရာသုဂတိဘုံကို ရောက်မယ်။ ကိုင်း ... ရေစက်ချ အမျှဝေကြစို့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

အဲဒီအချိန်ကစပြီး နာရေးကိစ္စပေါ်လာရင် တောထွက်တောကျောင်း ဘုန်းကြီးကိုပင့်ပြီး ကိစ္စပြီးရသလို တိုတိုရှင်းရှင်း တရားနာရလို့ အားလုံး ဝမ်းသာပီတိ ဖြစ်ရလေရဲ့။

နောင်တော့ ရွာလူကြီး ဦးစံချွန်ဦးဆောင်ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ပေး၊ ရေတွင်းကလေး တူးပေး။ ထင်း၊ မီး စီစဉ်ပေးလုပ် ပေးကြသည်။

"ဒကာကြီး ..."

"ဘုရား ..."

"ခဏာခဏာ မလာနဲ့"

"ဘာဖြစ်လို့ပါလဲ ... ဘုရား။ အမိန့်ရှိပါဘုရား"

"ဘုန်းကြီး အာရုံပျက်မှာ စိုးလို့ပါ။ ပြီးတော့ ဒကာကြီးတို့ သားရဲ တိရစ္ဆာန်များရဲ့ အန္တရာယ် ကြုံမှာစိုးလို့ပါဘုရား"

"အရှင်ဘုရား ..."

"ပြော"





"အရှင်ဘုရားအတွက်လည်း တစ်ရွာလုံးသာမက ရွာနီးချုပ်စပ် ကပါ စိုးရိမ်ပူပန်ကြပါသည်ဘုရား။ ညဘက်ရောက်ရင် သားရဲသားမိုင်း များရဲ့ အော်ဟစ်ဟိန်းဟောက်သံများ ကြားရလို့ အမြဲ စိုးရိမ်ပူပန်ရပါသည် ဘုရား။ ဒါကြောင့် ရွာထဲမှာ ကျောင်းသခ်ိန်းလည်း ဆောက်ပြီးပါပြီ။ အရှင် ဘုရား ကျောင်းသစ်မှာ လာရောက်ထိုင်ပါလို့ ဦးတင်လျှောက်တင်ရပါတယ် ဘုရား"

"ကိစ္စမရှိဘူး ... ကျုပ်အတွက် ပူပန်ခြင်း၊ စိုးရိမ်ခြင်း မရှိပါနဲ့။ ကျုပ် ... ဒီအရပ်မှာ တရားကျင့်ရတာ နှစ်မြို့က်တယ်။ သေခြင်းတရားက သတ္တဝါတိုင်း သက်ရှိတိုင်း ရင်ဆိုင်ကြုံတွေ့ရသည့် တရားပဲ။ ဘုန်းကြီး လူ သတ္တဝါများအပေါ် နေ့စဉ်ညစဉ် မေတ္တာထားပို့ပါတယ်။ ကိုင်း ... အလုပ်ရှိ လို့ ပြန်ဦးတော့"

"မှန်ပါဘုရား"

ဘယ်လိုမှ ရွာထဲကျောင်းကို ပင့်လို့မရပါဘူး။ လူတွေနဲ့ရောထွေး သည်း မနေပါဘူး။ သုသာန်သချိုင်းမှာပဲ တရားမြတ်ကို ကျင့်ကြံပွားများနေ လေ့ရှိသည်။

တစ်နေ့သောအခါ မြို့ပေါ်မှ မြို့ပိုင်နှင့်အဖွဲ့တို့ ရွာများကို စစ်ဆေး န်လာစဉ် ဆင်ဆိုးတစ်ကောင် တောင်ခြေရွာများကို ဝင်ရောက်ရောမွှေနှောက် နေ၍ မနည်းရှောင်နေကြရ၏။

ထိုစဉ် ၎င်းအုတ်ကြီးကုန်းရွာရှိရာသို့ သုသာန်ကျောင်းဘုန်းကြီး ဆွမ်းခံကြွတော်မူလာလေ၏။

ရွာသူရွာသားတို့ကား ဆင်ဆိုးကြီးဝင်မွှေသံကြား၍ လွတ်ရာကင်းရာ များသို့ ပြေးရှောင်နေကြ၏။

အချို့က သစ်ပင်ကြီးများပေါ် တက်၍ ပုန်းနေရ၏။ ၎င်းရွာထဲကို မှ သုသာန်ကျောင်းဘုန်းကြီး သပိတ်ပိုက်ပြီးကြွလာသည်ကို မြို့ပိုင်နှင့် ရွာ သူကြီးတို့ မြင်သောအခါ ကြို၍တားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား . . . ရှေ့ရွာမှာ ဆင်ဆိုးတစ်ကောင် သောင်းကျန်းနေပါတယ်။ အခု ပုလိပ်အဖွဲ့ကို သွားခေါ်နေရပါတယ်။ အရှင်ဘုရား အဲဒီ ရွာများဘက်ကို မကြွပါနဲ့ဘုရား"

သူကြီးကရော မြို့ပိုင်ဆိုသူကပါ အတန်တန်တား၏။

"တပည့်တော်တို့ ရှင်းလင်းပြီးမှ ကြွပါဘုရား။ အန္တရာယ်များလွန်းလို့ပါဘုရား"

သုသာန်ကျောင်းဘုန်းကြီးအိုကြီးသည် သူတို့လျှောက်ထားချက်ကို နားထောင်ပြီးနောက် ခေါင်းတညိတ်ညိတ်လုပ်ပြီး ရှေ့ဘက်သို့ ကြွသွားသည်ကို မြင်သောအခါ သူကြီးနှင့် မြို့ပိုင်မင်းတို့သည် ဦးခေါင်းများကို ခါယမ်းလိုက်ပြီး စိတ်ညစ်သွားတော့သည်။

အုတ်ကြီးကုန်းရွာသို့ သုသာန်ကျောင်းဘုန်းကြီး ကြွရောက်သောအခါ အချို့အိမ်များ ဖရိုဖရဲဖြစ်နေ၏။ လမ်းပေါ်မှ ဖျက်ဆီးခံရသည့် ပစ္စည်းအချို့ ပြန့်ကျဲလွင့်စဉ်နေ၏။

ထိုစဉ် သစ်ပင်ကြီးများပေါ်မှ အော်သံများ ကြားရ၏။

"အရှင်ဘုရား . . . ရှေ့ဆက်မကြွပါနဲ့ ဘုရား။ ရှေ့မှာ ဆင်ဆိုးကြီး သောင်းကျန်းနေပါတယ် ဘုရား"

"ဘုန်းဘုန်းဘုရား . . . နောက်ကြောင်း ပြန်လှည့်ပါဘုရား"

"ဘုန်းဘုရား . . . ရှေ့မှာ ဆင်ဆိုးကြီး ရှိနေပါတယ် ဘုရား"

အားလုံး စိုးရိမ်ကြီးစွာ အော်ဟစ်တောင်းပန် မေတ္တာရပ်ခံကြသည်။ ဘုန်းတော်ကြီးက ဣန္ဒြေကြီးစွာနှင့် ရှေ့ဆက်၍ ကြွသွားခဲ့၏။ သည့်အချိန်မှာပဲ . . .

"ကျွီ . . . ကျွီ . . ."

"ကျွီ . . . ကျွီ . . ."

"ဝုန်း . . ."

"ဖြောင်း . . . ဖြောင်း . . ."

"ဝုန်း . . ."





ဒီမှာ လွန်စွာကြီးမားလှသော ဟိုင်းဆင်ကြီးသည် နှာမောင်းကို မြှောက်၍ ဒေါ့ယမ်းရင်း သုသာန်ဘုန်းတော်ကြီးရှိရာသို့ ရန်ပြုရန် ဒုန်းစိုင်းပြေးလာတော့သည်။ ရွာသူရွာသားတို့၏ ကြောက်လန့်စိုးရိမ်ကြီးစွာ အော်ဟစ်သံများကလည်း ကျက်ကျက်ညံနေသည်။ ဟိုင်းဆင်ကြီးသည် လူသံကြားရာ သစ်ပင်ကြီးများပေါ်သို့ မျက်လုံးသေးသေးနှင့်မော့ကြည့်ပြီး အော်တော့၏။

"ကျွီ . . . ကျွီ . . ."

"ဝုန်း . . ."

"ကျွီ . . . ကျွီ . . ."

"အရှင်ဘုရား . . . အရှင်ဘုရား . . ."

"ဘုန်းဘုရား . . . ရှောင်တော်မူပါဘုရား"

သုသာန်ကျောင်း ဘုန်းတော်အိုကြီးသည် ဒေါသတကြီး ပြေးလာနေသည့် ရောမဆင်ဆိုးကြီးကို မြင်သောအခါ ခြေစုံရပ်၍ စိုက်ကြည့်နေလိုက်သည်။ ဆင်ဆိုးကြီးကလည်း နှာမောင်းကြီးကို မြှောက်ယမ်းအော်ဟစ်ပြီး မျက်နှာချင်းဆိုင် ပြေးလာနေတော့သည်။

ဝါးတစ်ရိုက်ခန့်သာ ကွာဝေးတော့သည်။

ဒီမှာ သုသာန်ကျောင်းဘုန်းတော်ကြီးက ညာလက်ဆန့်၍ လက်ဝါးကို ကာပြလိုက်သောအခါ ဟိုင်းဆင်ကြီးသည် တုံ့ခနဲရပ်လိုက်ပြီး သုသာန်ကျောင်းဘုန်းကြီးကို စိုက်ကြည့်နေ၏။

ဘုန်းတော်ကြီးကလည်း တစ်စုံတစ်ခု ရွတ်ဆိုနေသည်ကို သစ်ပင်ပေါ်မှ ရွာသားအချို့က မြင်ရင်းတုန်လှုပ်နေကြသည်။

ကြည့်နေဆဲမှာပဲ ဟိုင်းဆင်ဆိုးကြီးသည် ရှေ့သို့ တစ်လှမ်းချင်းတိုးလာကာ သုသာန်ကျောင်းဘုန်းကြီး၏ မျက်နှာကို ခပ်မှေးမှေး မျက်လုံးအစုံနှင့် စိုက်ကြည့်ရင်းမှ 'ကျွီ'ခနဲ တစ်ချက်အော်ပြီး လေးဘက်ဝပ်ချလိုက်သည်။

သည့်နောက်ကြီးမားတုတ်ခိုင်သည့် နှာမောင်းကြီးကို ဦးခေါင်းပေါ် တင်ပြီး ကန်တော့သကဲ့သို့ ဦးကုန်းချလုပ်နေသည်ကို မြင်လိုက်ရသော

www.burmeseclassic.com



အခါ သစ်ပင်ပေါ်မှာ ပုန်းအောင်းချောင်းကြည့်နေကြသူများနှင့် သစ်ပင်ကြီးများနံဘေးမှ ခေါင်းပြူချောင်းကြည့်နေကြသည့် မြို့ပိုင်နှင့် ရွာလူကြီးများပါ အကြီးအကျယ် အံ့ဩကုန်ကြရလေသည်။

သည်အချိန်မှာပဲ ရေဆိပ်က ပုလိပ်သားများ စစ်သုံးရိုင်ဖယ်များနှင့် ရောက်လာကြပြီး သေနတ်များကို မောင်းတင်ချိန်ရွယ်လို့ ပစ်ခတ်ကြမည်လုပ်ကြတော့ မြို့ပိုင်က အလျှင်အမြန် လှမ်းတားလိုက်ရတော့သည်။

''ဆရာရှိန် ...မ ...မပစ်နဲ့''

''မြို့ပိုင်မင်း ဘုန်းကြီးကို ဆင် ...ဆင်က''

''နေ ...နေ ...လုံးဝ မပစ်ကြနဲ့''

မြို့ပိုင်မင်းနဲ့ ရဲပုလိပ်သားများ ကြည့်နေဆဲမှာပင် ဆင်ဆိုးကြီးသည် ခပ်ကြို့ကြို့နောက်ဆုတ်နောက်ဆုတ်လုပ်ရင်း 'ကျီ'ခနဲ ခပ်ကျယ်ကျယ်အသံပြုကာ တောနက်ရှိရာသို့ ဝစ်ဟုန်ထိုး ပြေးဝင်သွားသည်ကို မြင်လိုက်ကြရလေသည်။

ဆင်ဆိုးကြီးမရှိတော့မှ ပြေးလွှားပုန်းအောင်းနေကြသည့် ရွာသူရွာသားများလည်း အလုံးအလုံ ထွက်လာကြပြီး ထူးဆန်းအံ့ဖွယ်ကောင်းသည့် သုသာန်ကျောင်းဘုန်းကြီးအိုကြီးကို ပိုင်းကန်တော့ဦးချကြသည်။

မြို့ပိုင်မင်းနှင့် ရဲပုလိပ်ကားများ သူကြီးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများလည်း စမ်းသာအားရ ပြေးထွက်လာကြကာ ဘုန်းကြီးအိုကြီးကို ရိုသေလေးစားစွာ ဦးချကန်တော့ကြလေ၏။

ရွာသူအချို့သည် ဆင်ဆိုးကြီးမဖျက်ဆီးဘဲ ချန်ရစ်ခဲ့သည့် မြေထမင်းအိုးများမှ ဟင်းထမင်းများကို အမြန်ခူးခပ်ပြီး သူ့ထက်ငါ လောင်းလှူကြ၏။

ထိုနေ့ထိုရက်ကစ၍ သုသာန်စုတင်ဆောင် ဘုန်းကြီးအိုကြီးကို ထူးဆန်းသော ဘုန်းတော်ကြီးဟူ၍လည်းကောင်း၊

ဆင်နိုင်ကိုယ်တော်ကြီးဟူ၍လည်းကောင်း၊

ဆင်မနင်းဘုန်းကြီးဟူ၍လည်းကောင်း ခေါ်ဝေါ်ကြလေသည်။

✿ ✿ ✿

| ၃ |

❑

ဆိုရလျှင် ထိုနေ့ထိုရက်ကစ၍ မြစ်မဖက်တောင်ခြေဝန်းကျင်ရှိ ရွာငယ်များကို ဆင်ဆိုးဆင်ရိုင်းများ လာရောက်နှောင့်ယှက်ဖျက်ဆီးခြင်း မရှိတော့။

ညည အနီးဝန်းကျင်မှာ ဆင်အော်သံများကြား၍ ပြေးကြလွှားကြဖြစ်ရပါသော်လည်း ဆင်ဆိုးဆင်ရိုင်းများ ရွာထဲကို လုံးဝ ဝင်ရောက်ခြင်းမရှိသဖြင့် ...

ဒါသည် ငါတို့ ဆင်မနင်းဘုန်းကြီးရဲ့ သီလတန်ခိုးကြောင့်ဟု ဆိုမှတ်ပြုတော့သည်။

တစ်နေ့သောအခါ ဥသျှစ်ကုန်းရွာခံ မုဆိုးလူသည် တောလည်ပတ်ရင်း ဆင်မနင်းဘုန်းကြီးရဲ့ တောကျောင်းအနီးဝန်းကျင်သို့ ရောက်ရှိသွားခဲ့ရာ ဒီမှာလည်း အံ့ဩဖွယ်ဖြစ်ရပ်ကို လှမ်းမြင်လိုက်ရပြီး တုန်လှုပ်ချောက်ချား၍ သွားခဲ့ရသည်။

ဖြစ်ရချိန်က နေဝင်ဖျိုးဖျ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ကြည့်စမ်းပါ။ ဟုတ်ရဲ့လား၊ ဟုတ်မှဟုတ်ရဲ့လား။ မုဆိုးငလူး မျက်စိကို အခါခါပွတ်ပြီး ဝါးရုံတောအကွယ်မှ ပုန်းအောင်းလို့ ကြည့်လိုက်သည်။

ဆင်မနင်းဘုန်းကြီးသည် ဝါးကွပ်ပျစ်ပေါ်မှာ တရားမှတ်နေ၏။ သူ့နောက်မှာ ဟိုင်းဆင်ကြီးတစ်ကောင်၊ စွယ်စုံဆင်ကြီးတစ်ကောင်နှင့် အစွယ်တစ်ချောင်းတည်းပါသော (တည်ဆင်) ကြီးတစ်ကောင်၊ ပေါင်း သုံးကောင်တို့ ငြိမ်သက်စွာ ရပ်နေသည်ကို မြင်လိုက်ရပြီး လွန်စွာအံ့သြနေချိန် ...

ဒီမှာပဲ အဝါနှင့် အနက်စင်းကျားထားသော ကျားကြီးတစ်ကောင်ကလည်း ဆင်မနင်းဘုန်းကြီးနှင့် ဝါးတစ်ပြန်ကျော် အကွာသို့ရောက်ရှိလာပြီး မြေပြင်မှာ ဝပ်ချကာ တရားမှတ်ရှုနေသည့် ဆင်မနင်းဘုန်းကြီးအား မော့ကြည့်နေသည်ကို အံ့ဖွယ်မြင်လိုက်ရပြီး လန့်ဖျပ်၍ ခြေသံမကြားအောင် နောက်ဆုတ်လို့ရွာအရောက် ပြေးခဲ့လိုက်တော့သည်။

သူ ရွာထဲရောက်တော့ ချွေးသီးချွေးပေါက်များနှင့် မောဟိုက်နေပြီး ဒီမှာ လုပ်ဖော်ကိုင်ဖက် မုဆိုးငချောင်က ရေးကြီးသုတ်ပျာ ကြောက်လန့်အားကြီးဖြစ်နေသည့် မုဆိုးငလူးကို ကြည့်ပြီးမေးသည်။

"ဟေ့ကောင် ... ငလူးက ဘာဖြစ်လာတာတုံး"

"ဟူး ... ဟူး ..."

"ငလူး ... ဘာဖြစ်လို့လဲ၊ ကျားလိုက်ခံရလို့လား"

"မ ... မ ... မဟုတ်ပါဘူး။ ဘုန်းကြီး ... ဘုန်းကြီး ..."

"ဘာလဲ ... ဆင်မနင်းဘုန်းကြီးလား၊ ဘာဖြစ်လို့လဲ"

"ဘုန်းကြီးကျောင်းမှာ ဆင်တွေကျားတွေ"

"ဘယ်လို ... ဘုန်းကြီးကို နင်းတိုးလို့ ... ဟုတ်လား"

ဒီမှာပဲ အိမ်နီးနားချင်းများ အသံကြားလို့ ရောက်လာကြပြီး စိုးရိမ်တကြီး မေးကြပါရော။

"မ ... ဟုတ် ... ဘူး ... ဒီလိုဟ။ ဆင်မနင်းဘုန်းကြီး တရားမှတ်နေတယ်။ သူ့နောက်မှာ ဟိုင်းဆင်ကြီးရယ်၊ စွယ်စုံဆင်ကြီးရယ်၊ တည်ဆင်ကြီးရယ် ... ရပ်နေကြတယ်"





"ဟင် ..."

"ဘုန်းကြီးကို ဘာလုပ်သတုံး ... ငလူးရဲ့ ... ဟင် ... ဟင်"

"ဘာမှမလုပ်ကြဘူး"

"ဟာ ..."

"ဟုတ်ရဲ့လား"

"ပြီး ကျားကြီးတစ်ကောင် ဝါးနှစ်ပြန်အကွာမှာဝပ်ပြီး မော့ကြည့်လို့"

"ဘုရားရေ ..."

"ဟုတ်ရဲ့လား ... ငလူးရာ။ မင်း တောမောက်ပြီး မြင်ချင်ရာမြင်လာခဲ့ရော့လားကွာ"

"ဟ ... ငလူးရဲ့ စွယ်စုံဆင်ရယ်၊ ဟိုင်းဆင်ရယ်ဆိုတာ ထာဝရ ရှန်ဘက်ကွ။ တည်ဆင်ဆိုတာ အစွယ်တစ်ချောင်းတည်းရှိတဲ့ ဆင်ဆိုး။ သူတို့ကို ဘုန်းကြီးနံဘေးမှာ အတူတူတွေ့တယ်ဆိုတာ မဖြစ်နိုင်ပါဘူးကွာ။ မင်း မျက်စိမှောက် တောခြောက်ခံရတာ နေမှာပါ"

"မယုံလည်း မတတ်နိုင်ဘူးဗျာ။ ခင်ဗျားတို့ဘာသာ သွားချောင်းကြည့်ကြပေရော့။ မရှင်ရေ ... မရှင် ..."

"တော် ကိုငလူး"

"အရက်လက်ကျန်ရှိရင် ငါ့ကို အမြန်ပေးစမ်း"

ဒီမှာ မုဆိုးငလူးရဲ့မယား မရှင်က ခြေရင်းထရံနားက လက်ကျန် အရက်ပုလင်းကို ကပျာကယာယူပေးလိုက်ရော။

မုဆိုးငလူးက အရက်ပုလင်းကို ပါးစပ်ထဲ အကုန်မော့သွင်းချလို့ ကြမ်းခင်းပေါ် ပက်လက်လှဲချလိုက်လေရဲ့။

သိပ်မကြာလိုက်ပါ။

မုဆိုးငလူးပြောပြသည့် မြင်ကွင်းဆန်းကြယ်ကို သူကြီး ဦးစံချွန်းနှင့် အိမ်မှူးငစိုးတို့ ကိုယ်တိုင်မြင်ခဲ့ရပြီး ကြောက်လန့်တကြီး ပြေးခဲ့ရလေတော့သည်။ ဘုန်းကြီး မနေ့တုန်းက ရွာထဲ ဆွမ်းခံမကြွသဖြင့် နေမှုကောင်း

www.burmeseclassic.com



လို့လားဟု မေးမြန်းစုံစမ်းရန် သုသာန်အရှေ့ဖျားက ဘုန်းကြီးရဲ့ ဝါးကျောင်းကို နံနက်စောစောအလာ ...

အဲဒီမှာ ဆင်အုပ်တစ်အုပ်ကို ဘုန်းကြီးကျောင်းရှေ့မှာ မြင်လိုက်ရပြီး သူတို့နှစ်ဦး ဒရောသောပါး ပြေးခဲ့ရခြင်းဖြစ်၏။

ဘုန်းကြီးတော့ သေသလားရှင်သလား မသိ။

တော်ပါသေးရဲ့။ ဆွမ်းခံချိန်ရောက်တော့ ဆင်မနင်းဘုန်းကြီးကို ရွာထဲမှာ ဆွမ်းခံကြွလာတာမြင်ရပြီး စိုးရိမ်ပူပန်စိတ်များပျောက်လို့ ဝမ်းသာခဲ့ရတော့သည်။

"အရှင်ဘုရား ..."

သူကြီးက ကြုံတုန်း အရဲစွန့်လျှောက်မေးရ၏။

"အရှင်ဘုရား ကျောင်းရှေ့မှာ ဆင်အုပ်တွေရောက်နေတာ သိပါသလား ... ဘုရား"

ဘုန်းကြီးက မဖြေ။

"မှဆိုးငလူးဆို ကျားပါ တွေ့ခဲ့တယ်လို့ ပြောပါတယ်။ ဟုတ်ပါသလား ဘုရား"

ဘုန်းကြီးက လုံးဝ မဖြေခဲ့။

နောက်ဆုံး ဦးချကန်တော့ပြီး ရပ်လိုက်ရသည်။

❁ ❁ ❁

[ ၄ ]

❑

တစ်နေ့သောအခါ မုဆိုးငလူးနှင့် မုဆိုးငချောင်တို့သည် ဆင်မနင်းဘုန်းကြီးကျောင်း တောင်ဘက်က ရေပွက်စမ်းအိုင်မှာ အမဲပစ်ဖို့ တိုင်ပင်ကြသည်။

"အဲဒီ ရေပွက်စမ်းအိုင်မှာ ဂျီရော၊ ဒရယ်ရော ရေလာလာသောက်တယ်။ ငါကိုယ်တိုင် မြင်ခဲ့ရပြီးပြီ ... ငချောင်"

"ဖြစ်ပါ့မလား ... ငလူး"

"ဘာဖြစ်လို့လဲ"

"ဆင်မနင်းဘုန်းကြီးကျောင်းဝန်းကျင်မှာ ဆင်ရိုင်းအုပ်ရှိနေတယ်ဆို။ မင်းပဲ ပြောတာလေ"

"ချီးမှပဲကွာ ... ဆင်ရိုင်းအုပ်က ညဘက်ရောက်မှ ဘုန်းကြီးကျောင်းဝန်းကျင် ရောက်လာတတ်တာပါ။ အဲဒါလည်း နေ့တိုင်းညတိုင်း မဟုတ်ပါဘူးကွ။ တစ်ခါတစ်ရံပါ။ ငါတို့မလုပ်ရင် နွားချေးကုန်းမုဆိုးတွေ ခင်သွားလိမ့်မယ်။ တောထဲကို လည့်ရှာစရာမလိုဘူး ... ငချောင်။ အသာစောင့်ပစ်ရုံပဲ"

www.burmeseclassic.com



"လုပ်ကွာ ... ငွေသုံးလည်း ပြတ်နေတယ်။ ဘယ်နေ့သွားမလဲ"

"နက်ဖြန် မွန်းတည့်"

ဒါနဲ့ သူတို့ တူမီးသေနတ်ရယ်၊ ဒူးလေးနဲ့ အမဲလိုက်ဓားမြှောင်များကို စနစ်တကျ ပြုပြင်စစ်ဆေးပြီး ကိစ္စပြီးတော့ ဘကြီးညိုထန်းတောရှိရာကို ထွက်လာခဲ့ကြတော့သည်။

✿ ✿ ✿

# [ ၅ ]

❑

ဒီနေ့ကျမှ ဆင်မလိုက်ဘုန်းကြီးခေါ် သုသာန်ကျောင်းဘုန်းကြီးအိုကြီးသည် သူကြီးဦးစံချွန်းအိမ်ရှေ့မှ အကြာကြီးရပ်နေသဖြင့် အလိုက်သိသော သူကြီးက အိမ်ထဲကအမြန်ထွက်ကာ ဝတ်ဖြည့်ရင်း မေးလျှောက်ရ၏။

"ဘာများ မိန့်မှာစရာရှိပါသလဲ ဘုရား"

"ဒကာကြီး ..."

"မှန်ပါ ... အမိန့်ရှိပါဘုရား"

"ဘုန်းကြီးကျောင်းဝန်းကျင်မှာ အမဲမလိုက်ကြစေနဲ့"

"မှန်ပါဘုရား"

ဆင်မလိုက်ဘုန်းကြီးသည် သည်စကားတစ်ခွန်းသာ မိန့်ကြားပြီး အခြားအိမ်စဉ်များသို့ ဆွမ်းခံရန် ကြွသွားလေသည်။

သူကြီး စဉ်းစားသည်။

ဆင်မလိုက်ဘုန်းကြီးရဲ့ မိန့်မှာချက်က ထူးခြား၏။ ဘုန်းတော်ကြီးသည် လွန်စွာမှ စကားပြောခဲ၏။ ဘယ်တုန်းကမျှ ဘုန်းကြီးက စ၍ စကားပြောဘူး။ ခုပြောနေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဆယ်အိမ်ခေါင်း ပေါ်ပိန်ကိုခေါ်ပြီး မုဆိုးလေးတို့ကို အခေါ်လွှတ်လိုက်သည်။ မကြာခင် လေးနှင့် ချောင် အရက်နံ့တသင်းသင်းနဲ့ ရောက်လာကြ၏။

''သူကြီး ... ခေါ်တယ်ဆို''

''ဟုတ်တယ်၊ မင်းတို့ကို စကားထူး ပြောစရာရှိလို့ကွ''

''ဘာများပါလိမ့်ဗျာ''

''တို့များရဲ့ ဆင်မနင်းဘုန်းကြီး မနက်က ငါ့ကို မိန့်သွားတယ်။ သူက ကျောင်းဝန်းကျင်မှာ မုဆိုးတွေ အမဲမလိုက်ကြစေနဲ့တဲ့''

''ဟင် ...''

''ဘာဖြစ်လို့တုန်းဗျ''

''ဒါတော့ မသိဘူး။ ငါသိသလောက်တော့ ဘုန်းကြီးက လူသတ္တဝါတွေအပေါ်မှာ အမြဲ မေတ္တာထားနေတော့ သတ္တဝါတွေရော မင်းတို့ရော အန္တရာယ်ဖြစ်မှာမြင်လို့ ပြောသလားမသိဘူး''

''သူက အကြားအမြင်ရနေလို့လား ... သူကြီးရ''

''သူတော်ကောင်းစကားမှ နားမထောင်ချင်လည်း မင်းတို့သဘောပဲလေ။ ငါက ဘုန်းကြီးမိန့်မှာတဲ့အတိုင်း ပြန်ပြောပြတာ''

လေးနှင့်ချောင်တို့ မကျေမနပ် ရှုံ့သိုးသိုးနှင့် သူကြီးအိမ်မှထွက်လာခဲ့ကြပြီး လမ်းရောက်သောအခါ ...

''ဘယ်လိုလဲ ... လေး''

''သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါကွာ။ နေ့ခင်းသွားဖြစ်အောင်သွားမယ်။ ဒါလုပ်မှ ပိုက်ဆံရမှာ ဥစ္စာ။ ငါတို့လက်တွေ တရွရွနဲ့ သွေးစွန်းတာညီနေပါပြီ။ လုပ်စရာရှိတာ ဆက်လုပ်မယ်''

သို့ကလို ဆုံးဖြတ်ပြီးနောက် စက်နာရီ (၁၀) နာရီကျော်ခန့်ရှိတော့ လေးက တူမီးသေနတ်ကိုထမ်းပြီး ချောင်က ဒူးလေးကြီးကိုကိုင်ကာ ဘုန်းကြီးကျောင်းနောက်ဘက်မှ ဘုန်းကြီးမမြင်အောင် ဝင်ခဲ့လိုက်ကြသည်။

သည့်နောက် လေအောက်ချိုးကွယ်က ကျည်အသင့်ပြင်ပြီး စောင့်





နေလိုက်ကြသည်။ စမ်းရေအိုင်က (၁၅) ပေ ပတ်လည်ခန့်ရှိ၏။ အနီးမှာ စားပင်သီးပင်များရှိပြီး စားသီးများက ကြွေကျလေ့ရှိ၏။

နေပူချိန်ရောက်လျှင် သားကောင်ငယ်၊ သားကောင်ကြီးတို့သည် ဒီရေအိုင်မှာ ရေသောက်လာကြသည်။ ကြွေသီးများကို စားကြ၏။

''ချွတ် ...''

''ရှူး ... အသံမပြုနဲ့''

တောတိုးသံကို မုဆိုးနားဖြင့် ကြားလိုက်ရ၏။ နားစွင့်မျက်လုံးဖွင့်ကြည့်နေဆဲမှာပဲ။ ဒရယ်သုံးကောင် ဟိုကြည့်ဒီကြည့်လုပ်ရင်း ရေအိုင်ရှိရာကို ဆင်းလာ ရေသောက်ကြတော့သည်။

''ချောင် ...''

''ပြော ...''

''အလယ်ကအဖိုကြီးကို ငါပစ်မယ်။ မင်းက လက်ယာဘက်က အမကိုပစ်''

''အေး ...''

''လုပ်''

လေး ရေငုံသောက်နေသည့် အလယ်ခေါင် ဒရယ်ဖိုကြီးရဲ့ လက်ပြင်နောက်ကို တူးမီးသေနတ်ပြောင်း ထိုးပြီး ပစ်လိုက်ချသည်။

''ဖောင်း ...''

''ရွှီ ...''

တူးမီးသေနတ်သံနှင့်အတူ ချောင်ရဲ့ဒူးလေးမှ မြားထွက်သံကိုလည်း ပြိုင်တူကြားလိုက်ရသည်။ သို့သော် ကံက ခေလွန်းလှ၏။ ဒရယ်သုံးကောင်က လေဇာလျင်မြန်ခြင်းအရှိန်နှင့် ဇွေ့ခနဲခုန်လှည့်ပြီး တောထဲသို့ ဝရုန်းသုန်းကားပြေးသဖြင့် နောက်ကနေလိုက်ရန် ကုန်းထလိုက်စဉ်–

''အမယ်လေး ...''

''ဟာ ... ဟာ ... အမယ်လေး ... လုပ်ကြပါဦးဗျ''

''ကျွီ ... ကျွီ ...''



www.burmeseclassic.com

www.burmeseclassic.com



"ကျီ ... ကျီ ..."

"ဝုန်း ... ဝုန်း ..."

လေးနှင့်ငချောင်ရဲ့ခါးကို စွေ့ခနဲ ပွေ့မြှောက်ခြင်းခံရ၍ အလန့်တကြားကြည့်လိုက်တော့ ရောမဆင်ရိုင်းနှစ်ကောင်ရဲ့ နှာမောင်းကြားမှာ သူတို့နှစ်ဦး မြောက်ပါသွားတော့သည်။

သူတို့နှစ်ဦး ငယ်သံပါအောင် ဟစ်အော်ရုန်းကန်လိုက်ကြသည်။ လက်ထဲကလက်နက်များလည်း မရှိတော့။

"ကယ်တော်မူကြပါဦးဗျ ... အား ... အား ..."

"ကယ်တော်မူကြပါ ... ဘုရား ... ကယ်တော်မူကြပါ ... အား"

ဆင်ရိုင်းကြီးနှစ်ကောင်က သူတို့နှစ်ဦးကို နှာမောင်းနှင့် ပွေ့ချီလေထဲမှာ ဝှေ့ယမ်းပြီး တောလမ်းရှိရာသို့ ပြေးလို့အထွက် ...

ဒီအချိန်မှာ အဝါရောင် သင်္ကန်းဝတ်ထားသည့် ဘုန်းကြီးတစ်ပါး ရှေ့လမ်းမှ ဖြုန်းခနဲပေါ်လာပြီး ဆင်ရိုင်းနှစ်ကောင်ရှိရာသို့ ညာလက်ဝါးကို ဆန့်တန်း၍ ကာလိုက်သည်ကို သေငယ်ဇောနှင့် သူတို့ မြင်လိုက်ရတော့သည်။

ဆင်မနင်းဘုန်းကြီးအိုကြီး။

သူတို့ ကယ်တော်မူပါဘုရားဟု အသံကုန်အော်၍ လက်အုပ်ချီပြီး အကူအညီတောင်းကြသည်။

ဆင်ရိုင်းကြီးနှစ်ကောင်သည် ဆင်မနင်းဘုန်းကြီးကို မြင်လိုက်သော အခါ ပြေးလွှားမြှောက်ချီခြင်းကို တုံ့ခနဲရပ်လိုက်ပြီး ဘုန်းကြီးကိုတွေ၍ကြည့်နေကြ၏။

ထိုအချိန်၌ ဆင်မနင်းဘုန်းကြီးသည် နှုတ်တော်မှ လေးတို့မကြားဖူးသည့် ဘုရားစာများကိုရွတ်ဆိုရင်း သူတို့အား မြေပြင်သို့ချပေးရန် လက်နှင့် အချက်ပြနေသည်ကို မျက်ရည်စီးကြောင်းလေးမှ မြင်နေရသည်။

လွန်စွာ အံ့ဩဖို့ကောင်းလှသည်။ ဆင်မနင်းဘုန်းကြီး ဘုရားစာရွတ်နေဆဲမှာပင် ဆင်ရိုင်းနှစ်ကောင်သည် နှာမောင်းကြီးနှင့် ရစ်ပတ်ကာ





ညှစ်ထားသည့် သူတို့မုဆိုးလူရမ်းကားနှစ်ဦးကို မြေပြင်ပေါ်သို့ အသာချပေးပြီး ...

"ကျီ ... ကျီ ..."

"ကျီ ... ကျီ ..."

အသံကုန်ဟစ်လိုက်ကြသည်။ သည့်နောက် မြေကြီးကို ခွာနှင့်ယက်လိုက်ပြီး တောနက်ထဲသို့ ပြေးဝင်ကွယ်သွားလေသည်။

ဒီတော့မှ သူတို့နှစ်ဦး ချွေးသံမျက်ရည်နှင့် ကုန်းရုန်းအားယူထပြီး ဆင်မနင်းဘုန်းတော်ကြီးကို အကြိမ်ကြိမ် ဦးကုန်းချကြသည်။ ကြောက်လန့်တုန်လှုပ် ချောက်ချားနေသဖြင့် ပါးစပ်ကနေ ဘာစကားမျှ မထွက်နိုင်တော့။

"ဒကာကြီးတို့ ..."

"ဘု ... ရား ..."

"ဘု ... ရား ..."

"မမိုက်ကြနဲ့။ ဒုစရိုက်အလုပ်ကို မလုပ်ကြနဲ့။ သမ္မာအာဇီဝကောင်းသော အသက်မွေးမှုကိုလုပ်ပြီး ရတနာသုံးပါးကို ဆည်းကပ်ကြ၊ သွားတော့"

ဤမျှသာ ခပ်တိုတိုမိန့်ပြီး တောကျောင်းလေးရှိရာသို့ ဖြည်းညင်းစွာ ကြွသွားတော့သည်။

လေးနှင့် ငချောင်တို့သည် ဆင်မနင်းဘုန်းကြီး၏ နောက်ကျောကို အကြိမ်ကြိမ်ချပြီးနောက် ဆင်ရိုင်းများပြန်မလာခင် ရွာရှိရာသို့ တရကြမ်းနှုတ်ခြေတင်၍ ပြေးခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

**မုဆိုးလေးနှင့် မုဆိုးချောင်တို့၏ မသေကောင်းမပျောက်ကောင်း သေမင်းလက်မှ ကံသီ၍ ဆင်မနင်းဘုန်းကြီးကောင်းမှုနှင့် အသက်ချမ်းသာ** ရာရခဲ့သည့် သတင်းသည် ရွာနီးချုပ်စပ်မှာ ဟိုးလေးတကျော်ကျော် ဖြစ်သွား ခဲ့လေသည်။

ဒီတော့မှ ရွာသူကြီးဦးစံချွန်းသည် ဆင်မနင်းဘုန်းကြီး ကြုံသလို မိန့်မှာသည့် စကားများကို ပြန်သဘောပေါက်ပြီး အံ့သြကြည်ညို၍မဆုံး ဖြစ်ခဲ့ရလေသည်။

လှေးနှင့်ချောင်တို့လည်း ထိုနေ့ထိုရက်မှစ၍ မုဆိုးအလုပ်ကို လုံး စွန့်လွှတ်လိုက်သလို အရက်သေစာ သောက်စားခြင်းအလုပ်ကို လုံးဝ ရှောင် ကြဉ်လိုက်ပြီး ဝါးနှီးနှင့် တောင်းပလုံး၊ ဆန်ခါရက်လုပ်သည့်အလုပ် လုပ်ကိုင် စားသောက်ခဲ့ကြတော့သည်။

ဒါနှင့်အတူ အသက်သခင်ကျေးဇူးတော်ရှင် ဆင်မနင်းဘုန်းတော် ကြီး ဆွမ်းခံကြွလာတိုင်း ကိုယ်တိုင်ဆွမ်းဟင်းများကို လောင်းလှူကာ ရတနာ သုံးပါးမြဲမြံသော လူကောင်းသူကောင်းဘဝသို့ ရောက်ရှိသွားခဲ့လေသည်။





မိုးဦးကျကာလသို့ရောက်သောအခါ ဆင်မနင်းဘုန်းကြီး မြစိမ်းဖက် သုသာန်တောကျောင်းမှ ရုတ်တရက် ပျောက်၍သွားခဲ့၏။ ရွာသူရွာသား၊ ဒကာ၊ ဒကာမများသည် ကျေးဇူးရှင်ဘုန်းတော်ကြီးကို လိုက်ရှာစုံစမ်းမေး မြန်းပါသော်လည်း လုံးဝ စုံစမ်းလို့မရကြ။

တစ်နေ့ ရွာထဲသို့ ရဟန်းငယ်တစ်ပါး ကြွလာ၏။

မြစိမ်းဖက်တောင် ရွာလယ်ဝါးကျောင်းမှာ ကျောင်းထိုင်မည်ဟု သိရ၍ လွန်စွာ ဝမ်းသာဖြစ်ကြရတော့သည်။

သို့နှင့် သူကြီးနှင့် ရွာလူကြီးများက လိုလေသေးမရှိ ဆောင်ရွက် ပေးပြီးနောက် မေးလျှောက်ကြလေ၏။

"အရှင်ဘုရား ..."

"ဆိုပါ ... ဒကာကြီး"

"အရှင်ဘုရားဘွဲ့မည် ဘယ်လိုခေါ်ပါသလဲဘုရား"

"ဦးဖနကလို့ ခေါ်ပါတယ် ... ဒကာကြီး"

"ဒါနဲ့ အရှင်ဘုရား တပည့်တော်တို့ မြစိမ်းဖက် သုသာန်တော ကျောင်းဘုန်းတော်ကြီး တပည့်တော်တို့ရွာအရပ်ဒေသအခေါ် ဆင်မနင်းဘုန်း ကြီးကို ကြားဖူးပါသလား ... ဘုရား"

"ကြားဖူးပါတယ် ... ဒကာကြီး"

"ရင်းနှီးကျွမ်းဝင် ရှိခဲ့ဖူးပါသလားဘုရား"

"ဦးဇင်းက ဆရာတော်ကြီးရဲ့တပည့်ပါ"

"ဗျာ ..."

"ဟင် ..."

"ဟယ် ..."

"ခုလည်း ဒကာကြီးတို့ရဲ့ဆရာတော် ဦးဇင်းရဲ့ ငယ်ဆရာ ဆင်မ နင်းဘုန်းတော်ကြီးက ဒီရွာ ဒီဒေသမှာ ဦးဇင်းကို ကျောင်းထိုင်ပြီး ရွာသူရွာ သားအားလုံးကို ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးသိရှိဖြန့်ဝေဖို့ လွှတ် လိုက်လို့ ဒီကို ရောက်လာခဲ့ရခြင်းပဲဖြစ်ပါတယ် ... ဒကာကြီးတို့"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်ပါဘိ ... ဘုရား။ ဘယ်လိုဝမ်းသာမှန်း မပြောတတ်တော့ပါဘူးဘုရား။ ဒါ ... ဒါဆို တပည့်တော်တို့ ဘုန်းဘုရားကြီးသက်ရှိထင်ရှား ရှိနေသေးတာပေါ့နော် ... ဦးဇင်း"

"ရှိနေပါတယ် ... ဒကာကြီးတို့"

"ဘုန်းဘုရားကြီး ... အခု ... ဘယ် ... ဘယ်မှာပါလဲ ဘုရား"

ဒီလို အားလုံးက ဝမ်းသာအားရ လျှောက်မေးလိုက်ရော ဦးဇင်းက ခုလို မိန့်လိုက်လေရဲ့။

"ဒကာကြီး၊ ဒကာမကြီးတို့ ရှိသေလေးစား အားကိုးအလေးထားသည့် သူတော်ကောင်း ဆရာတော်ဘုရားကြီးဟာ ဒကာကြီးတို့ရဲ့ ရင်ထဲအသည်းထဲ ဦးနှောက်ထဲမှာ ထာဝစဉ်ရှိနေဆဲပါ ဒကာကြီးတို့"

မှတ်ချက် ။ ။ ရဟန္တာဟု တစ်ချိန်တစ်ခါက ကျော်စောထင်ရှားခဲ့သည့် ဆရာတော်ဘုန်းတော်ကြီး ဦးသီလ၏ ဘဝဖြစ်စဉ်ဆောင်းပါးများကို လေ့လာဖတ်ရှုပြီးနောက် ရတနာမြတ်သုံးပါး၏ ကျေးဇူး၊ ဒါန၊ သီလ၊ ဘာဝနာတို့၏ အကျိုးကျေးဇူးနှင့် မေတ္တာဓာတ်ရဲ့ အကျိုးကျေးဇူးကို ဖော်ညွှန်းလိုပါသဖြင့် သူတော်စင် အရှင်သူတော်မြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကျင့်စဉ်ဂုဏ်တို့ကို ဝတ္ထုသဖွယ် သီကုံးရေးသားပူဇော်လိုက်ရပါသည် ခင်ဗျား။

မောင်ညိုမှိုင်း(သန့်လျှင်)



www.burmeseclassic.com

## | ၁ |

မြစ်ဝကျွန်းပေါ်မြို့ကလေးပါ။

ကျွန်တော်တို့ အဝေးပြေးကားဂိတ်ကနေ မနက်စောစော ကားစီး လာခဲ့လိုက်တာ နေ့ခင်း (၂) နာရီခန့်မှာ မြစ်ဝကျွန်းပေါ်မြို့ကလေး ရောက် လာခဲ့တယ်။ ကားဂိတ်ကနေ ဆိုက်ကား မိနစ်(၂၀)ခန့်စီးပြီး ရပ်ကွက်တစ်ခု က အိမ်ငယ်လေးရှေ့မှာ ဆိုက်ကားရပ်လိုက်တယ်။

"ကိုဆောင်းမြို့ ... ကိုဆောင်းမြို့ ..."

ကိုသောင်းညွန့်ဦးက အိမ်ရှေ့ကနေ အသံကျယ်ကျယ်နှင့် လှမ်း ခေါ်လိုက်တော့ အသက် (၆၀)နှစ်ကျော်ခန့်ရှိမည့် လူတစ်ဦးအိမ်ရှေ့ကို ပြေး ထွက်လာပြီး ...

"ဟေး ... သောင်းညွန့်ဦးကြီး၊ လာဟေ့ ... ညီသည်လည်း ပါတာကိုး။ ဝင် ... ဝင် ... သူငယ်ချင်း၊ ဝင်ကြဟေ့"

အိမ်ကလေးက ယိုင်နဲ့တဲ့ သစ်သားအိမ်လေးပါ။ အမိုးသွပ်တွေ လည်း ကွာကျတဲ့သွပ်ကကွာကျပြီး 'စပေါ့'တွေ ဖွေးလို့။

ကျွန်တော်က အိမ်ပေါ်ရောက်သည်နှင့် အတွင်းခန်းရဲ့ အခြေအနေ ကို မျက်စိကစားလိုက်တော့ ...





ခန်းဆီးနံရံမှာ ဓာတ်ပုံလေးငါးခြောက်ပုံ ချိတ်ထားတာကို တွေ့ ရတယ်။ ဓာတ်ပုံတွေက လူတွေကို ရိုက်ထားတဲ့ ဓာတ်ပုံမျိုးမဟုတ်ဘူး။

ကြက်ဖ အမျိုးမျိုးကို ရိုက်ပြီး မှန်ဘောင်သွင်းထားတဲ့ ဓာတ်ပုံတွေ ဗျ။ သေသေချာချာ ဂရုစိုက်ကြည့်မယ်ဆိုလျှင် တိုက်ကြက်အမျိုးမျိုးရဲ့ ဟန် နေဟန်ထား အမျိုးမျိုးသောဓာတ်ပုံများ ဖြစ်နေသည် ခင်ဗျား ...။

"ကိုမြို့ ..."

"ပြော ... သူငယ်ချင်း၊ ငါ့လူကလည်း လာမယ်ဆိုရင် ကြိုပြီး စာရေးဖုန်းဆက် လုပ်လိုက်ရင် ပြီးရော"

"ကိုမြို့ အံ့သြသွားရအောင် ဖုန်းမဆက်ဘဲ အရောက်လာခဲ့တာ။ ကိုမြို့ကို မိတ်ဆက်ပေးရဦးမယ်။ ဟောဒါ ... ကိုမြို့ သိပ်တွေ့ချင်နေတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာကြီး။ မောင်ညိုမှိုင်း (သန်လျင်) ပါပဲ ခင်ဗျာ"

"ဗျာ ..."

"ကိုညိုမှိုင်း ... ဒါ ... ကျွန်တော် ပြောပြောနေတဲ့ ကိုဆောင်းမြို့။ ကျွန်တော်တို့က ကိုမြို့လို့ပဲ ခေါ်တယ်။ ကိုမြို့က ခင်ဗျားနဲ့ တွေ့ချင်နေ တာဆိုတော့ ... ကိုင်း ... အခု တွေ့ကြပြီ။ ပြောချင်တာ၊ ရင်ဖွင့်ချင် တာ ပြောကြစမ်း၊ ဖွင့်ကြစမ်းကွာ။ အားရပါးရပဲ ပြောနော်။ ဟား ... ဟား ... ဟား ... ဟား ..."

ဒီမှာ ကိုဆောင်းမြို့က အံ့သြစိမ်းသာ လက်ဆွဲနှုတ်ဆက်တယ်။

"ဝမ်းသာလိုက်တာ ဆရာမှိုင်းရယ်၊ ကျွန်တော်က ဆရာမှိုင်းရဲ့ ဂမ္ဘီရစာဖတ်ပရိသတ်ပါ။ ဆရာ့ကိုလည်း ကျွန်တော်တို့ ကြုံခဲ့ရတဲ့ ဖြစ်ရပ် ဆန်းကြယ် အကြောင်းအရာဇာတ်လမ်းတွေလည်း ပြောပြချင်လို့ပါဆရာ"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အေးအေးဆေးဆေး နားထောင် ချင်လို့ အရောက်လာခဲ့တာပါပဲ။ ကိုဆောင်းမြို့ခင်ဗျာ"

"ဒါနဲ့ ဆရာမှိုင်းက ဂမ္ဘီရလုံးချင်းဝတ္ထုပဲ ရေးတားလား .. ဟင်"

"မဟုတ်ပါဘူး ... ကိုမြို့၊- ကျွန်တော် ဘဝသရုပ်ဖော်ဝတ္ထုတွေ ရော၊ ဟာသလုံးချင်းဝတ္ထုတွေရော၊ အကျဉ်းထောင်ကိုယ်တွေ့ဝတ္ထုများ ရေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးပါတယ် ခင်ဗျာ။ ဆရာ မဖတ်ဖြစ်လို့ နေပါလိမ့်မယ်။ ကျွန်တော် ငြိမ်းဆင်တဲ့လက် ဘဝသရုပ်ဖော်ဝတ္ထုတိုများစာအုပ်နဲ့ နရသိန်ပြန်အိပ်မက်များဆိုတဲ့ အင်းစိန်အကျဉ်းထောင်ကိုယ်တွေ့ ဝတ္ထုတိုပေါင်းချုပ်လည်း ထုတ်ဝေပြီးပါပြီ။ 'မျက်ရည်မြစ်ပေါ်မှာ သောင်မတင်နေတဲ့ အပြာရောင်ဗေဒါပန်းတစ်ပွင့်' အမည်ရှိ အချစ်ဘဝ သရုပ်ဖော်ဝတ္ထုတွေလည်း ရေးသားထုတ်ဝေခဲ့ပါတယ် ကိုမြို့"

"ဟုတ်လား ... ကျွန်တော်က ဆရာမှိုင်းကို ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုရှည်သီးသန့်ပဲ ရေးတယ်လို့ ထင်နေတာ။ ဘဝသရုပ်ဖော်တွေပါ ရေးတယ်ဆိုတော့ ဖတ်ရတာပေါ့ဗျာ။ ဒါနဲ့ ဆရာမှိုင်းရယ် ... ဆရာမှိုင်းက အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထုတွေပါ ရေးတယ်ဆိုတော့ ဟိုတုန်းက အကျဉ်းဦးစီးဌာနမှာပါ ဝန်ထမ်းအလုပ် လုပ်ခဲ့လို့လားဟင်"

"မလုပ်ဖူးဘူးဗျ ... ကျွန်တော်က အင်းစိန်အကျဉ်းထောင်မှာ အကျဉ်းသား၊ အချုပ်သားဘဝနဲ့ နေခဲ့ဖူးလို့ပါ"

"ဗျာ ... ဆရာမှိုင်းက စာရေးဆရာဖြစ်ပြီး ထောင်ကျရတယ်၊ ဘုရားရေ ... ဘယ်လိုဖြစ်လို့တုံးဗျာ။ ရန်ဖြစ်လို့လား ... ဟင် ..."

"မဟုတ်ဘူး၊ ၁၉၈၈ မှာ နိုင်ငံရေးလုပ်ခဲ့လို့"

"ဟုတ်လား ... ဒါဆို ပုဒ်မ (၅ည)ပေါ့"

"ဒါပေါ့ဗျာ၊ (၅ ည)ပေါ့"

"လေးစားပါတယ် ... ဆရာမှိုင်းရယ်။ ဆရာတို့ ခဏလေးနော်"

ကိုဆောင်းမြို့က ပြောရင်းကနေ အိမ်ပေါ်တက်လာတဲ့ လူရွယ်လေးကို လှမ်းခေါ်လိုက်တယ်။

"မောင်သိန်းဝင်းရေ ..."

"ဗျာ ... အစ်ကိုမြို့"

"မမြကြီးတို့ ထမင်းဆိုင်ကိုသွား။ ဆိတ်ကလီစာ၊ ဝက်သား၊ ငါးမျှစ်ချဉ်နဲ့ ထမင်းဟင်းသုံးယောက်စာ လုပ်ပေးလိုက်ပါလို့၊ ငါကလို့ ပြော"

"ဟုတ်ကဲ့ ... အစ်ကို"

"ဆရာမှိုင်းနဲ့ ကိုသောင်း ..."





"ဘာတုန်းဟ ... ကိုမြို့ရ"

"ဟိုဒင်း ... သောက်ဦးမှာလား ... မှာလိုက်မယ်နော်"

ကျွန်တော်ရော၊ ကိုသောင်းညွန့်ရော ကပျာကယာ ငြင်းပယ်လိုက်ရသည်။

"ကျွန်တော် အရက်မသောက်ဘူး ... ကိုမြို့"

"ကိုသောင်းရောဟ ... ငါ့လူကြီး"

"ဘုရားလှူလိုက်တာ ကြာပြီ ... ကိုမြို့ရေ"

"သာဓုဗျာ ... သာဓု ... သာဓု ... သုံးကြိမ်တိတိ ခေါ်လိုက်ပါတယ်ဗျာ"

သည့်နောက် ရေနွေးကြမ်းခွက်ဘူးကို ချတယ်။ ငါးရံ့ခြောက်မီးဖုတ်ပန်းကန်ကြီးကို ချပေးတယ်။ ပြီး တောင်ငူဆေးပေါ့လိပ်တွေကို ဆေးလိပ်ခွက်ထဲ ထည့်ပေးရင်းစားကြဗျာ၊ အားရပါးရ စားပေါ့လို့ ပြောရှာတယ်။

"ကိုမြို့ ..."

"ဟုတ်ကဲ့ ... ဆရာ"

"ကိုမြို့က ကျွန်တော့်ကိုတွေ့ပြီး ဖြစ်ရပ်ဆန်းကြယ်အဖြစ်တွေ ပြောပြဆွေးနွေးချင်တယ်ဆိုတော့ ... ကဲ ... ကျွန်တော် ကြားချင်နေပါပြီဗျာ။ ကိုမြို့တွေ့ကြုံခဲ့ရတဲ့ ဇာတ်လမ်းလေးတွေ မိန့်ပါဦးခင်ဗျာ"

သို့နှင့် မြစ်ဝကျွန်းပေါ်သား အသားမည်းမည်း ကိုဆောင်းမြို့က ကျွန်တော့်ကို အောက်ဖော်ပြပါအတိုင်း သူ ကြုံခဲ့ရဖူးတဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတစ်ခုကို စတင်ပြောပြခဲ့ပါတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

လွန်ခဲ့တဲ့ ခေတ်တစ်ခေတ် (လယ်စဉ်ပါတီကာလ) တုန်းက ကျွန်တော်နဲ့ ကိုသောင်းညွန့်တို့က ဟောဒီမြစ်ဝကျွန်းပေါ် ( ... ) မြို့လေးမှာ အလွန်ကို ပြဇာတ်ကတဲ့ဇာတ်ရူး၊ ဇာတ်ဝါသနာရှင်များပေါ့ဗျာ။

ကျွန်တော့်မိဘများက မြစ်ဝကျွန်းပေါ်မှာ လူချမ်းသာစာရင်းဝင်တွေပေါ့ ... ဆရာမှိုင်းရယ်။ စက်လှေတစ်စီးရှိတယ်။ လယ်ယာအတော်များများကို ပိုင်တယ်။ ဘဲခြံတွေ၊ ကြက်ခြံတွေကလည်း နေ့တိုင်း ဝင်ငွေရှိတယ်။

မြို့ပေါ်မှာ နေတာလည်း တိုက်အိမ်ကြီးနဲ့နေတော့ ...

ကျွန်တော့်မှာ ဝါသနာ (၃)ခုရှိတယ် ... ဆရာ။ တစ်ခုက အရက်ကို ကြိုက်တာ။ နောက်တစ်ခုက ကြက်တိုက်တာ အလွန်ဝါသနာပါတယ်။ ပြီး အရပ်ပြဇာတ်တို့ ဘာတို့ ကရတာ အလွန်ဝါသနာပါတယ်။

ဒါကြောင့် ကျွန်တော့်သူငယ်ချင်း ကိုသောင်းညွန့်ဦးမြို့ထဲမှာ သီတင်းကျွတ် ပဒေသာကပွဲ၊ တန်ဆောင်တိုင်ပဒေသာကပွဲ၊ အရပ်ဘုရားပွဲ၊ လွတ်လပ်ရေးပွဲ၊ ပြဇာတ်ကတယ်။ ညွှန်ဖျော်ဖြေရေးလုပ်တယ်။ ပြိုင်ပွဲတွေလုပ်မယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် ရှေ့ဆုံးကပဲ။





ငွေ ဘယ်လောက်ကုန်သလည်း ကုန်ပါစေ။ ပွဲကောင်းဖို့ အရေးကြီးတယ်။ ပြဇာတ်ကရင် ပုသိမ်မြို့ပေါ်တက်၊ ဇာတ်ကြီးတွေ ဇာတ်ဝင်ပစ္စည်းတွေငှကုန်ကြေးကျခံကာ ပြိုင်ကတာ။ ငွေကို ကုန်သမျှ ကျွန်တော်က ပိုက်ဆံပေးတယ်။

ကိုသောင်းညွန့်ဦးက ဇာတ်စာရေးဆရာလုပ်၊ အော်ပရာတို့ ပြဇာတ်တို့ရေး၊ ဒါရိုက်တာလုပ်၊ ကျွန်တော်က ပြဇာတ်မှာ လူကြမ်းလည်း ဝင်လုပ်တယ်၊ ရှင်ဘုရင်အခန်း ဝင်ပါတယ်။ တစ်ခါတစ်လေ သူပုန်ဗိုလ်ရဲ့ နောက်လိုက်အခန်းနေရာကလည်း ဝင်ပါချင်ပါရတယ်။

ဘယ်အခန်းက ပါရပါရ ပျော်နေတာပဲ။

ပြီး ... ကြက်တိုက်တဲ့အလုပ်။

အရမ်းကို ဝါသနာပါတာ။

အိမ်မှာ တိုက်ကြက်မွေးတယ်။ အမေနဲ့အဖေက အကုသိုလ်အလုပ်မလုပ်ရဘူးဆိုလို့ ကျွန်တော့်လက်ရင်းတပည့် အောင်မောင်းတို့အိမ်မှာ တိုက်ကြက်တွေကို မွေးရတယ်။

တပည့်အောင်မောင်းက ပိန္နဲကုန်းရွာမှာနေတယ်။ သူ့အိမ်ခြံက ကျယ်ဝန်းတော့ တိုက်ကြက်မွေးလို့ကောင်းတယ်။

ကျွန်တော် တိုက်ကြက်မျိုးစုံ ရှာပေးထားတယ်။ ကြက်နီချိပ်၊ ဥဗန်းခိုး မဂဲ၊ အစုံပဲ။

အနီချိပ်က အပိုကြိတ်သတဲ့။

ဥဗန်းက မာတယ်၊ ဥဗန်းဆိုလို့က ထုစမ်း၊ ကြိုက်သလောက်လို့ဆိုရှိတယ်။

မဂိုမဂဲ အစ်ကိုသည်းပြီး အပျိုပါစွဲဆိုကိုးဗျ။

မဂိုမဂဲ တိုက်မျိုးကောင်းပြီးဟော့ဆိုရင် အစ်ကို ကာလသားများအသည်းစွဲ၊ တိုက်ကြက်ပိုင်ရှင် အသည်းစွဲ၊ ပွဲတိုင်းကျော်နိုင်လို့ ငွေရှင်တော့အိမ်က မယားတင်မကဘူး။ အပျိုပါ သဘောကျအောင် စွဲသတဲ့လေ။

ပွဲရာသီဇာတ်ကတဲ့ ရာသီခွင်ပါးရင် ကြက်တိုက်တဲ့အလုပ်ပဲလုပ်တယ်။ မိဘတွေဆင်ထားတဲ့ ရွှေကြယ်သီး၊ ဆွဲကြိုး၊ လက်စွပ် အရောင်းရောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ပြီး လောင်းတာ။

*ရှုံးတဲ့အခါလည်း ဇက်ဇက်ကွဲပဲ။ နိုင်တဲ့အခါလည်း ငွေကို ပုဆိုးပိုင်းနဲ့ ထုပ်သွားရတာ ...*

ကျွန်တော့်မှာ ကြက်နီချိုပ်ကြက်တစ်ကောင်ရှိတယ်။ အတက်ချွန်၊ ခေါက်အမြင့် ဆယ့်နှစ်ပြား၊ ခြေသလုံးအင်ကြင်းကျောက်လို မာနေတဲ့ ခကောင်။

နာမည် ဂျိုသရီးတဲ့။

ဂျိုသရီးက ပစ်အားကောင်းတယ်။ ထိအားပြင်းတယ်။ ကျည်ဖောက်ဘားစူးတယ်။ ထုတ်ချင်းပေါက်တယ် မဟုတ်လား။

ကျွန်တော့်ကောင် ဂျိုသရီးကလည်း အဲဒီသေနတ်အတိုင်းပဲ။ ပစ်ခွပ်လိုက်လို့ မျက်နှာကိုထိရင် မျက်လုံး အစူးအကန်းပဲ။ ကျောက်အင်ကြင်းလိုဖြစ်နေတဲ့ ခြေထောက်နဲ့ အရိုက်ခံရရင်ပဲ ပြိုင်ဘက်ကြက်နားတွေ အူပြီး မူးကြောင်ကြောင်ဖြစ်သွားရော။

ပြိုင်ဘက်ကြက်၊ မူးကြောင် ရူးကြောင်ဖြစ်နေရင် ဂျိုသရီးတို့က အကာပ်လိုက်ဆွဲတော့တာပဲ။

ဆက်တိုက် ပစ်ခွပ်၊ ဆွဲဆိတ်ရိုက်ပစ်တာ။

သုံးလေးငါးချက် ဖြောင်း၊ ဖရန်း၊ ဖောင်းနဲ့ နေအောင် ရိုက်ပစ်၊ ခွပ်ပစ်ရင် တစ်ဖက်ကြက် ပြန်ခုန်ရုန်း၊ ခုခံနိုင်ရင် ခုခံ၊ မခုခံနိုင်လို့ကတော့ ...

မျက်လုံးကွယ်ပြီလို့ မှတ်ပေရော့။

ဂျိုသရီးဆိုတဲ့ တိုက်ကြက်အနီချိုပ် ကျွန်တော်တို့ကို လုပ်ကျွေးလိုက်တာ။ ဝီလီဂျစ်ကားပါ ဝယ်စီးနိုင်ခဲ့တယ်ဗျာ။

ဂျိုသရီးနဲ့ စိန်စတင်းတိုက်ဖူးတယ်။

စိန်စတင်းကလည်း ဟသ်ာတ နာမည်ကြီးတိုက်ကြက်ပဲ။

သူကလည်း ဝိုင်းထဲလွှတ်လို့ ခွပ်ပြီဆိုရင် စတင်းဂန်းသေနတ်မွှေ့သလို ပစ်တာ။ ရိုက်တာ ခွပ်တာ အနားမပေးတမ်းကို ခွပ်တာ။ သက်လုံတအားကောင်းပြီး ပွဲတိုင်းကျော်တဲ့ကြက်ပဲ။

---

စိတ်ကူးသစ်စာပေ



အဲဒီ စိန်စတင်းဆိုတဲ့နာမည်ကြီး တိုက်ကြက်ကို သုံးချီသုံးလား သုံးရေလောက်မှာ ကျွန်တော့်ကောင် ဂျိုသရီးက မျက်လုံးတစ်လုံး အကျွတ်ခွပ်ပြီး ပွဲသိမ်းပစ်ခဲ့တယ်။

ကျွန်တော့်ဂျိုသရီးဘက်က လောင်းသူမှန်သမျှ ငွေထုပ်ပိုက်ပြီး ပြန်ရတာချည်းပဲ။

အဲဒီခေတ်တုန်းက လောင်းကြေးက သိန်းနဲ့ချီတာလေ။

သိန်းလေးငါးဆယ်ရှိတယ်။

ခု ခေတ်ငွေနဲ့တွက်ရင် သိန်းငါးထောင်ဝန်းကျင် လောင်းကြေးပဲ။ တရုတ်သူဌေး၊ ကုလားသူဌေး၊ မြန်မာသူဌေး၊ အကုန်လာတာ။ ချိန်းဝိုင်းကြီးကို။

"မဖမ်းဘူးလား ... ဟုတ် ..."

"ဖမ်းတာပေါ့ ... ဆရာရယ်၊ ပြေးလမ်းကို အသင့်လုပ်ထားရတယ်။ ရွာတွင်းအနှံ့ လူကင်းချထားရတယ်"

ပွဲလေး အေးအေးချမ်းချမ်းဖြစ်အောင် ရွာခံလူကြီးပိုင်းကာလသားပိုင်းကနေ ဆိုင်ရာပိုင်ရာများကို ပို့ဆွမ်း၊ ကပ်ဆွမ်း၊ ကန်တော့ဝတ်ဖြည့်ဆွမ်းလေးများ ထိုက်ထိုက်တန်တန်ကပ်ရတာပေါ့ ... စာရေးဆရာရယ်။

အဲ ... အဲ ... အဲဒီလို အကြံအဖန်လေး၊ နတ်တင်တာလေး ထုပ်သည့်ကြားက အခြားအဖွဲ့က ရှောင်တခင်ဝင်ဖမ်းရင်တော့ ကိုယ့်ကြက်ကိုယ်ပိုက်ပြီး လွတ်အောင် ပြေးပေတော့။

မိများသွားလို့ကတော့ ထောင်ဒဏ်ငွေဒဏ်ပဲ။

ရှိသမျှ လောင်းကြေးလည်း အကုန်သိမ်းပဲ။

တရားရုံးရောက်တော့ရော ငွေအပြည့်တင်ပြသလားဗျ။

ဒါကတော့ ဆရာရယ်၊ သိတဲ့အတိုင်းပဲပေါ့။ ကျွန်တော်တို့က မရှိဘူး။ အထွန့်မတက်ရဲဘူးလေ။ တက်ရင် ပိုဆိုးသွားမှာပေါ့ဗျာ။ ဟုတ်ဘူးလား။ ရေရှည်အလုပ်က ရှိသေးသကိုး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ကြက်တိုက်တယ်လေ။ ဟိုဘက်ရွာကို အကြွေးသွားတောင်းတာ။ မင်းသတင်းကို အရင်ကြားရတာပဲ။ ဦးလေးသား ကိုမြို့ ဘယ်နေ့က ဘယ်လောက်နိုင်သွားတယ်။ ဘယ်နေ့က ဘယ်ဝိုင်းမှာ ဘယ်ကြက်နဲ့ ဘယ်လောက်ရှုံးသွားတယ်။ ငါ နားမဆံ့အောင် ကြားနေရတယ်။ ရှက်စရာ သိပ်ကောင်းတယ် ... ငမြို့ရာ"

အမေကလည်း ပြောတယ်။

"ငမြို့ရယ် အမေတို့ မိဘမျိုးရိုးမှာ ကြက်သမား၊ ဖဲသမား၊ အရက်သမား၊ မျိုးရိုးမရှိဘူးဟဲ့။ ခုတော့ နင့်ကြောင့် ငါတို့ကြက်သမား အဖေနဲ့ အမေ ဖြစ်ရပြီဟဲ့ ... ငမြို့ရယ် ... ဟီး ... ဟီး ..."

ရှက်လွန်းလို့ ငိုကြတယ်။

"မင်း ... ဒီမကောင်းတဲ့အလုပ်ကို ရပ်မှာလား၊ မရပ်ဘူးလား"

"ပြောလေကွာ။ တယ် ... ငါ လုပ်ရရင်ကွာ"

"ရပ်ပါ့မယ် ... အမေ"

"ဟို ... တစ်ပတ်က လုပ်ပေးထားတဲ့ ဆွဲကြိုးရော"

"ရှိ ... ရှိပါတယ်"

"ဘယ်မှာတုံးပြ ... ပြလေ"

အဖေက စိတ်မြန် လူမြန်သမား ထိုင်ရာကထလာပြီး ကျုပ် ရင်ဘတ်ကို စမ်းလိုက်တော့ နှစ်ကျပ်သား ရွှေဆွဲကြိုး၊ ကျောက်ကြိုးကြီး မတွေ့တော့ဘူး။

"ဖြောင်း ..."

"အား ... အား ..."

သုံးလေးချက် နားရင်းကို ဆင့်ရိုက်တယ်။ အမေက တစ်ဦးတည်း သို့ အတင်းဝင်ဆွဲပြီး နောက်ဖေးကို ခေါ်သွားတယ်။

"နောင် ... မလုပ်ပါနဲ့သားရယ် ... နော်"

"အင်း ... ပါ"

"ကြက်မတိုက်ရင် သားလိုချင်တာပြော ... ဟုတ်လား"

"အင်း ... အင်း ..."

✿ ✿ ✿

| ၃ |

❑

တစ်နေ့လည်းကျရော ကျွန်တော့်မိဘနှစ်ပါး မြစ်ဝကျွန်းပေါ်ကနေ ရန်ကုန်ကို စက်လှေနဲ့အသွား စက်လှေ မိုးသက်လေပြင်းမိပြီး မှောက်တဲ့အထဲ ပါသွားရှာတယ်ဗျာ။ စက်လှေပါနစ်သွားတယ်။

အလောင်းတောင် သုံးရက်ကြာမှ ပြန်ရတယ်။

ကျွန်တော် ကြေကွဲဝမ်းနည်းလို့ မဆုံးဘူး။ ငိုလို့မဆုံးဘူး။ ကျွန်တော့်ကို သောင်းညွန့်ဦးတို့နဲ့ ဇာတ်ကပွဲ လုပ်တာကို အမေနဲ့အဖေက မကာန့်ကွက်ဘူး။

အရက်သောက်တာလည်း အပျော်သဘောပါလို့ ပြောလို့ရတယ်။

သို့သော် ကြက်တိုက်လောင်းကစားကို လုံးဝကိုမကြိုက်တာ။

"ငမြို့ ..."

"ဗျာ ... အဖေ"

"မင်းတို့ ပွဲကလို့ ရပ်ရေး၊ ရွာရေးကုန်တာ ငါ ဘာမှမပြောလိုဘူး ငမြို့။ ဒါပေမဲ့ ကြက်တိုက်၊ ကျွဲတိုက်၊ ဖဲရိုက်၊ လောင်းကစား၊ ငါ လုံးဝ မကြိုက်ဘူး"

"ကျွန်တော် ... မကာစားပါဘူး အဖေ"

www.burmeseclassic.com

## | ၄ |

❑

ကျွန်တော်က ခွေးမြီးကောက် ကျည်တောက်စွပ်ပါဗျာ။ မိဘများ ရှေ့မှာသာ 'အင်း' 'ဟုတ်ကဲ့'ခဲ့တာ။

ကွယ်ရာရောက်ရင် ပြန်ဆင်ပေးတဲ့ ရွှေထည်ပစ္စည်း အကုန်ရင်း ပြီး ကြက်တိုက်ပစ်တာ။

ဂျီသရီးနဲ့ လက်ခုပ်ကြီးရွာက 'မိုးကြိုး' အမည်ရတဲ့ ကြက်တိုက် တုန်းက ကျွန်တော်နိုင်တယ်။ စားသောက်ဆိုင်မှာ တစ်နေကုန် နိုင်ကြေးနဲ့ စားလို့သုံးလို့မကုန်ဘူး သိလား။

ကြက်နိုင်လို့ ငွေရှင်တော့ အနီးမှာ အပေါင်းအသင်းအခြံအရံ မနည်းဘူးဗျ။

ကိုမြို့တဲ့ . . . ရွှေမြို့တဲ၊ ကိုရွှေဆောင်းတဲ့ . . . ခေါ်ကြရဲ့ဗျာ။

ဂျီသရီးကိုလည်း နမ်းတဲ့လူနမ်းပေါ့။ သူတို့မယားကို အဲဒီလောက် နမ်းချင်မှနမ်းမယ်။ ဂျီသရီးကို နမ်းလိုက်သမှ မျက်စိနောက်ရော . . . ရွှတ် ရွှတ်နဲ့။





ဘဲမွေးတဲ့ငရွှေက သူ့နှမနဲ့ ဂျီသရီးကို ပေးစားချင်သတဲ့။ ဒါနဲ့ သိန်းဝင်းက မေးရော . . .

"မင်္ဂလာဆောင်မှာလား . . . ဖော်ရွှေ"

"နှစ်ဦးသဘောတူပဲ ကောင်းပါတယ်ဗျာ"

"ညဘက်အိပ်ရင် မင်းနှမက ဘယ်သူနဲ့အိပ်မှာတုံး"

ဒီမှာ ရွှေပြည်သာ ဝင်းနိုင်က ဝင်ပြောတယ်။

"တိုက်ကြက်ဂျီသရီးနဲ့ အိပ်မှာပေါ့ဟ . . . နော်"

"ဒါဆို တိုက်ကြက်ဂျီသရီးက . . . ဟိုဒင်း . . . အတှာလေကွာ"

"ရှင်းအောင်ပြောလေကွာ . . . သိန်းဝင်းရာ။ ဘာတုံး . . . ဟိုဟာ ဆိုတာ"

"ဟိုလေ . . . လင်မယားဖြစ်ချင်ရင်ကောကွာ"

ဒီမှာ ရွှေပြည်သာဝင်းနိုင်က အားနာပါးနာနဲ့ ဝင်ပြောတယ်။

"ကျုပ်ပဲ . . . သွားပြီး . . . ကူညီ"

"ဖြောင်း . . ."

"အမလေး . . . ယောက်ဖကြီးရဲ့"

ဖော်ရွှေက ဝင်းနိုင်ရဲ့ ကျောကုန်းကို လက်ဝါးနဲ့ရိုက်လို့ ဝင်းနိုင် ခေါ်ရတာ။ ကိုယ့်ကြက်ကို အဲဒီလိုချစ်ပြီး ရှင်နေကြတာ။

သို့သော် . . .

မြောင်းမြက လျှပ်စစ်ဆိုတဲ့ တိုက်ကြက်နဲ့တုန်းက ကျွန်တော့်ကြက် နိုင် ရှုံးသွားတယ်။ ရှိသမျှ အကုန်ပြောင်ပဲ။

အမေက ခြေငြိမ်အောင် မိန်းမပေးစားမယ်ဆိုပြီး သူနဲ့သိရာ ချွေး ဆောင်းကို ရှာပုံတော်ဖွင့်ပါရောဗျို့။

ရွှေက ဘယ်နှဆယ်သား။

တိုက်က နှစ်လုံး။

ဂျစ်ကားက တစ်စီး။



www.burmeseclassic.com

www.burmeseclassic.com



လယ်က ကေတစ်ရာ။ သူ့သားကို ယူရင်တင်တောင်းပါ့မယ်ပေါ့။ လိုက်စပ်တယ်။ ယူမည့်သူ မရှိဘူး။ ကျွန်တော့်လို နာမည်ကျော် ကြက်သမားကို ဘယ်မိန်းမက ယူမှာလဲဗျာ။

ယူရင် ကိုယ့်မွဲဆေး ကိုယ်ဖော်စားသလို ဖြစ်မှာပေါ့လို့ နားလည်ကြတယ်။ ချွေးမကို ရပ်တကာ ရွာတကာ လည်ရှာရင်း သားလူလိမ်မာဖြစ်ဖို့ ကြိုးပမ်းခဲ့တဲ့ အမေနဲ့အဖေ။

အခုတော့ ရေသချိုင်းမှာ ထာဝရ အိပ်စက်ခဲ့ပြီပေါ့။

✿ ✿ ✿

[ ၁ ]

❑

အဖေနဲ့အမေအသုဘ ရက်လည်ပြီးတော့ ရှိသမျှ ဉစ္စာစည်းစိမ် ကျုပ် ပိုင်ပြီပေါ့ဗျာ။ ဆွေမျိုးသားချင်း လူကြီးတွေက ဝိုင်းဆုံးမကြပါတယ်။

သူတို့ရှေ့တော့ ဟုတ်ကဲ့ပဲ ပြောလိုက်တာပဲ။

နောက်ပိုင်း ကျွန်တော်က ချိန်းဝိုင်းကြီးတွေရှာပြီး တိုက်တာပဲ။

ပွဲကြီးနှစ်ပွဲ ဆက်တိုက်နိုင်လိုက်တာ ငွေကို ဖွေးနေတာပဲ။

ဟော ... ကံဆိုးချင်တော့ ကျွန်တော့်ကောင် ဂျီသရီးကို စောင့်ကြည့်ထိန်းကျောင်း မွေးမြူပေးရတဲ့ ကြက်ဆွဲအောင်မောင်းကို ဘယ်သူသတ်သွားမှန်းမသိဘူး။ အောင်မောင်း ရွာအပြင်မှာ ဓားတန်းလန်းနဲ့ သေနေတယ်။

အောင်မောင်းနဲ့အတူ ကျုပ်ရဲ့ ဂျီသရီးဆိုတဲ့ တိုက်ကြက်လည်း ရည်ပင်းပြတ်လို့ အောင်မောင်းရင်ဘတ်ပေါ်မှာ သွေးသံရဲရဲနဲ့ သေနေတယ်။

ဘယ်သူသတ်သွားမှန်း မသိဘူး။

တိုက်ကြက်ရော၊ ကြက်ဆွဲရော အသတ်ခံရပုံ ထောက်ရင် အောင်ချောင်နေတာ မနာလိုလို့ ရွာပြင်ခေါ်ပြီး တိုက်ကြက်နဲ့ ကြက်ဆွဲကြက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်တဲ့ အောင်မောင်းကို အပြတ်ရှင်းလိုက်မှန်း သဘောပေါက်လိုက်ရတယ်။

ဒီမှာ အံ့ဩစရာကောင်းတာ ဖြစ်လာတယ်။

ရွာပြင်သေတာမို့ အလောင်းကို ရွာပြင်မှာပဲ စင်လုပ်ပြီး ခေါင်းသွင်းထုတ်ထားရတယ်။ သုံးရက်ထားပြီး သင်္ဂြိုဟ်မှာပါ။ ကိစ္စဝိစ္စအားလုံး ကိုယ့်တပည့်ဖြစ်နေလို့ ကိုယ်လည်း အစအဆုံး တာဝန်ယူလိုက်ပါတယ်။

သေပြီး တစ်ရက်မြောက်တဲ့ညမှာ သေသူအောင်မောင်းက ကျွန်တော့်ကို အိပ်မက်ပေးတယ် ... စာရေးဆရာရေ။

အောင်မောင်းရယ်ဗျာ ... ကြက်ဖြူခပ်သေးသေးလေး တစ်ကောင်ပိုက်ပြီး ကျွန်တော် အိမ်ထဲကို ဝင်လာနေတယ်။

"အစ်ကိုမြို့ ..."

"ဟာ ... အောင်မောင်း၊ မင်း ... မင်း သေပြီမဟုတ်လား"

"မသေပါဘူး ... အစ်ကိုရ"

"ဟေ ... ဒါဆို ... ခု မင်း ဘယ်မှာနေတုန်း အောင်မောင်းရာဟင် ..."

"အစ်ကိုတို့ အနီးအနားမှာပါပဲဗျာ။ အစ်ကို့ကို ပေးစရာရှိလို့ဗျ"

"ဘာတုန်းတ ... အောင်မောင်းရ"

"ဟောဒီကြက်ဖလေးပဲဗျ။ သူ့နာမည်ကို 'အောင်မောင်း'လို့ ခေါ်တယ်"

"ဟာ ... မင်း နာမည်နဲ့ အတူတူပဲပေါ့"

"ဒါပေါ့ ...။ ကျွန်တော့်ကိုယ်ပွားလေးပေါ့ဗျာ။ တိုက်ကြက်မျိုးကောင်းလေး .... အစ်ကိုရ။ အစ်ကို့ကျေးဇူး ကျွန်တော့်အပေါ်မှာ အများကြီးရှိခဲ့ဖူးလို့ လက်ဆောင်လာပေးတာ။ ရော့ ... အစ်ကို"

အောင်မောင်းက ပြောရင်း ကြက်အဖြူလေးတစ်ကောင်ကို ကျွန်တော့်လက်ထဲ ထိုးထည့်ပေးတယ်။ ပေးရင်းက ပြောလိုက်သေးတယ်။

"သေသေချာချာမွေး ... အစ်ကို၊ အစ်ကို့ကို သုံးကြိမ်သုံးခါ ကျေးဇူးဆပ်ပေးလိမ့်မယ်။ သူ့ကို တိုက်ကြက်အဖြစ်မွေးပေး။ သုံးကြိမ်တိုက်ပြီး





ရင် လုံးဝမတိုက်နဲ့။ တောထဲကိုခေါ်သွားပြီး ဘေးမဲ့ပေးလိုက်။ ကျွန်တော်ပြောတာ မမေ့နဲ့နော် ... အစ်ကိုမြို့"

"အင်း ... အင်း ... ငါညီ ... မင်းကို ငါ ..."

သူ ချာခနဲလှည့်ပြီး ပြေးထွက်သွားတယ်။ ကျွန်တော့်လက်ထဲက ကြက်ဖြူရောင်လေးကလည်း ရုန်းကန်ပြီး အောင်မင်းရဲ့နောက်ကို လိုက်လို့ ကျွန်တော်ကလည်း နောက်ကနေ လိုက်ကြည့်ရာ ...

ကြက်ဖြူလေးက အောင်မောင်းရဲ့ရွာအပြင်က ခေါင်းပေါ်ကို သွားရောက်ခုန်တက်နားနေတာ မြင်ရပြီး ကျွန်တော်လည်း အိပ်မက်ကနေ လန့်နိုးခဲ့တာပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## | ၆ |

❑

မိုးလင်းပြီး (၉) နာရီလောက်ရောက်တော့ ထုံးစံအတိုင်း သူ့ခေါင်းပေါ်ကို ထမင်းပန်းကန်တင်ဖို့ ကျွေးဖို့ အိမ်ကနေ ထမင်းနဲ့ဟင်း ထည့်ယူပြီး ရွာပြင်ခေါင်းစင်ရှိရာကို ထွက်လာခဲ့လိုက်တယ်။

အနီးရောက်လို့ ကြည့်လိုက်ရော ...

"ဟိုက် ..."

"ကွပ် ... ကွပ် ... ကွတ် ... ကွတ် ..."

အလို ... အောင်မောင်းရဲ့ သစ်သားခေါင်းပေါ်မှာ ကြက်အဖြူအဖလေးတစ်ကောင်ဗျာ။ အမြိုင့်သား ထမင်းပန်းကန်အဟောင်းထဲက ကျန်နေသေးတဲ့ ထမင်းလုံးတွေကို စားနေတာ။ ကျွန်တော့်ကိုမြင်တာတောင် မပျံ ဘူး။

ကျွန်တော့်ရဲ့မျက်နှာကို အားကိုးဟန်နဲ့ကြည့်ပြီး ခေါင်းညိတ်ခေါင်းညိတ်လုပ်နေတယ်။

ထူးဆန်းလိုက်တာ ... ဆရာရယ်။





ညတုန်းက အောင်မောင်းနဲ့ ကြက်ဖြူလေးကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကြက်ဖြူလေးက ပျံတက်ခုန်ထွက်ပြီး အောင်မောင်းရဲ့ ခေါင်းပေါ်မှာ နားတယ်လို့ မြင်မက်တယ်။

အခု အဲဒီကြက်ဖြူလေးကို တပည့်အောင်မောင်းရဲ့ အလောင်းထည့်ထားတဲ့ခေါင်းပေါ်မှာ မြင်လိုက်ရရော အံ့လည်း အံ့သြရတယ်၊ ဝမ်းလည်းသာခဲ့ရတယ်။ အဲဒီကြက်ဖြူလေးကို အသာပွေ့ယူလိုက်ပြီး ခေါင်းပေါ်က ပန်းကန်ကိုဆေး၊ ပါလာတဲ့ ထမင်းနဲ့ဟင်းကို ထည့်ပေးပြီး ...

"အောင်မောင်းရေ ... ငါ ... တပည့် ... ငါ့ညီရဲ့ မင်းအတွက် အစ်ကို ထမင်းနဲ့ဟင်း တင်ထားခဲ့တယ်။ အားရပါးရ စားတော့ ... ငါ့ညီရေ။ အစ်ကို မင်းခေါင်းပေါ်ကတွေ့ရတဲ့ ကြက်ဖလေးကို သေသေချာချာ မွေးပါ့မယ်။ မင်းအတွက်လည်း ကုသိုလ်ကောင်းမှု ပြုပေးပါ့မယ် ... ငါ့ညီရေ"

အဲဒီလိုပြောဆိုခဲ့ပြီး ကြက်ဖဖြူလေးကို ပိုက်လို့ ပြန်လာခဲ့လိုက်တယ်။

အောင်မောင်းရဲ့ အသုဘရက်လည်ပြီးနောက် ထူးဆန်းစွာ ရရှိခဲ့တဲ့ ကြက်ဖြူလေးကို အိမ်မှာ စနစ်တကျမွေးလိုက်ရာ မကြာခင်မှာ ထွားကျိုင်းသန်မာတဲ့ ဥဗန်းဖြူ တိုက်ကြက်လေးသဏ္ဌာန် ပေါ်လာပါရောဗျာ"

ဒေါက်ကလည်း ကောင်းမှကောင်းဗျာ။

ဆယ့်နှစ်ပြားနီးပါး အမြင့်ရှိတယ်။

ခြေနှစ်ချောင်းက သံမဏိလိုမာပြီး ပေါင်က တင်းဖုမာနေတာပဲ။ အတက်ပြောင်းဖူးစေ့မှာပဲ တကြွကြွ ဖြစ်နေတာရယ်။

တွန်လိုက်ရင် သံကြည်သံပြတ်ဗျ။ အဲဒီလိုအသံမျိုးမှ တိုက်ကြက်ကောင်းတို့ရဲ့ အသံခေါ်တယ်။ နှုတ်သီးက နှုတ်သီးအကောက်၊ လင်းယုန်နှုတ်သီးလိုပဲ။ အဲဒီနှုတ်သီးက အဆွဲအစား ကောင်းတယ်။

သူ့အမည်ကို 'အောင်မောင်းလေး' လို့ အမည်ပေးပြီး ကြက်ဆွဲ'အောင်ကောင်း'ကို ကိုင်စေခဲ့တယ်။ ကြက်ဆွဲအောင်ကောင်းက ကွယ်လွန်သူ အောင်မောင်းရဲ့ညီတစ်ဝမ်းကွဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဆွဲကြက်ကိုင် ရှေပေး အရှမ်းကောင်းတယ်။

မောနေတဲ့ကြက်ကို အောင်ကောင်း ရေကိုင်ပေးလိုက်ရင် တစ်မိနစ်မကြာဘူး။ ကြက် အမောစေ့သွားရော။

တစ်နေ့ အောင်ကောင်းက ပြောလာတယ်။

"အစ်ကို ... ဒီကောင်ကို ခွပ်လက်ချရင် ရပြီဗျ"

"အနေအထားက ဘယ်လိုလဲဟေ့ ... အောင်ကောင်း"

"အစ်ကို့ဂျီသရီးလိုပဲ နေမှာပဲဗျ။ ဂျီသရီးပဲ ဝင်စားသလား ...၊ ကိုအောင်မောင်းပဲ ဝင်စားသလား မသိဘူးဗျ။ မာတာ မြန်တာတော့ လွှတ်ကောင်းပဲ"

ဒါနဲ့ တိုက်ကြက်သစ် အောင်မောင်းလေးကို စတင်ပွဲထုတ်လိုက်ကြတယ်။ ခေါ်ကြေးဆယ်သိန်းနဲ့ စလိုက်တယ်။ ကျွန်တော်တို့ကြက်ရဲ့ အစွမ်းကို မသိကြသေးလို့ ဝင်ကူနည်းနေတယ်။

ဒါကြောင့် ကိုယ်ဘာသာပဲ ရင်းလိုက်တယ်။

ဟိုဘက်ကြက်နာမည်က ဝရဇိန်တဲ့။

ဝိုင်းထဲမှာ နှစ်ကောင်ပြိုင်လည်း လွှတ်ရော ပြိုင်ဘက်ဝရဇိန်က ပစ်လိုက်ခွပ်လိုက်တာ။ တဖြောင်းဖြောင်းနဲ့ မနားဘူးဗျာ။ ဝရဇိန်လည်း နားရော၊ ကျုပ်တို့ကောင် အောင်မောင်းလေးရော၊ ဖျတ်ခနဲ နှုတ်သီးနဲ့ ဝရဇိန်ရဲ့နားကို လှမ်းဆွဲပြီး ခုန်ရိုက်လိုက်တာ။

"ဖြောင်း ..."

"အွတ် ... အွတ် ..."

"အောင်မောင်းလေးကွ ... ရိုက်ထား၊ ခွပ်ထား"

"သားရေ ... အောင်မောင်းလေးရေ ... ချ ... ချ ..."

ကြည့်စမ်း ... နှစ်ရေကောက်မှာ ဟိုဘက်က ဝရဇိန်၊ တစ်ခေါင်းလုံး သွေးခြင်းခြင်းရဲနေပြီး အောင်မောင်းက နှစ်လေးတစ်လေးပါ ဖြစ်လာကုန်ပြီ။

သိန်းသုံးဆယ်ကျော်နေပြီ။





တတိယအချီ လွှတ်လည်းလွှတ်ရော ကျုပ်တို့ကောင် အောင်မောင်းလေးရယ်ဗျာ။ ဥဇန်းအမည်နဲ့လိုက်အောင် အထုကြမ်းလိုက်ပုံနှယ် နှုတ်သီးနဲ့ ဆွဲထု၊

"ဖြောင်း ..."

"ဖြန်း ..."

"ဖြောင်း ... ဖြောင်း ..."

"အွတ် ... ဂွပ် ..."

"အောင်မောင်းကွ ... ထုထား ... ထုထား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ပြေးပြီ ... ဝရဇိန်ပြေးဟေ့ ..."

"နိုင်ပြီ ...။ ငါတို့ဥဇန်းလေး နိုင်ပြီဟေ့"

ကျွန်တော် အဲဒီနေ့က ဆယ်သိန်းကျော်ကျော် အနိုင်ရလိုက်တယ်။ ဒါ ဥဇန်းလေးအောင်မောင်းလေးရဲ့ ပွဲဦးထွက်အကျိုးပေးပဲ။ တပည့်လေး အောင်ကောင်းနဲ့ မိတ်ဆွေများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့သလို–

ကွယ်လွန်သူ တပည့်အရင်း အောင်မောင်းအတွက် ရည်စူးပြီး ဘုရားမှာ ရွှေသင်္ကန်းတစ်သိန်းဖိုး ကပ်လှူလိုက်တယ်။ အဲဒီပွဲကစပြီး ဥဇန်း အောင်မောင်းလေးရဲ့ နာမည်ကျော်သွားခဲ့တယ်။

ဒုတိယမြောက်ပွဲက ကြေးကြီးတယ်။ လောင်းကြေးတင် စုစုပေါင်း သိန်းတစ်ရာဝန်းကျင်မှာ ရှိနေတယ်၊ ပွဲကြီးဖြစ်လို့ ဂရုစိုက်ရတယ်။ ပွဲမစခင်မှာ ကိုကြီးကျော်ကိုမြှောက်ပြီး အရက်နဲ့ကြက်ကြော်ကို ဆက်ခဲ့တယ်။

"ကိုကြီးကျော်လည်း ညီဘွားတို့ကို မှိုင်းမပါ"

အဲဒါလိုအပ်သည်များကို ပြောဆိုပြီး ကျွန်တော်တို့ ချိန်းထားသည့် ဒိုက်ကွင်းကို တိုက်ကြက်၊ ကြက်ဆွဲကြက်ကု ပါတနာများနဲ့ လာခဲ့လိုက်ကြတယ်။

နယ်မြေကလည်း မပူရဘူး။ အားလုံး ပိုင်ပိုင်နိုင်နိုင်ပြောပြီး ကြွေးပြီး အိုကေတယ်၊ ပြိုင်ဘက် တိုက်ကြက်ရဲ့အမည်က 'ဝါးပိုးဝါး'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နာမည်နဲ့လိုက်အောင်ကို ခြေထောက်နှစ်ချောင်းက ဝါးပိုးဝါးလို တုတ်တုတ်တောင့်တောင့်ကြီး၊ ကြားရချက်ကတော့ ဝါးပိုးဝါးခြေနဲ့ နားအုံကို နှစ်ချက်အရိုက်ခံရင် ပွဲသိမ်းတော့တဲ့။

ဝိုင်းစပါပြီဗျာ။

အံမယ် . . . သူတို့ကောင် ဝါးပိုးဝါးက ခေါ်ကြက်ကိုးဗျ။

တဂွတ်ဂွတ်နဲ့ အစာကောက်သလို မြေကြီးကို နှုတ်သီးနဲ့ ထိထိပြီးခေါ်တာကိုး။ ကျုပ်တို့ကောင်ကလည်း အကင်းပါးတယ်။ ခေါ်တာကို တိုးမသွားဘူး။ သင်းကို ပတ်ပြီးကြည့်တယ်။

ဒီမှာ . . . ဝါးပိုးဝါးက ပတ်လှည့်ပြီး ရိုက်ပစ်တာ။ ဖြောင်းဆိုတဲ့ ရိုက်သံက ကြောက်စရာဗျာ။ ဟာခနဲ . . . ဟင်ခနဲ ဖြစ်ကုန်တာပဲ။ ကျုပ်တို့ အောင်မောင်းလေးက အရှောင်အတိမ်းကောင်းတယ်။

တစ်ချက်–ဝါးပိုးဝါးက ပြေးအကစ်ငုံ့ရှောင်ပြီး ပြန်မော့ ဝါးပိုးဝါးရဲ့နားသားကို ကိုက်ဆွဲပြီး ရိုက်ချလိုက်တာ ကံကောင်းတာကပဲလား။ ရိုက်ချက်မှန်သွားသလား မသိဘူး။

ဝါးပိုးဝါးရဲ့ ညာမျက်လုံးကို ကျုပ်တို့ကောင်အတက်ထိပြီး ခေါင်းယမ်းလို့ ပျာသွားချိန်မှာပဲ အောင်မောင်းလေးဗျာ . . . ကျုပ်တို့အုပ်စုကလည်း အားရပါးရအော်ဟစ်ပြီး အားပေးတုန်းမှာပဲ . . .

ငါးချက်ဆင့်ပြီး ရိုက်လိုက်တာ ဟိုကောင် . . . ဘာမှမမြင်တော့ဘဲ စည်းဝိုင်းအပြင်ဘက်ကို ထွက်ပြေးပါရောဗျို့။

အဲဒီနေ့က ကွင်းထဲမှာ အဝတ်တွေ၊ ထီးတွေ၊ ဖိနပ်၊ ပုဆိုးတွေ မြှောက်မြှောက်ကလိုက်ကြတာ ညံလို့။

✿ ✿ ✿

[ ၇ ]

❑

တတိယမြောက်ပွဲစဉ်တိုက်ဖို့ ဟိုဘက်က စေ့စပ်တယ်။ ပဲခူးကြက် နာမည်က စိန်ပြောင်းတဲ့။ လက်ရင်း ရာကျော်ငွေရှိတယ်။ နှစ်ဦးနှစ် ညှိနှိုင်းပြီး ရက်ကို ချိန်းလိုက်ကြတယ်။

ညလည်းရောက်လို့ အိပ်လည်း အိပ်ပျော်ရော၊ အိပ်မက်ဆန်းတစ်ခု တ်ပါလေရောဗျာ။ အိပ်မက်ထဲမှာ အောင်မောင်းကို မြင်ခဲ့ရတယ်။ တာ အောင်မောင်းကိုမြင်ရော ကျေးဇူးတင် ဝမ်းသာလွန်းလို့ ပြေးပြေး တ်တာ လုံးဝကို ဖက်လို့မရဘူး ဖြစ်နေတယ်။

"အစ်ကိုမြို့ . . ."

"ဘာတုန်း . . . ညီလေး . . . လာ . . . လာထိုင် . . . အစ်ကို . . ကို တွေ့ချင်နေတာကွ"

"မထိုင်တော့ဘူး . . . အစ်ကို၊ အစ်ကို့ကို ပြောစရာရှိလို့"

"ဟ . . . ဘာများတုံး . . . ငါ့ညီရ . . . ကဲ . . . ပြော . . . ပြော"

"ဥဗန်းကို သုံးကြိမ်မြောက်တိုက်ပြီးရင် အစ်ကို ရပ်လိုက်တော့၊ တိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟ . . . ညီလေးအောင်မောင်းရေ ဒီကောင်ဥဗန်းက ခုမှ တက်ကြက်လေကွာ။ 'သုံးပွဲ'နဲ့ ရပ်လို့ ဘယ်ဖြစ်မှာတုံး။ ဘာဖြစ်လို့တုံး . . . ပြော''

''သုံးကြိမ်ပဲ အကျိုးပေးမယ် . . . အစ်ကို။ ပြောတာမယုံလို့ ဆက်တိုက်ရင်တော့ အစ်ကို့ထိုက်နဲ့ အစ်ကို့ကံပဲနော် . . . သွားပြီဗျို့''

''ဟေ့ . . . ဟေ့ . . . ညီလေးအောင်မောင်း . . . ညီလေးအောင်မောင်း''

အောင်မောင်းက လုံးဝ လှည့်မကြည့်ဘူး။ သူ ပြောချင်တဲ့စကားပြောပြီး စွတ်ခနဲ ပြေးထွက်သွားပါရော။ သူလည်းသွား၊ အိပ်မက်က လန့်နိုးရင်း ပြန်စဉ်းစားရတယ်။ သူက သတိပေးသွားခဲ့တယ်။

သုံးကြိမ်တိုက်ပြီးရင် လုံးဝရပ်တော့။

ဆက်တိုက်ရင်တော့ အစ်ကို့ထိုက်နဲ့ အစ်ကို့ကံပဲတဲ့။

ဘာကြောင့် ဒီကောင်ထူးဆန်းတဲ့စကားကို ပြောသွားရတာလဲ စဉ်းစားလို့မရဘူး။

ဒါနဲ့ ချိန်းပွဲနေ့ကို သွားကြတယ်။ တိုတိုပြောရရင် ပထမပိုင်းမှာ ကျုပ်တို့ကောင် ဥဗန်း (အောင်မောင်းလေး) အထိနာနေတယ်။ နှစ်ရေကောက်ပြီးတော့ ဟိုဘက်ကြက်က အသာစီးရပြီး နှစ်လေးတစ်လေးကနေ သုံးလေးတစ်လေးအထိ အပိုကြေးပေး စိန်ခေါ်လာတယ်။

ကျုပ်တို့ဥဗန်းဘက်က ဘယ်သူမှ မထွက်ရဲကြဘူး။

ဥဗန်း ကြောင်နေတယ်။ ငေါင်နေတယ်။ တစ်ဖက်ကြပ်ခွပ်သူကို ပေခံနေတယ်။ (ဥဗန်း –ထုစမ်း) ဆိုတဲ့ဖွဲ့ကို ပြနေသလိုပဲ။

ကိုင်း . . . ကျုပ်ကောင် ဥဗန်းက လုံးဝမပြေးဘူး။

ကျုပ် ယုံကြည်တယ်။ ဒီပွဲမှာ ဥဗန်း နိုင်ကိုနိုင်ရမယ်။

စိန်ခေါ်တဲ့ ကြေးမှန်သမျှကို ပုံအောပစ်လိုက်တယ်။ ကျုပ်လူတွေက မိုက်ရူးရဲမလုပ်ဖို့ ရပ်လိုက်ဖို့ ဝိုင်းတားတယ်။ ကျုပ် လက်မခံဘူး။

ဟား . . . . တိုက်ပြီ။ ကျုပ်ကောင် ဥဗန်း တစ်စခန်းထပြီဗျို့။

စိတ်ကူးသစ်စာပေ



ကြည့်စမ်း . . . ဘာမပြော ညာမပြော။ ကိုင်း . . . ကိုကြီးကျော်ပဲ မ,သလား။ အောင်မောင်းပဲ မ,သလားမသိဘူး။ တဖြောင်းဖြောင်းနဲ့ အခွပ်လိုက်တာ . . . ဟိုကောင် . . . စိန်ပြောင်းဆိုတဲ့ကြက် ကြောင်ပြီး ငေါင်သွားရောဗျို့။

အို . . . ကြက်ဝိုင်းတစ်ဝန်းလုံး ဆူညံနေတာပဲ။

နောက် (၅) မိနစ်လောက်လည်းကြာရော ဟိုဘက်စိန်ပြောင်း မျက်လုံးပိတ် ခေါင်းကြီးရောင်ကိုင်းပြီး ဝိုင်းထဲမှာ တုံးလုံးလဲကျသွားတော့တာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

❏

ဒါကြောင့် အားလုံးက ကျုပ်ကောင် ဥဗန်းကို အကြွင်းမဲ့ ယုံကြည်တယ်။ ပွဲတိုင်း နိုင်ရမယ်တဲ့။

နာမည်တောင် ပြောင်းခေါ်ကြတယ်။ တိုက်တိုင်းနိုင်တဲ့။

ဒီလိုနဲ့ ပြိုင်ဘက်ကို စောင့်နေတုန်းမှာပဲ ကျုပ်မြို့ကို ရပ်ရှင်လာ ရိုက်တဲ့ အဖွဲ့တစ်ဖွဲ့ ရောက်လာတယ်။

အဲဒီ ရပ်ရှင်အဖွဲ့က မင်းသားက ကြက်တိုက်ဝါသနာ တယ်ကြီးပဲ နာမည်ကြီးမင်းသားဗျ။ အဲဒါ ကျုပ်ကောင်ဥဗန်းနဲ့ တိုက်ဖို့ဖြစ်သွားတယ်။

နက်ဖြန် ရိုက်ကူးရေးနားတဲ့ရက် တိုက်မယ်တဲ့။

သူတို့ ရန်ကုန်သားတွေကလည်း သတ္တိမသေးဘူးဗျာ။

မင်းသားက ဖုန်းဆက်လိုက်လို့ ရန်ကုန်က လောင်းကြေးသမား တွေ ကားတွေနဲ့ ရောက်လာကြတယ်ဗျာ။

ကျုပ်တို့ဘက်ကလည်း 'တိုက်တိုင်းနိုင်' ဥဗန်းလေးအကြောင်း သိထားတော့ သိန်းတစ်ရာ စာမဖွဲ့ဘူး။ ဒီတစ်ပွဲ ကျုပ် ပုံအောလိုက်တယ်။

မင်းသားကြီးရဲ့ တိုက်ကြက်နာမည်က ပြောင်းတိုတဲ့။





တိုတိုနဲ့ပြောမယ်ဗျာ။ ပြောင်းတိုနဲ့ တိုက်တိုင်းနိုင်တို့ စည်းဝိုင်းမှာတွေ့ရော။ ကျုပ်တို့ကောင် ဥဗန်းက အသာစီးကချည်း ခွပ်ပစ်လိုက်တာ မင်းသားကြီးကြက် ပြောင်းတို တဂွတ်ဂွတ် အသံမြည်ပြီး လေးကျသွားတယ်။

ကျုပ်တို့လူတွေက နှစ်လေးတစ်လေး အော်ခေါ်တယ်။

ဟိုကလည်း လိုက်တာပဲဗျ။

မင်းသားကြီးကို လှမ်းကြည့်တော့ ဆေးတံအခဲမပျက်ဘူး။ သုံးရေ ကောက်တော့ ဟိုကောင်ပြောင်းတို မောနေပြီ။ ကျုပ်တို့ကောင်ကလည်း လိုက်ပြီး မနားတမ်းခွပ်တာ။ ဒီမှာ ပြောင်းတိုက လှည့်ပြီးပစ်လိုက်တာ ..

"အွတ်"

"ဟာ ..."

"ဟယ် ..."

"သွားပြီကွ ... ဟေး ... ဟေး ..."

လှည့်ပြေးနေတဲ့ ပြောင်းတိုရဲ့ပရိယာယ် မှန်သွားတယ်။ သူ့ရဲ့ အတက်က ကျုပ်ကြက်ရဲ့နှာနုကို ထိုးမိသွားတာ။ သွေး ဖြာခနဲ ကျလာ ဘယ်။

ဒီမှာ ပြောင်းတိုကလည်း တစ်ချက်ခုန်ပြီး ရိုက်လိုက်တာ။

မျက်လုံးကိုရိုက်မိပြီး ကျုပ်ကြက် ဝိုင်းထဲက ပြေးရော။

ကျွက်ကျွက်ကို ညံသွားတာပဲ။ ကြိတ်မနိုင်ခဲမရလည်း ဖြစ်ကုန် တော့ပေါ့ဗျာ။

"နိုင်နေပြီးမှကွာ ... တောက် ..."

"ပြောင်းတိုကွ"

"မင်းသားကြီး ပြောင်းတိုကွ ..."

အင်း ... အိပ်မက်ထဲက ကွယ်လွန်သူအောင်မောင်း အိပ်မက် ပေးပြောတာ မှန်နေမလား မသိဘူး။ မင်းသားကြီးတို့ ကြက်ပြောင်းတိုနဲ့ ပြိုင် နောက် တောင်ငူက စက်ကလေးဆိုတဲ့ကြက်နဲ့ တိုက်တော့လည်း ပြောင်းကောင် ရှုံးသွားခဲ့တယ်။

ကားရော၊ တိုက်ရော၊ ရွှေတွေရော နှစ်ပွဲ ပြောင်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ... နောက်ဆုံးတစ်ပွဲ ရှိတာအကုန်ရင်းမယ်ဗျာ။

ကျုပ်ကြက် မညံ့ပါဘူး။ ပွဲဦးမှာ နှစ်ရေအထိ ကျုပ်ကောင် အသားစီးချည်း ရှိတာဥစ္စာ။ သုံးရေလည်း အသာစီးပဲ။ ခက်တာက အလစ်အငိုက် မိသွားလို့ ခံရတာ။ မမိရင် ကျုပ် သူဌေးဖြစ်ရော။

ကိုင်း ... ဒီတစ်ပွဲ အိတ်သွန်ဖာမှောက်ပွဲပဲ။

ခုပွဲက မန္တလေးက ကုန်းဘောင်ဆိုတဲ့ ကြက်နဲ့တိုက်မှာ။ မန္တလေးက သူဌေးချည်းပဲလေ။ အစိမ်းသမားတွေရယ်။

သူဌေးဖြစ်၊ ခွေးဖြစ်ပဲ။ ကျုပ် လေ့မျှောလို့ လေ့နဲ့ငိုက်ပြီ။

ဟော ... ညဘက်မှာ ဟိုကောင်အောင်မင်း အိပ်မက်လာပေးပါရော ...

''အစ်ကို ... မတိုက်နဲ့တော့''

''မတိုက်နဲ့လို့ ကျုပ် သတိပေးတယ် ... အစ်ကိုမြို့''

''အောင်မောင်း ... မင်း ... ထွက်သွား၊ သွား ... မင်းမျက်နှာ ငါမကြည့်ချင်ဘူး''

''ကျွန်တော်တောင်းပန်တယ် ... အစ်ကိုမြို့''

ကျုပ် ... ဒေါသထွက်ပြီး အရက်ပုလင်းနဲ့ ကောက်ပေါက်လိုက်မှ အောင်မောင်း ထွက်သွားတယ်။ ဒါ အိပ်မက်ပါဗျာ။ ယုံရမှာလားဟင် ... ကျုပ်ရှုံးထားတဲ့ တိုက်ရော၊ ကားရော၊ ရွှေရော၊ လယ်ရော ကုန်ပြီလေဗျာ။

အချိန်တိုတိုနဲ့ ရင်းစားပြန်ရဖို့က ဒီနည်းပဲရှိတယ်။

ကျုပ် ... ကိုကြီးကျော်ပွဲကို အရက်နဲ့ ကြက်ကော်လုံးကင် တင်မြှောက်ပသခဲ့သလို ရွှေပြုန်းမင်းညီနောင်တို့ကိုလည်း အချိုရည်နဲ့ စီးကရက် ဆက်ခဲ့တယ်။ ကွင်းပိုင်ရဲ့ ရှာတော်ရှင်ကိုလည်း လက်ဖက်ပွဲ၊ အုန်းပွဲဆက်လို့ ကူညီစောင်မပါလို့ မေတ္တာရပ်ခံပါတယ်။

'တိုက်တိုင်းနိုင်' မင်း ငါ့ကို ဒီတစ်ပွဲပဲ လုပ်ပေးပါ ... သားရယ်။ ဒီတစ်ပွဲပြီးရင် မင်းကို ငါ အနားပေးလိုက်ပါတော့မယ်နော် ... သား''

ဥဇန်းရဲ့နားဝမှာ ကပ်ပြီး ပြောခဲ့တယ်။ ဥဇန်းက ရုန်းတယ်။





ကိုင်း ... မန္တလေး ကုန်းဘောင်နဲ့ ကျုပ်တို့ဥဇန်း တိုက်တိုင်းနိုင်တို့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတယ်။

စည်းဝိုင်းထဲမှာ တဖြောင်းဖြောင်းအသံ ဆူညံနေသလို ကွင်းအပြင်မှာလည်း အော်ဟစ်အားပေးသံ ညံနေတယ်။

"တိုက်တိုင်းနိုင်ကွ ... ချ ... ချ ..."

"ကုန်းဘောင်ကွ ... နော် ... မန္တလေးသားဟေ့ ... ကျား .."

လက်ရည်ခြေရည် တူနေတယ်။ ပညာတူနေတယ်။ နှစ်ရေမှာ နိုင်ခြေဘယ်သူမှ မပေါ်သေးဘူး။ လောင်းကြေးတပ်တူပဲ ခေါ်ကြတယ်။

တတိယအချိန် ရေပေးပြီး တိုက်ကြပြန်တယ်။

အနိုင်အရှုံး မပြကြသေးဘူး။

ဒီမှာပဲ မန္တလေးကုန်းဘောင်က လွှားခနဲ ခုန်ပြီး ကျုပ်ရဲ့ ဥဇန်းကိုယ်ပေါ်ချပြီး ဦးခေါင်းကို ဆိတ်လိုက်တာ။ ကျုပ်ကောင် ဇက်လည်ပြီးအလဲ။

ကုန်းဘောင်ဗျာ နှုတ်သီးမချွတ်ဘဲ ကျုပ်ကြက်ရဲ့မျက်နှာကို နင်းနင်းပြီးခွပ်လိုက်တာ အချက်ပေါင်းမနည်းဘူး။

''ကုန်းဘောင်ကွ ... ကုန်းဘောင်ကွ ...''

''မန္တလေး ... ကုန်းဘောင်ကွ''

''မန္တလေး ... ကုန်းဘောင်ကွ''

ကျုပ်ကောင်လည်း မထနိုင်ဘူး။ ဟိုကောင် ကုန်းဘောင်ကလည်း နှုတ်သီးမလွှတ်၊ မချွတ်ဘဲ ရက်ရက်စက်စက် ခြေနဲ့နင်းဖိခွပ်နေတာ နောက်ဆုံး ဒိုင်လူကြီးဝါရင့်ကြက်သမားများက မင်းကြက်ကောက်တော့လို့ ပြောတော့ ကောက်လိုက်တော့ ဥဇန်းလေး 'တိုက်တိုင်းနိုင်' အသက်မရှိတော့ဘူးလေဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ။၉။

❑

အဲဒီအချိန်ကစပြီး ရှိတဲ့စည်းစိမ်ကုန်လို့ တဲသာသာ ပျဉ်ထောင်အိမ်လေးနဲ့နေခဲ့ရတာ ဒီနေ့အထိပဲ . . . ဆရာ။

ရှိတာပြောင်ပြီး တဲနဲ့နေရတော့ အရက်ပါစွဲလာတယ်။

ဘယ်သူမှ လှည့်မကြည့်ကြတော့ဘူး။ ကျုပ် ကြက်ပွဲနိုင်တုန်းက ဝိုင်းစားကြတဲ့ သူငယ်ချင်းတွေ အခု အနီးမှာမရှိတော့ဘူး။

သောင်းညွန့်ဦးက သန်လျင်ကိုပြောင်းသွားတော့ ကျုပ်မှာ ပိုအားငယ်ခဲ့ရတယ်။ ကျုပ်မှားမှန်း ကြာမှ၊ မွဲမှ သိရတယ်။

အင်း . . . ကံကောင်းလို့ အိပ်မက်ပေး တပည့်ဝိညာဉ်သားပေးတဲ့ ကြက်ကောင်းလေး ရခဲ့ပါရဲ့။ မကျွတ်မလွတ်တပည့်က ပြောတော့ပြောသား။ သူကျေးဇူးဆပ်ချင်လို့ပါတဲ့။ အခေါင်းပေါ်ကရတဲ့ ကြက်ကလေး။

သုံးကြိမ်ပဲ တိုက်နော်တဲ့။

သုံးကြိမ်အပြင် ပိုမတိုက်ပါနဲ့တဲ့။





ဟုတ်တယ် . . . အောင်မောင်းပြောသလိုပဲ သုံးကြိမ်တိုက်တာနိုင်တယ်။ ထိုင်စားလို့ရတာ။ လောဘတက်ပြီး လေးကြိမ်၊ ငါးကြိမ် တိုက်လိုက်ရော အောင်မောင်း သတိပေးသလိုပါပဲ။

တိုက်ကြက်လည်းသေ၊ ကျုပ်လည်းမွဲ၊

ကျုပ်ဗျာ . . .

နောင်တတွေရလွန်းလို့ ကျုပ်တပည့် ကြက်ခွဲအောင်မောင်းရဲ့ အုတ်ဂူရှေ့မှာရပ်ပြီး . . .

''အောင်မောင်းရေ . . . ငါ မွဲသွားပြီဟေ့။ မင်းစကား နားမထောင်လို့ ငါ သူတောင်းစားဘဝ ရောက်သွားပြီ။ ငါ မှားတယ်။ အောင်မောင်း''

လို့ တအားကြုံးအော်ခဲ့တယ်။

အဲဒီအချိန်ကစပြီး ယနေ့အထိ ကြက်မတိုက်ဘူး။ ကြက်ဝိုင်းကို သွားဘူး။ ကြက် မမွေးဘူး။ ကျုပ် ကိုယ်တိုင်လည်း ကြက်သားမစားတော့ဘူး ကိုင်း . . . ဆရာညိုမှိုင်း။ ဆရာ ဂမ္ဘီရဝတ္ထုရေးလို့ရရင် ရေးဗျာ။ ခုနေ ဘုန်းတော်အဖေနဲ့အမေသာရှိရင် ကျုပ်ကို လူမိုက်ကြီးမွဲမှ လိမ်မာသွားပြီးဟဲ့လို့ ပြောလိုက်မည့်ဖြစ်ခြင်းဗျာ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com




[ ၁ ]

❑

ဆရာဦးမျိုးမြင့် (ကျွန်းချောင်း) သည်ခေတ်ပညာတတ် အင်ဂျင်ဘာကြီးလည်း ဖြစ်၏။

ကျွန်းချောင်း၊ စလေ စသည့် အညာဒေသက ရေနံနှင့် ဓာတု ည်းစက်ရုံများမှာ စက်ရုံမှူးကြီးတာဝန်ကို ထမ်းဆောင်ခဲ့၏။

သည့်နောက် ... အဆင့်ဆင့်ရာထူးတိုးမြှင့်ရင်းက သန်လျင် ရေနံ ာ်စက်ရုံမှာ စက်ရုံမှူးကြီး ဖြစ်ခဲ့ပြန်၏။

အဲဒီကနေ ရာထူးတိုးကာ ညွှန်ကြားရေးမှူးဖြစ်ခဲ့ပြီး အငြိမ်းစားယူ ...

စာရေးဆရာတစ်ပိုင်းလည်း ဖြစ်နေပြန်တော့ ...

နောက်ဆုံး သန်လျင်မြို့မှာ အခြေချပြီး စာပေစာနယ်ဇင်းအသင်း ကြီးတာဝန်ကို ယူခဲ့သည်မှာ သုံးလေးနှစ်ရှိပြီဖြစ်၏။

အသက်အရွယ်၊ ပညာအရည်အချင်း၊ ဘဝအတွေ့အကြုံ ဗဟုသုတ ြည့်စုံသူမို့ ပညာရပ်များကို ဂဃနဏ သေချာပြောနိုင်သဖြင့် ဆရာကြီး စကားပြောရတာ ဗဟုသုတများစွာရ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဆရာကြီးဦးမျိုးမြင့်နှင့် ကျွန်ုပ်တို့ စကားပြောနေကြ၏။

''ဆရာမှိုင်းရေးတဲ့ လူထူးလူဆန်း ဘတိုက်ပုံဦးရာကျော်ဆိုတာ တကယ်ရောရှိခဲ့ရဲ့လား ဆရာ''

ဤမေးခွန်း မေးခဲ့သူများသည် ဆရာဦးမျိုးမြင့်ပါဆိုလျှင် အယောက်နှစ်ဆယ်ခန့်ရှိပါပြီ။

တယ်လီဖုန်းဆက်၍ မေး၏။ လူကိုယ်တိုင်လည်း လာ၍မေးခဲ့ကြ၏။ သင်္ကြန်မှာ တရားစခန်းဝင်နေစဉ် အရာရှိကလေးတစ်ဦးကလည်း ဘတိုက်ပုံ ဦးရာကျော် အမှန်တကယ်ရှိပါသလားဟု မေး၏။

အချို့သောသူများက ကျွန်တော့်ဇာတ်လိုက်ကြီး လူထူးဆန်းဘတိုက်ပုံဦးရာကျော်နှင့် တွေ့ဆုံချင်ပါသည်ဟု ဆိုလာ၏။

စစ်တောင်းအိမ်ရာမှာနေသည့် ဘာသာခြား မိန်းကလေးတစ်ဦးက ဆိုလျှင် ဘတိုက်ပုံနှင့် တွေ့ပါရစေဟု အကြိမ်ကြိမ် စာရေး၏။

လူကိုယ်တိုင်လည်း လာရောက်မေတ္တာရပ်ခံ၏။

ခုလည်း ဆရာကြီးဦးမျိုးမြင့်က မေးလေပြီ။

''ဘတိုက်ပုံဦးရာကျော်ဟာ အမှန်တကယ်ရှိခဲ့ဖူးပါတယ် . . . ဆရာ''

''ဟုတ်လား . . . ဆရာ၊ သူက ဘယ်မှာနေတာတုံးဟင်''

''ဟို . . . ပုပ္ပားတောင်မှာပါ ခင်ဗျာ''

''ခုရော ရှိသေးလားဟင်''

''ရှိပါတယ် . . . ဆရာ''

''သက်ရှိထင်ရှားပဲလား . . . ဟင်''

''အဲဒါကို ကျွန်တော် ဘယ်လိုပြောရမလဲ မသိဘူးဆရာ။ သူက ဝိဇ္ဇာလေဆရာ။ သူ့ကို သေသွားပြီလို့လည်း ပြောရင်ရသလို၊ အသက်ရှင်နေတုန်းပါပဲလို့ ပြောရင်လည်း ရနိုင်လို့ပါဆရာ''

''ဘယ်လိုအကြောင်းလဲဗျာ''

''မဟာဂန္ဓာရီလိုင်းမှာရော ရိုးရိုးဂန္ဓာရီလိုင်းမှာရော အဲဒီကိစ္စက အလွန့်ကို လျှို့ဝှက်ဆန်းကြယ်ပြီး နက်နဲလွန်းတော့ အချိန်ယူလေ့လာဆန်း





...ပြီးမှ အဲဒီပညာရှင်များရဲ့ လျှို့ဝှက်နက်နဲဆန်းကြယ်သည့် ပညာနဲ့ဘဝကို ...မှန်းလို့ ရမယ်ဆရာ''

''ဒါဆို သူ့နာမည်အရင်း ပြောပြလို့ရမလား ဟင်''

''ဟုတ်ကဲ့ . . . သူ့အမည်အရင်းက . . . . . . . . . . . . ပါ ခင်ဗျာ''

''ဩော် . . . ဒါကြောင့်လည်း ဦးရာကျော်ရဲ့ ပညာရပ်တွေ အံ့ဩ...ကောင်းအောင် ဆန်းကြယ်တာကိုး။ ဒါနဲ့ ဆရာမှိုင်းကို ပြောစရာလေး ...ခု ရှိတယ်ခင်ဗျာ''

''ပြောပါဆရာ . . . ပြောပါ''

''ကျွန်တော်တို့ အညာဒေသမှာ အရပ်အရှည်ကြီးနဲ့ စိတ်မနှံ့သူ ...ဦး ရှိတယ်ဆရာ''

''ဟုတ်ကဲ့''

''သုံးရာသီပတ်လုံး ရေမချိုးဘူး။ ဥဒဟို လျှောက်သွားနေတယ်။ ...ဆံပင်တွေက ရေမချိုး၊ ခေါင်းမလျှော်တော့ ချုပ်ပိန်းကြီးဖြစ်ပြီး သူ့ခေါင်း...က်ရင် ရိုက်တုတ် ပြန်ကျိုးတယ်။ ခုက်တာက နေချင်ရာမှာ နေ၊ အရှက် ...ရုံဝတ်ပြီး ဥဒဟိုလျှောက်သွားနေတဲ့ အရပ်ရှည်ရှည်လူကြီးရဲ့ ပြောချက် ...ကွက်တွေက မှန်ကန်တော့ အဲဒီအရူးကိုလံဘားကို လူတွေက ဘိုးတော် ...သား လိုက်ချဉ်းကပ်၊ ကျွေးမွေးပေးကမ်း၊ လိုချင်တဲ့ဂဏန်း အကြောင်း ...များ လိုက်မေးလို့''

''သူကရော လိုလိုလားလား လက်ခံသလားဆရာ''

''မယူဘူး၊ ကျွေးတိုင်းမစားဘူး။ မေးလည်း မပြောဘူး။ အဲ . . . ...တ်ပါလာရင်တော့ လိုလိုလားလားပြောတယ်''

''အခု အဲဒီလူရှိသေးလား . . . ဆရာ''

''ကျွန်တော် အညာကနေ ထွက်လာသည့်အချိန်ထိ သူရှိနေတုန်း... သည်နောက်ပိုင်းတော့ ရှင်သလား၊ သေသလား မသိရဘူး''

''ကျွန်တော် အဲဒီဇာတ်ကောင်ရဲ့ ကျောရိုးကို ကြိုက်တယ်ဆရာ''

''ဆရာမှိုင်း . . . သဘောကျသွားပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ၊ သူ့ဘဝက ဘယ်ကစတယ်၊ ဘယ်လိုဖြစ်တယ်၊ ဘယ်နိဂုံးချုပ်တယ် ဆရာလည်း မသိဘူး။ ကျွန်တော်လည်း မသိဘူး။ ဒါပေမဲ့ ဒီဇာတ်ကောင်ကိုဗဟိုပြုပြီး ကျွန်တော် ဝတ္ထုရှည်တစ်အုပ်ရေးမယ် ဆရာ"

"ရေးဗျာ ..."

သို့နှင့် ကျွန်တော်သည် ဆရာမျိုးမြင့် (ကျွန်းချောင်း) ပြောပြသည့် အရူးလံဘားကို မွမ်းမံဖြည့်စွက် တန်ဆာဆင်ပြီးနောက် ...

'ကိုခြောက်ပေ' အမည်ရှိ လုံးချင်းဝတ္ထုရှည်ကို ရေးခဲ့ရာ လူကြိုက်အတော်များခဲ့လေ၏။ သည့်နောက် ...

အရူးဇာတ်ကောင်ဝတ္ထုများ မဂ္ဂဇင်းအချို့မှာ ရေးသားလာကြသည်ကို မြင်ရတော့ အရူးတွေ တယ်ဟုတ်နေပါကလားဟု မှတ်လိုက်၏။

တစ်နေ့တော့ နယ်ကနေ ဖုန်းဝင်လာ၏။

"ဆရာဦးညိုမှိုင်းပါလား ခင်ဗျာ"

"ဟုတ်ပါတယ် ... ကျွန်တော် ဦးညိုမှိုင်းပါ ပြောပါ"

"ကျွန်တော်က မန္တလေးကပါ ဆရာ။ ဆရာရဲ့ စာဖတ်ပရိသတ်ပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"အထူးသဖြင့် ကျွန်တော် လူထူးဆန်း ဘတိုက်ပုံဦးရာကျော်ကို အလွန်ကြိုက်တယ် ဆရာ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် ခင်ဗျာ"

"ဆရာ ... ဘတိုက်ပုံဦးရာကျော်ဆိုတာ တကယ်ရှိသလားဟင်"

"ဟုတ်ကဲ့ ... ရှိခဲ့ဖူးပါတယ်ခင်ဗျာ"

"အခု ကျွန်တော်တို့မန္တလေးမှာ ဘတိုက်ပုံဦးရာကျော်ဆိုတာ ပေါ်နေတယ်ဆရာ။ အဲဒီပုဂ္ဂိုလ်က ဆရာရဲ့ဇာတ်လိုက် ဦးရာကျော်ပါပဲလား ခင်ဗျာ"

"ဗျာ ... အဲ ... အဲ ... ဘတိုက်ပုံဦးရာကျော် ဟုတ်လား"

"ဟုတ်တယ် ဆရာ။ နာမည်ကြီးလို့ ဆရာရေ"





"ကို ... အဲ ... အဲဒါ ကျွန်တော့်ဇာတ်လိုက် ဘတိုက်ပုံဦးရာကျော် ... မ ... မဟုတ်ဘူးခင်ဗျာ"

"ဟင် ... မဟုတ်ဘူး။ ဒါဆို ဆရာရေးတဲ့ ဘတိုက်ပုံ ဦးရာကျော်ကရော ဘယ်ရောက်သွားပြီလဲ ဆရာ။ ဟင် ..."

"ဟို ... ဟို ... သူက ထွက်သွားပြီခင်ဗျ"

"ဗျာ ... ထွက်သွားပြီ၊ ဒါဆို မန္တလေးကို ရောက် ..."

"မဟုတ်ဘူး ... မဟုတ်သေးဘူး ... ကိုအစ္စ။ ကျွန်တော်ပြောတဲ့ ထွက်သွားပြီဆိုတာက အသေထွက် ထွက်သွားပြီလို့ ပြောတာပါ"

"ခင်ဗျာ ..."

ဂျာနယ် ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတို၊ ဝတ္ထုရှည်လုံးချင်းများ ရေးနေခဲ့ လေးငါးခြောက်နှစ်အတွင်း ကျွန်တော် ဖြေပေးနေရသည်မှာ ...

"ဆရာကြီးရှင့် ... ပုံပျက်ပန်းပျက် ရသေ့ကြီးက တကယ်ရှိလို့ပါလားရှင်"

"ဆရာမှိုင်းခင်ဗျာ ... 'ငှက်ကြီးတောင် ဘဂျမ်း'က တကယ်ရှိတယ်လို့ပြောသံကြားလို့ ဟုတ်ပါသလားခင်ဗျာ"

"ဆရာ ... ကာယသိဒ္ဓိရွှေဗျိုင်းက ကျောက်တန်းသားဆိုတာ ... ဟုတ်သလားဆရာ"

"ဗြိတ္တာရာသီဖွား နန်းအိမ်ကြို့ဝတ္ထုက တကယ့်အဖြစ်အပျက်ပါပဲလားဆရာ"

"လူမိုက် မေဲဆိုတာရော သန်လျင်မှာ ရှိပါသလား ခင်ဗျာ"

ကျွန်တော်သည် ချစ်ခင်လေးစားအပ်ပါသော ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်များမေးသမျှကို ဖြေရပါသည်။

ပုံပျက်ပန်းပျက်ရသေ့ကြီး ရှိခဲ့ဖူးပါသည်။ ယခုမရှိတော့ပါ။ ကွယ်လွန်သွားပါပြီ။

ငှက်ကြီးတောင်ဘဂျမ်း တကယ်မရှိပါ။ သို့သော် ငှက်ကြီးတောင်ဘဂျမ်းဝတ္ထု နာမည်ကြီးခဲ့ပါတယ်။ သည့်နောက်ပိုင်း ကျွန်တော့် ဝတ္ထုလုံးချင်းလည်း ငှက်ကြီးတောင်ဘဂျမ်းအမည်နှင့် ဗီဒီယိုတစ်ကား ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**အဲဒီခေါင်းစဉ်**းကို ကျွန်တော့်ထံ ခွင့်မပန်ဘဲ သူ့ပစ္စည်းလိုလို ဘာလိုလိုနှင့် ခပ်တည်တည်ခပ်ပြောင်ပြောင် ယူသုံးသည်ကို ကြားရသိရသူများက ဝေဖန်ပြောဆိုလို့ မဆုံး။

နောက်ထပ် ဗီဒီယိုဒါရိုက်တာတစ်ဦးက (၃၆)လမ်းထဲမှာ ကျွန်တော့်ကို လာပြောသေး၏။

''ဆရာညှိုခင်ဗျ ...''

''ဟုတ်ကဲ့ ... ပြောပါခင်ဗျာ''

''ဆရာရေးခဲ့တဲ့ (၃၁) ဘုံသားတို့ဌလည်း အချစ်သည် ရှိကြလေကုန်၏ဝတ္ထုကို နာမည်ကြီးစာရေးဆရာ ဒါရိုက်တာတစ်ဦး မင်းသား (....) မင်းသမီး ( ... ) နဲ့ နာမည်ပြောင်းပြီး ရိုက်စားသွားပြီဆရာ''

''အေးဗျာ ... ကျွန်တော် မသိလိုက် မကြည့်လိုက်ရဘူးဗျာ။ အဲဒီလို ကျွန်တော့်ဝတ္ထု ခိုးရိုက်၊ ခေါင်းစီးခိုးရိုက်တာကို ဂုဏ်ပြုချင်တယ်ဗျာ။ အဲဒီလူနာမည် ဘယ်လိုခေါ်တုံးဗျ''

''(၃၁) ဘုံသားတို့ဌလည်း အချစ်သည် ရှိကြလေကုန်၏ဝတ္ထုကို ခိုး ရိုက်လုပ်စားတဲ့ ဇာတ်ညွှန်းရေးဆရာအမည်က ( ... ) ပါ ဆရာ''

''ဩော် ... နာမည်ကြီးဇာတ်ညွှန်း၊ ဇာတ်လမ်းရေးဆရာပဲဗျ''

''ဟုတ်တယ် ဆရာ။ ကျွန်တော်တို့လောကသားတွေက ဒါ သည်း ထိတ်ရင်ဖိုမဂ္ဂဇင်းမှာပါတဲ့ ဆရာ့ဝတ္ထုကို အစကနေ အဆုံးနီးပါး ခိုးချကူးချ ထားတာကို သိကြတယ်။ ဆရာမှိုင်းပါ သဘောတူသိထားတယ် မှတ်လို့''

''မသိလိုက်ရပါဘူးဗျာ။ အတော်ကြာမှ လူပြောသူပြောများလို့ သိ ရတာပါ။ အခု ခင်ဗျားတို့လို အတွင်းသိကပြောတော့ ပိုယုံရတာပေါ့။ မှန် လို့လုပ်စားတာ နေမှာပါဗျာ။ ကြီးပွားပါစေ၊ ချမ်းသာပါစေဗျာ။ တစ်ခုတော့ ပြောရဦးမယ်ဗျာ''

''ဘာတုံး ... ဆရာမှိုင်း''

''အဲဒီ '(၃၁) ဘုံသားတို့ဌလည်း အချစ်သည် ရှိကြလေကုန်၏' ဝတ္ထုကို နာမည်ကြီး ဇာတ်ညွှန်းရေးဆရာတစ်ဦးက နာမည်ကျော်ဒါရိုက်တာ ကြီးတစ်ဦးနဲ့ ဗီဒီယို (သို့) ဒီဗီဒီရိုက်ကူးဖို့ စာချုပ်နဲ့ လာဝယ်သွားပြီဗျ





အဲဒီကျမှ ပထမသူခိုးက သူ့ဇာတ်လမ်းကို နောက်လူခိုးပါတယ်လို့ ကောက် ချက်ထုတ်လာရင် ကျုပ်နဲ့ မွဲကြီးပွဲကောင်းကြုံပြီပေါ့ဗျာ။ ကျုပ်ကလည်း တွေ့ ချင်နေတာ။ အဲဒီသူခိုးကို အမှာစကား ပါးလိုက်ပါနော်။ အားဆေးပါစား ထားလို့''

ပြောရရင်တော့ ကျွန်တော့် စာဖတ်ပရိသတ်များ၊ ကျွန်တော့်ကို ခင်မင်သံယောဇဉ်ရှိကြသူများ၊ ကျွန်တော့်ပညာတန်ဖိုးကို အလေးအနက် ထားသူများက အကြောင်းရှိလျှင် ကျွန်တော့်ဘက်က 'နာ'ကြ၏။

အားလုံးကို ကျေးဇူးတင်ပါသည်။

ကျွန်တော်သည် တကယ့်ဖြစ်ရပ်မှန်များကို အခြေခံပြီး မိမိရဲ့ စာရေးခြင်းအတတ်ပညာနဲ့ မွမ်းမံပြီး ဖတ်ချင့်စဖွယ်ကောင်းအောင် ယုတ္တိ သုတ္တာရှိအောင် အတုယူချင်စဖွယ်ရှိအောင် ရေးပါကြောင်း အဖြေပေးပါ သည်။ စာချစ်သူအပေါင်းတို့ခင်ဗျာ ...။

အရှးတွေအကြောင်း ကျွန်တော် ရှာရှာဖွေဖွေရေးပြတော့ အရှး ဇာတ်ကို ဖတ်လို့ စိတ်ခံတွင်းတွေ့သူများက ရေးပါဦးဆရာဟု အကြံပြုကြ ၏။

အခု ကျွန်တော်ပြောပြမှာက အရှးဦးပေါက်ကျော်အကြောင်းပါ ခင်ဗျာ။ လွန်ခဲ့သည့်နှစ် (၄၅) နှစ်ခန့်က သန်လျင်မြို့ထဲမှာ အရှးဦးပေါက် ကျော်ဟေ့ဆို ကလေးရော၊ လူကြီးရော သိပေါ့ခင်ဗျာ။

သန်လျင်မြို့သားစစ်စစ် အသက် (၅၀/၆၀) တန်းတွေကို ယနေ့ သွား မေးကြည့်ပါ။ သူတို့ ဦးပေါက်ကျော်ကို သိမိကြပါသည်။

ကျွန်တော်တို့ ကာလသားပေါက်စဘဝမှာ ဦးပေါက်ကျော် အသက် (၅၀) ခန့်ရှိပြီး သူ့ခမျာ စိတ်မနှံ့။ သူ့ကို အရှးဦးပေါက်ကျော်ဟု အားလုံး က သိကြ၏။

ဘယ်တော့မှ အကျီမဝတ်။ ရေနံချေးရောင်ပေါက်နေသည့် ပုဆိုး တစ်ထည်ကို ဒူးပေါ်အောင် ခပ်တိုတိုဝတ်ထားလေ့ရှိကာ ထိုင်နေလျှင် ဖင်ဖက် ပေါ်ကာ ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က နောက်ကနေ သူ့ပုဆိုးကို လှန်ပြေးလျှင်လည်း သူ့မွေးရာပစ္စည်းကို ကလေးလူကြီးမြင်ရပြီး အူတက်အောင်ရယ်ကြ၏။

သူ့မှာ သွားလေရာ ပုဆိုးနှင့် လေးဖက်ချည်ထုပ်ထားသည့် အထုပ်တစ်ထုပ်ပါ၏။ ၎င်းအထုပ်ကို ချိုင်းကြားမှာ ညှပ်၍ ပခုံးမှာ သိုင်းထားလေ့ရှိ၏။

သူ့မှာ ကြခတ်ဝါးတောင်ဝှေး လူ့ခါးစောင်းအရှည်ရှိ၏။ ပေါက်တူးတစ်ချောင်းလည်း ရှိ၏။

ကြခတ်ဝါးတောင်ဝှေးကား ရန်သူမျိုးအချို့ကို တိုက်ခိုက်ရန် ဆောင်ထားတာဖြစ်ပြီး ပေါက်တူးကတော့ သူ ဝါသနာပါသည့် အလုပ်ကလေးများကို စိတ်ပါ၊ စိတ်ငြိမ်လျှင် လုပ်ကိုင်ရန် ဖြစ်သည်။

မည်သည့်အရပ်မှ သူရောက်လာသည်ကို မသိကြ။

သူနေသည်မှာ မြို့လယ်ဘုရားစေတီဓမ္မာရုံမှာ ဖြစ်၏။ ထိုစဉ်တုန်းက မြို့လယ်နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံဟု အမည်မတွင်သေး။ သွပ်မိုးကိုဒေါင်လိုက် အောက်မှာ မြေစိုက်ကိုးတောင်ပြည့်စေတီငယ်လေး ရှိ၏။

မည်သူမှ ရွှေမချ။ ထီးလည်း မသုတ်။

စေတီသည်လည်း ပန်းရေချမ်းကပ်သူ ရှားရှားပါးပါးနှင့် ကောစာင်ရှိ၏။ ဤစေတီဓမ္မာရုံမှာ အရူးဦးပေါက်ကျော် နေ့နေ့ညညရှိသည်။ ဥဒတ်လွှတ်ထားသည့် ကျွဲ၊ နွား၊ ဆိတ်များ ဝင်ခိုနား အိပ်စက်သည်။

မျောက်ပန်းလှန်၊ ဂျင်ကလိခုတ်မည့် လူပေလူလွင့်များ ဖြစ်ကြသော ထွန်းမြင့်၊ တင်အုံး၊ ကြည်အေး၊ မူတူး၊ အောင်ခင်စသည့် အိမ်ခြေလူပေများရှိ၏။

အများအားဖြင့် သဲပုံစေတီဘုရားဟု ခေါ်ကြသလို ဘုရားကွင်းလို့လည်း သဲပုံစေတီဘုရားကွင်းဟု တစ်မြို့လုံးက ခေါ်ကြ၏။

အထင်တော့ မသေးလိုက်ပါနှင့်။

၎င်းသဲပုံစေတီကွင်းထဲမှာ လွတ်လပ်ရေး မရခင်ကာလတုန်း





အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြို့လူထုပရိသတ်ကို နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတရား ဟောခဲ့ရကား ...

ယနေ့တိုင် သမိုင်းဝင်နေရာဖြစ်ခဲ့၏။

ရှိစေတော့ ...

၎င်းသမိုင်းဝင်နေရာကို အရူးဦးပေါက်ကျော်ရော၊ ဂျလေဗီများပါ လုံးဝမသိ။ ဦးပေါက်ကျော်နေသည့် သဲပုံစေတီဘုရားရှေ့ မျက်နှာစာမှာ ကုလားကျိုးခေါ် ကုလားကြီး၏ ပလာတာဆိုင်ရှိ၏။

ဦးပေါက်ကျော်သည် မိုးလင်းသည်နှင့် ပလာတာဆိုင်ရှေ့မှာ ရပ်ပြီး ပလာတာတစ်ချပ်တောင်း၏။ ရလျှင် မြန်မြန်ဆိုင်ရှေ့မှ ပြန်၏။

မရလျှင် မပေးမချင်း ရပ်နေ၏။

ပါးစပ်ကလည်း ပေါက်ကရများ ရေရွတ်လေ့ရှိ၏။

''သန့်ရှင်းကိုထည့် တည်မြဲမထည့်နဲ့။ အဟွတ် ... အဟွတ် ... သောက်ဖကို မဲပေး။ မြင်းနဲ့လားနဲ့ စပ်ကျရင် မြင်းလား၊ ခွေးနဲ့လားနဲ့စပ်ကျရင် ခွေးလားဖြစ်ရင် တစ်နဲ့နှစ်ပေါင်းရင် ငါး၊ လေးနဲ့ သုံးပေါင်းရင် တစ်ထဲက သုံးနုတ်ရင် ငါးကျန်ရော။ အဲဒါကို ခြောက်နဲ့ပေါင်းရင် ငါး ...တ်ဖြစ်ရော ... နားလည်လား''

အဲဒီ အမြီးအမောက်မတည့်တဲ့ စကားကို ပလာတာရိုက်နေတဲ့ ကုလားကျိုး (ကိုစိန်) ခေါ်တဲ့ ကုလားကြီးကို ကြည့်ပြီး ပြောနေတာဖြစ်၏။

''နားလည်လားလို့ မေးနေတယ်''

''နားမလည်ရင် ပြန်ပြောမယ်''

''သန့်ရှင်းကို ... ထည့် ... တည်မြဲကို မထည့်နဲ့''

အဲဒါ နားလည်ပါတယ်လို့ မပြောမချင်း အဲဒီဝါကျစကားလုံးတွေ ... ပါးစပ်က အမြှုပ်ထွက်အောင်ပြောတာ။ နှင်ထုတ်လည်း မသွားဘူး။ ...တ်ဆုံး ပလာတာတစ်ချပ်ထုတ်ပေးမှ ထွက်သွားတာ။

သွားရာကနေ ပြန်လှည့်လာပြီး ကုလားပလာတာကိုစိန်ရဲ့ မျက်နှာ ... ပြောလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုပြောတဲ့ဂါထာကို အလွတ်ရအောင်ကျက်ထား။ လာဘ်ပွင့်တယ်၊ ဈေးရောင်းကောင်းတယ်။ ငါ . . . ညနေကျမှ တစ်ခေါက်လာသင်ပေးမယ်။ သိလား"

နောက်ဆုံး ကုလားကြီး ပလာတာကိုစိန်က ဆလံအကြိမ်ကြိမ်ပေးလိုက်မှ ထွက်သွားရော . . .

လမ်းပေါ်ရောက်ရင်လည်း ပါးစပ်က အငြိမ်မနေဘူး။

ပါးစပ်က ပေါက်ပန်းဈေး လျှောက်ပြောနေတာ . . .

"ဟော့ . . . ကြည်ကြည်ဌေးကို မရရင် ငါ့ကိုယ်ငါ သတ်သေမယ်။ မေရီမြင့်တော့ စဉ်းစားဦးမယ်။ မောင်ဗမာဘကွန်းက ငယ်ငယ်တုန်းက မြွေဆားလျော့ရောင်းတဲ့ ကောင်ပါကွ။ ဆန်အိတ်တွေထမ်းရင်း လူသန်မောင်ဖြစ်သွားတာ"

"ဒီမှာဟေ့ကောင် . . . ဦးနုက ဦးနုပဲ၊ ဦးရင့်မဟုတ်ဘူး။ သန်းထွန်းလည်း ထွန်းသန်းဖြစ်မလာဘူး"

"မိုးကောင်းကင်မှာ သစ်ပင်တွေစိုက်ပြီး မြေကြီးကို ခေါင်းပေါ်ရွက်ထားနိုင်တဲ့နေ့။ မြန်မာပြည်တစ်ပြည်လုံး ချမ်းသာပြီဟေ့"

"သန့်ရှင်းကို မဲထည့်၊ တည်မြဲကို မထည့်နဲ့"

"တစ်ထဲက သုံးနုတ်ရင် ငါးကျန်ရော"

အဲဒီလို တစ်မြို့လုံး လိုက်လျှောက်ပြောနေတာ ဆိုက်ကားဂိတ်ရောက်ရင် အုတ်ခုံပေါ် တက်ပြောတယ်။ မြင်းလှည်းဂိတ်ရောက်ရင် လက်သီးလက်မောင်းတန်းပြောတယ်။ ကားဂိတ်ရောက်ရင်လည်း အော်ကြီးဟစ်ကျယ်ပဲ။

အဲ . . . သူစားချင်တဲ့ မုန့်ဟင်းခါးဆိုင်လိုမျိုး၊ ဘိန်းမုန့်ဆိုင်လိုမျိုးရှေ့ရောက်ရင်တော့ အကျီုကျောပြောင် ပုဆိုးတိုတို မုတ်ဆိတ်မွေး ဗလပွနဲ့ ပလာတာ ကိုစိန်ဆိုင်ရှေ့ကလိုမျိုး မုန့်မပေးမချင်း နားလည်လား မေးမယ်။ မုန့်မပေးမချင်း ထပ်ခါတလဲလဲ နားငြီးအောင်ပြောမယ်။

သူ့ကြောက်လို့ ဈေးဝယ်ကလည်း မဝင်ရဲ၊ မဝယ်ရဲဘူး။

အဲဒါ မုန့်တစ်ခုပေးလိုက်မှ ထွက်သွားရော။

---

စိတ်ကူးသစ်စာပေ



အရူးပေါက်ကျော် မင်းမောင်းနှင့် တရားဟောနေစဉ် ပုဆိုးကိုနောက်ကနေ လှန်ချင်လှန်ပြေး၏။ ဒါမှမဟုတ် ဆွဲချွတ်ချင် ချွတ်ပြေး၏။

အဲဒီလို သူ့ကို အရှက်ရအောင်လုပ်ရင် မျိုးစုံအောင် ဆဲရေးတိုင်းထွာပြီး လက်ထဲက ကြခတ်သား ဝါးရင်းတုတ်ကြီးနဲ့ ဒေါသတကြီး လိုက်ရိုက်တာ။

အရူးကိုပေါက်ကျော် ဒေါသဖြစ်ပြီဟေ့ဆိုရင် နီးရာလူပါရောင်တော့။ သူ့ကို စနောက်ပြောင် အရှက်ရအောင်လုပ်သူကို လိုက်ရိုက်ရင်း နီးရာကိုပါ ခံတော့တာ။

ဟို . . . ထွန်းမြင့်တို့၊ ကြည်အေးတို့၊ တင်အုန်းတို့၊ မူတူးတို့က စုစုစုခဲ့ပြီး ဘယ်ညာညှပ်လို့ ဒေါသဖြစ်အောင် ဝိုင်းစကြတော့ . . .

"ပေါက်ကျော် . . . အရူး"

". . . မသားတွေ . . . ထွီ"

"ပေါက်ကျော် . . . အရူး . . . အရူးမ . . . မသောင်းလင် . . ."

". . . တွေ . . . ပဲဟေ့ . . . သေစမ်းကွာ"

"ဝီး . . ."

"ဟ . . . ဟ . . . ခဲနဲ့ပစ်တယ်ဟ"

"ဟေ့ကောင်လေးတွေ . . . သူ့ကို မစကြပါနဲ့ဟ။ လူတွေ မှန်ကုန်မယ်"

ပေါက်ကျော်က သူ့ကို အရူးမ 'မသောင်း'ရဲ့ လင်လို့ပြောရင် အမုန်းစိတ်ဆိုးတယ်။ အရူးမ ဖသောင်းဆိုတာလည်း ပေါက်ကျော်နဲ့ ရွယ်တူလောက်ရှိတဲ့ အရူးမလေ။

မသောင်းက ဘဝင်မြင့်ပြီး ရူးသွားတာ။

သန့်သန့်ပြန့်ပြန့် ဝတ်တယ်။ မိတ်ကပ်သနပ်ခါးနဲ့ လှလှပပနေတယ်။ ခေါင်းတွေမှာ ပန်းတွေဝေအောင်ပန်မယ်။ ပြီးရင် အင်္ဂလိပ်သတင်းစာကြီး ကိုင်ပြီး အင်္ဂလိပ်လိုမှတ်မယ်။

အဲဒါကို အရူးပေါက်ကျော်က မျက်စိနောက်တယ်။ မသောင်းကလည်း ပေါက်ကျော်နဲ့ မျက်နှာချင်းဆိုင်မိရင် အင်္ဂလိပ်လိုမေးရော . . .။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"What is your name ?"

"ထို ..."

ပေါက်ကျော် သူ့ကို အင်္ဂလိပ်လိုပြောရင် အရမ်းရွှံတာ၊ မုန်းတာ။

"My name is Ma Thaung ."

"ထို ..."

"I live in Syrian ..."

ဟိုတုန်းက သန်လျင်လို အင်္ဂလိပ်လို (Syrian) စီးရီးယန်လို့ ခေါ်၏။ ယခုကာလရောက်မှ (Than Lyin) ဟု ခေါ်၏။

ဦးပေါက်ကျော်ကို ကျွန်တော်တို့က အငန်အချဉ်ဟု ထင်ခဲ့သော်လည်း ဦးပေါက်ကျော် အလကားလူမဟုတ်ကြောင်းကိုမူ တစ်ချက်တစ်ချက် သဘောပေါက်ရ၏။

"နင့်ဘာသာနင် သချိုင်းကုန်းမှာနေလည်း ငါနဲ့မဆိုင်ဘူး ... ထို"

အဲဒီလို ပြန်ပြောခြင်းကို ထောက်သော် ...

ဦးပေါက်ကျော် အင်္ဂလိပ်လို ပြန်မပြောချင်၍သာ နေရမည်။ မသောင်း ပြောသမျှကို နားလည်ပုံရ၏။

မသောင်းက အင်္ဂလိပ်လိုပြောလေ သူက 'ထို ... ထို ...' ဟု ရေရွတ်ရင်း နောက်ဆုံး သူ့အထုပ်ကြီး သူပိုက်၍ မသောင်းနှင့်ဝေးရာကို ပြေးလေ၏။

✿ ✿ ✿

[ ၂ ]

❑

ဦးပေါက်ကျော် ရှုံမုန်းသူများ စာရင်းမှာ ထွန်းမြင့်တို့၊ တင်အုန်းတို့ အုပ်စုသာမက ဆိုက်ကားသမားအုပ်စုလည်း ပါ၏။

ထွန်းမြင့်တို့က အရူးပေါက်ကျော်ဟု အော်ပြေးလျှင် ထွန်းမြင့်တို့ နောက်ကို တုတ်နှင့်လိုက်၍ တစ်ခါတစ်ရံပေါက်တူးနှင့် လိုက်လေ့ရှိ၏။

ထွန်းမြင့်တို့နောက်ကို လိုက်နေတုန်း တင်အုန်းတို့အုပ်စုက ...

"မသောင်းလင် ပေါက်ကျော်"

အဲဒီလိုဆဲပြီး ပေါက်တူးကိုင်လို့ တင်အုန်းတို့နောက်ကို ဒေါသတကြီး လိုက်ပြန်၏။ ထွန်းမြင့်တို့က အုတ်ခဲကျိုးများနှင့်ပစ်လျှင် အရူးပေါက်ကျော်က ၎င်းအုတ်ခဲကျိုးများကို ပြန်ကောက်ပြီး လိုက်ပစ်၏။

လူက သန်မာဖျတ်လတ်လွန်း၍ ထွန်းမြင့်တို့၊ တင်အုန်းတို့ မနည်း လွတ်အောင် ပြေးရ၏။ သူတို့နောက်ကို ဒေါသနှင့် ပြေးလိုက်နေချိန်မှာ ဆိုက်ကားသမားအုပ်စုက ဝိုင်းအော်ကြပြန်၏။

"ပေါက်ကျော် ... အရူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောင်းလင် ..."

"မှဆိုးမယောက်ျား"

"ခေါင်းလောင်းကြီးပေါက်ကျော်"

ထိုကဲ့သို့ ဝိုင်းအော်ပါက ဆိုက်ကားသမားအုပ်စုရှိရာသို့ ပြေးလာပြီး တုတ်ကြီးနှင့်ရွယ်သည်။ ရန်သူကို လိုက်ရှာ၏။

"ဦးပေါက်ကျော် ... ကျုပ်တို့အော်တာ မဟုတ်ဘူးနော် ... ဟော့လူ"

"စောစောတုန်းကအော်တာ မင်းတို့ကွ"

"အော်တဲ့ဆိုက်ကားသမားက ပြေးပြီဗျ ဟိုမှာ ... ပြေးပြီ"

"ဟော့ကောင် ... နင် လူလွန်မသား ... ရပ်စမ်း ... ရပ်စမ်းဟေ့"

ဟိုရှေ့က နင်းသွားနေသူနောက်ကို ပေါက်ကျော်လိုက်လေ၏။ ရှေ့က ဆိုက်ကားနင်းသွားသူကလည်း သိသည်။ ဂိတ်က ဆိုက်ကားသမားများ ချွန်လိုက်၍ အရူးပေါက်ကျော် ပြေးလိုက်လာသည်ကို ...

အဲဒါ ပေါက်ကျော်မမီအောင် နင်းပြေးရ၏။ နှိုမှို မလွယ်။

ထိုကဲ့သို့လိုက်နေတုန်း မောနေတုန်းမှာမှ ...

"ပေါက်ကျော်အရူး ..."

"မသောင်းလင် ... ပေါက်ကျော်"

ဆိုက်ကားဂိတ်ကနေ ဝိုင်းအော်နေကြပြန်၏။ အရူးပေါက်ကျော် ဘယ်သူ့နောက်ကို လိုက်ရမှန်းမသိ။ ချွေးသီးချွေးပေါက်ကျ၍ မောဟိုက်နေ၏။

နောက်ဆုံး သက်ကြီးဝါကြီးများက ဝင်ဟန့်တားရ၏။

"ဟော့ကောင်လေးတွေ ... အရူးကို မစနဲ့၊ မနောက်နဲ့။ သူက စိတ်ဆိုးလို့ လုပ်လိုက်လို့ မင်းတို့သေရင်၊ ကျိုးရင် ရဲတိုင်လို့ မရဘူးနော်။ မစကြပါနဲ့ကွာ။ တော်ကြာ ... မင်းတို့ ဝင်ရှုလိုက်မယ်"

စိတ်ကူးသစ်စာပေ



"ဟုတ်ကဲ့ ... အဘ"

ဟုတ်ကဲ့အဘက ခဏာပဲဖြစ်ပြီး တွေ့တိုင်းစကြ၏။

ဦးပေါက်ကျော် ပေါက်တူးနှင့်လိုက်လျှင် အလွန်စိုးရိမ်ရ၏။ အမှန်က ဦးပေါက်ကျော်သည် စိတ်မနှံ့သော်လည်း သူ့ဝေဒနာခံစားချက်နှင့်သူနေသူဖြစ်၏။

ရပ်တကာလှည့် တောင်းစား၏။

ငါးပြားဆယ်ပြား တစ်မတ်၊ ငါးမူး ရသမျှကိုစု၏။ ဟိုက ဒီက ပေးလိုက်သည့် ထမင်းဟင်းကို စား၏။ သူ ဘယ်က ရလာမှန်းမသိသည့် ပေါက်တူးနှင့် ဘုရားဇရပ်ဝန်းကျင် မြက်များကို စိတ်လိုလျှင် ရှင်း၏။

ရေမြောင်းထဲက သဲများ ခဲများကို ဆယ်၍ လမ်းချိုင့်များ၊ စေတီမှာရံဝန်းကျင်က ရေဝပ်မြေကျင်းချိုင့်များကို ဖို့၏။

ညဘက်ရောက်လျှင် ဆီးသီးလုံးခန့်ရှိသော စိပ်ပုတီးနှင့် ကိုးတောင်ပြည့်စေတီရှေ့၌ထိုင်ပြီး စိပ်လေ့ရှိ၏။

"အရဟံ ... အရဟံ ... အရဟံ ... အရဟံ"

အရဟံကို နာနာစိပ်၍ ကြာကြာစိပ်၏။ အော်၍စိပ်၏။ ထွန်းမြင့်တို့အုပ်စုက သူနှင့် မလှမ်းမကမ်းနေ ...။

"ကိုသာဟန် ... ကိုသာညဏ် ..."

ကိုသာဟန် ... ကိုသာညဏ် ... ဟု အော်ပေးလိုက်လျှင် ...

'အရဟံ' ကနေ ကိုသာဟန် ... ကိုသာညဏ် ရွတ်ပြီး စိပ်လေ၏။

အမှန်က ထွန်းမြင့်တို့ ကြည်အေးတို့လည်း မကောင်း။

အဲဒီလို အယောင်ယောင်အမှားမှား သံယောင်လိုက်စိပ်နေတုန်းမှာ ရေမြွေကို အရူးဦးပေါက်ကျော်ရှေ့သို့ ပစ်ချပြီး ...

"မြွေ ... ဟ ... မြွေ ..."

"မြွေပွေး ... မြွေပွေး ..."

"ဦးပေါက်ကျော်ရှေ့မှာ ... မြွေပွေး ... ရှေ့မှာ ..."

"အမလေးဗျ ... မစောဘုရား ... ကယ်ပါဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေမြွေကို မြင်လိုက်သည်နှင့် ထခုန်၍ အသံနက်ကြီးနှင့် အော်ဟစ်လေ၏။

မြွေကို သူ အလွန်ကြောက်လေ၏။

"လာကြပါဦးဗျ"

"မြွေပွေးကြီးဗျ"

သည့်နောက် သစ်သားခုံလေးပေါ်မှာ ပုဆိုးခင်းပြီး အိပ်တော့၏။ သူ့ကို လူကြီးများက သနားကြ၏။ မဟုတ်ဘူးဆိုပေမဲ့ ဘုရားဝင်းထဲက မြွက်များကို ရှင်းဖော်ရသည်ကိုး။

✿ ✿ ✿

[ ၇ ]

❑

ကြည်အေးတို့အုပ်စုဆိုးပုံက လွန်ကို လွန်လွန်းသည်။

လူကြီးသူမများပြောလည်း နားမထောင်ကြ၊ ကြည့်လေ ...

ဦးပေါက်ကျော်ကြီး ချစ်တီးထမင်းဆိုင်က ပေးလိုက်သည့် ပဲကုလား…င်နှင့် ထမင်းကို အားရပါးရ ခေါင်းငုံ့စားနေစဉ် ...

အသာတိတ်တဆိတ်ချဉ်းကပ်လာပြီး စားနေသည့် ထမင်းပုံပေါ်သို့ …ပစ်ထည့်၍ ပြေးကြရာ ...

ဦးပေါက်ကျော် ပေါက်တူးကိုင်ပြီး . ယင်းတို့နောက်ကို ပြေးလိုက်…၏၊ မမိသော် မျိုးစုံအောင် ဆဲရေးလေ၏။

တွေ့ရာလူကို မဲလေ၏။

အဲဒါ ရဲနယ်ထိန်း ကိုအောင်ကြည်လေး ရောက်လာပြီး လက်ထိတ် …ပြလိုက်မှ ငြိမ်သွားလေ၏။

ဒီလိုနှင့် တစ်နေ့သောအခါ ဦးပေါက်ကျော် သဲပုံစေတီများမှာ …အိပ်ရင်း မထတော့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည်အေးတို့က သဲနှင့်ပေါက်၍ စေ၏။ နှိုး၏။ ပထမ ရေနှင့်ပက်၏။ လုံးဝမထတော့။ မစကြတော့။ ဦးပေါက်ကျော်မျက်နှာပေါ်ကို ယင်ကောင်တွေ နားလာသည်။ နေမွန်းတည့်သည့်တိုင် မထပေ။

ပလာတာကိုစိန်က သူ့ဆိုင်ရှေ့မှာ နေ့စဉ်မနက်တိုင်း ကြားနေရသည့် ပေါက်ကျော်ရဲ့ ဒေသနာတရားကို မနာကြားရ၍ ဘုရားဝင်းထဲသို့ လှည့်လည်ကြည့်ရင်း . . . .

''ပေါက်ကျော် မထသေးဘူးလားဟေ့''

ဟု အော်၏။

နောက် မသင်္ကာ၍ သွားကြည့်တော့ အရူးပေါက်ကျော် သေပြီး တောင့်နေသည်ကို မြင်လိုက်ကြရသည်။

လူကြီးအချို့နှင့် အနီးဝန်းကျင်က လူများ ရောက်လာကြသည်။ ပေါက်ကျော် အမှန်တကယ်သေမှန်းသိတော့ မြူနီစပယ် အကူအညီနှင့် သင်္ဂြိုဟ်ရေးကိစ္စကို ပြုလုပ်ကြ၏။

ဒီမှာ သူ့ရဲ့ဖွားဖက်တော် ပုဆိုးအထုပ်ကြီးကို ဖြေ၍ကြည့်လိုက်သောအခါ . . .

အားလုံး အံ့သြရလေ၏။

ကြည့်စမ်း . . . ငွေအကြွေများနှင့်တစ်ရာကျပ်၊ ငါးကျပ်တန်၊ ဆယ်တန်ငွေစက္ကူများ အများကြီး အကျီအခေါက်များကြားမှာ မြင်တွေ့ရသည်။ ဒါ သူ နှစ်ပေါင်းများစွာ တောင်းရမ်းပြီး စုဆောင်းထားသည့် ငွေတွေ။

အများရှေ့မှာ ရေတွက်ကြည့်တော့ အားလုံး သုံးထောင်ကျပ်ကျော်သည်။ ရွှေဝယ်လျှင် မနည်းရနိုင်သည်။ ဆိုက်ကားဝယ်လျှင် လေးငါးခြောက်စီးရသည်။

အိမ်နဲ့ခြံပင် ထိုခေတ် ၁၉၆၅ ခုနှစ်က ဝယ်လို့ရ၏။

ခရမ်းသုံးခွ–သန်လျင် ပြေးဆွဲနေသည့် ဝီလီဂျစ်ကားတစ်စီးမှ သုံးလေးထောင်ပဲ ရှိသည့်ခေတ် . . . ။

ငွေအကြွေများနဲ့ ငွေစက္ကူများကို မမျှော်လင့်ဘဲ တွေ့ကြသော လူကြီးတွေ အံ့သြပြီး ဘာလုပ်ရမယ် စဉ်းစားလို့မရဘူး။





''ဒါ . . . အရူးပေါက်ကျော် အနှစ်နှစ်အလလကစပြီး တောင်းရမ်းစုဆောင်းထားတဲ့ ပိုက်ဆံတွေဗျ''

''အဲဒါ ဘယ်လိုလုပ်မတုံး''

''သူ့ရဲ့ အမွေခံသားသမီးများ ရှိမလားမသိဘူး''

''ရှိမယ် မထင်ပါဘူးဗျာ။ တစ်ယောက်တလေ လာတာ၊ ပေးတာ၊ ကျွေးတာ၊ မေးမြန်းတာ မရှိဘူး။ ကိုပေါက်ကျော် ဘယ်အရပ်သားလည်း ခင်ဗျားရော သိလို့လား''

''မသိဘူး''

''ဒါဆို သူကျန်ရစ်တဲ့ငွေတွေကို ဘယ်လိုလုပ်မတုံး''

''ဒီလိုလုပ်ရင် မကောင်းဘူးလားဗျာ။ ကွယ်လွန်သူ ကိုပေါက်ကျော်လည်း ကုသိုလ်ရ၊ ဘဝကူးကောင်းအောင် သူ ကျန်ရစ်တဲ့ငွေနဲ့ ဒီကိုးတောင်ပြည့်သဲပုံစေတီလေးကို လိုအပ်တာပေါ့ဗျာ။ ထုံးသုတ်တာ၊ ရွှေချပေးတာ၊ သူ့အတွက် ရဟန်းသံဃာပင့် ရည်စူး၊ ဆွမ်းကျွေး၊ ဝတ္ထုငွေကပ်၊ ပေးလှူသေး ကောင်းမှုကုသိုလ်လုပ်ပေးကြရင် မကောင်းဘူးလားဗျာ . . . ဟင် . . .''

''ကောင်းတယ် . . . အဲဒါကောင်းတယ်''

''အများသဘောတူကြလား''

''တူတယ်ဗျာ . . . ဒီစေတီများ ဦးပေါက်ကျော်ကောင်းမှု လက်ရာအစ်ခုကျန်ရင် သင့်တော်တယ်ဗျာ''

ဒါနဲ့ ကွယ်လွန်သူဦးပေါက်ကျော်ကို ရည်စူးပြီး ပင့်သံဃာများကို ခေါ်လည်သည့်နေ့မှ ဒါနဝတ္ထုအစုစုနဲ့ ကုသိုလ်ပြု အမျှပေးဝေကြတယ်။

ပြီး . . . ဘုရားကို ထုံးသက်နှ်းရော၊ ရွှေသင်္ကန်းရော ကပ်လှူပေးတယ်။ ကျန်ငွေကို အခြားသင့်လျော်ရာရာမှာ သုံးပေးလိုက်ကြတယ်။

ဦးပေါက်ကျော်ကောင်းမှုလို့ ကျောက်စာကြေးစာ ကမ္ပည်းမထိုးခဲ့ကြပေမဲ့ အဲဒီခေတ်က သိမီလိုက်သူတိုင်း သိကြတယ်။

မြို့သူမြို့သားများက သာဓုခေါ်ကြတယ်။

ပလာတာကိုစိန်ဆိုတဲ့ လန်ကုလားကြီးကလည်း ဂုံလူပေါက်ကျော်ကောက်ဆို နတ်ပြည်မှာ နတ်သမီးအများကြီးနဲ့ ကောင်းစားနေမှာပဲ။ ပလာ



www.burmeseclassic.com

www.burmeseclassic.com



တာနေ့တိုင်းကျွေးတဲ့ ငါ့ကိုမှ သတိရသေးရဲ့လားမသိဘူး။ ကြေးနန်းပို့ မေးလိုက်ရင် ကောင်းမယ်''

အဲဒါ နေ့တိုင်းပြောတယ်။

တောက်တခတ်ခတ်ဖြစ်နေတာက ကြည်အေးတို့၊ တင်အုန်းတို့ မှုတ္တူးတို့ အုပ်စုပဲ။

''တောက် . . . ကိုပေါက်ကျော်မှာ . . . အဲဒီလောက်များတဲ့ ငွေရှိနေတာကို ငါတို့မသိတာ နာတာပဲ''

''အဲဒါ မင်းညံ့လို့ . . . ကြည်အေးရေ''

''ငါညံ့တာ မဟုတ်ဘူး တင်အုံး၊ မင်းတို့ကရော တော်လို့လား။ မင်းတို့ရော ပေါက်ကျော်ထောတာကို မသိဘူးလား''

''တော်ကြတော့ကွာ။ ခုမှ လွတ်သွားတဲ့ငါး ကြီးတယ်ပြောမနေနဲ့။ နောင်ကို အဲဒီလို အရူးမျိုးကိုတွေ့ရင် ဒီအချက်ကို မမေ့ကြနဲ့''

ကံကြမ္မာဝင်ကြွေးလို့ ပြောရမှာလား။

သံသရာဝင်ကြွေးလို့ ပြောရမှာလား မသိဘူး။

အတုံ့နှဲ့အလှည့်က တစ်နေ့ ရောက်ခဲ့ကြရတာပဲ။

နောက် (၅) နှစ်ခန့်ကြာတော့ တင်အုံးတို့၊ ကြည်အေးတို့၊ မှုတ္တူးတို့ ကျောက်ခဲတို့အုပ်စု လောင်းကစားမှု၊ လုယက်မှု၊ ရိုက်မှုများနဲ့ အသီးသီး အဖမ်းခံ ထောင်ကျကုန်ကြတယ်။

ထောင်ကလွတ်လာတော့လည်း နောင်တမရဘူး။

မှုတ္တူးက သူများရိုက်လို့ ဦးနှောက်ပျက်ပြီး ကုလားအရူးဘဝနဲ့ မြို့ထဲမှာ တောင်းစားလျှောက်သွားနေရပြီး နောက်ဆုံး မိုးကြီး၊ မိုးသည်း ရေလျှံနေချိန်မှာ ရေမြောင်းထဲထိုးကျလို့ အသေဆိုးနဲ့ သေခဲ့ရတယ်။

တင်အုန်းနဲ့ ကြည်အေးလည်း အရက်ကြောင်ကြောင်ပြီး ရူးကြောင်မူးကြောင်ဘဝနဲ့ မြို့ကနေ ပျောက်သွားခဲ့တယ်။

အချို့ပြောတော့ . . .

နောက်ပြစ်မှုနဲ့ ရဲဘက်စခန်းမှာ သေသလိုလို၊ ရူးကြောင်ကြောင် ဖြစ်သလိုလို၊ ပြောသံကြားရသလို . .





အချို့ကတော့ . . .

သူတို့ဘဝက အရူးကို ပေါက်ကျော်ထက် အခြေအနေဆိုးတယ်တဲ့။ ခွေးသေ၊ ကြွက်သေ သေရတာတဲ့။

သူတို့ အသုဘမှာ လိုက်ပို့မည့်သူ မရှိဘူးလို့ ပြောကြတယ်။

ဒါဆို . . . အရူးကိုပေါက်ကျော်ကြီးကမှ အသေလှသေးသဗျာ။ ဟုတ်သယ်ဗျာ။

သူ့အသုဘမှာ ဘုရားလူကြီးနဲ့ ရပ်ကွက်လူကြီးများက သုသာန်အရောက်လိုက်ပို့ပြီး သရဏဂုံနဲ့ မြေချပေးကြတာ၊ ဆွမ်းကျွေးတာဆိုတော့–

အနေမလှပေမဲ့ အသေလှသကိုးဗျာ။

အေးဗျာ . . .

ကျုပ်တို့ မျက်မှောက်ခေတ်မှာ အနေလည်းမလှ၊ အသေလည်း လှတဲ့လူတွေ ရှိသေးသဗျာ။

မသေခင်ကလည်း မကောင်းမှုပုပ်စော်က နံဟောင်။

သေလို့ သင်္ဂြိုဟ်ပြန်တော့လည်း အသုဘက လူမစည်။ လူစည်တဲ့ အသုဘကျတော့လည်း တိုးတိုးတိုးတိုး အတင်းစကား ပြောခံရ၊ ဝေဖန်ခံရ။

သေပြီးတာတောင် နာမည်က ပျက်တုန်းပဲ။

သာဓု . . . သာဓု . . . သာဓု . . .။

အဲဒီလို မသာလောင်းကြီးတွေ လောကကြီးမှာ အများကြီးရှိသေးရဲ့ . . . အမျှ . . . အမျှ . . . အမျှ . . .။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

မေတ္တာဓော အလတ်စား။

သူက မေတ္တာဓော အငယ်စားထက် ပိုသည်။ ပို၍ အလေးထား ဂရုပြုသည်။ ချစ်ခင်နှစ်သက်စိတ် ပေါ်လွင်သည်။

မေတ္တာဓော အကြီးစား။

ချစ်သည်၊ ခင်သည်၊ နှစ်သက်လွန်းသည်။ ချစ်အားခင်အား သူ ထက် ပိုကြီးမားသည်။

နေပြောက် ထိုးမခံ၊ လေထိမခံ၊ အပွန်းမခံ အကဲပိုအောင် အစွဲ သည့် တလုပ်လုပ်ဓောကို မေတ္တာဓောအကြီးစားဟု တွေးကြည့်သည်။

မေတ္တာဓောကြီးလွန်းတာကို အချစ်ကြီးတယ်လို့ ပြောမှာလား။ ကြီးတယ် ပြောမှာလား။ တစ်ဖက်စွန်းရောက်သွားတယ်လို့ ပြောရ

ပေါက်တူး (ခေါ်) ကိုမြောင်းမြရဲ့ အဖြစ်အပျက်ကို ကြားရတော့ လွန်းတဲ့ မေတ္တာရဲ့ ပေါက်ကွဲအားပေပါလားလို့ မှတ်ချက်ချေချင်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ...

အရေးကြီးတာက လူဆိုတာ 'ဆင်ခြင်တုံတရား' ရှိရမှာပဲ။ ကောင်းပြီ။ ဆင်ခြင်တုံတရားလို့ခေါ်တဲ့ အကောင်းအဆိုး၊ အမှားအမှန်ကရော လူ့တိုင်းရဲ့ရင်ထဲမှာ ရှိနေကြလို့လား။

ဦးနှောက်ထဲမှာ ကိန်းအောင်းလှုပ်ရှားနေလို့လား။ ပညာမဲ့သူမှာလည်း ဆင်ခြင်တုံတရားက နည်းနိုင်တာပဲ။ ဒါဆို ပညာရှိသူရော ဆင်ခြင်တုံတရား ထာဝရရှိနေသလား။ များသည်လား။ ပညာတတ်တွေကို ကျွန်တော်ထောင်ထဲမှာ မြင်ခဲ့ရတယ်။ အချုပ်ထဲမှာ ရင်းနှီးခဲ့ရဖူးတယ်။

အဲဒီလို ပညာတတ်အချို့ ပြင်ပမှာ အကျင့်စာရိတ္တ ပျက်ယွင်းနေတာ အများကြီးဗျာ။

လာဘ်စားတယ်။

အာဏာကို အလွဲသုံးစားလုပ်တယ်။

ကိုယ့်မိသားစု အတ္တရေးကိုပဲ ကြည့်တယ်။

ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားကြတယ်။

ဖောက်ပြန်တယ်၊ ပျက်စီးတယ်၊ ညစ်ညမ်းတယ်။ ရိုင်းပျတယ်။ ကြည်ညိုစရာလည်း မရှိဘူး။ လေးစားစရာလည်း မရှိဘူး။ အဲဒီလို လူတွေများမှာ ဆင်ခြင်တုံတရား နည်းပါးနေကြတယ်။ ခေါင်းပါးနေကြတယ်။ အဲဒါကိုလည်း သူတို့က အမှန်တရားထင်လို့ ထင်ကြ၊ ဘ၀သစ္စာလို့ ထင်ကြ၊ ဉာတကာနဥ္စသင်္ဂဟော ထင်ကြ။

ဓမ္မလို့ ထင်ကြ။

ဒါဆို ဆင်ခြင်တုံတရားက ဘယ်လိုလူမျိုးနဲ့ ထိုက်တန်ပါသလဲ။ ဘယ်လိုပုဂ္ဂိုလ်မျိုး ရင်ထဲမှာ ကိန်းအောင်းနေပါသလဲ။

✿ ✿ ✿

[ ၂ ]

❑

ရဟန္တာ အရှင်သူမြတ်ကြီးများ၊ ပဏ္ဍိတပညာရှင်၊ ရှင်လူရဟန်း...တော့ အရာရာကို ဆင်ခြင်တုံတရားနှင့် နှိုင်းချင့်ဝေဖန်ရင်း အဓမ္မကို...၍ ဓမ္မ (တရားခြင်း) ကို ဖြန့်ဝေကြတယ်။

မူလတုန်းက ကိုမြောင်းမြက လူကောင်းတစ်ယောက်တဲ့။

အခု ကိုမြောင်းမြ လူသတ်မှုကြီးကို ကျူးလွန်ခဲ့တယ်။

သူ့ပုံစံကိုကြည့်ရင် လူသတ်သမားထစ်ယောက်လို့ လုံးဝမထင်ရ...ပ်ထဲမှာ ပုတီးပဲစိပ်နေတယ်။ တရားပဲ ရှုမှတ်နေတယ်။ ဖရုသဝါစာ...မပြောဘူး။ သူ့ဘာသာ သီးသီးသန့်သန့် အချုပ်ပုံစံ ထမင်းပွပွ၊...ပ်တနပ်နဲ့ ပဲဟင်းအရည်ကျဲကျဲကို မညည်းမညူစားပြီး ငြိမ်ငြိမ်...် နေနေတဲ့လူ။

သူ့ကို ကျွန်တော်စမြင်ဖူးရတာက အချုပ်ခန်းထဲမှာ ...

...တုန်းက ဆင်ခြင်တုံတရားနည်းခဲ့တဲ့ ကျွန်တော်ကလည်း ပုဒ်မ...အစိုးရရိက္ခာ စားနေချိန်။

"...ညသစ်ဝင်မယ်ဟေ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွားခေါင်း အပြင်ကနေ ရဲမှူးထမ်းတစ်ဦးက လှမ်းအော်ပြီးနော
အချုပ်ကျွားခေါင်းတံခါးနဲ့ အချုပ်ခန်းတံခါးသော့ နှစ်တန်ပွင့်ပြီး အချုပ်သာ
လူသစ်တစ်ယောက် ဝင်လာတယ်။

လူပုံက ဖြူဖြူသွယ်သွယ်၊ သန့်သန့်ပြန့်ပြန့်၊ အသက်က ရှိလှ
(၂၅) နှစ် ဝန်းကျင်ခန့်။ သူ အချုပ်ခန်းဝမှာ ရပ်ပြီး ဟိုကြည့်ဒီကြည့်နဲ့
ကြောင်ကြောင်ဖြစ်နေလို့ အချုပ်ခန်းလူကြီး အောင်ပိုင်းရဲ့ တပည့်နှစ်ယော
က အခန်းလူကြီးအောင်ပိုင်းရှေ့ကို ဆွဲခေါ်လာခဲ့တယ်။

သူ့မျက်နှာပေါ်မှာ အကြောက်တရား၊ အလန့်တရားအရိပ်က
ရှားနေတယ်။ သူ့ပုံစံက ကျိုးကန်းအုပ်ကြားရောက်နေတဲ့ ကြက်ပေါက်စ
ဖြစ်နေတယ်။

"ထိုင် . . ."

"အချုပ်ထဲ ရောက်ဖူးလား"

"မ . . . မရောက်ဖူး . . . ပါဘူးခင်ဗျ"

"ပုံစံထိုင်ရမယ်။ အချုပ်ထဲကို ရောက်ရင် အချုပ်ပုံစံဆိုတာ
တယ်။ ထောင်ထဲကိုရောက်ရင် ထောင်ပုံစံဆိုတာ ရှိတယ် . . . ကြားလာ

"ဟုတ် . . . ဟုတ်ကဲ့"

"အချုပ်ပုံစံဆိုတာ . . . ဟောဒီလို တင်ပျဉ်ခွေထိုင်မယ်။
မတ်မတ်ထားရမယ်။ မျက်စိက ရှေ့တည့်တည့်ကို ကြည့်မယ်။ လက်နှ
ကို ဒူးနှစ်ဖက်ပေါ်ဆန့်တန်းပြီး လက်သီးဆုပ်ကို မှောက်တင်ထား
ဟောဒီလို . . . မှတ်မိပြီလား"

"ဟုတ် . . . ဟုတ်ကဲ့"

"မှတ်မိရင် ပုံစံထိုင်ပြ"

လူရွယ်က မှတ်ဉာဏ်ကောင်းပါတယ်။ အခန်းလူကြီး
သင်ပြတဲ့အတိုင်း မှန်မှန်ကန်ကန် လုပ်ပြနိုင်တယ်။

အခန်းလူကြီး ကိုပိုင်းက လက်သံပြောင်တယ်။ သူ့အမှုက
ဘာမှမဟုတ်ဘူး။ ရိုက်မှု၊ ခိုးမှု။





သို့သော် သူက မကြာခဏ အချုပ်ထဲ ထောင်ထဲ ဝင်ထွက်ဖူးတော့
အချုပ်ရည် ထောင်ရည်ဝပြီး အချုပ်ထဲပြန်ရောက်ရင် အလိုလို အခန်းလူကြီး
တန်းရနေတယ်။

ကရာတေးပညာလည်း တတ်ထားတော့ ဂျစ်ကန်ကန်ဝင်လာတဲ့
အချုပ်သားတို့၊ မထေမဲ့မြင် ဝင်လာတဲ့ အချုပ်သားတို့ဆိုရင် 'ဖျင်း'ရော၊
နှင်းတာတီးတာမှ ရှာစားစိန်ဗေဒါကြီး လက်သံနီးပါးပဲ။

လူသစ်ကတော့ ဝင်လာကတည်းက ရှိရှိကျိုးကျိုးမို့ အတီးအဖျင်း
နဲ့ အကြုံမခံရဘူး။

"ငါမေးသမျှကို တိုတိုရှင်းရှင်းပဲဖြေ ဟုတ်လား"

"ဟုတ်ကဲ့"

"မင်းနာမည်"

"ကိုမြောင်းမြ"

"နောင်ကို ငါတို့ကပဲ မေးမေး၊ အပြင်က ရဲအမှုထမ်းများက
မေးမေး၊ နာမည်မေးရင် 'ကို'မထည့်နဲ့၊ 'မြောင်းမြ'လို့ပြော။ အဖေနာမည်
မေးရင် ရှိရှိသေသေ 'ဦး'ထည့်ပြော။ ပြန်မေးမယ်၊ နာမည်"

"မြောင်းမြ"

"မြောင်းမြက မြို့နာမည်လား၊ လူနာမည်လား"

"လူနာမည်ပါခင်ဗျ"

"အဖေနာမည်"

"ဦးနော်"

"မင်းအသက်"

"(၂၇) နှစ်"

"အမှုက ဘာမှုလဲ"

"လူသတ်မှု"

"လူသတ်မှုလို့ လူသစ်မြောင်းမြရဲ့ နှုတ်ကပြောလိုက်ရော အခန်း
လူကြီးကိုပိုင်း အံ့အားသင့်သွားတယ်။ ကျွန်တော်တို့ရော အခြားသားပြုမှ



www.burmeseclassic.com

www.burmeseclassic.com



နိူး လုယက်မှု၊ အိမ်တက်မှု၊ ရိုက်မှုနဲ့ရှိနေတဲ့ အချုပ်သားများလည်း အုံ့ဩသွားကြတယ်။

လုပ်ပုံသန့်သန့်ပြန့်ပြန့် ဖြူဖြူငယ်ငယ်လေးက လူသတ်မှုကျူးလွန်တာကို အံ့ဩသွားကြတာကိုး။

"နေရပ်လိပ်စာ"

"......"

"မင်း မှတ်ထား ... မြောင်းမြ မင်းဘာသာမင်း၊ လူတစ်ယောက်ပဲ သတ်သတ်၊ လူဆယ်ယောက်ပဲ သတ်လာသတ်လာ၊ အချုပ်ထဲ အခုမှ ရောက်လာရင် လူသစ်ပဲ။ အချုပ်သားသစ်ဆိုတာ အချုပ်သားဟောင်း စီနီယာတွေကို ပမာမခန့် မလုပ်ရဘူး။ မလေးမစား မဆက်ဆံရဘူး။ ငါက လူသတ်မှုနဲ့ဝင်လာတာ။ ဘယ်ကောင်မှ ဂရုမစိုက်ဘူးဆိုတဲ့ အချိုးကိုမချိုးနဲ့။ အဲဒီအပေါက်မျိုးချိုးလာရင် အချုပ်ထဲမှာ သေသွားမယ်။ ကြားလား"

"ဟုတ်ကဲ့"

"အချုပ်ထဲမှာနေရတုန်း လိုက်နာရမည့် စည်းကမ်းတွေကို မှတ်ထား။ ရေချိုးရေသောက်ဖို့ ရေဖိုး ( ... ) ကျပ် ပေးရတယ်။ ဒါ အချုပ်သားတိုင်း တာဝန်ပဲ။ ရေချိုးရင် ရေဖလားနဲ့ ငါးခွက်ချိုး။ အိမ်သာသုံးရင် တစ်ခွက်ပဲသုံး။ စက္ကူတို့ အဝတ်စုတ်တို့ သုံးလို့မရဘူး။ ချေးကို အပေါက်တည့်တည့်ပါ။ ဘေးမှာ ပေကျံအောင်ပါရင် လက်နဲ့ကျုံးရမယ်၊ နားလည်လား"

"ဟုတ်ကဲ့"

"ညအိပ်ရင် အလှည့်ကျ ကင်းစောင့်ရမယ်။ ညဘက် ချေးပါရင် ညကင်းကျသူကို ချီးပါသေးပေါက်ပြောရမယ်။ ကင်းသမားက (ပါ)၊ (ပေါက်) လို့ ပြောမှသွားရမယ်။ ကိုယ့်နေရာကို ပြန်ရောက်ရင် (ရောက်)လို့ပြောပြီး အိပ်ရမယ်။ မခိုးရ၊ မဝှက်ရဘူး။ လိင်တူချင်း ကာမ မဆက်ဆံရဘူး။ ဗာရာတန်းနားကို မကပ်ရဘူး။ အပြင်ဆရာတွေခေါ်ရင် လက်နှစ်ဖက်ရှေ့မှာယှက်ပြီး စကားပြောရမယ်။ ထမင်းကို ပုံစံနဲ့ပဲစားရမယ်၊ ရန်မဖြစ်ရဘူး။ ရှုပ်ရှုပ်ယှက်ယှက် ဘာစကားမှ မပြောရဘူး။ နားလည်လား"

---

စိတ်ကူးသစ်စာပေ



"ဟုတ်ကဲ့"

"နားလည်ရင် ပြန်ပြော"

မြောင်းမြက မှတ်ဉာဏ်ကောင်းတယ်ဗျာ။ အကုန်မှန်ကန်အောင် ပြန်ပြောပြနိုင်တယ်။ သည့်နောက် အခန်းလူကြီးအောင်ဝိုင်းက သူ့ကို ခပ်ဘိုးတိုး မေးမြန်းပြောဆိုပြီး ခြေရင်းဘက်မှာ နေရာချပေးလိုက်တယ်။

မြောင်းမြ သံမံတလင်းပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး ငေးမောစဉ်းစားသလို လုပ်နေတယ်။ အချုပ်သံမံတလင်းပေါ်မှာ အခင်းမပါဘဲ ထိုင်ရင်၊ အိပ်ရင် မကြာဘူး လေဖြတ်ရော။

ဒါကြောင့် ကျွန်တော်က ကျွန်တော် ထပ်ထပ်ခင်းအိပ်တဲ့ ဂုန်နီအိတ်အခင်းသုံးခုထဲက တစ်ခုကို သူ့ပေးလိုက်တယ်။

သူ ကျွန်တော့်ကို ဝမ်းသာကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်ပြီး ဂုန်နီအိတ်အခင်းကို လှမ်းယူတယ်။

"အောက်ကခင်းထားပြီး ထိုင်၊ အေးတယ်၊ လေဖြတ်မယ်၊ မောင်ရင် အိမ်သားများလာရင် ရုံးထုတ်ရင် စောင်တို့အခင်းတို့တောင်းပေါ့။ မွေ့ရာသွင်းလို့မရဘူး ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ... ခင်ဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဆရာမှိုင်းရေ ... ခေါင်းအုံးလည်း သွင်းလို့မရဘူး။ မိန်းမလည်း ခေါ်အိပ်လို့ မရဘူးလို့ ပြောဦးဗျ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟုတ်တယ်ဗျို့ ..."

"အဲဒါကလည်း မင်းမှတ်ထားနော် ... မြောင်းမြ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အစ်ကိုကြီး"

"ဟား ... ဟား ... ဟား ... ဟား ... တို့ဆရာမှိုင်းကတော့ ကွာ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၇ |

❑

မြောင်းမြက မည်သူ့ကိုမှ စကားမပြောဘူး။ သူ့ဘာသူတစ်ယောက် တည်း နေတယ်။ ကိုးလုံးပုတီးလေးကို စိပ်နေတယ်။

သူ ကျွန်တော့်ကို ခင်မင်လေးစားပုံရှိတယ်။

ပုံစံထမင်းနဲ့ ပဲဟင်းအရည်ကျဲကို နှစ်နှစ်ခြိုက်ခြိုက်စားတယ်၊ သူ စားနေတာကြည့်ပြီး သနားလို့ ကျွန်တော်က အိမ်ကပို့ပေးတဲ့ ငါးခြောက် ကြော်လေး နည်းနည်းပေးရင်း ခမျာ ဝမ်းသာလွန်းလို့ . . .။

အခြားအချုပ်သားတွေကို ဆွေမျိုးသားချင်း မိဘဇနီးမယား ညေ့တွေ့ခေါ်တွေ့၊ စားစရာမုန့်ပဲသရေစာ၊ ဆေးလိပ် ကွမ်းယာပေးကြပေ မြောင်းမြကို ဘယ်သူမှ ညေ့တွေ့လာမတွေ့ကြဘူး။ အဲဒါ ထူးခြားချက်တစ် ပဲ။

ဒီလိုနဲ့ သူနဲ့ ရင်းနှီးစပြုလာတော့ သူက စမေးလာတယ်။

"အစ်ကိုက စာရေးဆရာဆို"

"ဟုတ်တယ် . . . ငါ့ညီ၊ အစ်ကိုက စာရေးဆရာပဲ၊ မင်းကရော အပြင်မှာတုန်းက ဘာအလုပ်လုပ်တုံး"





"ကျွန်တော် အပြင်မှာ တီဗီတို့၊ ကက်ဆက်တို့၊ မီးပူတို့ ပြုပြင်တဲ့ အလုပ်ကို လုပ်ပါတယ် . . . အစ်ကို"

"နေတော့ရော"

". . . . မှာပါ"

"ညီအစ်ကို မောင်နှမသားချင်း မိဘများရှိလား"

"အမေရော၊ အဖေရော မရှိတော့ဘူး"

"ကွယ်လွန်သွားလို့လား"

"ဟုတ်ကဲ့"

"မွေးချင်းရော"

"ကျွန်တော်နဲ့ ညီမလေးတစ်ယောက်ပဲရှိတယ်။ အခု ညီမလေး က မရှိတော့ဘူး"

"ဘယ်ရောက်နေလို့တုံး"

"သေသွားပြီ"

"ဟေ . . . သူကရော အိမ်ထောင်ရှိလား . . . မြောင်းမြ"

"ရှိပါတယ်"

"ဒါဆို မင်းယောက်ဖကရော၊ မင်းကို လာမတွေ့ဘူးလားကွယ်"

"သူလည်း သေသွားပြီ အစ်ကို"

"ဟေ . . . ဘယ်လိုဖြစ်လို့တုံး . . . ငါ့ညီရ၊ မင်းတို့"

"ယောက်ဖကို ကျွန်တော်သတ်လိုက်တာ"

"အမလေး . . . မြတ်စွာဘုရား"

"အစ်ကို . . . အံ့သြသွားလားဟင်"

"ငါ့ညီရယ် ကိုယ့်နှမလေးရဲ့ယောက်ျားကို ဘာလို့များ သတ်ရတာ လဲကွယ်။ အစ်ကိုက စာရေးဆရာပါ။ သိခွင့်ရရင် သိပါရစေ . . . ငါ့ညီ ရယ်"

ကျွန်တော် ကရုဏာဖြစ်စွာနဲ့ မေးတော့၊ သူက သူ့ရဲ့ လူသတ် သမားဘဝရောက်ခဲ့ရတဲ့အကြောင်းကို ရင်နင့်နင့်နဲ့ ခုလို ပြောပြခဲ့တယ်။

"ကျွန်တော်တို့မောင်နှမကို မြောင်းမြမြို့မှာ မွေးခဲ့တယ် အစ်ကို။ မှတ်ရလွယ်အောင်လို့ အမေတို့အဖေတို့က မြောင်းမြလို့ နာမည်ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အောက်မှာ ညီမလေးတစ်ယောက်ရှိတယ်။ ညီမလေးနာမည်က ရွှေမဝတဲ့။

"ရွှေမဝ ... လှလှချည်လားကွာ ... ဟင်"

"အရွယ်ရောက်တော့လည်း ရုပ်လှမဝအောင် လှတာပဲအစ်ကို။ ကံဆိုးချင်တော့ ကျွန်တော်တို့ရဲ့မိဘနှစ်ပါးဟာ (.....) ခရီးသွားရင်း ကားပြ သောင်းကျန်းသူပစ်တဲ့ လက်နက်ကြည်ဆန်မှန်ပြီး သေဆုံးခဲ့ရတယ်။

"ဖြစ်မှဖြစ်ရပလေ ... ငါ့ညီရယ်"

"အဲဒါ မြောင်းမြကနေ ရေကြည်ရာ မြက်နုရာ ရှာရင်း (....) မြို့ကို ရောက်ခဲ့တယ်။ ကျွန်တော်က ကျွန်တော့်ညီမလေး ရွှေမဝကို သိပ်ချစ် တာ ... အစ်ကိုရ။ ရရာအလုပ်မျိုးစုံလုပ်ပြီး ညီမလေးကို ကျောင်းထားပေး တယ်။ ညီမလေး (၁၀) တန်းအောင်ပြီးရင် တက္ကသိုလ်ရောက်အောင်ပို့ပေးဖို့ အစီအစဉ် ရှိပေမဲ့ ညီမလေးက သူ့ချစ်သူနဲ့ ခိုးရာလိုက်ပြေးလို့ နောက်ဆုံး ကျွန်တော်ပဲ လိုက်ရှာဖွေပြီး ပေးစားခဲ့ရတာပေါ့"

ယောက်ဖရဲ့အမည်က 'အောင်ဖေ'တဲ့။ ပွဲစားအလုပ်ကို လုပ်တယ်။ ဆိုင်ကယ်၊ စက်ဘီး၊ ကားကနေ တိုလီမုတ်စ အစုံလုပ်တယ်။

ကျွန်တော်က ယောက်ဖလုပ်သူကို ပြောတယ်။

"ယောက်ဖ ... ငါ့ညီမကို ငါသိပ်ချစ်တယ်။ ညီမလေးလိုလည်း ချစ်တယ်၊ သမီးလိုလည်း ချစ်တယ်။ ငါ့ညီမကို ငါတစ်ခါမှ မဆူဘူး၊ မဆဲ ဘူး၊ မရိုက်ဖူးဘူး။ ငါ့ညီမကို မင်း တကယ်ချစ်ရဲ့လား"

"ချစ်တာပေါ့ ...ကိုမြောင်းမြရာ"

"ဘယ်လောက်ထိ မင်းချစ်သတုန်း ... ယောက်ဖ"

"ခင်ဗျားညီမကို ခင်ဗျားချစ်တာထက် အဆများစွာ ချစ်တာပေါ့ ဗျာ။ ဟား ... ဟား ... ဟား ... ဟား ..."

"ဒီလိုကြားရတာ ငါ ဝမ်းသာတယ် ... အောင်ဖေ။ ငါတို့မှာ ဒီ မောင်နှမ နှစ်ယောက်ပဲရှိတာပါကွာ။ ဆွေရယ်မျိုးရယ်လို့ ဒီမြို့မှာမရှိဘူး။ မင်းက ခုတော့ ငါ့ညီမနဲ့စပ်ပြီး ငါ့ညီ ငါ့ဆွေမျိုးဖြစ်နေပြီပေါ့။ ငါ့ညီမလေး





ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ ငါလည်း မင်းတို့ကို ပစ်မထားဘူး ... သိလား"

"စိတ်ချပါဗျာ"

"ညီမလေး ..."

"ရှင် ... အစ်ကို"

"အစ်ကို ... ညီမလေးကို ပစ်မထားဘူး သိလား"

"ဟုတ်ကဲ့ ... အစ်ကို"

"ဘာအကြောင်းကိစ္စကြီးငယ်ရှိရှိ အစ်ကို့ကိုပြော၊ ငွေရေးကြေး ရေး ကျန်းမာရေး အစ်ကို့ကိုလာပြော ... သိလား။ အားမနာနဲ့နော်"

"စိတ်ချပါ ... အစ်ကို"

သူတို့ အိမ်ခွဲနေကြတယ်။ ကျွန်တော်က မူလငှားနေတဲ့အိမ်မှာပဲ ကျန်ရစ်ပြီး ကျွမ်းကျင်တဲ့ လျှပ်စစ်လုပ်ငန်းနဲ့လုပ်ရာက ရလာတဲ့ငွေကိုစုပြီး ညီမလေးကို ဆွဲကြိုးငါးမူးသား လုပ်ပေးတယ်။ လက်စွပ်တစ်ကွင်း လုပ်ပေး တယ်။

"အစ်ကို ... ညီမလေးကို မပူပါနဲ့ ... အစ်ကို။ ဒီပစ္စည်းတွေကို အစ်ကို့ရဲ့ကျန်းမာရေးနဲ့ အိုစာမင်းစာအတွက် စုထားပါ ... အစ်ကိုရယ်"

"အစ်ကို့အတွက် အရေးမကြီးဘူး ... ညီမ။ တစ်နေ့ကျရင် ညီမ လေးက သားနဲ့သမီးနဲ့ ဖြစ်လာဦးမှာ။ ခုကတည်းက စုစုဆောင်းဆောင်း တင့်တင့်တယ်တယ် ရှိထားဖို့လိုတယ်။ နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့ ... အစ်ကို ... ဟုတ်ကဲ့"

ညီမလေးက လိမ္မာပါတယ်ဗျာ။ ဟင်းကောင်းလေးချက်ရင် ကျွန် တော့်အတွက် ဟင်းတစ်ခွက် လာလာပို့ရှာတယ်။ ကျွန်တော်က တစ်ကိုယ် တစ်ကာယသမား စားရေးသောက်ရေး အရေးမကြီးပါဘူးဗျာ။ ကြုံသလို နေတာပဲ။

ခက်တာက ကျွန်တော့်ယောက်ဖ အောင်ဖေပဲ အစ်ကို။ ဒီကောင် ပွဲစားဆိုတော့ ခြေများတယ်။ ဘော်ဒါများတော့ လုပ်ငန်းအလုပ်ဖြစ်တဲ့ နေ့ကျရင် အသောက်အစားလေးပါပြီး မူးပြန်လာလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူက အသံကျယ်ကျယ် လုပ်လုပ်လာတယ်။ အိမ် ပြန်အိပ်ချင်မှ အိပ်တယ်။ အသောက်အစား၊ အပျော်အပါးရှိတယ်လို့ ကြား ရတယ်။

ကျွန်တော့်အသိများကလည်း ယောက်ဖအောင်ဖေ ခြေလှမ်းပျက် နေတာကို လာလာသတိပေးပြောကြတယ်။

"မင်းယောက်ဖကို ဟိုအိမ်မှာ တွေ့ခဲ့တယ်"

"မူးရင် ရုပ်ပျက်ဆင်းပျက်ပဲ ... မြောင်းမြရေ"

"သူနဲ့တွဲနေတဲ့ ဒေါ်ချစ်တို့အဖွဲ့က ဟိုဟာပါလုပ်တာ ... မြောင်း မြရေ။ တော်ကြာ ... မင်းယောက်ဖ A. I.D.S ပါ ငြိမယ်"

အဲဒီလို လူပြောများတော့ ယောက်ဖလုပ်သူကို သွားသတိပေးရ တယ်။ သင်းက ပြောရင်ရယ်သလို လှောင်သလို လုပ်တယ်။ ညီမလေးက လည်း ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့။

မျက်နှာလည်း မကောင်းရှာဘူး။

ကျွန်တော်ဝယ်ပေးထားတဲ့ ရွှေဆွဲကြိုးလည်း မရှိတော့ဘူး။ ဘယ် ရောက်သွားလဲမေးတော့ အပေါင်ဆိုင်မှာတဲ့။ အစ်ကိုရွေးပေးမယ် ဘောက် ချာပေးဆိုတော့ နေပေ့စေ သူ့ယောကျ်ား ရွေးလိမ့်မယ်တဲ့။

အင်း ... ကျုပ်ညီမလေးက အစ်ကို့ထက်ချစ်ရမည့်သူကို စိတ် ကြိုက်ရွေးယူပြီး ခုတော့ သိပ်ခိုက်တဲ့ မျက်ရည်ပူများ ကျနေပြီပေါ့ဗျာ။

ကျွန်တော့်ညီမလေး မီးဖွားတယ် ... အစ်ကိုရာ။ မွေးလာတဲ့ ကျွန်တော့် တူမလေးက ကလေးမအေနဲ့ တူလို့လား မသိဘူး။ ပါးဖောင်းဖောင်းနဲ့ နှုတ် ခမ်းထူထူလေးနဲ့ ချစ်စရာလေးဗျာ။ ကျွန်တော် မျိုးဆက်သစ်ရပြီဗျ သီလား ပျော်လိုက်ရတာဗျာ။ ကျွန်တော် ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးဗျ။ ကျွန်တော့်ညီမနဲ့ ကျွန်တော့်တူမလေးရဲ့ အနာဂတ်အတွက် ကျွန်တော် လုပ် စရာ အများကြီးရှိတယ်။

ဒီလိုနဲ့ ဝမ်းသာအားရ ဖြစ်နေတုန်းရှိသေး။

မီးဖွားပြီး (၁၅) ရက်မြောက်နေ့မှာ ကျွန်တော့်ညီမလေး အရေးပေါ်





ဆေးရုံတင်လိုက်ရပါရောဗျာ။ သွေးပုပ်ဆန်တာတဲ့။ ဆေးရုံရုတင်ပေါ်မှာ မျက် နှာကြီးယောင်အမ်းပြီး ဝမ်းဗိုက်ကလည်း ဖောင်းကားပူလို့။

ဆရာဝန်တွေကလည်း ကြိုးစားကုနေတယ်။

ကျွန်တော်လည်း လိုအပ်သည့် ဆေးဝါးများကို ဝယ်ပေးခဲ့တယ်။ အဲဒီလို ဆရာဝန်၊ ဆရာမတွေ ကြိုးစားပမ်းစားကုနေသည့်ကြားကနေ ကျွန် တော့်ညီမလေးဟာ ကျွန်တော့်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လူးလွန့်ရင်း ...

"အစ်ကို ... အစ် ... ကို ..."

"ညီမလေး .... ညီမလေး .... အစ်ကိုရှိတယ်"

"ပူတယ် .... အောင့်တယ် ... ကိုက်တယ် ... အစ်ကို ..."

"ညီမလေး ..."

"သမီး .. သမီးရော ..."

"ရှိ ... ရှိတယ် ... ညီမ၊ ညီမ ... သတိထားလေ"

"အစ် ... ကို ... သမီး ... အစ် ... ကို ..."

အစ်ကိုနဲ့ သမီးကို တရင်းခေါ်ရင်း ကျွန်တော့်ညီမလေး ဆေးရုံပေါ် မှာ အသက်ဆုံးခဲ့ရတယ်။

ကျွန်တော့် ညီမလေးရဲ့အလောင်းကို ပွေ့ဖက်ပြီး ရှိုက်ကြီးတငင် ငိုခဲ့ရတယ်။ ညီမလေးရဲ့ပါးမှာ ကျွန်တော့်မျက်ရည် အိုင်ထွန်းခဲ့တယ်။ ကျွန် တော့်မျက်လုံးအိမ်က ကျလာတဲ့ မျက်ရည်ပေါက်ကို မေးပါဆရာရယ်။ ဒါ အနှိုင်းမဲ့အချစ်မေတ္တာတွေနဲ့ တည်ဆောက်ထားတဲ့ မျက်ရည်အိမ် ပြိုကျသွား တာပါ ... အစ်ကို။

ညီမလေးကွယ်လွန်တဲ့အချိန်မှာ သူချစ်တဲ့ယောကျ်ားက အနားမှာ မရှိဘူး။ ခရီးသွားနေသလိုလို ကြားရတယ်။

နောက်ဆုံး ညီမလေးအလောင်း မြေကျရေးကိစ္စကို ကျွန်တော့်အသိ မိတ်ဆွေများနဲ့ စီစဉ်ရတယ်။

ဒါနဲ့ ... ကျွန်တော်က ဆရာဝန်ဆရာမများကို မေးကြည့်ရတယ်။

"ဆရာကြီးတို့ရယ် ... ကျွန်တော့်ညီမလေး ဘာရောဂါနဲ့ ကွယ် လွန်ရတာပါလဲခင်ဗျာ ... ဟင် ..."

www.burmeseclassic.com



''သွေးပုပ်ဆန့်လို့ပါ။ လူမှန်ရင် သဲခါရပါပဲဗျ။ တရားနဲ့ဖြေပါ နော်''

ကျွန်တော် မသက်သာဘူးဗျာ။ ခါတိုင်းနေ့တွေတုန်းက အကောင်းပါ။ ကျွန်တော်သွားတွေ့ရင် သူ့သမီးလေးကို နှိုတိုက်ရင် ရယ်မောပျော်ရွှင်နေတဲ့ ညီမလေးပါ။

ခုဟာက နှစ်ရက်သုံးရက်အတွင်း ပျက်စီးသွားရတာ။

ဒါနဲ့ ညီမလေးခုတင်ဘေးနားက လူနာများကို တိုးတိုးတိတ်တိတ် မေးကြည့်ရင်း ...

''ဗျာ ...''

''ဟုတ်ရဲ့လားဗျာ''

''သူမ ဆေးရုံတက်တဲ့နေ့က ဆရာဝန်ကမေးတော့ ရှင့်ညီမဖြေတာကို ကြားရတာပါ''

''တောက် ... ယုတ်ညံ့လိုက်တဲ့ကောင်ကွာ''

ပြန်ပြောပြတဲ့ မိန်းမတွေလည်း စိတ်မကောင်းကြဘူး။

ကျွန်တော့်ရင်ထဲမှာ တေးထားလိုက်တယ်။ လူမဆန်တဲ့ကောင်ကို ဘယ်လို ပညာပေးရမလဲလို့။

စဉ်းစားကြည့်ပေးကြစမ်းပါ ခင်ဗျာ။ ဒါ ... လုပ်ကောင်းတဲ့အလုပ်လား။ ဦးနှောက်မရှိဘူးလား။ ဆင်ခြင်တုံအသိတရား မရှိဘူးလား။ ပညာဗဟုသုတမရှိဘူးလား။ လူကြီးမိဘများက မသွန်သင်ခဲ့ဘူးလား။ ဟင် ...။

မီးဖွားပြီး သွေးနုသားနု (၄၅) ရက် မပြည့်သေးဘူး။

မွေးပြီးလို့ (၁၅) ရက်ပဲ ရသေးတယ်။

အဲဒါ သင်းက မူးမူးရူးရူးနဲ့ အတူတူအိပ်ဖို့ ကြိုးစားသတဲ့။ ညီမလေးက မသင့်တော်ကြောင်း၊ မလုပ်သင့်ကြောင်း အမျိုးမျိုးတောင်းပန်သည့်ကြားက ...

သင်းက အတင်းရော၊ အဓမ္မ။

တောက် ... မိုက်ရိုင်းစုတ်ပဲ့လိုက်လေ ... အောင်ဖေရာ။

✿ ✿ ✿

[ ၄ ]

❑

ညီမလေးကို သင်္ဂြိုဟ်တဲ့နေ့ပေါ့ဗျာ။ သင်္ချိုင်းမှာ လိုက်ပို့သူများနဲ့ ရှုပ်ရှားနေချိန်ပေါ့။

မြေကျတရားနာပြီး အခေါင်းကို ကျင်းပေါ်မှာ တင်တယ်။ ခေါင်းဖုံးကို ဖွင့်တယ်။ အုန်းရေနဲ့ မျက်နှာသစ်ပေးကြတယ်။

မျက်ရည်လည်ရွဲနဲ့ ကျွန်တော် လှမ်းကြည့်လိုက်တော့ ခေါင်းထဲမှာ ညီမလေးရဲ့မျက်နှာဟာ ဖောင်းလာပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်လို့ဗျာ။

ရင်ထဲမှာ လှိုက်လာတယ်။

ဒီမှာ သူ့ယောက်ျားငမူးက 'မိန်းမရေ ... ဘာရေ' နဲ့ မူးပြီး အော်နေတယ်။ သောင်းကျန်းနေတယ်။ အလကားကောင် ...။

ကျွန်တော် အနီးမှာရှိတဲ့ မြေတူးတဲ့ပေါက်တူးကို လှမ်းယူစုံကိုင်ပြီး မူးပြီးအော်နေတဲ့ ယောက်ဖအောင်ဖေရဲ့ခေါင်းကို ခုတ်ချလိုက်တယ်။

''ခွပ် ...''



www.burmeseclassic.com

www.burmeseclassic.com



"အားမလေးဗျ ..."

"ဟာ ... ဟာ ..."

"ပြေးကြ ... ပြေးကြ ... ပြေးကြ .."

"မင်းလားကွ ... အောင်ဖေ၊ ငါ့ထက် အဆတစ်ရာ ချစ်တယ် ဆိုတာ မင်းလားကွ။ သေဟ ... သေ ... သေ ..."

"မြောင်းမြ ... ဟော့ကောင် ... မလုပ်နဲ့"

"ဆွဲကြပါဟ ... ပေါက်တူးကို ဝင်လုပါ"

ဆွဲသံ၊ လွဲသံ၊ လုသံ၊ အော်သံ၊ ပြေးလွှားသံ၊ အော်ဟစ်ငိုယိုသံများနဲ့ သချိုင်းကုန်းဟာ ချက်ချင်း ကမ္ဘာပျက်သလို ဖြစ်သွားတယ်။

ကျွန်တော့်ကို အားလုံး ဝိုင်းချုပ်ထားကြတယ်။

ကျွန်တော်လည်း ရုန်းကန်အော်ဟစ်ရင်း သင်းကို လှည့်ကြည့်လိုက်တော့ ညိုမလေးရဲ့မြေပုံနံဘေးမှာ ယောက်ဖအောင်ဖေ ပေါက်တူးစာမိပြီး ခေါင်းထက်ခြမ်းကွဲလို့ သေသွားပြီဗျာ။

"ဖြစ်မှဖြစ်ရလေ ... မောင်မြောင်းမြရယ်"

"အဲဒီလူသတ်မှုနဲ့ ကျွန်တော် အခု အချုပ်ထဲ ရောက်ခဲ့ရတာပါ အစ်ကိုရာ။ အစ်ကို ကျွန်တော်လုပ်တာ မှားသလား၊ မှန်သလားဟင်။ အစ်ကို က စာရေးဆရာ၊ ဝေဖန်စမ်းပါ ... အစ်ကိုရာ။ ဝေဖန်စမ်းပါ"

"ဟူး ... မေတ္တာဖော၊ အချစ်ဖော ပေါက်ကွဲသွားတာမျိုးပေါ့ ... ငါ့ညီရာ။ မင်းညိုမကို မင်းက မိမဲ့ဖမဲ့လေးမို့ အရမ်းချစ်တယ်၊ တုန်နေအောင် ချစ်တယ်။ ညိုမလေးကလည်း အစ်ကို့ကို ချစ်တယ်၊ ရှိသေတယ်။ ပထမ အမှားက မင်းယောက်ဖအောင်ဖေရဲ့ အမှားပဲ။ တဏှာရာဂလွန်လို့ ဖြစ် တာရော သေရည်သေရက် သောက်စားမူးယစ်လို့ ဆင်ခြင်တုံတရား ကင်း ပြီး ဖြစ်ရတာရော ရောထွေးသွားတယ်။ အဲဒီအချက်ကိုတော့ အိမ်ထောင်ရှင် တိုင်း လေးလေးနက်နက် ဂရုထားသင့်တယ်။ ရှောင်သင့်တယ်။ ဆင်ခြင်သင့် တယ်။

---

စိတ်ကူးသစ်စာပေ



ဒုတိယအမှားက မင်းပဲပေါ့ ... ငါ့ညီရယ်။ အတိတ်ဘဝက ကံအားနည်းလို့ ဒီရွှေဒီမှုပဲ နေခွင့်ရလို့ သေတဲ့လူ သေပါပြီ။ ဒါကို တရားနှလုံးသွင်းပြီး အနိစ္စဝရ သခါရလို့ သဘောထားရင် ပြီးသွားနိုင်တာကို ငါ့ညီက ညိုမကို ချစ်လွန်းအားကြီးတဲ့ဖောနဲ့ မခံမရပ်ပေါက်ကွဲပြီး မေတ္တာဖောကို ဒေါသအောနဲ့ ထပ်ဆင့်လို့ ရက်ရက်စက်စက်လုပ်လိုက်တော့ ... အင်းလေ ... အားလုံးဟာ ... ကံ ... ကံရဲ့ အကျိုးပေးအတိုင်း ကိုယ်ပြုသည့်ကံတရား အလုပ်က ကိုယ့်ဘဝကို စီရင်ချက် ချကြစမြဲပါပဲ။ သံဝေဂရပါတော့ ... ငါ့ညီ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

ကျွန်တော်နှင့် အမှုတွဲကား စာရေးဆရာကြီး အဘဦးချစ်သန်းမြင့် ဖြစ်၏။ (ယခုအခါ အဘချစ် (ခေါ်) ဆရာဦးချစ်သန်းမြင့်သည် ရဟန်းဘောင်သို့ ကူးပြောင်းသွားပြီး သက်နီးဝတ်ဘဝဖြင့် အရိုးထုတ်တော့မည်ဟု ကြားသိရ၏။)

(အဘချစ်ခင်ဗျာ ...ဒီမိုကရေစီ ခေတ်ကောင်းလေးရောက်ချိန်မှာ ဟိုးအလျင်တုန်းကလိုပဲ အော်ပရာများ၊ ပြဇာတ်များ၊ ဟာသဇာတ်လမ်းကိုများ အတူတွဲကချင်ပါသေး၍ ဇာတ်ပိုးများ မနေနိုင်အောင် ကြွရှလာသည်နှင့်သော် လူဝတ်လဲကာ တပည့်ကျော်ကြီး မောင်ညီမှိုင်းနှင့် ပြန်လည်ဆက်နွှယ် အသုံးတော်ခံပါရန် လေးစားစွာ ကြိုတင်လျှောက်ထားအပ်ပါသည် အရှင်ကိုယ်တော်မြတ်ကြီးဘုရား ...။)

အဘချစ်နှင့် ကျွန်တော်သည် ကွယ်လွန်သူစာရေးဆရာ ပန်းတနော် ဦးသိန်းနှင့်အတူ ပေါင်းဖက်မိကြပြီး သောက်လည်းသောက်ကြ၏။

ရေးလည်း ရေးဖြစ်ကြ၏။ မြို့တော်စာဆိုတော်နေ့ရောက်လျှင် ရုပ်ပုံ ချွဲအဖြစ် ရုပ်ရှင်သရုပ်ဆောင်များ ပြဇာတ်များ က၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေ့ကလေးထိန်း ရုံပွဲငွေပွဲအတွက် ရာမဦးအုန်းမောင် ရာမဇာတ်အဖွဲ့ နှင့် ကျွန်တော်တို့ က,တုန်းကလည်း အဘချစ်ပါတာပါပဲ။

ရာဇဝင်ဆိုလည်း ရာဇဝင်ဇာတ်၊ ခေတ်ပေါ်ဆိုလည်း ခေတ်ပေါ် ဇာတ်၊ ကျရာရရာဇာတ်မျိုးစုံကို စာဆိုတော်ပွဲ၊ လွတ်လပ်ရေးပွဲ ကျွန်တော် တို့သုံးယောက် မျက်စိနောက်အောင် ကလွန်းလို့ . . .။

ကျွန်တော်ရယ်၊ ဆရာပန်းတနော် ဝင်းသိန်းရယ်၊ ဆရာဦးချစ်သန်း မြင့်ရယ်ကို ကွယ်လွန်သူ စာရေးဆရာ ပွင့်လန်း (သတ္တုတွင်း) က ဇာတ်ရှု တွေလို့ ပျစ်ပျစ်နှစ်နှစ် ချီးမွမ်းလေရဲ့။

ဟုတ်ကဲ့ . . .

နောင် ဆရာပန်းတနော်ဝင်းသိန်း မြို့မှာမရှိသည့်နောက်ပိုင်း ကျွန် တော်တို့နှစ်ဦး အင်းစိန် နရသိန်သို့ရောက်ရန် အကြောင်းဖန်လာ၏။

၁၉၈၈ အရေးအခင်းမှာ စင်ပေါ်တက်ပြီး နိုင်ငံရေးတရားခေါ် မလား ပစ္စည်းမဲ့တရား ခေါ်မလား။ ဟောလိုက်တော့ . . .

တစ်ကွင်းလုံး လက်ခုပ်သံ တဖြောင်းဖြောင်းပေါ့။

ဆရာတပည့်နှစ်ဦးလည်း ငါတို့ တယ်ဟုတ်ပါလားပေါ့။

စာရေးဆရာကိုး၊ ပုံတိုပတ်စနဲ့ ပွဲကျအောင် ဟောပြောနိုင်သေး သကိုး။ နောက်နေ့လည်း ဆရာတို့ လာဟောပါဦးဆိုလို့ သွားဟောလိုက်သေး ရဲ့။ ပျော်လိုက်တာ။

တပ်မတော်က အာဏာသိမ်းပြီး မကြာပါဘူး။

(၁၁) ရက် (၁၁) လ (၈၈) ညဉ့် (၁၁)နာရီမှာ ဆရာတပည့်နှစ်ဦး စလုံး အဖမ်းခံရတယ်။ သန်လျင်အချုပ်ကနေ မကြာဘူး။ အင်းစိန်ထောင် ရောက်သွားခဲ့တယ်။ အင်းစိန်အကျဉ်းထောင်မှာ လုံခြုံအောင် တိုက်ပိတ် ထည့်ထားတယ်ခင်ဗျ။

ကျွန်တော်ဆိုရင် အင်းစိန်အကျဉ်းထောင် တိုက်တန်းလျားမှာ (၆) တိုက်။ (၄တို ၄ ရှည်) တိုက် (၃) တိုက်စသည်တို့မှာ မကြာခဏ ပြောင်း လဲနေခဲ့ရပြီးနောက် . . .

---

စိတ်ကူးသစ်စာပေ



မလှုပ်သာ မလူးသာ မလွန့်သာ တိုက်ဝင့်ကြွေးလည်း ကုန်ရော (၇) ဆောင်ဆိုတဲ့ အဆောင်ကျယ်ကျယ်ကြီးကို ရောက်သွားရလေရဲ့။

(၇) ဆောင်ဆိုတာ တစ်ချိန်တုန်းက အမျိုးသမီးချုပ်သစ်များထား တဲ့ နှစ်ထပ်ဆောင်ပေါ့။ (၁၉၈၈/၈၉) မှာတော့ ကျွန်တော့်တိုက်ထွက် အချုပ် သစ်များနဲ့ အရေးအခင်းကာလ လူသတ်ခေါင်းဖြတ်၊ ရာဇဝတ်သင့်အချုပ် သားများထားရာ အကျဉ်းထောင်ဖြစ်ခဲ့ရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

(၇) ဆောင်ကို ရောက်မှ လေကောင်းလေသန့်ကို အားရပါးရ ရှူခွင့်ရတယ်။ ချေးပါ သေးပေါက်၊ အိမ်သာကိစ္စ အဆင်ပြေသွားတယ်။ လမ်းလျှောက်ခွင့်လည်း ရပြီး မိတ်သစ်ဆွေသစ်တွေလည်း တိုးခဲ့လေရဲ့ခင်ဗျာ။

အဲဒီမှာ ကျွန်တော် လူရွယ်အချုပ်သားတစ်ယောက်ကို ဂရုပြုမိလိုက်တယ်။ အရွယ်က (၂၅) နှစ်ကျော် (၃၀) နှစ်ဝန်းကျင်ခန့်။

အသားဖြူဖြူသန့်သန့် ...

သို့သော် ... သူ့ပုံသဏ္ဌာန်က တစ်ခါတစ်ရံ အဝေးကို ငေးနေပြီး တစ်ခါတစ်ခါမှာ ခေါင်းကြီးအောက်ငုံ့လို့ တရှုံ့ရှုံ့ငိုနေတာကို တွေ့ရတယ်ခင်ဗျာ။

ဒါနဲ့ အခန်းလူကြီး ဝါးရင်းတုတ်မောင်ဖေကို မေးရတယ်။

(ဝါးရင်းတုတ်မောင်ဖေဆိုလို့ ဗ ၊ က ၊ ပ လို့ မထင်ပါနှင့်။ သင်းက မြို့ထဲမှာ စွာကျယ်ကျယ်မို့ ဝါးရင်းတုတ်နဲ့ ဝိုင်းထုလိုက်တာ ခေါင်းမှာ (၁၆) ချက် ချုပ်ရတယ်။ လူက ခေါင်းကျောမာလို့ မသေတာ။ ဒါနဲ့ ဝါးရင်းတုတ် မောင်ဖေရယ်လို့ အမည်ရလာသူပါ)





"ကိုဖေ ..."

"ဘာတုန်း စာရေးဆရာ"

"ဟိုကောင်ဟာ မကြာခဏ တရှုံ့ရှုံ့ငိုချင် ငိုနေတယ်။ ပုံစံထမင်းလည်း စားချင်မှ စားတယ်။ ဟိုငေးဒီငေးနဲ့ ညဘက်လည်း အိပ်ချင်မှ အိပ်တယ်။ အဲဒီလူနာမည် ဘယ်လိုခေါ်တုံး"

"မောင်ဆွဲမြင့်တဲ့ စာရေးဆရာ"

"သူက ဘာမှုနဲ့ ဝင်လာရတာတုံးဗျ"

"လူသတ်မှု စာရေးဆရာ"

"ဗျာ ... ဒီတရှုံ့ရှုံ့ငိုနေတဲ့ ငနဲက လူသတ်မှု ကျူးလွန်လာတယ်။ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်နှယောက်သတ်ခဲ့တာတုန်း ... ကိုဖေ"

"သူသတ်ခဲ့တာ တစ်ယောက်ပါ ဆရာ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သတုံး ... ကိုဖေ၊ ဆက်ပြောလေ"

"တစ်ယောက်ကို သူ သတ်ခဲ့ပေမဲ့ သုံးယောက်သေသွားရတယ် စာရေးဆရာရေ"

"ဗျာ ... ဗျာ ... ဘယ်လို ... ဘယ်လို ... ကိုဖေ ... တစ်ယောက်သတ်တာ သုံးယောက်သေတယ် ဟုတ်လား။ ထူးဆန်းလှချည်လားဗျာ။ ဘယ်လိုသတ်လို့ သုံးယောက်သေရတာတုံး။ သုံးယောက်ထပ်ပြီး ဓားနဲ့ ခုတ်သတ်လို့လား။ သေနတ်နဲ့ ပစ်သတ်လို့လား"

"စာရေးဆရာ စိတ်ဝင်စားလို့လား"

"ဟုတ်တယ်။ စိတ်ဝင်စားစရာ အံ့ဩစရာ ဖြစ်နေလို့ပါ"

"ခဏလေး ... ဆရာ"

သို့ကလို ပြောပြီး အခန်းလူကြီး မောင်ဖေက ငေးငိုင်ငိုင်ဖြစ်နေတဲ့ လူရွယ်ကို ကျွန်တော့်ထံ ခေါ်လာတယ်။ လူရွယ်က ကျွန်တော့်ရှေ့မှာ ညှိုးနွမ်းနွမ်းမျက်နှာနဲ့ ရပ်နေတယ်။

"ဆွဲမြင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အစ်ကို"

"ဟောဒါ စာရေးဆရာပဲ။ နာမည်က မောင်ညိုမှိုင်း(သန်လျင်)တဲ့"

"ဟုတ် . . ."

"စာရေးဆရာက မင်းကိုစိတ်ဝင်စားနေတယ်။ ငါက မင်းအကြောင်း ပြောပြချင်ပေမဲ့ ဖြစ်နိုင်ရင် မင်းအကြောင်းကို မင်းကိုယ်တိုင် စာရေးဆရာကို ပြန်ပြောပြရင် မင်းလည်း ရင်ထဲမှာ နည်းနည်းပေါ့သွားမယ်"

"ကျွန်တော် မပြောပါရစေနဲ့လား ဦးဖေ"

"ပြောပြလိုက်ပါ . . . ငါ့လူရာ။ မင်းဇာတ်လမ်းကို သူက စာရေး ဝတ္ထုရေးမှ အဲဒါကို ဖတ်မိကြပြီး အသိတရားရကြမှာလေကွာ။ ဟုတ်ဘူး လား။ မင်းရင်ထဲက ခံစားချက်ကိုလည်း အများသိသွားတာပေါ့"

BURMESE CLASSIC .com

"ဟူး . . ."

မောင်ဆွဲမြင့်က သက်ပြင်းအမောကို မှုတ်ထုတ်လိုက်ပြီး ကျွန်တော့် ရှေ့မှာ ထိုင်ချလိုက်တယ်။

"ဆရာ . . . ဘာသိချင်ပါလဲ ခင်ဗျာ"

"ငါ့ညီနာမည် မောင်ဆွဲမြင့်နော်"

"ဟုတ်ပါတယ်"

"နေတော့ ဘယ်မှာနေတုံးကွယ်"

". . . . ."

"မောင်ဆွဲမြင့်ရဲ့ လူသတ်မှုအကြောင်းကို နိဒါန်းမျှလေး သိရုံနဲ့ စိတ်ဝင်စားလို့ပါ။ ဘာကြောင့် တစ်ယောက်သတ်ပြီး သုံးယောက်သေရတယ် ဆိုတာကို အစ်ကိုသိပါရစေလား . . . ငါ့ညီ"

✿ ✿ ✿

[ ၃ ]

"ပြန်မပြောချင်တဲ့ ဇာတ်လမ်းပါဆရာ။ ဘာလို့ ပြန်မပြောချင် သလဲဆိုတော့ ရင်နင့်အံ့သြရလွန်းလို့ပါ။ ဟုတ်မှဟုတ်ရဲ့လားလို့လည်း ပြန် မေးမိနေတာ။ နေ့တိုင်းညတိုင်းပါပဲ ဆရာ"

"ဆရာက စာရေးဆရာဆိုတော့ ပြောပြရမှာပေါ့။ နောင်းလူတွေ အဲဒီအကြောင်းဖတ်ပြီး အသိတရားရရင် ကောင်းတာပေါ့"

ဒီလို ဆရာ၊ ကျွန်တော်တို့နေတာက ( . . . . . ) မြို့မှာပေါ့ . . . ဆရာရယ်။ ကျွန်တော်တို့မိသားစုမှာ ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီး မကြွေ ငြိမ်းရယ်၊ သားလေး မောင်လှချစ်ပိုရယ်။ ပြီး ကျွန်တော့်ယောက္ခမအထီး ခင်နှင်းသည်ရဲ့အဖေ ဦးကောင်းကင်ရယ်တို့ မိသားစုလေးယောက် အတူရှိကြ တယ် ဆရာ။

ကျွန်တော်က အလုပ်ရုံတစ်ခုက ဝန်ထမ်း၊ အလုပ်သမားပါ။

လစာလည်း ကောင်းပါတယ်။ ဘောပေါက်လေးကလည်း နည်း နည်းပါးပါးဝင်တော့ မိသားစုလေးယောက် မကြောင့်မကျဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ယောက္ခမကြီး ဦးကောင်းကင်ကလည်း ပင်စင်စားလေ။ သူတာ ကျန်းမာရေး ကောင်းတုန်းပဲ။ ညနေရောက်ရင် နည်းနည်းပါးပါး သောက်တယ်။

စားကောင်းရုံမျှလေးပါ . . . ဆရာ။ နှစ်ပက်သုံးပက်မျှပါ။ ကျွန်တော့်ကလေး မောင်လုချစ်ပိုက မတ်တတ်စမ်းစ အရွယ်လေး။ ကိုယ့်သားမို့ ကိုယ်ပြောတာ မဟုတ်ဘူးဆရာ။

ကလေးက ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ချစ်စရာလေးခင်ဗျ။

မအေတူလေးမို့ မျက်ခုံးကောင်း၊ နှာတံပေါ် နှုတ်ခမ်းပါး၊ ပါးဖောင်းဖောင်းလေးရယ်။ သူ့များမြှူလိုက်လို့ကတော့ တခစ်ခစ်နဲ့ ရယ်တဲ့အသံက ကျွန်တော်တို့ မိသားစုရင်ထဲမှာ ဆည်းလည်းသံပါဆရာ။

ကျွန်တော့်အဖို့ကတော့ အလုပ်က မောမောနဲ့ ပြန်လာလို့ သားလေးမောင်ချစ်ပိုရဲ့ မျက်နှာပေါ်က အပြုံးလေးကို မြင်လိုက်ရင် 'ဝူး . . . အား' နဲ့ ပြောသံလေးများ ကြားလိုက်ရင် အမောကို ချက်ချင်းပြေသွားတာပဲ။

ဒါကြောင့်လည်း ရှေးစာဆိုများက ရေးခဲ့ပြောခဲ့သကို ဆရာ။

သားတို့ရုပ်ရည် သီတာမည်သား။

ရေကြည်ချမ်းမြ တစ်ပေါက်လေး ကျရုံမျှနှင့် . . .

မိဘတို့ဝမ်း ငြိမ်းစတမ်းတဲ့။

သားသမီးတို့ရဲ့ မျက်နှာသွင်ဟာ သီတာရေကြည်လို အေးမြတယ်။ အဲဒီအပြုံးလေးတစ်ပေါက် သောက်ရရုံနှင့် ကျွန်တော်တို့ အမောအပန်းတွေ သောကတွေ ငြိမ်းသွားရတာပဲ။ ဒါ အမှန်ပါပဲ ဆရာ။

သူ့အဘိုး . . . ကျွန်တော့် ယောက္ခမကြီး ဦးကောင်းကင်ကလည်း သူ့မြေးကို အလွန်ချစ်တယ်ဆရာ။

သမီးက အချစ်။

မြေးက အနှစ်ကိုးဗျ။

မြေးလေးပွေ့လျှောက်ရတာ၊ မြေးလေးပါး နမ်းရတာ ဝကို မဝတူးတဲ့။ မြေးကလည်း အဘိုးမှ အဘိုးဗျာ။ ကျွန်တော်က အရပ်ထဲ အနေများပြီး





သားလေးက မိဘလုပ်သူနဲ့ အဘိုးလက်ပေါ်မှာ နီစွဋ်ဝနေနေရတော့ အဘိုးကို ချစ်တာပေါ့။ တွယ်တာရတာပေါ့။

ဘိုးအေကလည်း ဒီမြေးကိုပဲ အချစ်နှစ်စုရတာပေါ့။

ကျွန်တော့်ယောက္ခမကြီးကို ကျွန်တော်မကြိုက်တာ တစ်ချက်ရှိတယ်ဆရာ။ သူက အရက်ကလေး နည်းနည်းဝင်လာရင် သူ့မြေး ကျွန်တော့်သားလေးရဲ့ ခြေနှစ်ချောင်း ဖဝါးနှစ်ဖက်ကို သူ့ ညာလက်ဝါးပေါ်တင်ပြီး လေထဲ ရပ်မြှောက်လို့ . . .

"ရပ်နိုင်ပေ့ . . . ရပ်နိုင်ပေ့"

"ကျား . . ."

"ကျားဟေ့ . . ."

အဲဒီကလေး ခြေနှစ်ဖက် လက်ဝါးထဲထည့်ပြီး ရပ်နိုင်ပေ့အော်ပြီး လေထဲမှာ မြှောက်ကစားတာ၊ လုည့်တာ ဆရာရေ . . .။

ကလေးက လူသန့်လူတောင့်လေးဆိုတော့ ဘိုးအေကြီးရဲ့ လက်ဝါးပေါ်မှာ ခြေနှစ်ချောင်း တန်းဆန့်ရပ်လျှံပြီး . . .

တစ်ခစ်ခစ်နဲ့ သဘောကျပြီးရယ်။

ဘိုးအေကြီးကလည်း လက်ဝါးကို မြှောက်လိုက်၊ နိမ့်လိုက်လုပ်ပြီး ကျား . . . ကျားဟေ့ . . . အော် . . .။

ကျွန်တော်နှင့် ကျွန်တော့်ဇနီး မငြိမ်းတို့က ရင်တမမ အသည်းအလုပ်လုပ်ဖြစ်၊ အလန့်တကြား အော်ကြ . . . တားကြ။

"အဖေ . . . အဖေ . . . မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ အဖေ"

"ကျား . . ."

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . ."

"အဖေ . . . သမီး စိုးရိမ်လို့ပါ။ အဲဒီလို မြှောက်မကစားပါနဲ့ . . . အဖေရယ် . . . နော် . . . နော်"

ဇနီးလုပ်သူက ရင်ဘတ်ကို လက်နဲ့ဖိရင်း သူ့ကလေးကို ဖအေ ဘိုးအေလက်ထဲကနေ ဆွဲလုယူပါရော။ ကျွန်တော်ကလည်း ဝင်ပြောရတာပေါ့ဗျာ။ ဘိုးအေက ရယ်ပေါ့ဗျာ။)



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဖေ၊ မတော်လွတ်ကျသွားရင် သေသွားနိုင်တယ် အဖေ။ နောင်ကို အဲဒီလို 'ရပ်နိုင်ပေ့'လုပ်မကစားနဲ့ အဖေ"

"မကျပါဘူးကွာ"

"မတော် . . . မြေကြီးပေါ်လွတ်ကျသွားရင် ဘယ်လိုလုပ်မတုံး အဖေရဲ့"

"ဟဲ့ . . . မိငြိမ်းရဲ့၊ နင်တို့ အစိုးရိမ်ကြီးနေပေ့ါဟဲ့။ နင်တို့ မောင်နှမသုံးယောက်စလုံး ဒီအရွယ်တုန်းက ဟောဒီ ခုလက်ဝါးပေါ်မှာ ရပ်မြှောက်ပြီး လေထဲမှာ မြှောက်ကစားခဲ့တာ။ တစ်ယောက်မှလွတ်မကျပါဘူး . . သမီးရဲ့။ အဲဒီလေထဲမှာ လက်ဝါးပေါ်ရပ်ပြီး ရပ်နိုင်ပေ့လုပ်ပေးခဲ့လို့ သမီးတို့ မောင်နှမသုံးယောက်စလုံး ခြေသန်လူသန်တွေ ဖြစ်နေတာပေ့ါဟဲ့ . . . ဟား . . . ဟား . . . ဟား . . ."

"ဘယ်လိုပဲဖြစ်ဖြစ် မလုပ်ပါနဲ့ . . . အဖေရယ်။ အဖေက ဟိုတုန်းကလို ရွယ်ရွယ်သန်သန် မဟုတ်တော့ဘူးလေ။ ပြီး . . . အဖေ . . . ဟို . . ဟို . . . နည်းနည်းသောက်သောက်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . စားကောင်းရုံလေးသောက်တာပါဟာ၊ စိတ်ချပါ။ နင်တို့ကလေး ငါ့မြေး မကျစေရပါဘူး။ ခြေသန်စေချင်လို့ လုပ်ပေးနေတာပါ"

"မလုပ်ပါနဲ့ . . . အဖေရာ၊ ခြေသန်အောင် အောက်ခြေမှာ မြေပြင်ကြမ်းပြင်မှာပဲ ပေးရပ်၊ ရပ်နိုင်ပေ့လုပ်ရင်လည်း သန်ပါတယ်ဗျာ။ လူ့ရဲ့ အကုသိုလ်၊ ကုသိုလ်ကံဆိုတာ ပြောလို့မရဘူး အဖေ။ အဖေက ကျွမ်းကျင်နိုင်နင်းလို့ လက်ဝါးပေါ်တင်မြှောက်လုပ်ပေး ကစားပေးမဲ့ မတော် ခလုတ်တိုက်လဲလို့ လွတ်ကျရင် . . . ဟို . . . ဟို . . . ဟိုဗျာ . . . အဲဒီလိုမလုပ်ပါနဲ့ အဖေရာ"

ကျွန်တော်လည်း ပြောပြီး ကလေးကိုချီလို့ အိမ်ထဲကို ဝင်လိုက်ခဲ့တယ်။ ယောက္ခမအဘိုးကြီးက နောက်မှာ တဟားဟားရယ်ရင်း ကျန်ရစ်ခဲ့လေရဲ့။





အဲဒီလိုလုပ်တာ ကျွန်တော် လုံးဝမကြိုက်တဲ့အကြောင်း၊ ဇနီးသည်ကို မကြာခဏ ပြောပြောပြရတယ်။ ဇနီးသည်ကလည်း သူ့အဖေကို ကျွန်တော်တို့ကလေးကို အဲဒီလိုလက်ဝါးပေါ် မြှောက်ဆော့ကစားတာ မကြိုက်တဲ့အကြောင်း တတွတ်တွတ်ပြောပြတယ်။ ဒါပေမဲ့ ယောက္ခမကြီးက ပြန်ပြော၊ နားမထောင်ကြီးပါဗျာ။

ကျွန်တော် အလုပ်က ပြန်လာလို့ ခြံထဲဝင်လိုက်ရင် သူ့မြေးကို သူ့ညာလက်ဝါးပေါ်တင်မြှောက်ပြီး . . .

"ကျား‌ကွ . . ."

"ကျား . . ."

"ရပ်နိုင်ပေ့ဟေ့ . . . ကျား"

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . ."

ဘုရား ဘုရား၊ ကြည့်စမ်းဗျာ။ ကျွန်တော်ဝင်လာတာကို မမြင်ကြဘူး။ သူ့မြေးကို လေထဲမြှောက်မြှောက် ကစားနေတာ။ ကလေးက အမြင့်ပေါ်ရောက်သွားပြီး ရပ်လျက်အောက်ကို ပြန်ကျ၊ တစ်ခါပြန်မြှောက် . . .

မျက်လုံးကလေး ပြူးလိုက်၊ မှိတ်လိုက်၊ ရယ်လိုက်၊

"အဖေ . . ."

"ဟော . . . မင်း ပြန်ရောက်လာပလားကွ"

"အဲဒီလို လေထဲမှာ မြှောက်မကစားပါနဲ့လို့ ပြောထားလျက်သားနဲ့ အဖေရာ . . ."

"ဘာမှ မဖြစ်ပါဘူးကွာ။ ဒါ . . . ကျန်းမာရေး"

"ကျွန်တော် မကြိုက်ဘူးဗျာ၊ လာ . . . သားလေး"

ကပျာကယာပဲ ယောက္ခမကြီးလက်ထဲက ကလေးကို လုယူသလိုယူပြီး အိမ်ပေါ်တက်လိုက်တယ်။

"မငြိမ်း . . ."

"ဘာတုန်းဟင် . . . ကိုမြင့်"

"မင်းအဖေကို မင်း ပြတ်ပြတ်ရှင်းရှင်း ပြောထားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံး ... ကိုငြိမ်းရဲ့ ... ဟင်း ... ဟင်း ..."

ဖိုးလုပ်သူ့က ချက်ရာ ပြုတ်ရာက လှမ်းမေးတယ်။

"ဘာဖြစ်ရမှာတုံး ... ငါ့သားကို သူ့လက်ဝါးပေါ်ရပ်တင်ပြီး လေထဲမှာ မြှောက်မြှောက်ရပ်နိုင်ပေ့ လုပ်ကစားနေတယ်ကွ။ ငါ မကြိုက်ဘူးလို့ ပြောတာ အကြိမ်မနည်းဘူးနော်"

"အဖေတို့က ခက်ပါ့တော် ... မလုပ်ပါနဲ့။ အဲလို မကစားပါနဲ့ အတန်တန်ပြောထားလျက်နဲ့ လူမအားလို့ လစ်ရင်လုပ်ရော။ သူ့ ချစ်ပုံကလည်း ကြောက်စရာကြီး။ ကဲပါတော် ... ကျွန်မ ထပ်ပြီးပြောပြလိုက်ပါ့မယ်။ သွား ... ရေချိုးတော့။ ရေချိုးပြီးရင် ထမင်းစားကြမယ်"

✿ ✿ ✿

# [ ၄ ]

□

အမှန်ကလည်း အဘိုးကြီး (ယောက္ခမကြီး)က သူ့မြေးကို ချစ်လို့ ဆိုတာ ကျွန်တော်သိပါတယ် ... ဆရာရယ်၊ သူ့ဘာသာသူ သူမွေးခဲ့တဲ့ သားသမီးသုံးယောက်ကို ကလေးဘဝတုန်းက နွေစဉ်မြှောက်ကာ သန်မာအောင်လုပ်ခဲ့ပေမဲ့ ကျွန်တော့်ကလေးကို အဲလိုမျိုးလုပ်တာ ကျွန်တော်ရော သူ့သမီးရော မကြိုက်မှန်း သူသိတယ်။

အဘိုးကြီးက ခေါင်းကြောကကို မာတယ်ဗျာ။

ပြောလိုက်ရင် ဒါ ကလေးကျန်းမာရေးတဲ့။

ကျွန်တော်လည်း ကလေးဆရာဝန်များရေးတဲ့ ကလေးကျန်းမာရေး အုပ် အတော်များများကို ဖတ်ဖူးပါတယ် ဆရာရယ်။ တစ်နှစ်သားအရွယ် သေးဖက်သွားစ ကလေးငယ်များကို ခြေခိုင်အောင် ခြေသန်အောင် လူကြီး လက်ဝါးပေါ်တင်ရပ်ပြီး လေထဲမှာ မြှောက်ချ မြှောက်လုပ်ကစားပေးလေ့ကျင့်ပေးရမယ်လို့ ဘယ်ကလေးဆရာဝန်ကမှ ရေးသားလမ်းညွှန်ခြင်း မရှိပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ချင်တော့ ...

တနင်္ဂနွေမနက်ပိုင်း ဆရာရေ ... ကျွန်တော်လည်း အလုပ်အား လို့ အိမ်ရှေ့က ထင်းခွဲခြမ်းကြီးတွေကို မီးဆိုက်လို့ ကောင်းအောင် ရဲတင်းနဲ့ ခပ်အေးအေး စိတ်ခွဲနေချိန်။

ဇနီးသည်ကလည်း အိမ်နောက်ဖေးမှာ ချက်ပြုတ်အလုပ်များနေ ချိန်။ ရဲတင်းနဲ့ခွဲနေတော့ တစ်ကိုယ်လုံး ချွေးကလည်း စိုရွှဲတာပေါ့ဗျာ။

ဒီအချိန်မှာ ...

ကျွန်တော့် ယောက္ခမဦးကောင်းကင်ကြီး အပြင်ကနေ ပြန်လာ တာကို မြင်ရတယ်။ သိတယ်လေ။ စားကောင်းအောင် မနက်သုံးပက် သွား ရောက်မှီဝဲမှန်းပေါ့။ သောက်ထားတော့ သူ့ဟန်ပန်က လန်းလို့ပေါ့။

မကြာပါဘူးဗျာ။

သူ့မြေးကလေး (ကျွန်တော့်သားလေး) ကို ချီပိုးပြီး သရက်ပင် အောက်မှာ လမ်းလျှောက်နေတာ မြင်ရတယ်။ အင်း ... မိန်းမ မအားလို့ ခေါ်လာထိန်းတာပေါ့။

ကျွန်တော်ကလည်း ထင်းခွဲတဲ့အလုပ်ထဲမှာ စိတ်ကို နှစ်ထားတုန်း မှာပဲ ..

"ကျား ..."

"ကျား ... ရပ်နိုင်ပေ့ ... ရပ်နိုင်ပေ့ဟေ့ ..."

"ကျား ..."

"ခစ် ... ခစ် ... ခစ် ... ခစ် ..."

အလို ... အဘိုးကြီးသူ့မြေးကို သရက်ပင်ကြီးအောက်မှာ သူ့ လက်ဝါးပေါ် ကလေးခြေနှစ်ချောင်းတင်ပြီး ခါတိုင်းလို လေထဲမြှောက်မြှောက် ပြီး ရပ်နိုင်ပေ့ လုပ်နေပြန်ပါရောဗျာ ...။

"တောက် ... စိတ်ညစ်စရာဗျာ"

မလုပ်ပါနဲ့လို့ ပြောလည်း မရဘူး။ အရည်ဝင်ရင် ဂရုမစိုက်သလို ပဲ။ ဒါနဲ့ ထင်းခွဲတာကို ရပ်ပြီး သူတို့မြေးအဘိုးဆီ သွားလိုက်တယ်။

"အဖေ ..."





"ဘာတုန်းကွ ..."

"ကလေးကို လေထဲ မြှောက်မကစားနဲ့ဗျ"

"ဘာမှမဖြစ်ပါဘူးကွာ။ ငါ့မြေးက ပျော်လို့ညစ်နေ ... သား လေးနော်။ ဟား ... ဟား ... ဟား ... ဟုတ်တယ်တဲ့ဗျ။ ဟေ ... ဟေ ... ဟေ့"

"မလုပ်ပါနဲ့ ... အဖေ၊ ကျွန်တော် စိုးရိမ်လို့ပါ"

"မစိုးရိမ်ပါနဲ့ကွာ၊ သွား ... သွား ... ထင်းသွားခွဲနေပါ ... သွား"

"ကျွန်တော်မကြိုက်ဘူး အဖေ"

နောက်ဆုံး မျက်နှာထိမျက်နှာထားနဲ့ ခပ်တန်းတန်းပြောရတော့ တယ်။ လူကြီးမိဘလိုဖြစ်နေလို့ ကျွန်တော် နှင်ပဲဆဲမရိုင်းချင်ဘူး။ မပြော ချင်ပါဘူး ... ဆရာရယ်။ ကျွန်တော့်သားလေးအတွက် စိုးရိမ်လို့ပါ။

ကျွန်တော့်မှာ အလုပ်သာ နေ့စဉ်သွားနေရတယ်။ အိမ်မှာရှိနေ ကျန်ရစ်တဲ့ ငါ့သားလေး သူ့ဘိုးအေနဲ့ အခြေအနေမှ ကောင်းရဲ့လားနဲ့ စိုး နိမ့်ကြောင့်ကျနေရတာ။

အင်း ... သားသမီးဇော အများကြီးမောတဲ့။

ဟုတ်လိုက်လေ ... ဆရာရယ်။ ဒက်ထိပဲဗျာ။

အဲဒါ မျက်နှာထိမျက်နှာထားနဲ့ ပြောလိုက်မှ အေးအေးလို့ ပြော ပြီး ပခုံးပေါ်ထမ်းချီလို့ ကျွန်တော်နဲ့ဝေးဝေးနေရာကို ထွက်သွားတယ်။ ကျွန် တော် မသက်သာလို့ အဘိုးကြီးရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေလိုက်တယ်။

ယောက္ခမအဘိုးကြီးက ကျွန်တော် သူ့ကို ရပ်ကြည့်နေတာဖြစ်လို့ သီချင်းတစ်ပုဒ်တောင် ဟစ်ဆိုပြီး ဟိုလျှောက်ဒီလျှောက် လုပ်နေတယ်။

ဒါနဲ့ လုပ်လက်စ ထင်းခွဲတဲ့အလုပ်ကို စိတ်နှစ်ပြီး လုပ်နေလိုက် သာ၊ သူတို့မြေးအဘိုးကိုပါ မေ့သလိုရှိသွားလို့ လှမ်းကြည့်လိုက်ရော ...

အဘိုးကြီး (ယောက္ခမ) ရယ်ဗျာ ...

ကျွန်တော့်ကို စောင်းကန်းစောင်းကန်း ချောင်းကြည့်လုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို သူ့လက်ဝါးပေါ်တင်လို့ လေထဲမြှောက်လိုက်၊ နိမ့်လိုက်လုပ်နေတာ မြင်ရော ကျုပ် စိတ်တိုသွားပြီး ရဲတင်းကိုပစ်ချလို့ ငေါက်ခနဲထလိုက်သည့်အချိန် ...

"ဟာ ..."

"ဟာ ..."

"ဖောင် ..."

"အယ် ... အား ... အ ..."

"သား ... သား ... သား ..."

ကျွန်တော် မြင်လိုက်ရတာက အဘိုးကြီး (ယောက္ခမ)က ကလေးကို လက်ဝါးပေါ်ရပ်တင်ပြီး လေထဲမြှောက်လို့ ရပ်တန့်ပြီး တန်းနေသည့် လက်ဝါးလက်မောင်းကို ကလေးရပ်နေရင်းနဲ့ ပတ်ချာလှည့် စွမ်းရည်ပြလိုက်ချိန်မှာပဲ ...

အဘိုးကြီး (ယောက္ခမ) ခဲလုံးငယ်တစ်လုံးကို ခြေဖဝါးနဲ့ နင်းမိရင်း ဟန်ချက်ပျက်သွားချိန်မှာပဲ ...

အရှိန်နဲ့ လှည့်ရပ်ပတ်နေတဲ့ လက်ဝါးပေါ်က သားကလေး ဦးစောက်ကျွမ်းပြန် မြေကြီးပေါ်ကို လွင့်စဉ်ပစ်ကျလို့ မြေကြီးပေါ်က အမာသားနဲ့ ကလေး ဦးခေါင်းရိုက်ကွဲတဲ့အသံ ...

ကလေးရဲ့ ရှူးရှူးဝါးဝါးအော်ငိုသံရယ်။

ယောက္ခမကြီးရဲ့ အံ့အားသင့် ကြောင်ရပ်နေတဲ့ မြင်ကွင်းရယ်ကို ရုတ်ခြည်း မြင်လိုက်ရရော ...

ကျွန်တော့်မျက်လုံးထဲမှာ မိုက်ခနဲ ပျာခနဲဖြစ်သွားပြီး တစ်လောကလုံး မှောင်ကြီးကျသလို ခံစားလိုက်ရတယ်။

ဒါနဲ့အတူ ကျွန်တော့်ရင်ဝကို အားကောင်းတဲ့ အလုံးတစ်လုံး အရှိန်နဲ့ ပြေးဝင်ဆောင့်သလို ခံစားရပြီး ရင်ပွင့်သလို ဖြစ်သွားတယ်။

ကျွန်တော် ထင်းခုတ်ရဲတင်းကို ဆတ်ခနဲ ကောက်ကိုင်ပြီး ငိုင်ကြောင်နေတဲ့ ယောက္ခမကြီးနဲ့ မြေပြင်မှာ တဆတ်ဆတ် အကြောဆွဲနေတဲ့ သားလေးရှိရာကို အားသွန်ပြေးလိုက်တယ်။

စိတ်ကူးသစ်စာပေ



"သား ... သား ... လူလေး ..."

"သားလေး ... သားလေး ... အို ... သား ... သား ..."

မြေပြင်မှာ အကြောဆွဲပြီး ဝေဒနာပြင်းထန်စွာ ခံစားနေရတဲ့သားကို ကောက်ပွေ့ပြီး အရူးတစ်ယောက်လို သားသား လူလေးနဲ့ အသံကုန်အော်ဟစ်ရင်း ခေါ်လိုက်ပေမဲ့ သား၊ ကျွန်တော် ရင်နှင့်အမျှချစ်ရတဲ့ ကျုပ်အချစ်ဆုံး တစ်ဦးတည်းသောသားလေးဟာ ကျွန်တော့်ရင်ခွင်ထဲမှာ မျက်ဖြူတစ်ချက်လှန်ပြီး ဇက်ကျိုးကျအသွား ...

"သား ... သား ..."

"လူလေး ... လူလေး ..."

ကျွန်တော့်ရဲ့ အသံကုန်ဟစ်ငိုအော်လိုက်တဲ့ အသံကြောင့် မီးဖိုဆောင်ကနေ ဇနီးသည်က ဒရောသောပါး ပြေးထွက်လာချိန် ...

ကျွန်တော့် မျက်လုံးထဲကို ဒေါသအမိုက်မှောင်က လုစ်ခနဲ ပြေးဝင်လိုက်ပြီ ဆရာ။ ကျွန်တော့်ရင်ထဲမှာ အသက်မရှိတော့တဲ့ သားရဲ့ဇောက လှိုင်းထန်နေတယ်။ ကဆုန်စိုင်းနေတယ်။ ငယ်ထိပ်ပေါ်မှာ မီးတောက်နေပြီ။

ကျွန်တော် အမှားနဲ့ အမှန် ... ဓမ္မနဲ့ အဓမ္မ၊ အဖြူနဲ့အမည်း၊ ခွဲခြားတတ်တော့ဘူး။ မိုက်မဲခြင်းနှင့် အလိမ္မာတရား ကျွန်တော် မသိတော့ဘူး။ မြေကြီးပေါ်က ရဲတင်းကို ကောက်ကိုင်စုံမြှောက်ပြီး အူကြောင်ကြောင် ရပ်ကြည့်နေတဲ့ ယောက္ခမ အဘိုးကြီးရဲ့ဦးခေါင်းပေါ် အားကုန် ခုတ်ပစ်ချလိုက်တယ်။

"ဖောင်း ... ခွပ် ..."

"အာ ... အား ... အ ... အ ..."

"အမလေး ... အဖေ ... ကို ... ငြိမ်း ... အဖေ ... အဖေ"

အဘိုးကြီးရဲ့ ဦးခေါင်းထဲကို ထင်းခုတ်ရဲတင်း အသွားတစ်ခုလုံး ဝင်သွားပြီး ယောက္ခမအဘိုးကြီး အသံနက်ကြီးနဲ့ အော်လို့ မြေပြင်ပေါ်ကို ခုံးတုပ်ညွတ်ကျ အသက်ပျောက်သွားတော့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးလုပ်သူက သူ့အဖေကို ကျွန်တော်သတ်လိုက်တာ မြင်ရပြီး အဖေလုပ်သူကို တကြော်ကြော်ခေါ်ရင်း ပြေးထိုးမွေ့ ...

ဒီမှာ မြေပြင်ပေါ်မှာ ဦးနှောက်ထွက်ပြီး အသက်ပျောက်နေတဲ့ သူ့ရင်သွေး၊ ဝမ်းကလွယ်မွေးရတဲ့ သားအလောင်းကို မြင်ရော ...

``သား ... သား ... လူလေး``

သားအလောင်းကို ပြေးပွေ့ဖက်လိုက်ရင်း အော်ခေါ်လှုပ်နိုးနေတယ်။ သူမရဲ့ ရင်ဘတ်ပေါ်မှာ သူ့အဖေရဲ့ ဦးခေါင်းပေါ်က သွေးနဲ့၊ သားရဲ့ နှာခေါင်းကစီးကျနေတဲ့ သွေးနဲ့ဦးနှောက်ဖတ်တွေ ပေကျံနေရင်းက ...

သူမ ကျွန်တော့်ရဲ့မျက်နှာကို ပြူးကြောင်ကြောင် မျက်လုံးအစုံနဲ့ မော်ကြည့်နေတယ်။

ကျွန်တော်လည်း ကျောက်ရုပ်လို တောင့်တောင့်ကြီးရပ်လို့ အကြောသေသလိုဖြစ်နေတဲ့ မျက်လုံးအစုံနဲ့ မျက်တောင်မခတ် စိုက်ကြည့်နေတုန်းမှာပဲ ...

ကျွန်တော့်ဖနောင့် မငြိမ်းချော ...

သူမချစ်တဲ့ သားနဲ့အဖေရဲ့ အလောင်းနှစ်လောင်းကို ဘယ်ညာအစုံနဲ့ ပွေ့ပိုက်ငေးကြည့်ရင်း ...

နှလုံးဆို့လို့ ငုတ်တုတ် အသက်ပျောက်သွားခဲ့ရတယ် ... ဆရာရယ်။ မကြာဘူး၊ ရဲအဖွဲ့နဲ့ အရပ်လူကြီးတွေ ရောက်လာပြီး ကျွန်တော့်ကို ဖမ်းကြတယ်။

သူတို့ကျွန်တော့်ကို လက်ထိတ်ခတ်တယ်။

မေးမြန်းကြတယ် ...။

ကျွန်တော် ဘာဖြေရမှန်း မသိဘူး။

ဘယ်လိုဖြစ်တာလဲလို့ မေးနေမှန်း သိပါတယ်။ ကျွန်တော် ပြန်မဖြေနိုင်ဘူး ဖြစ်နေပါတယ် ... ဆရာ။

ကျွန်တော့်ပါးစပ်ဟာ မေးစေ့နေသလို မေးခိုင်နေသလိုဖြစ်ပြီး စကားပြောလို့ မရဘူး။





သူတို့ ခန္ဓာကိုယ်ကို လှုပ်ခါမေးတယ်။ ပါးကိုပုတ်ပြီး မေးနေကြတယ်။ ကျွန်တော့်နာမည်ကို ခေါ်ခေါ်ပြီး မေးနေကြတာပါ။

ကျွန်တော့် စကားတွေ အများကြီး ပြန်ပြောချင်တယ်။

ကျွန်တော် ဘာကြောင့် ယောက္ခမကြီးကို သတ်လိုက်ရတာ ကျွန်တော် ပြောပြချင်တယ်။

ကျွန်တော့်မိန်းမ နှလုံးဆို့ကွဲပြီး သေရတဲ့အကြောင်း။ ကျွန်တော် ရင်ထုအော်ငိုဟစ်လို့ ပြောပြချင်ပါတယ်။

ပြောလို့မရတော့ဘူး ဆရာ။

ရင်ထဲမှာ လှိုက်လှိုက်တက်လာတယ်။ ဆို့ဆို့အောင့်နေတယ်။ မျက်သုံးအိမ်က မျက်ရည်တွေ ကျွန်တော့်ပါးပေါ် စီးလိမ့်ကျလာတာ ကျွန်တော် သိနေတယ်။

အဲသည့်နောက် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း … အဲဒါ ဘယ်သူ့အပြစ်လဲ စဉ်းစားပေးပါ။

ဥပဒေက မည်သူ့ကိုမှ ခွင့်လွှတ်မှာ မဟုတ်သလို သံသရာက လည်း မည်သူ့ကို ခွင့်လွှတ်နိုင်မှာလဲဗျာ … ဟင် …။

တစ်ခုပဲ မှာလိုက်ချင်ပါတယ်ဗျာ …။

မြေးကိုပဲ ချစ်ချစ်၊ သားကိုပဲ ချစ်ချစ်၊ သမီးကိုပဲချစ်ချစ်၊ ဇနီးကိုပဲ ချစ်ချစ်၊ အချစ်ကြမ်းကြမ်းဖြင့် မကစားကြပါနှင့်လို့ …။

မောင်ညီမိုး(သန်လျင်)

## [ ၁ ]

❑

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူများ ခင်ဗျာ …

အဲဒါ အချစ်ရဲ့ အစွန်းရောက် နောက်ဆက်တွဲ ဆိုးကျိုးများပါပဲ လေ။

မငြိမ်းက သူ့သားလေးကိုရော၊ အဖေ့ကိုရော ချစ်သလို။

ဦးကောင်းကင်ကလည်း သူ့သမီးမငြိမ်းနဲ့ မြေးလေး၊ မောင်လှချစ် ပိုကိုလည်း အသက်နှင့်အမျှ ချစ်ရရှာတာပါပဲ။

ဒါနှင့်အတူ …

တရားခံမောင်ဆွဲမြင့်ကလည်း ဇနီးနှင့်သားကလေးကို ငုံထား မျို ထားမတတ် ချစ်ခဲ့တာပါပဲ။


အချစ်တွေက အားပြိုင်နေကြတယ်။

ဒီအချစ်တွေမှာ ကိလေသာမပါခဲ့ပေမဲ့ အချစ်ကို ပုံဖော်တော့ အရောင်ကွဲနေတယ်။ အချစ်က ကြမ်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

တစ်နေ့သောအခါ ...

ဂမ္ဘီရစာပေ၊ ဂမ္ဘီရဖြစ်ရပ်ဆိုသည်များကို လုံးဝ အယုံအကြည်မရှိ တသမားတစ်ဦးနှင့် ကျွန်တော်တို့သည် စာရေးဆရာ မောင်စိန်လှိုင် ာ) ၏ အလုပ်ရုံးခန်းမှာ ဆုံပြီး စကားလက်ဆုံကျကြလေ၏။ နိုင်ငံရေး ကြောင်း၊ စီးပွားရေးအကြောင်း၊ လူမှုရေးအကြောင်း၊ ရေဘေးနှင့် ငလျင် ဆိုးများအကြောင်း ပြောရင်းမှ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာပေလောက ရောက်ရှိသွားကြပြန်၏။

ဒီမှာ ဆရာမောင်စိန်လှိုင် (ဥဿာ)က သူတို့ ကော့ချဲ့ကျေးရွာမှာ တော်ကြီးသည် အာရုံထူးများရသည့်အကြောင်းကို ပြော၏။

''ဆရာတော်ကြီးဘုရားက မပျံလွန်မီမှာ သူ့ရပ်ဇာတိ ကော်ချဲ့ရွာ တစ်ဆူနဲ့ သူပျံလွန်ရင် ဂူသွင်းထားဖို့ အုတ်စံကျောင်းတစ်ဝဂူကို ကြို စီစဉ်တာ ... ဆရာရဲ့။

အဲဒါ ညောင်ပင်ကြီးတစ်ပင် မလွတ်လို့ခုတ်တာ ဘယ်လိုမှ ခုတ်လို့ ခုတ်တဲ့လူမှန်သမျှ အကုန် ထိခိုက်ကြတာချည်းပဲ။ ဘယ်သူမှ မခုတ်


www.burmeseclassic.com

www.burmeseclassic.com



*ခဲ့ကြတော့ဘုရား တစ်ည* ရန်ကုန်ကျောင်းမှာနေသည့် ဆရာတော်ကို အိပ်မက်ပေးတယ်။ ဒီသစ်ပင်မှာ သူတို့မှီနေတာ နှစ်ပေါင်းမနည်းဘူးတဲ့''

''ဘယ်သူက အိပ်မက်ပေးတာတုန်း ... ဆရာစိန်ရဲ့''

မေးလိုက်သူက ဂမ္ဘီရမယုံသူ စာရေးဆရာ။

''ဘုန်းကြီးကလည်း မေးတယ်။ အခုပြောနေတာ ဘယ်သူတွေတုန်းဆိုတော့ ညောင်ပင်မှာမှီခိုနေသည့် မကျွတ်မလွတ်သူ ပရဝိညာဉ်သားတွေပါတဲ့''

''ဆက်ပြောပါ ... ဆရာစိန်''

''ဟုတ်ပြီ ...။ ငါ ဘုရားတည်မလားလို့။ မလွတ်လို့ ခုတ်ရတာ ဒါဆို ခုတ်လို့မရအောင် လုပ်တာ။ နင်တို့ပဲလားလို့မေးတော့ မှန်ပါဘုရားတဲ့။ နင်တို့လည်း ကုသိုလ်ရပြီး ဘဝကူးကောင်းအောင် ဝိုင်းကူကြပါ ပြောပြီး မေတ္တာရပ်ခံတော့ မှန်ပါ၊ ကူညီပါ့မယ်ဘုရား။ ဒါပေမဲ့ ကျွန်တော်မျိုး ကျွန်တော်မတို့ တရားအထူးနာချင်ပါတယ်။ အဲဒီနေရာမှာ တရားပွဲသုံးည လုပ်ပေးပါတဲ့''

''တရားပွဲလုပ်ပေးရမယ် ဟုတ်လားလို့မေးတော့ 'မှန်ပါတဲ့ ... တရားမနာရတာ နှစ်ပေါင်းမနည်းပါဘူးတဲ့။ ဘုန်းဘုန်းတို့ တရားနာရလျှင် ခုတ်မရသည့်သစ်ပင်ကို အလွယ်နဲ့ခုတ်လို့ရအောင် လုပ်ပေးမယ် ပြောကြတယ်တဲ့''

''ဒါနဲ့ ... ကျုပ်တို့ဆရာတော်က တရားပွဲလုပ်ပေးမယ်။ နင်တို့ နေရာ ဘယ်လိုနေရာချပေးရမလဲ ပြန်မေးတော့ တရားပွဲမဏ္ဍပ်ရဲ့တောင်ဘက်မှာ စက္ကူထီးဖြူလေးများ ခပ်များများ စိုက်ပေးပါ။ တပည့်တော်များ ထီးအောက် ထိုင်နာဖို့ပါ။ အဲဒီနေရာကို ဘယ်သူမှ မလာပါစေနဲ့၊ မထိမကိုင်ကြပါစေနဲ့လို့ ပြောပြီး အသံပျောက်သွားရောတဲ့''

''ဒါနဲ့ ဆရာတော်က ရွာကိုပြန်၊ တရားပွဲ သုံးညကျင်းပဖို့ ညောင်ပင်ကြီးကို စေတီတည်မည့်ကွင်းမှာ ထိုး၊ ရာဇမတ်နဲ့ မဏ္ဍပ်တို့ ရံ၊ မဏ္ဍပ်ရဲ့ တောင်ဘက်မှာ စက္ကူထီးဖြူလေးတွေ အများကြီးမြေကြီးမှာ စိုက်ထူ





ပြီးနေ့ညက စ တရားပွဲသုံးည ကျင်းပမယ်။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများ၊ မကျွတ်မလွတ်သေးသူများ၊ ဘုမ္မစိုး၊ ရုက္ခစိုးများ တရားနာကြပါလို့ ဖိတ်လိုက်တယ်။ တိုတိုပြောပါစို့ဗျာ ...။

တရားပွဲသုံးညစေ့လို့ အမျှလည်းဝေရော စက္ကူထီးဖြူများပေါ်က နေ မိုးစုန်းကြူးပေါင်း အမြောက်အမြားထပျံကြပြီး မဏ္ဍပ်ကို ဝိုင်းပတ်လှည့်ကြပြီး ... ဟိုး .. မိုးကောင်းကင်ကို တက်သွားကြတာ ကော်ချဲ့တစ်ရွာလုံးရော၊ ရွာနီးချုပ်စပ်က တရားနာလာကြသူများရော အံ့ဩဖွယ်ရာ မြင်လိုက်ရတယ်။ ဆရာတော်ဘုရားကြီးက သာခုခေါ်ပြီး ကောင်းရာသုဂတိဘုံကို ရောက်သွားကြပြီလို့ မိန့်တယ်။

နောက်နေ့ရောက်ရော ခုတ်မရသည့် ညောင်ပင်ကြီးကို ပြန်ခုတ်တော့ အလွယ်တကူနဲ့ အကိုင်းအခက်များ ခုတ်လို့ရလို့ ဝမ်းသာကြတာပေါ့။ ဒါနဲ့ မောလို့ နားပြီး ထမင်းစားကြတယ်။ ထမင်းစားပြီးရင် ပင်စည်ကို လွှနဲ့ ဖြတ်လှဲမယ်ပေါ့။ ဒီမှာပဲ ဝေါဆို လေတိုက်သံကြီးကြားရပြီး ဖုန်တွေ၊ အမှိုက်တွေ လွင့်ပျံလို့ ဝုန်းဆို သစ်ပင်ကြီးလဲကျသွားတာ၊ အမြစ်ပါ ကျွတ်ပါရော ... ဆရာတို့ရေ။ အဲဒါ ... ဆရာတော်ဘုရားကြီးက ကျွတ်လွတ်သွားတဲ့ ပရဝိညာဉ်သားတွေ သူတို့ကတိအတိုင်း လာရောက်ကူညီသွားတာလို့ မိန့်တော်မူတယ်ဗျ။ ကိုင်း ... ဆရာမှိုင်း၊ မထူးဆန်းဘူးလားဗျာ ... ဘင် ...''

''ကျွန်တော်ယုံတယ် ဆရာ၊ ပရဝိညာဉ်လောကက လူ့ရွာလူ့နယ်ခန်းကျင်မှာ ရှိကိုရှိမယ်။ မြင်ရတာနဲ့ မမြင်ရတာဘဲ ကွာခြားတယ်''

''ဆရာရွှေဘုန်းမြင့်ရော ... ဘယ့်နှယ် လက်ခံနိုင်ရဲ့လားဗျာ''

ဆရာမောင်စိန်လှိုင်(ဥသာ)က ဂမ္ဘီရမယုံသူ စာရေးဆရာကို မေးလိုက်တော့ ...

''ကျွန်တော် သရဲတစ္ဆေဆိုတာ မယုံဘူးဆရာ''

''နတ်ရောဗျာ''

''နတ်တို့ ရုက္ခစိုးတို့လည်း မယုံဘူးဗျာ''

''ဘာဖြစ်လို့လဲ၊ ဘုရားဟော ရှိတယ်လေဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားဟောရှိရင်လည်း လူမြင်သူမြင် ယုံကြည်လောက်အောင် အထင်အရှားပြရင် မကောင်းဘူးလားဗျာ ... ဟင်၊ အဲဒီလို ယုံကြည်လောက်အောင် ထင်သာမြင်သာပြရင် ကျွန်တော်တို့ကလည်း ဥပေက္ခာမပြုပါဘူး ဆရာစိန်ရာ၊ ဘာလုပ်ပေးရမလဲ တိုက်ခန်းလား၊ သစ်သားအိမ်လား၊ ဒံပေါက်လား၊ အုန်းထမင်းလား၊ အကုန်လုပ်ပေးမှာပါဗျ။ အဟဲ ... ဟဲ ..."

"ဒါဆို ဘုရားဟောတိုင်းလည်း မယုံဘူးပေါ့ ... ဟုတ်လား"

"ခုနေ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်ရှိထင်ရှားရှိနေရင် ကျွန်တော် ဒီအတိုင်းလျှောက်ထားမိမှာ အမှန်ပါခင်ဗျာ။ သို့သော် ..."

သူက ပြောရင်း သို့သော်ဆိုပြီး ရှေ့မဆက်ဘူး။ ရပ်နေတယ်။

"ဘာသို့သော်လဲဗျ ... ဆရာရွှေဘုန်းမြင့်ရ၊ လုပ်ပါ"

"ဟုတ်တယ်ဗျာ၊ ပွင့်ပွင့်လင်းလင်းလုပ်ပါ ... ဆရာရွှေရ"

"သို့သော်ဆိုတာ ခြွင်းချက်တစ်ခုပဲ ... ဆရာတို့ရ"

"ဘယ်လိုခြွင်းချက်လဲ၊ ပြောပါ ... ဆရာရွှေ"

"ကျွန်တော် ပရစိညာဉ်လောကကို မယုံကြည်ဘူး။ မလေးစားဘူး။ ဒါ ကိုးကွယ်စရာလည်း မဟုတ်ဘူး။ ဒါကြောင့် ကြောက်စရာ၊ လန့်စရာလည်း မလိုဘူး။ ဒီလို ခံယူထားတယ်။ တစ်ခါ တစ္ဆေ၊ သရဲ၊ ပြိတ္တာဆိုတာကို ခုချိန်ထိ မမြင်ဖူးဘူး။ နာနာဘာဝဆိုတာကိုလည်း မမြင်ဖူးဘူး။ မသိဘူး။ တစ်နေ့မှာ ကျွန်တော် အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ဖြစ်ရပ်ဆန်းကြယ်ကိစ္စတစ်ခုကို ကိုယ်တွေ့ကြုံခဲ့ရတယ်။ အဲဒီဖြစ်ရပ်ကို ဒီနေ့အထိ ဘာလဲဆိုတဲ့ ကျွန်တော် ဝေခွဲလို့မရသလို အံ့သြနေတုန်းပဲ ခင်ဗျာ"

"အစအဆုံးလေးလုပ်ဗျာ ... ဆရာရွှေရာ၊ ခင်ဗျား ဝေခွဲလို့မရတာပေမဲ့ ကျုပ်တို့ ဂမ္ဘီရစာရေးဆရာများအဖို့ အသုံးတည့်ချင်တည့်မှာမို့လို့ပါဗျာ"

"ဟုတ်ကဲ့ ပြောပြပါ့မယ်ဆရာ"

✿ ✿ ✿

[ ၂ ]

❑

ကျွန်တော်က ရှေးဟောင်းသုတေသနပညာရပ်နဲ့ ကျောင်းပြီးထားတော့ တစ်နေ့ ... ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေရယ်၊ ဦးစီးဦးဆောင်သုတေသနပညာရှင် ဆရာ၊ ဆရာမကြီးများရယ်၊ သမိုင်းပညာရှင်အချို့ရယ် မြစ်ဝကျွန်းပေါ်က (.......)မြို့ကို ရောက်သွားတယ်။

မွန်တွေ ရှေးတုန်းက နေထိုင်ခဲ့ပြီး ဘုရားစေတီပုထိုး၊ သိမ်ကျောင်းမှာ တည်ခဲ့သည့်နေရာပေါ့ဗျာ။

ဘုရင်မကြီး ရှင်စောပုရော၊ သူ့ရဲ့သားသမက်တော် ဓမ္မစေတီမင်းဆောင်းမှုတွေနဲ့ ရှေးမွန်မင်းမြို့စား၊ နယ်စား၊ ရွာစားများရဲ့ ကောင်းမှုတော်၊ စေတီတော်တွေ ပြိုပျက်ကြွင်းကျန်ခဲ့တဲ့ မြို့ရဲ့ ရွာတစ်ရွာမှာပေါ့။

ဆရာမှိုင်းတို့ သန်လျင်ကျောက်တန်းမြို့လည်း ကျွန်တော်တို့အဖွဲ့ ရောက်လေ့လာဖူးပါတယ် ဆရာ။

ဆရာတို့ သန်လျင်ကျောက်တန်းက ဂဝံယဉ်ကျေးမှု ရှေးဟောင်းမြို့စစ်ပါပဲ။ သုဝဏ္ဏဘူမိနဲ့ ခေတ်ပြိုင်ကိုး၊ အဲဒီမှာ ဂဝံကျောက်ပြား ဂဝံယသ်လမ်း၊ ဂဝံဗုဒ္ဓရုပ်ပွားတော်၊ ဂဝံဘီလူးရုပ်တု၊ နတ်ရုပ်တု၊ ဂဝံသားရုပ်တု

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ငှက်မြတ်နားတိုင်မှသည် ဂဝံနဲ့ ကျောက်ပြား၊ အုတ်ချပ်နဲ့ တည်ထားတဲ့ ရှေးဟောင်းစေတီပျက်များကို ကျွန်တော်တို့ လေ့လာသိရှိခဲ့ရတယ်။

မြစ်ဝကျွန်းပေါ် ( ..... ) ရွာကိုရောက်တော့ ကျွန်တော်တို့ တောကြီးအစပ်မှာ တွေ့ရတဲ့ စေတီပျက်က ချုံနွယ်ပိတ်ပေါင်းများ တစ်ဝက် ဖုံးနေတယ်။

အချို့ကို ရွာသူရွာသားများနဲ့ ဘုန်းတော်ကြီးဦးဝိစာရ ဦးစီးလို့ စေတီပြန်တည်မယ်ဆိုပြီး ရှင်းလင်းရေးလုပ်နေတာ။ ရှေးအခါတုန်းက အတော်မြင့်မည့် စေတီပဲ။ အခုပြိုပျက်နေတဲ့ အပုံဘဝမှာတောင် မော့ကြည့်ရတယ်။

အဲဒီမှာ အရပ်စကားအရ အံ့ဩဖို့ကောင်းတာက စေတီပျက်ပေါ်ကနေ လက်ကွယ်ညများရောက်ရင် မီးလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး ကောင်းကင်ကိုတက်ပြီး လိုက်တမ်းပြေးတမ်း ကစားနေသတဲ့။

တစ်နာရီလောက် ကစားပြီးရင် ဘုရားစေတီပျက် အုတ်ပုံထဲကို ဝင်ရောက်ပျောက်ကွယ်သွားသတဲ့။

အချို့က ...စုန်းမြူးတာတဲ့။

အချို့က ဥစ္စာစောင့်တွေ ကစားကြတာတဲ့။

တစ်ခါ ...

လပြည့်နေ့လို အခါများအချို့မှာ အဲဒီချုံနွယ်ပိတ်ပေါင်းကြား စေတီပျက်အပေါ်ကနေ ဖြူဖွေးလင်းလက်သည့် အလင်းရောင်များ ဖွင့်လိုက်ပိတ်လိုက်လင်းတာကို လူအများက မကြာခဏ မြင်ရသတဲ့။

ရှိသေးတယ်။

နေ့လယ်နေ့ခင်း အမဲလိုက်သွားသူ၊ ပျားဖွပ်၊ ယုန်ရှာ၊ ဖွတ်ရှာ သွားလို့ ဘုရားပျက်နားကိုရောက်ရင် ကျားဟိန်းသံလိုမျိုး ကြားရသတဲ့။

အချို့ ဘုရားစေတီပျက်ထဲကများ ရွှေတိုရွှေစ၊ ငွေတိုငွေစများ ရမလားဆိုပြီး အုတ်ကျိုးအုတ်ပဲ့တွေကို လှန်လှောရှာကြတာ။ မြွေဟောက်နဲ့ ငန်းစောင်းမြွေကြီးများ ထွက်လိုက်လို့ မနည်းကို သေပြေးရှင်ပြေး ပြေးခဲ့ရတယ်တဲ့။





အချို့ကျတော့လည်း သစ်သီးသစ်ဖုရှာ၊ ဆေးမြစ်ဆေးပင်ရှာရင်း ဒီစေတီပျက်အနီးရောက်တော့ တောပန်းလေးတွေ၊ အမွှေးတိုင်လေးတွေ ထွန်း ညှိပူဇော်ပြီး သွားလမ်းလာလမ်း အန္တရာယ်ကင်းဖို့ ဆုတောင်းကြတယ်။

အဲဒီလိုအခါမျိုးကျရင် အလွန်ကို မွှေးကြိုင်တဲ့ ပန်းရနံ့ပေါင်းစုံအနံ့ဟာ တောအဝင်တစ်ရပ်လုံးမှာ မွှေးကြိုင်နေသလို အလွန်ကို သာယာသည့် သီချင်းသံမျိုးလည်း မနီးမဝေးက ခပ်သဲ့သဲ့တစ်မျိုး၊ သိသိသာသာတစ်မျိုး ကြားရတယ်လို့ ပြောကြတာ''

''သီချင်းရှင်ကို မတွေ့ကြဘူးလား''

''လိုက်ရှာရင် မတွေ့ဘူး။ မရှာဘဲနေရင် သာယာသည့် သီချင်းသံနဲ့ အမွှေးရနံ့ ကြိုင်လှိုင်တာကို ရှူရှိုက်ကြရတယ်တဲ့။ အဲဒီလို ထူးဆန်းသည့် အံ့ဖွယ်ဖြစ်ရပ်များ မကြာခဏကြုံရတော့ အထက်အညာ သီဟတောဘက် ပြောင်းလာသည့် ဘုန်းကြီးဦးဝိစာရက စူးစမ်းလေ့လာပြီး အဲဒီဝန်းကျင်မှာ တောကျောင်းလေးဆောက်၊ တရားဘာဝနာပွားပြီး အဓိဋ္ဌာန်ပြုတယ်။

ရှေးအလှူရှင်များ ကောင်းမှု ဤစေတီပျက်ကို ပြင်ခွင့်ရပြီး အသစ်တည်ခွင့်ကြုံရပါစေလို့ ညစဉ် အဓိဋ္ဌာန်ပြုတယ်တဲ့။

အဲဒီနောက်ပိုင်း ဆရာတော်ရဲ့ဦးဆောင်မှုနဲ့ သူတော်ကောင်း ရွာသူရွာသားများ၊ ချုံနွယ်များကို ရှင်းပြီး မြေကြီးကို စနစ်စနစ်ပြန့်ပြန့်လုပ်၊ နာမပတ်ကာပြီး စေတီသစ်တည်ဖို့ ကြိုးစားနေကြတာ။

အခု ... အတော် ခရီးရောက်နေတယ်။ အဲဒါ ... ကျွန်တော်တို့ ရှေးဟောင်းသုတေသန ခရီးသွားအဖွဲ့လည်း အဲဒီကိုရောက်ပြီး လေ့လာစူးစမ်းကြတာပေါ့ ... ဆရာရယ်။

အဲဒီမှာ ဘာကို ထူးထူးခြားခြား တွေ့ရသလဲဆိုတော့ ရှေးခေတ် အုတ်ချပ်တွေပဲ ဆရာ။

စဉ့်သုတ်အုတ်လည်း မဟုတ်ဘူး။ မီးဖုတ်အုတ်သက်သက်ပဲ။ အနှစ် အားလေး၊ ပြက်ကျယ်၊ အနံအလျားကျယ်၊ ထုထည်ကောင်းကောင်းနဲ့ အုတ်ကောင်းဗျ။

ပုဂံအုတ်ချပ်မျိုးလည်း မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သန်လျင် ရေနံချက်ကွက်၊ ခါတ်တော်ကုန်း ရှေးဟောင်းအိမ်နဲ့ စေတီပျက်က အုတ်အချို့နဲ့လည်း ဆင်ဆင်တူတယ်။ တစ်ခါ ကျိုက်ခေါက်ဘုရား မြောက်ဘက်စောင်းတန်းရှိ ရှေးဟောင်းစေတီပျက်ကုန်းက အုတ်ချပ်နဲ့လည်း ဆင်ဆင်တူသလိုလို ခင်ဗျ။

ဒါနဲ့ . . . ကျွန်တော်က ရန်ကုန်ရောက်ရင် ဘူမိဗေဒပညာရှင်များထံ အပ်ပြီး ဒီအုတ်ရဲ့ မြေအမျိုးအစားသက်တမ်းနှင့် ရောစပ်ပုံ ပညာပိုင်းကို စစ်ဆေးစေချင်လို့ အုတ်ကျိုးတစ်ချပ်ကို စက္ကူနဲ့ထုပ်၊ ကားပေါ်မှာ တင်ထားလိုက်တယ်။

သည့်နောက် . . . အလှူငွေများ အသီးသီးထည့်ဝင်ပြီး အခြားသိမ်ဟောင်းများ၊ ရှေးခေတ် ကျွန်းလုံးတိုင်ကျောင်းများက သစ်ထွင်းပန်းပုလက်ရာများကို လေ့လာမှတ်တမ်းတင်ပြီး ပြန်လာခဲ့ကြတယ်။

✿ ✿ ✿

| ၃ |

❑

ကျွန်တော်က ခရီးသွားကြီးကြပ်ရေးမှူးမို့ လူစုံမစုံအောင် ခေါ်ပေးစုစုပေါင်းကားကြီး၊ ငါးစီး၊ လူပေါင်း နှစ်ရာခန့်ကိုး။

"အမှတ် (၁) ကား လူစုံပြီလား"

"စုံပါပြီ"

"အမှတ် (၂) ကား လူစုံပြီလား"

"တစ်ယောက်လို"

"လိုနေတာ ဘယ်သူတုံးဟ"

"မခင်မြမူ . . . ကိုရွှေဘုန်းမြင့်ရေ၊ ခဏလေး . . ."

"ဘာကို ပြောနေတာတုံး"

"သူ့ဆွေမျိုးဖြစ်တဲ့ ဂဝံဘီလူးရုပ်တုကြီးကို နှုတ်ဆက်နေလို့ပါ"

"အမှတ် (၃) ကား လူစုံရဲ့လား"

"တစ်ယောက်လို . . . ဆရာရွှေရေ"

"ဘယ်လူတုံး . . . ကျားလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျား‌ဗျို့ . . . ကျား . . ."

"ဘယ်သူတုန်း"

"ကိုကြည်တင့်နိုင်ပဲဗျို့"

"ဟာဗျာ . . . ဒီလူကြီး ဘယ်သွားသွား စားတာကလွဲရင် နောက်ကျနေတာချည်းပဲ။ ကိုမြင့်ကျော် . . . လိုက်ခေါ်ဗျာ"

"ဆရာရွှေ . . ."

"ဘာတုံး . . . ကိုမြင့်ကျော်"

"စောင့်သာစောင့်ခေါ်ဗျာ"

"ဘာဖြစ်နေလို့တုံးဗျ"

"မနက်က ချင်းသုတ်နဲ့ဒိန်ချဉ်စားပြီး ဝမ်းတွေလျှောနေလို့ အိမ်သာထဲက မထွက်နိုင်ဘူး"

"ဟာဗျာ . . ."

"ဟုတ်ပ့ါတော် . . . အစားသိပ်ငမ်းတဲ့ လူကြီးရယ်"

"နောက်ပိုးလည်း သိပ်သန်တာပဲ"

"အေးလေ . . . ဆရာမ ခင်အေးမူကို ရှိသဲ့သဲ့လုပ်ပြီး မရမ်းသီးစားဦးမလား။ ဆီးသီးစားဦးမလားနဲ့ အနားကနေ ရစ်သီရစ်သီ လုပ်နေတာပဲ"

"မနေ့တုန်းကလည်း ‌မြောင်းမြဘုရားမှာ အဲဒီလို ရစ်သီရစ်သီ ပူးတုံခွာတုံလုပ်ရင်း ခွေးသားအုပ်မကြီး တက်နင်းမိလို့ လှမ်းကိုက်တာလေ"

"ပြဲရောမဟုတ်လား"

"ပြဲတာပေ့ါ။ ပုဆိုးကို တစ်ထွာကျော်ရော"

"ဟော . . . ဟော . . . ဟိုမှာ လာနေပြီဟေ့။ တိုးတိုးပြောကြဟဲ့"

"အေးဟယ် . . . စိတ်ညစ်ပါတယ်။ တို့ကားပေါ်မှာ ဟိုဒင်းထွက်ရင် ဒုက္ခပဲ"

"ဟွန်း . . . အခုတောင် ဒီကနေ အနံ့ရနေပြီအေ့ . . . ဝေါ့ . . ."





"ကိုင်း . . . ဆရာကြည်တင့်နိုင်၊ ကိစ္စပြီးပလား . . . ဆရာ"

"လောလောဆယ်တော့ ပြီးပါပြီ . . . ဆရာရွှေ။ အား . . . ကျွတ်ကျွတ် . . ."

"ဆို့ထားရမလား . . . ဆရာကြည်တင့်နိုင်"

"ဗျာ . . . ဘာ . . . ဘယ်လို . . ."

"ဟို . . . ဟို . . . အောင့်ထားလို့ရသလား မေးတာပါခင်ဗျာ"

"ရပါတယ်ဗျာ။ အား . . . အား . . . ဝမ်းပိတ်ဆေးသောက်ထားလိုက်ပါပြီ။ ရတယ်"

"ဒီအရပ်မှာ သေမယ်ဆိုရင် ဆင်းနေခဲ့နော်"

စေတီပုထိုးများအကြောင်း ရေးနေတဲ့ စာရေးဆရာကိုထင်ကျော်မိုးက သို့ကလိုပြောတော့ . . .

"ငါ့ရည်းစား သပြေပါ ပါရင် နေခဲ့မှာပါကွာ"

"အဲဒါသာ . . . ကြည့်၊ သေမှာတောင် အဖော်နဲ့မှတဲ့"

"အားလုံး လူစုံပြီလား"

"စုံပါပြီ"

"စုံလား . . . ငါးစီး၊ စုစုပေါင်း နှစ်ရာ့တစ်ယောက်၊ လူစုံလားထွက်လို့ရ"

သတင်းလည်းပို့ပြီးရော ကျွန်တော်တို့ကား စထွက်ဖို့ စက်နှိုးရောသောဗျာ . . .။

ကျွန်တော်တို့ ရှေ့ဆုံးကား စက်နှိုးလို့မရဘူး။ ဒရိုင်ဘာက အမျိုးမျိုး စစ်ဆေးပြီးနှိုးတယ်။ နှိုးလို့မရဘူး။ အချိန် နာရီဝက်ကြာသွားတယ်၊ ကိုကြည်တင့်နိုင် အိမ်သာက နောက်တစ်ခေါက်ပြန်လာတယ်။

စက်မနှိုးသေးဘူး။

ဒါနဲ့ . . . အသက်ကြီးကြီး ဆရာမကြီးက ဘုရားစေတီရှိရာကို ဦးချမေတ္တာပို့ပြီး မောင်းတော့၊ နှိုးတော့လို့ပြောမှ ကားစက်နှိုးလို့ရပြီး ထွေးထွေးနဲ့ ပျော်သွားကြရောဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

ဒီလိုနဲ့ မြစ်ဝကျွန်းပေါ် လမ်းမကြီးအတိုင်း မောင်းလာလိုက်တာ မကြာဘူး။ ငါးမိနစ်ခန့်အကြာမှ ရပ်သွားပြန်ရော၊ ပြီး ပြန်မောင်းလာအောင် လုပ်ရရော၊ ဒါနဲ့ မောင်းလာနေတုန်း …

"ကားဆရာ … ရပ် … ရပ် … မြန်မြန်ရပ်"

"ဘာတုံး … ဆရာလေး"

"ရှေ့မှာ … မြွေ … မြွေကြီး …"

"ဟာ … ဟုတ်တယ်ဟ"

"ကျွဲ … ကျွဲ … ကျွဲ …"

"ဟော့ … ရှေ့ကား ဘာဖြစ်ပြန်ပြီတုံး"

"စက်ဒုက္ခပေးပြန်ပြီ မဟုတ်လားဟေ့"

"ရွှေဘုန်းမြင့်ဆိုတဲ့ကောင် … ဘယ်လိုကားစုတ် ငှားလာသလဲ ကွ … ဟေ"

"ကားစက်ပျက်လို့ မဟုတ်ဘူးဟေ့၊ ကားရှေ့မှာ မြွေကြီး ပါးပျဉ်း ထောင်နေလို့ဟ"





"ဟော …"

"ကြည့်လိုက်တော့ … ငန်းပုပ်မြွေကြီးဗျာ၊ လူကြီးခြေသလုံး လောက်ရှိတယ်။ ကားရှေ့က ကတ္တရာလမ်းပေါ်ကနေ ပါးပျဉ်းထောင်ပြီး ကားကို တားသလိုလုပ်နေတာ"

"ပွမ် … ပွမ် …"

"ပွမ် … ပွမ် …"

ကားဆရာက ဟွန်းသံကျယ်ကျယ်ပေးပြီး ခြောက်လှန့်လိုက်မှ မြွေကြီးက လမ်းတစ်ဖက်ကို ဆင်းသွားပါလေရောဗျာ။ သို့သော် ဘာမှမကြာဘူးဗျာ။ ငါးမိနစ်လောက်ရှိသေးတယ်။ ကားက ဖွတ်ချပ်ဖွတ်ချပ်မြည်ပြီး သွားနေတုန်းရှိသေး …"

"ဟာ … ဟာ … ဟိုမှာ … ငန်းမြွေကြီး ပြန်ပေါ်လာပဟ"

"ဟင် … ဘုရား … ဘုရား … အကြီးကြီးပါလား။ ဟာ … ဟာ …"

"တက်ကြိတ်သတ်လိုက်ပါဗျာ"

"ဟာ … မလုပ်နဲ့ဆရာ၊ ဘာမြွေမှန်းမသိဘူး၊ နှစ်ကြိမ်ရှိပြီ။ ကျွန်တော် ခရီးဝေးမောင်းတာ ကြာပြီ။ ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဖူးဘူး"

"ပွမ် … ပွမ် …"

"ပွမ် … ပွမ် … ပွမ် … ပွမ် …"

ကြည့်စမ်း … မြွေငန်းကြီးက ရှေ့ကနေ ပါးပျဉ်းထောင်ပြီး ကားတားနေ၊ ရပ်ခိုင်းနေပုံမျိုးဗျ။ မြင်ရချက် လှသလို ဆန်းသလိုရှိပေမဲ့ မျက်လုံးနှစ်လုံးက စူးစူးရဲရဲကြီး။

အရှည်က နှစ်လံနီးပါး ရှိလိမ့်မည်ထင်တယ်။ လူးလွန့်နေပုံ၊ တည်းယားစရာဗျာ။ အမလေးလေး …။

နောက်ကားက လူတွေလည်း ကားရပ်၊ ဆင်းကြည့်ပြီး ထူးဆန်းတဲ့ မြွေကြီးကိုကြည့်ပြီး အမလေးအော်လို့ ကားပေါ် ပြေးတက်ကြရော ဒီမှာ ဆရာမကြီး ဒေါ်ချစ်ဖွယ်သောင်းက မေးတယ်။

"မောင်ရွှေ …"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ... ဆရာမကြီး"

"သိပ်ကိုထူးဆန်းနေတယ်"

"ဟုတ် ... ဟုတ် ... ကဲ့ ..."

"မင်းတို့ထဲက တစ်ယောက်ယောက်များ ဟိုနေရာမှာ ဘာမှမဟုတ် မဟုတ်များ လုပ်ခဲ့ကြသတုံး၊ မေးစမ်း"

"ဆရာမကြီး ... ဘာကိုပြောတာလဲခင်ဗျာ"

"ဟဲ့ ... ထူးဆန်းတဲ့ ရှေးဘုရားပျက်ကုန်းမှာတုန်းက နိုးထ ဝုက်တာ အရက်သေစာသောက်တာ မဖွယ်မရာစကားများ၊ ပြောမှား မှားရှိသလားလို့ မေးနေတာ"

"ဗျာ ..."

"လိုက်မေးစမ်း ... ရှိရင် တောင်းပန်ရမယ်။ ဒါ မရိုးဘူး"

ရှေးမီနောက်မီ သက်ကြီးဝါကြီးဆရာမကြီးက အသံမာမာနဲ့ ပြော တော့ တစ်ကားပြီးတစ်ကား လိုက်မေးရရော။

"ဘုရားပျက်ကုန်းပေါ်မှာ အရက်သောက်သူရှိလား"

"မရှိ"

"ဘုရားပေါ်မှာ ဆဲရေးတိုင်းထွာ လုပ်ကြသလား"

"မလုပ်ပါ"

"ဘုရားပေါ်မှာ ချစ်သူရည်းစား ဟိုဒင်းပြုကြသလား"

"ဘာတုန်းဟ"

"နမ်းကြဖက်ကြသလား"

"ဟာ ... နိုး ... နိုး ... မလုပ်ကြဘူး"

"ရှိတာတစ်ခုရှိတယ်"

"ဘာတုံး ... ဘာတုံး ... မြန်မြန်ပြောပါ"

"ကိုကြည်တင့်ခိုင် ... ဝမ်း ..."

"ဟာ ... ဘာဆိုင်လဲကွ၊ ဘာမှမဆိုင်ဘူး"

""အစားမှားလို့ ဖြစ်တာဥစ္စာ၊ မဆိုင်ဘူး"

"ဟုတ်တယ် ... ဟုတ်တယ်"





"ကိုကြည်တင့်ခိုင် ... ကောင်းသွားပြီ၊ မာနေတာမှ သံချောင်း ဆိုပဲ"

ဒါနဲ့ ဆရာမကြီး ပြေးသတင်းပို့ရတယ်။ မြွေငန်းကြီးကလည်း အားဟွန်းသံ ဘယ်လိုပေးပေး မပြေးတော့ဘဲ ကားရှေ့လမ်းမ ဝါးတစ်ပြန် ရှေ့ကနေ ပါးပျဉ်းထောင်ရပ်ပြီး မျက်လုံးရဲရဲကြီးနဲ့ ကားဒရိုင်ဘာကို စိုက် ကြည့်နေလို့ ဒရိုင်ဘာလည်း ကြောက်နေပြီ။

ဒါနဲ့ ယောကျ်ားသားတွေထဲက သတ္တိကောင်းကောင်း ယောကျ်ား သုံးဦးနဲ့အတူ ကျွန်တော် အုတ်ခဲ၊ မြေကြီးခဲများကိုင်ပြီး ကားရှေ့က ကန့်လန့် ဆုပ်နေတဲ့ ငန်းမြွေကြီးကို ဝိုင်းပစ်ပေါက်ကြရော။

"ကဲဟာ ... ကိုင်းဟာ ..."

"ဖူး ..."

"ဟာ ... ဟာ ... အမလေး ..."

"ရှူး ... ရှူး ..."

"နောက်ဆုတ် ... နောက်ဆုတ် ..."

"ကိုင်းဟာ ..."

"ရှိုး ..."

"ဟ ... ဟ ... ပြေး ... ပြေး ... လိုက်လာပြီ ... လိုက်လာ ပြေး ..."

"ကလေးတွေ ... မလုပ်နဲ့၊ မပစ်ကြနဲ့၊ မသတ်ကြနဲ့"

ကျွန်တော်တို့နောက်ကို ငန်းမြွေကြီးက 'ဖူး' 'ရှိုး'နဲ့ နှာသံပေးမှုတ် ပါးပျဉ်းထောင်လို့ လိုက်ကရော။

စောစောတုန်းက ကျားနဲ့သတ်မယ်။ ဆင်နဲ့ နပန်းလုံးမယ်ဆိုတဲ့ ကောင်းတွေ ဘုရားတာ၊ အမောတကြီး ပြေးလိုက်ကြတာ။ နောက် ... ပေါ်အထိ ရောက်ရော။

မြွေငန်းကြီးဟာ ဒေါသထွက်ပြီး 'ရှို ... ရှို ... 'နဲ့ အသံပေးလို့ ခေါင်းမြွေနဲ့ ပါးပျဉ်းကြီးမိုး၊ အရပ်ကြီးဆန့် လှန့်နေတာများ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအဖြစ်မျိုး တစ်သက်တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူး။

ကျောင်းသူအချို့လည်း လန့်အော်ကုန်ကြပြီး ငိုသူငိုနေပြီ။

ဒီအချိန်မှာပဲ ဗွန်ဒါဆိုင်ကယ်နဲ့ ဟိုဘုရားပျက်ကုန်း စေတီပျက်ရွာက ဘုရားလူကြီးနှစ်ဦးရယ်၊ ရောက်ချလာပြီး ကျွန်တော်တို့ ဖြစ်ရပ်ဆန်းကြယ်ကို မေးပါရော။

"အဘ ... ဘယ်လိုကြားလို့တုံးခင်ဗျာ"

"ခရီးသွားဆိုင်ကယ်သမားတွေက ပြောကြလို့၊ စောစောတုန်းက လေ့လာရေးလာသွားတဲ့ ကားငါးစီးမြို့ပြင်ထွက်မည့် တံတားအနီးမှာ ကားပျက်ပြီး မြွေဟောက်ကြီးတစ်ကောင်နဲ့ ထူးထူးဆန်းဆန်းတိုးနေလို့ ကားနှိုးလို့မရ။ သွားလို့မရ ဖြစ်နေတယ်ပြောလို့ လိုက်လာခဲ့တာပါ"

"ဟုတ်ပါတယ်ရှင် ... ဆရာကြီးရယ်၊ ဘယ်လိုဖြစ်ကုန်မှန်းကို မသိပါဘူးရှင်။ ဆရာကြီးတို့ ဘုရားပျက်ကုန်း၊ လေ့လာပြီး ပြန်ထွက်ကတည်းက ခဏခဏ ပျက်လိုက်၊ ကောင်းလိုက်၊ ဖြစ်လိုက်၊ တစ်ခါ မကြုံစဖူး ဟောဟို မြွေငန်းကြီးကလည်း ကားရှေ့ကနေတားသလို လိုက်သလို လုပ်နေတာသုံးကြိမ်ရှိပြီ ... ဘုရားလူကြီးတို့ရယ်။ ဆရာကြီးတို့ သိရှိနားလည်ရင်လည်း ဆောင်ရွက်ကူညီကြပါဦးရှင်။ ဘုရား ... ဘုရား ... ဘုရား ... လန့်လိုက်ပါဘိတော်"

ဆရာမကြီးလည်း ချွေးသီးချွေးပေါက်နဲ့ ငိုသံပါ ပြောရပြီဗျာ။

"အတော့်ကို ထူးဆန်းနေတယ်"

"ဟုတ်ပါတယ်"

"ဆရာမကြီးတို့ထဲက တစ်ယောက်ယောက် မသင့်မမြတ်တဲ့ အမှား တစ်ခုခု ကျူးလွန်ခဲ့လို့ နေပါလိမ့်မယ်ခင်ဗျာ"

"ရှင် ... အမှား ..."

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဒီဒေသ ဘုရားစေတီအရပ်က အပိုင် အဆိုင် အစောင့်အရှောက်ကြမ်းပါတယ် ... ဆရာမကြီး"

တောပိုင်၊ တောင်ပိုင်၊ ဘုရားကုန်းပိုင် အစောင့်အရှောက်များ





အမှားလုပ်တာ၊ မသင့်တော်တာလုပ်တာကို မကြိုက်ဘူး။ ဆရာမကြီးတို့ လူတွေကို မေးမြန်းကြည့်ပြီးပြီလား"

"မေးပြီးပြီ၊ ဘယ်သူမှ အမှားမလုပ်ဘူး"

ဒီမှာပဲ ကိုခင်မောင်ချိုဆိုတဲ့ ကျောင်းသားဟောင်းကြီးက ...

"ကိုရွှေဘုန်းမြင့် ..."

"ဗျာ ... ကိုချို၊ ဘာလဲဟင်"

"ခင်ဗျား ... ဟိုပစ္စည်းများကြောင့် များလားဗျာ"

"ဘယ်ဟာတုန်းဗျာ"

"ဘုရားအုတ်ဟောင်းတစ်ချပ်လေ၊ ခင်ဗျားလေ့လာဖို့ဆိုပြီး ယူလာတဲ့ ရှေးအုတ်ဟောင်းတစ်ချပ်ပေါ့"

"ဟင် ... ဟုတ်ပါ့မလား"

"ဟုတ်နိုင်တာပဲ သွားယူပြလိုက်"

ဒါနဲ့ ကျွန်တော်လည်း ဘူမိဗေဒ ပညာရှင်များကို ပြသဖို့ ယူလာမိတဲ့ ဘုရားအုတ်ချပ်တစ်ချပ်ကို ပြလိုက်ရော ...

"ဟာ ... ဒီဟာကြောင့် ... ဟုတ်လား ... အဘ"

"သိပ်ဟုတ်တာပေါ့ ... ငါ့တူရယ်၊ အဘတို့၊ ရှေးဟောင်းဘုရားပျက်တုန်းက ပုထိုးစေတီဘုရားနဲ့ဆိုင်တဲ့ ပစ္စည်းမှန်ရင် ဘာပစ္စည်းဖြစ်ဖြစ် အခွင့်မတောင်းဘဲနဲ့ ယူသွားလို့မရဘူး။ ဟိုအရင်တစ်ခါတုန်းကလည်း သိုက်ဆရာလိုလို၊ ဆေးဆရာလိုလို လူနှစ်ဦး ဒီဘုရားပျက်က ရှေးဟောင်းမြေဘုရားသေးလေးတစ်ဆူကို ယူသွားတာ မြွေလိုက်လို့ နောက်ဆုံး ပြန်ထားခဲ့ပြီး တောင်းပန်ရဖူးတယ်။ ဒီမှာ ... ငါ့တူ၊ ဒီအုတ်ချပ်ကို ဘာလို့ယူသွားရတာတုံး"

"ဒီအုတ်ရဲ့သက်တမ်းနဲ့ ဘူမိဖွဲ့စည်းပုံကို ပညာရှင်များ ပြသတွက်ချက်ချင်လို့ပါ ... အဘရယ်"

"ဒီကုန်းမှာရှိတဲ့ မမြင်ရတဲ့ အပိုင်အဆိုင် အစောင့်အရှောက်များကိုရော ယူသွားပါရစေလို့ ခွင့်ပန်တောင်းရဲ့လား ... လူကလေး"

"ဟင့်အင်း ... မတောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်ပါ။ ကိုင်း . . . လူကလေးတို့အနေနဲ့ ပညာပိုင်းအရ သုတေသနပြုချင်လို့ ယူရတာ။ ခိုးသွားတာ မဟုတ်ဘူး။ သို့သော် ဒီစေတီ ပျက်ကုန်းမှာ လူလေးတို့ မမြင်ရတဲ့ မယုံကြည်တဲ့ ပရဝိညာဉ်သား အပိုင် အဆိုင်တွေရှိတယ်။ သူတို့က ဒါတွေကို စောင့်ရှောက်ကာကွယ်နေတာ။ လူ လေးတို့ ယုံချင်မှယုံမယ်။ 'ကိုင်း . . . ခွင့်တောင်းလိုက်ပါ။ ကျွန်တော်တို့ ပညာရပ်ကိစ္စအတွက် အသုံးချချင်လို့ ယူသွားရတာပါ။ ခွင့်ပြုပါ၊ အပိုင် အဆိုင်များခင်ဗျား' လို့ ပြောလိုက်ပါ . . . လူကလေး"

ကျွန်တော့်မှာ အတော်ခက်နေတယ်။

ကိုယ်၌က ဒါမျိုး အယုံအကြည်မရှိဘူးကိုး။

အခု လူအများက ကျွန်တော့်ကြောင့် ဖြစ်ရတာဆိုပြီး ဒေါ်ပွသူ ပွနေ၊ ရူပွရူပွလုပ်သူ လုပ်ကုန်ကြပြီ။

ဒီမှာ . . . ဆရာမကြီးက 'ပြောလိုက်ပါ . . . တပည့်' လို့ အမိန့် ပေးတာနဲ့ ရှေးဟောင်းအုတ်ချပ်ကို လက်နှင့်ကိုင်မြှောက်ပြီး . . .

"ရှေးဟောင်းဘုရားပျက်ကုန်းရှာ ရှိကြသည့် မြင်ရမမြင်ရ ပုဂ္ဂိုလ် များ၊ အပိုင်အဆိုင် အစောင့်အရှောက်များခင်ဗျာ . . .

သုတေသနပညာရပ်အရ စစ်ဆေးစူးစမ်းလေ့လာလိုပါ၍ ရှေး ဟောင်းဘုရားပျက်မှ ရှေးအုတ်တစ်ချပ်ကို ကျွန်တော်တို့ ယူသွားပါမည်။ ယူခွင့်ပြုကြပါ။ ကိစ္စဝိစ္စများပြီးပါက ဒီနေရာကို ပြန်လာထားပါမည်ဟု ကတိ ပြုပါတယ်ခင်ဗျာ"

"ရွှီ . . . ရွှီ . . . ရွှီ . . ."
"ရွှီ . . . ရွှီ . . . ရွှီ . . ."
"ရွှီ . . . ရွှီ . . ."

ဒီလိုလည်း ပြောလိုက်ရော မပြန်သေးဘဲ ပါးပျဉ်းထောင်လို့ ရပ် စောင့်ကြည့်နေတဲ့ ငန်းမြွေကြီးက ပါးပျဉ်းကို ပိုပိုထောင်ပြီး မော့ပြီး တရှီးရှီး အသံပေးပြီးနောက် ခေါင်းတညိတ်ညိတ်လုပ်ပြီး ဟိုအနောက်ဘက် လာလမ်း အတိုင်း တရွေ့ရွေ့နှင့် ဘုရားပျက်ကုန်းရှိရာ ထွက်သွားတာကို ကျွန်တော်တို့ အားလုံး အသည်းတယားယား အံ့ဖွယ် မြင်လိုက်ရတယ်။





"ကိုင်း . . . ဆရာမကြီးတို့၊ ကားစက်နှိုးကြည့်ပါ"

ဘုရားလူကြီးရဲ့ကားဆုံးတော့ ဒရိုင်ဘာက ကားစက်နှိုးလိုက်ရော 'ဒူးဂူး . . . ဂျုတ်ဂျုတ်' အသံမြည်ပြီး ကားဆိုတာများ မြင်းရိုင်းပြေးချင် သလို ခုန်နေပါရောဗျို့။


လီဗာကိုနင်းလိုက်ရော ကျွန်တော်တို့ ရှေ့ပြေးကားဟာ အသော့ နှင်ပြီး အမြန်ပြေးမြင်းတစ်ကောင်လို သွားလိုက်တာမှ ရောဝတီမြစ်ကူး ဗိုလ် မြတ်ထွန်းတံတားပေါ်ကို ရောက်ခဲ့ပါရောဗျာ။

ဒီတော့မှ အားလုံး အံ့အံ့သြသြ ဖြစ်ကုန်ကြပြီး ဘုရားပျက်ကုန်း ရှိရာကို လက်အုပ်ချီမိုးလို့ ကန်တော့ရင်း ပါးစပ်ဖျားကနေ အမျှ . . . အမျှ အမျှ . . . လို့ 'အမျှဝေကြ . . . သာဓုပါ ပြိုင်တူခေါ်ဆိုလျက် ရှိကြလေရဲ့ ဆရာတို့ရယ်။ အဲဒါ ဂမ္ဘီရဆိုတာကို လုံးဝမယုံကြည်နိုင်တဲ့ ကျွန်တော့်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်ပါပဲခင်ဗျာ။

မောင်ညီမိုး (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

ကျွန်တော့်မိတ်ဆွေ စာရေးဆရာအချို့နှင့် စာဖတ်ပရိသတ်က ကျွန်တော့အား 'အချုပ်နှင့်ထောင် အတွေ့အကြုံများကို အတော်ရေးတာပဲနော်. .

ဟု ဆိုကြ၏။

''ကိုညိုမှိုင်းက အချုပ်အကြောင်း၊ ထောင်အကြောင်း ဝတ္ထုပုဒ်ရေအတော်များများ ရေးခဲ့တယ်နော် . . .

''ဟုတ်ကဲ့ . . . ကျွန်တော် နယသိန်စံအိပ်မက်များအမည်နဲ့ နယသိန်ကွင်းပါ ကိုယ်တွေ့ထောင်အတွေ့အကြုံဝတ္ထုကို ပေါင်းချုပ်တစ်အုပ် ထွက်ပြီးပါပြီခင်ဗျာ''

''နောင်ရော ထွက်ဖို့ရှိသေးလား''

''ရှိပါသေးတယ်။ ဒုတိယမြောက် ဝတ္ထုတိုပေါင်းချုပ်က ဂမ္ဘီရဝတ္ထုများတစ်ဝက်၊ အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထုတိုများက တစ်ဝက်ပါ''

''ဆရာညိုမှိုင်းကို တစ်ချက်နှစ်ချက် မေးပါရစေဗျာ''

''မေးပါခင်ဗျာ၊ ကြိုက်ရာမေးပါ၊ မေးကြပါ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အချို့လူများဆိုရင်ပေါ့ ဆရာ။ သူ့ကို ပြစ်မှုတစ်ခုခုနဲ့ အချုပ်ခံရ ရင် ထောင်ကျခံရပြီးလို့ ထောင်က အချုပ်က ထွက်လာပြီးရင် သူတို့ကိုယ် သူတို့ ထောင်ကျဖူးတယ်၊ အချုပ်ခံ၊ အဖမ်းခံရဖူးတယ်လို့ လုံးဝ မပြောကြ ဘူးဆရာ။ အဓိကက သူတို့ ထောင်ထွက်လို့ လူသိမှာကို ရှက်ကြလို့တဲ့။ ဆရာညိုမှိုင်းကျတော့ ဘာလို့ ကိုယ်ထောင်ကျဖူးတဲ့အကြောင်း၊ အချုပ်ကျဖူး တဲ့အကြောင်း ထောင်ထဲမှာ ဒုက္ခအမျိုးမျိုး ကြုံရပုံအကြောင်းတွေကို မရှက် မကြောက် ရဲရဲဝံ့ဝံ့ ရေးပြရတာပါလဲဆရာ"

အလွန်ကောင်းသည့် မေးခွန်းဖြစ်၏။ မေးသူကလည်း ပွင့်လင်း တော့ ကျွန်တော် ဖြေရမည့်သူကလည်း ပွင့်ပွင့်လင်းလင်းပဲ ဖြေရပေလိမ့် မည်။

"ဒီလိုရှိပါတယ် ...ကိုထိန်ဝင်းမောင်။ ထောင်ကျ၊ အချုပ်ကျ ပြစ်ဒဏ်ခံရသည့် ပုဒ်မက အမျိုးမျိုးရှိတယ်ခင်ဗျ။ ဥပမာ ခါးပိုက်နှိုက်ပုဒ်မ၊ သူခိုးပုဒ်မ၊ ဓားပြပုဒ်မစသည့် ပုဒ်မများနှင့် ထောင်ကျဖူးသူ ထောင်ထွက်များ က သူတို့ အဲဒီပုဒ်မပြစ်မှုနဲ့ ထောင်ကျခဲ့ဖူးတာကို အများမသိစေချင်ဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"သူတို့ ခါးပိုက်နှိုက်၊ သူခိုး၊ ဓားပြမှုန်းအများက သိသွားရင် ဘးခွင်ကျဉ်းသွားရောလေ။ ဘာလို့လဲဆိုတော့ သူတို့က ထောင်ပြင်ပြန်ရောက် ပြီးရင်လည်း လုပ်နေကျ ဒီအလုပ်ကို ပြန်လုပ်လေ့ရှိလို့ပဲ။ ဒါကြောင့် လူသိ မခံဘူး။ သူတို့ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက်ဆိုတာကို သူတို့ ဘဝတူချင်း ထောင်ထွက်ချင်းကလွဲပြီး ဘယ်သူ့ကိုမှ အသိလည်း မခံဘူး။ ထုတ်ဖော် ရှင့်ဟလို့ လည်း မပြောဘူး"

"နောက်တစ်မျိုးက အရာရှိအရာခံ လူတန်းစားတို့ ဂုဏ်သရေရှိ လူကြီးလူကောင်းလို့ အမည်ခံထားသူ လူတန်းစားမျိုးပေါ့။ ဌာနဆိုင်ရာ ငွေကြေး၊ ပြည်သူပိုင်ပစ္စည်း အများပိုင်ပစ္စည်းများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်တယ်။ တစ်နည်း ခိုးတယ်၊ ဘုန်းတယ်၊ လာဘ်စားတယ်။ အဲဒီလို လူကြီးလူကောင်းလို၊ အကြီးအကဲလို၊ မြို့မိမြို့ဖလို လူစားမျိုး





အဲဒီလိုပြစ်မှုမျိုးနဲ့ မမျှော်လင့်ဘဲ အဖမ်းခံရ ပြစ်ဒဏ်စီရင်ပြီး ထောင်ကျသွား ခဲ့ရင် သူတို့သားမယားများက ဘယ်လိုဖုံးကွယ်တယ်မှတ်လို့တုံး"

"ပြောပါဦး ...ဆရာရဲ့"

"နိုင်ငံခြား ခရီးသွားနေသတဲ့လေ"

"ဟား ...ဟား ...ဟား ..."

"ရှိသေးတယ်။ ရွာပြန် သက်နိုးဝတ်နေသတဲ့။ လုပ်သေးသဗျ"

"ဟား ...ဟား ...ဟား ...ဘယ်က တောရလည်းဆရာ"

"အင်းစိန်တောရပေါ့ဗျာ။ ဟား ...ဟား ...ဟား ...ဟား"

"ပြီးတော့ရော ဆရာ"

"နောက်တစ်မျိုးက လူမိုက်စာရင်းဝင် လူသတ်သမားတို့ ရိုက် နှက်မှုနဲ့ ထောင်ကျထောင်ထွက် လူစားမျိုးပေါ့ဗျာ။ သူတို့ကျတော့ တစ်မျိုး ဗျ။ သူတို့မိုက်ခဲ့ဖူးတာကို တစ်ချက်တစ်ချက် အရေးကြုံလာရင် ဂုဏ်ယူ သလိုမျိုးနဲ့ ထုတ်ဖော်ဝံ့ကြွားတာ။ ဟေ့ ...ငါက လူသတ်လာတဲ့ကောင်၊ နောက်ထပ်လူသတ်ပြီး ထောင်ထဲဝင်ဖို့ ဝန်မလေးဘူးကွ။ သေချင်ရင်ထွက် ခဲ့ ဒါက ...တစ်မျိုး။

ဟေ့ ...ငါ့နာမည် ဘယ်သူကွ။ ခုတ်ရဲတယ်။ ရိုက်ရဲတယ်။ ခံရဲ တယ်။ ထောင်ဆိုတာ ငါ့အိမ်ပဲ။ သတ္တိရှိတဲ့ကောင် ထွက်။ အဲဒီလို ကိုယ် ထောင်ကျထောင်ထွက် ဖြစ်ခဲ့ရသည့်ဘဝကို မရှက်မရွံ့ဘဲ ဂုဏ်ယူဝံ့ကြွား နေသူတွေလည်း ဒီလူ့လောကဝန်းကျင်မှာ ရှိနေတုန်းပါပဲ"

"နောက်တစ်မျိုးက နိုင်ငံရေးလုပ် ဆူပူလှုပ်ရှားလို့ ထောင်ကျတဲ့ သူစားပေါ့။ အစိုးရအဆက်ဆက်က မြန်မာပြည်မှာ နိုင်ငံရေးသမား မရှိဘူး လို့ ပြောကြတယ်။ ထားတော့ ...ယုံကြည်ချက်ပြစ်မှု ခေါ်ကြပါစို့။ သူတို့ ကျတော့ သူခိုး၊ ဂျပိုး၊ ဓားပြ၊ လူသတ်သမား၊ မုဒိမ်းကောင်တို့၊ လာဘ်စား တို့ ထောင်ကျသွားတဲ့ လူကြီးလူကောင်းတို့ ပြစ်မှုမျိုးနဲ့ နှိုင်းယှဉ်လို့ အရ ဘူး တန်းတူသတ်မှတ်လို့ မရဘူး။ သူတို့ကျူးလွန်သည့်ပြစ်မှုက ရာဇဝတ် မှုမဟုတ်ဘူး။ ခန့်ခန့်ငြားငြားပြောရရင် တိုင်းပြည်နဲ့ လူမျိုးအတွက်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း သူ ယုံကြည်သည့် နိုင်ငံရေးလမ်းစဉ် မူဝါဒအတွက်သော်လည်းကောင်း မကြောက်မရွံ့ တိုက်ပွဲဝင်ရင်း ထောင်ကျသွားရတယ်''

ပန်းနဲ့ခေါင်းလိုပဲ၊ ကြည့်တဲ့ဘက်က မြင်နေရ၊ မှန်နေကြတာပဲ။ သူတို့ကျတော့ ခေတ်အဆက်ဆက်ထောင်ကျမှာတို့ အချုပ်ခံရမှာတို့ လုံးဝမစိုးရွံ့ဘူး။ မကြောက်ဘူး။ ဥပမာ သခင်တွေ၊ သခင်မကြီးတွေလိုမျိုး မျိုးချစ်အာဇာနည်တွေပေါ့။

သူတို့ကျတော့ သူတို့ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ နိုင်ငံအကျိုး အတွက်ထောင်ကျ၊ ထောင်ထွက်ဖြစ်ခံရပေမဲ့ သူတို့ကို သူတို့အချင်းချင်းလည်း ကြည်ညိုလေးစား ဂုဏ်ယူကြတယ်။ ပြည်သူလူထုကလည်း သူတို့ကို ရာဇဝတ်သားလို့ မမြင်ကြဘူး။ လေးစားဖွယ်ကောင်းသည့် စွန့်လွှတ်အနစ်နာခံသူများအဖြစ် ကြည်ညိုလေးစားတာလည်း ရှိကြတယ်။ ကာယကံရှင် ကိုယ်၌ကလည်း သူ့ဘဝကိုသူ ဘယ်လို စိတ်ပြတ်ဆင်းရဲ ဝတ်မွတ်နေပါစေ၊ ဂုဏ်ယူနေလျက်ပဲ။ အဲဒါ ယုံကြည်ချက် ပြစ်မှုသမားတွေရဲ့ မာနပဲ''

''ကျွန်တော်တို့ စာရေးဆရာ ဆိုပါစို့။ စာရေးဆရာ အတော်များများက ရာဇဝတ်ပြစ်မှုမျိုး ကျူးလွန်ခဲပါတယ်ဗျာ။ ရှိလှလည်း မပြောပလောက်ပါဘူး။ သို့သော် စာရေးဆရာဆိုသည့် လူတန်းစားက ဖတ်တယ်၊ တွေးတယ်၊ ရေးတယ်၊ ပြောမယ်၊ ဟောမယ်၊ ဆွေးနွေးမယ်။ သူကျတော့ ဘဝနှင့်ယှဉ်သည့် ယုံကြည်ချက်သမား၊ စာရေးဆရာ၊ သတင်းစာဆရာဆိုတာ မှန်တယ်လို့ ထင်သည့်ဘက်၊ တရားသည်လို့ ယူဆထားသည့်ဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်လေ့ရှိတယ်။ ခြစည်းရိုးခွထိုင်သည့် 'စုန်းပြူး'တို့ 'သာကူး' တို့ပါရင် အနည်းအကျဉ်းပဲ။

သည်တော့ သူကလည်း သူ့ယုံကြည်ချက်ကြောင့် အစွန်းရောက်တယ်ပဲပြောပြော၊ ပြစ်မှုကျူးလွန်တယ်ပဲပြောပြော၊ ယုံကြည်ချက်ကြောင့် ထောင်ထဲရောက်ရင် ဝမ်းမနည်းကြပါဘူး။ အဲဒီထဲမှာ ကျွန်တော်လည်း ပါတာပေါ့။ စာရေးဆရာ၊ သတင်းစာဆရာလူစားမျိုး၊ ထောင်ထဲ အချုပ်ထဲရောက်ရင် မျက်စိနဲ့ဦးနှောက်က အလကားမနေဘူး။ ရေးစရာကို ရှာတယ်။ နှိုက်နှိုက်ချွတ်ချွတ် လေ့လာတယ်။ မေးမြန်းစူးစမ်းတယ်။





ပြီးရင် ရင်နဲ့ခံစားတယ်။ ထောင်ကလွတ်တော့ သူ့အကြောင်းကိုရော၊ သူများအကြောင်းကိုရော အိတ်သွန်ဖာမှောက် မရှက်မကြောက် ရေးလိုက်တာပဲ။ ရေးရတဲ့ရည်ရွယ်ချက်က ရှိတယ်။ ထောင်ထဲကဘဝ၊ အချုပ်ထဲကဘဝ၊ ထောင်ကျသား၊ အချုပ်ကျသားတွေရဲ့ ပြစ်မှုကျူးလွန်ရခြင်းဘဝများအကြောင်းကို အကောင်းရော အဆိုးရော လူသားအားလုံး ဖတ်ရှုခံစား၊ နားလည်၊ ပြုပြင်၊ ဆင်ခြင်နိုင်အောင် အမိုက်ခံပြီး ရေးရတာပဲ။

ဝန်ကြီးချုပ်ဟောင်းဦးနုလည်း ဒီရည်ရွယ်ချက်နဲ့ ရေးတာပဲ။ လူထုဦးလှ၊ ကျော်မြသန်း၊ မောင်နေဝင်း၊ ဗန်းမော်တင်အောင်၊ ရွှေကူမေနှင်း၊ သာယာဝတီစမ်းစမ်းနွဲ့၊ မြသန်းတင့်၊ သခင်မြသန်း စသည့်စသည့် စာရေးဆရာများလည်းအားလုံး ခံစားနားလည်အောင် ရေးပြကြတာပဲ။

ကျွန်တော်တို့ကိုယ်တိုင် ရောက်ခဲ့တဲ့ ထောင်အတွေ့အကြုံများ၊ အချုပ်အတွေ့ အကြုံများရေးလို့ ဒီစာရေးဆရာထောင်ထွက်ပဲ။ ငါတို့အဖွဲ့ထဲ လက်မခံနဲ့။ ထုတ်ပယ်ပစ်ဆိုလည်းကြိုက်တဲ့ အချိန်ထုတ်ပစ်ပါ။ ဝမ်းနည်းပါဘူး။ ဒီစာရေးဆရာ ထောင်ထွက်နဲ့မပေါင်းနဲ့။ ဟုတ်ကဲ့ ... မပေါင်းချင် မပေါင်းပါနဲ့။

ကျွန်တော်တို့ကို ပေါင်းသင်းဆက်ဆံမည့်သူ၊ လေးစားရှိသေမည့်သူ မြန်မာပြည်မှာ အများကြီးပါဗျာ။ အခု ကျွန်တော်ရေးပြမည့် ဇာတ်လမ်းက ကျွန်တော် (...) အချုပ်ထဲမှာ ရှိနေတုန်းက ကိုယ်တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းပါ။ ဟိုး ... လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်တုန်းက ဖြစ်ရပ်ပေါ့ဗျာ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

၁၉၈၈ ခုနှစ်တုန်းက အရေးပေါ် အက်ဥပဒေ (ပုဒ်မ ၅ ည) နဲ့ ကျွန်တော်တို့ စာရေးဆရာက နှစ်ဦး၊ ဂီတသမား (၃) ဦး၊ ရှေ့နေလေးတစ်ဦး ဦးဦးဖျားဖျား အရေးယူခံလိုက်တယ်။

ပုဒ်မ (၅-ည) ဆိုတာ အတော့်ကို ကြောက်စရာကောင်းသည့် ပုဒ်မမှန်း နောက်မှသိရတာကိုး။ အင်္ဂလိပ်ခေတ် လွတ်လပ်ရေးခေတ်ဦးတုန်းကဆိုရင် ပုဒ်မ (၅) ဟာ ကြောက်စရာကောင်းသည့် ပုဒ်မလေး။

သည်မှာဘက်ခေတ်ကျတော့ ပုဒ်မ (၅-ည) က ရေပန်းအစားဆုံး ပုဒ်မပဲကိုး ခင်ဗျ။

ပထမကော့ ကျွန်တော်နဲ့ကိုခင်မောင်လေးကို သတ်ဖို့ ခေါ်ထုတ်သွားတယ်လို့ အချုပ်သားတွေက ထင်ပြီး လန့်သွလန့်၊ စိတ်မကောင်းသူ စိတ်မကောင်းဖြစ်ကြတာကိုး။

မနေ့ညက (၁၁) နာရီတုန်းက လုံခြုံရေးများစွာတို့က လက်နက်အစုံအလင်နဲ့ ကျွန်တော်အိပ်နေတုန်း အိမ်ကိုဝိုင်းလို့ ဖမ်းခေါ်လာ အချုပ်ခန်းထဲ ထည့်ထားကြတယ်။





ကျွန်တော်က မေးတယ်။

''ကျွန်တော့်ကို ဘာကိစ္စနဲ့ ဖမ်းခေါ်လာတာတုံး''

ဒီလိုမေးတော့ တာဝန်ရှိသူလို့ ယူဆရသူအရာရှိနဲ့ အရပ်ဝတ်အရပ်စား လွယ်အိတ်ကိုယ်စီနဲ့ ပုဂ္ဂိုလ်များက ဘာပြောမှတ်လို့တုံး''

''မေးစရာလေး ရှိလို့ပါ''

''မေးစရာရှိရင် ဒီမှာပဲမေးလေဗျာ။ ကြိုက်ရာမေး''

''ရုံးကျမှ ပြောပါဗျာ၊ ခဏလေးပါ''

ပြီး ... လွယ်အိတ်နဲ့ ပုဂ္ဂိုလ်က ကြောက်ရွံ့စိုးရိမ် မျက်နှာပျက်နေသည့် ကျွန်တော့်ဇနီးဘက်ကို လှည့်ပြီး ...

''ညီမလေး ... ခဏလေး ခေါ်သွားမှာနော်။ မကြာပါဘူးကွယ်၊ သိချင်တာလေး မေးပြီး ပြန်ပို့ပေးပါမယ်''

ဒီလိုနဲ့ အချုပ်ထဲရောက်ခဲ့တယ်။ အဘဦးချစ်သန်းမြင့်ကို တွေ့ရတယ်၊ ရှေ့နေ ကိုခင်မောင်လေးကိုလည်း အချုပ်ထဲမှာ မြင်လိုက်ရပြီး သဒ္ဒါတော့ ပေါက်လိုက်ပါပြီ။

မိုးမလင်းတလင်းမှာ လက်နက်ကိုင်တွေ ဂျစ်ကားတစ်စီး၊ အချုပ်ခန်းကျားခေါင်းဝကို လာဖင်ထိုးပြီး ကျွန်တော့်နာမည်ကို ခေါ်တယ်။

ပြီး ... မျက်နှာကို အဝတ်နဲ့ လုံသွားအောင် (ဘာကိုမှမမြင်ရအောင်)စည်းနှောင်ပြီး ဂျစ်ကားပေါ်မှာ လူပျောက်သွားအောင် သူတို့ရဲ့ ဒူးတွေနဲ့ဖုံးဖိပြီး ကားကို အပြင်းမောင်းလို့ ခေါ်ထုတ်သွားလေရဲ့။

အချိန်က ဝေလီဝေလင်း။

မိုးမှမလင်းသေးဘူး။

အချုပ်ထဲက လူတစ်ယောက် ...

အဲဒီလူက စာရေးဆရာ ...

မျက်နှာကို အဝတ်အုပ်ပြီး သေနတ်အများကြီးနဲ့ ချိန်ရွယ်ခေါ်သွားတာကို ဦးရေတစ်ရာနီးပါးရှိ အချုပ်သားများနဲ့ အခန်းလူကြီးက မြင်လိုက်ရရော။



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားကြတယ်။ အံ့သြသွားကြတယ်။ သူတို့တစ်သက်တာမှာ ဒီလိုထူးခြားမှုမျိုး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးကြတာဘူးကိုး။

မျက်နှာ အဝတ်အုပ်ခေါ်သွားခံရသည့် ကျွန်တော်လည်း ဘယ်နေရာမှာ ငါ့များ သေနတ်နဲ့ပစ်သတ် အဆုံးစီရင်မှာလိမ့်လို့ တွေးရင်း၊ အိမ်မှာကျန်ရစ်ခဲ့ကြတဲ့ မျက်ရည်စို့ရွဲ ဇနီးနဲ့ သမီး ရင်သွေး ဥမမည်ကလေးသုံးယောက်အရေး လှမ်းတွေးပြီး ရင်ထဲမှာ အလွန်တုန်လှုပ်သွားရလေရဲ့။

✿ ✿ ✿

| ၃ |

❑

တော်ပါသေးရဲ့။ သူတို့ကျွန်တော့်ကို မသတ်ပစ်ကြပါဘူး။ လုံမြုံချုရသည့် တစ်နေရာမှာ (၂၄) နာရီလုံးလုံး စစ်ဆေးသူများစွာတို့ အလှည့်စစ်ဆေးပြီး ကျွန်တော့်ရဲ့ လုပ်ခဲ့သမျှအလုပ်နဲ့ ထွက်ဆိုချက်များကို ရယူကြတယ်။

ပြီးတော့ ပြောကြသေးရဲ့။

ခဏလေးပါတဲ့။ မကြာခင် အိမ်ပြန်သွားရမှာပါတဲ့။

(ဟုတ်ကဲ့ ... သူတို့ပြောကြစဉ် 'ခဏလေး'ဆိုတာ၊ ကျွန်တော် အချုပ်နဲ့ထောင်မှာ (တစ်နှစ်) ကြာခဲ့ရကြောင်းပါခင်ဗျား)

နောက်ဆုံးတော့ ကျွန်တော်တို့ကို မြို့နယ်ရုံးမှာ တရားစွဲတယ်။ အခါ မြို့နယ်ရုံးကနေ တိုင်းတရားရုံးကို အဆင့်မြင့် လွှဲပြောင်းစစ်ဆေး အင်းစိန်ထောင်ကို ပြောင်းနေရတယ်။

အင်းစိန် အကျဉ်းထောင်ကနေ ရန်ကုန်တိုင်းတရားရုံးမှာ ရုံးထုတ်ဆေးခံရပြန်တယ်။

အဲဒီအချိန်တုန်းက ရုံးထုတ်နားခိုရာအချုပ်က ...



www.burmeseclassic.com

www.burmeseclassic.com



ဘားလမ်းအချုပ်ခေါ် အင်္ဂလိပ်ခေတ်တုန်းက နာမည်ကြီးခဲ့တဲ့ စထီး
ဝယ်အချုပ်ခန်းပဲပေါ့။

အင်းစိန်အကျဉ်းထောင်ကို မပြောင်းရွှေ့ခင် မြို့အချုပ်ထဲမှာ နေ
တုန်းက ပုဒ်မ (၅–ည) အကြောင်းသိတော့ နေ့များ လွတ်မှာလား၊ ညများ
လွတ်မှာလားလို့ အချင်းချင်း တိုးတိုးလေးမေးကြ ဖြေကြ။

တစ်နေ့လည်းကျတော့ ...

သုံးခွမြို့ ဦးထိန်ဝင်းဆိုတာ ကျွန်တော်တို့အချုပ်ထဲ ရောက်လာ
ပါရောဗျာ။ ကိုယ့်ဆရာက ပုဒ်မ (၅–ည)ရော၊ လက်နက်ပုဒ်မရော အဆ
အတွဲနဲ့ကို ပါလာဝင်လာတာ ခင်ဗျ။

နောင်အခါ သူ့အကြောင်းကို ကျွန်တော်တို့ အံ့ဩလေးစား
သိလိုက်ရပါရောဗျို့ ...။

သူကလည်း အလကားလူမှ မဟုတ်ဘဲကိုးဗျ။

ဟိုး ... ပြီးခဲ့သည့် ပါတီခေတ်ဦးတို့က ပုဒ်မ (၅) နဲ့ အဖမ်းခံရ
စာရေးဆရာ ဆရာမြသန်းတင့်တို့ နိုင်ငံရေးသမားများနှင့်အတူ ကိုကိုးကျွ
အပို့ခံရတဲ့ ယုံကြည်ချက်သမားတစ်ဦး ဖြစ်နေတာကိုး ...။

~~"ကိုမှိုင်းတို့က ဘာပုဒ်မတုံး"~~

"ဩော် ... ပုဒ်မ (၅–ည)တဲ့ ... ဦးထိန်ဝင်းရဲ့"

"ပုဒ်မ (၅–ည)ရဲ့ အဓိပ္ပာယ်လေးသိရင် ပြောပြစမ်းပါဗျာ။ ဘ
နေ့လွတ်နိုင်သတုန်းဗျ"

"ဒီလိုရှိတယ် ... ကိုမှိုင်းရဲ့၊ အရေးပေါ် အက်ဥပဒေပဲဗျ။ ငြိမ်
လုံခြုံရေးအတွက် ဖမ်းဆီးထိန်းသိမ်းတဲ့ ပုဒ်မခေါ်တာပေါ့ဗျာ။ ပုဒ်မ (၅
ည) ရဲ့ အနေအထားက ဖမ်းပြီးမကြာဘူး။ လွတ်ချင်လည်း လွတ်
တယ်"

"ဟုတ်လား"

"နားထောင်ဦးဗျ ... မပြီးသေးဘူး။ မလွတ်ချင်ဘူးဆိုရင်လည်း
ရတယ်။ နှစ်အကန့်အသတ်မရှိ ချုပ်နှောင်ထားလို့ရတယ်"

"ဟင် ..."





"ဗျာ ..."

"အလိုလေး ... လေး ..."

"တစ်ခါ ပုဒ်မ (၅–ည) နဲ့ ပြစ်ဒဏ်စီရင်မယ်ဆိုရင်လည်း အနည်း
ဆုံး ထောင်ဒဏ် (၇) လကနေ (၇) နှစ်အထိ ပြစ်ဒဏ်စီရင်လို့ရတယ်"

"ဘုရား ... ဘုရား ..."

"တယ်ကြောက်စရာကောင်းတဲ့ ပုဒ်မပါလားဗျာ ... ဟင်"

"အေးပေါ့ ... ဒီပုဒ်မနဲ့ အကျုံးဝင်အောင်လုပ်ခဲ့ကြတော့ ခံရမှာ
ပေါ့ဗျာ။ ဟား ... ဟား ... ဟား ..."

"ဒါဆို ... ကျွန် ... ကျွန် ... တော်တို့ ... ထောင် ...
ထောင်ကျမှာလားဟင် ဦးထိန်ဝင်း"

"ကျွန်တော် သိရသလောက်တော့ ပုဒ်မ (၅–ည) က လွတ်ခဲတယ်။
အနည်းနှင့်အများတော့ ခင်ဗျားတို့ ပြစ်ဒဏ်ကျမှာပဲ"

"ဟူး ..."

"တောက် ..."

"ကွာ ... ဟွန်း"

ကြားရချက်ကြောင့် စိတ်ဓာတ်ကျသွားတယ်။ အေးလေ ... ဘယ်
သူ့ မိမိအမှုပဲဥစ္စာ၊ ကံ ကံ၏အကျိုးပဲ။ ကိုယ်လုပ်ခဲ့တော့ ကိုယ်ခံရမှာ

ကိုယ်လုပ်သည့်အလုပ် ကိုယ့်ဘက်က အမှန်လို့ မြင်ခဲ့ပေမဲ့ တရား
ဘက်ကကြည့်တော့ အမှားဖြစ်နေသကိုး။ ဖြစ်လာမှတော့ ပြစ်မှု
ကို ရွေးနဲ့ဆပ်ရုံပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

သို့သော် ... သို့သော် ... ကျွန်တော်တို့ ပုဒ်မ (၅-ည) ဇ
လေးစားအားကိုးသူများအား မကြာခင် ကျွန်တော်တို့ ကိုယ်တွေ့ကြုံခဲ့
တယ်။

ပထမဦးဆုံး အချုပ်ထဲသို့ စဝင်မည့်ညမှာပင် အချုပ်ရဲ့ပုံစံ
စတင်ခံစားရလေ၏။

အချုပ်ထဲ မဝင်ဖူး၊ မရောက်ဖူးတော့ အချုပ်ပုံစံဆိုတာ ဘာမှ
မသိ။ အခန်းလူကြီးဆိုသူကလည်း လက်သံပြောင်၏။ လူပုံက နှုတ်ခမ်း
နှင့် ရုပ်ရှင်မင်းသား လင်းထင်ဂိုက်မျိုးဖြစ်၏။ ခန္ဓာကိုယ်တစ်ကိုယ်လုံး
မှာ ဆေးမင်ကြောင်အရုပ်များ အနှံ့ထိုးထားပြီး အင်္ကျီချွတ်နှင့်ရှိနေ၍
အရုပ်၊ သူ့လေ၊ သူ့ဟန်ပန်ကို ကြည့်ရမြင်ရရုံနှင့် ခပ်ကြမ်းကြမ်းသမား
တာ သဘောပေါက်ရသည်။

အချုပ်ပုံစံထိုင်ရသည်ဆိုသည်မှာ တင်ပျဉ်ခွေ၊ ရင်ကော့ပြီး လ
နှစ်ဖက်ကို ဒူးနှစ်လုံးပေါ်မှောက်တင် ဆန့်တန်းထားရသည်။ ပြီး ဟိုး
တည့်တည့် (သို့) အခန်းလူကြီးရဲ့ မျက်နှာကို ကြည့်နေရသည်။ ပုံစံ





သေးလျှင် ခြေနှင့်ဆောင့်ကန်၊ နားရင်းအုပ်၍ ရင်ကော့၊ ခေါင်းမတ်၊ လက်
ဆန့် စသည် ပြုပြင်ခိုင်းသည်။

သည့်နောက် မေးခွန်းများကို ရဲအလျှင် သူတို့ကမေး၏။

''အမည် ...''

''ကိုညီမှိုင်းပါ''

''နောက်ကို နာမည်ကို ကိုညီမှိုင်းမပြောနဲ့။ ညီမှိုင်းလို့ပြော။ နား
လည်လား''

''ဟုတ်ကဲ့''

''အဘအမည်''

''သာဟန်''

''ဒီမှာ အဘအမည်မေးရင် ဦးသာဟန်လို့ပြော''

''ဟုတ်ကဲ့''

''နေရပ်လိပ်စာ ... ရှိလား။ ရှိရင် 'ရှိ'၊ မရှိရင် 'မရှိ'ပြော''

''ရှိ''

''ပြော''

''အမှတ် ........(...)၊ ...မြို့''

''ဘာအမှုလည်း''

''မသိပါဘူး။ အိပ်ရာထဲက ခေါ်လာလို့ ရောက်လာတာပါ''

သည့်နောက် သူက ကျန်လူ (၅) ဦးကိုလည်း သို့ကလို မေးမြန်း
သည်။ ၎င်းနောက် အချုပ်ခန်းထဲမှာ နေရမည့် နေနည်း ထိုင်နည်းများကို
သင်ပေးသည်။

''ကိုညီမှိုင်းကို ကျွန်တော်သိပါတယ်''

''ဩော် ...''

အခန်းလူကြီးက ကျွန်တော့်ကို သိသည်ဆို၍ ဝမ်းသာရမည်လို
ဖြစ်သွားရ၏။ ဘာလို့လဲဆိုတော့ အချုပ်တို့ ထောင်တို့ဆိုတာ လူကြမ်းလူ
ခမ်းတွေရှိသည့်နေရာ မဟုတ်လား။ အသိအကျွမ်း လူရင်းအပိုင်းသားရှိ
လျှင် အနေအစားမချောင်ဟု ဖတ်ရှုကြားရသကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညိုမှိုင်းညီ ကိုတာရုတ်ကြီးနဲ့ ကျွန်တော်နဲ့ ရင်းနှီးတယ်"

"ဟုတ်ကဲ့"

"နောက်ပြီး ကိုညိုမှိုင်းရဲ့ စင်တင်ပြဇာတ်တွေကို ကျွန်တော် ကြည့်ဖူးတယ်။ 'ဝေဖန်ရင် သေဒဏ်'ပြဇာတ် 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်' တို့ 'သိပ်မိုက်တဲ့ကောင် လက်ညှိုးထောင်' တို့ကို ကြည့်ဖူးတယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဝမ်းသာပါတယ်ဗျာ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီအထဲကို ရောက်လာပြီးရင် ပြန်ထွက်ဖို့ မလွယ်ဘူး။ ရင်ဆိုင်ကြပေါ့။ ကျွန်တော်တို့လည်း ခင်ဗျားတို့ကို တတ်နိုင်သမျှ ကြည့်ပါမယ်နော်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အခန်းလူကြီးနာမည်က ကိုးမောင်းဟု ခေါ်၏။ ကိုကိုးမောင်းသည် ကျွန်တော့်ကို ပုဒ်မ (၅–ည) စာရေးဆရာနှင့် ဂီတသမားများအပေါ်လေးလေးစားစား ကြည့်ရှုဆက်ဆံပါသော်လည်း . . .

ကျန် သူခိုးပုဒ်မ၊ ဓားပြပုဒ်မ၊ လုယက်မှု၊ လူသတ်မှု စသည်နှင့် ဝင်လာသူများကိုမူ ရောက်သည်နှင့် ဆော်ပလော်တီး၏။ နောက်ပါတို့နှင့် ဝိုင်းဗျင်း၏။

"မင်းက ငါ လူသတ်လာတာဆိုပြီး . . . ဒီအထဲမှာ ကျယ်ချင်လို့ မရဘူး။ ဗိုလ်လုပ်ချင်၊ ခေါင်းဆောင်လုပ်ချင်လို့ မရဘူး။ မှတ်ထား။ ကိုးမောင်းဆိုတာ ငါပဲ"

သူတို့အုပ်စုနှင့် တွေ့လျှင် ဘယ်လိုရာဇဝတ်သားဖြစ်ဖြစ် ငြိမ်သွား၏။ ကျွန်တော်သည် စာရေးဆရာ ကျော်မြသန်းရေးသည့် . . .

'သာယာဝတီထောင်မှ ငရဲခန်းများ' အမည်ရှိ ထောင်ဝတ္ထုကို ဖတ်ဖူးပါသည်။ လွတ်လပ်ရေးခေတ်ဦးတုန်းက နိုင်ငံရေးအကျဉ်းသား အချုပ်သားများ ကွန်မြူနစ်အချုပ်သားများကို သာယာဝတီအကျဉ်းထောင်မှာ သိမ်းသွင်းချုပ်ထားပြီး ထောင်ကျလူမိုက်လူသွမ်းများနှင့် ကျကျနန စနစ်တကျ အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းပုံအကြောင်း ရေးထားသည့် ဖြစ်ရပ်မှန်စာအုပ်ကို ဖတ်ပြီး . . .





ဩော် . . . ဒါက လွတ်လပ်ရေးခေတ်ဦးကပဲ ဖြစ်တာရှိတာပါ။ ခေတ်ပြောင်းသွားရင် အချုပ်တို့၊ ထောင်တို့မှာ ဒီလိုအနိုင်ကျင့်တာမျိုး ရှိမှာ မဟုတ်ပါဘူးဟု ယူဆခဲ့ဖူး၏။

သို့သော် ပါစင်အောင် လွဲ၏။

အချုပ်ထဲမှာ ဒီလို အနိုင်ကျင့်မှုမျိုးတွေ ရှိနေသေး၏။

မှတ်ချက် ။ ။ မယုံမရှိပါနှင့်၊ ကြိုက်ရာအချုပ်ခန်းကို ဝင်ရောက်နေထိုင် လေ့လာကြည့်ပါ။ ခေတ်ပြောင်းသွားပါသော်လည်း လုပ်မုံကိုင်ပုံ မပြောင်းသေးသည့် အချုပ်များ အချို့ရှိပါသေးသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာရသည့် တရားခံအချုပ်သား အချုပ်သူများဘဝ စိတ်ဆင်းရဲမှု မဖြစ်ရအောင် ကွပ်ကွပ်ညှပ်ညှပ်ကိုင်တွယ် ပြုပြင်သင့်ပါကြောင်း အကြံပြုရေးသားရပါသည်ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

ဒီလိုနှင့် ကျွန်တော်တို့ အင်းစိန်အကျဉ်းထောင်ကို ပြောင်းရွှေ့ခဲ့ တယ်။

အင်းစိန်အကျဉ်းထောင်ကို ကျွန်တော်တို့ ပုဒ်မ(၅-ည)များ ပြောင်း ရမည်ဆိုတော့ မြို့အချုပ်ခန်းထဲမှ ကျန်ရစ်ခဲ့ကြသည့် အချုပ်သားအချို့ စိတ်မကောင်းကြဘူး။

ဘာလို့ စိတ်မကောင်းရတာလဲဆိုတော့ ...။

မြို့အချုပ်ထဲမှာ ကျွန်တော်တို့က ရာဇဝတ်မှုသားမဟုတ်ဘူး။ ကျွန် တော်တို့က ယုံကြည်ချက်ပြစ်မှုသားဆိုတော့ ...

ကျွန်တော်တို့ နေ့စဉ်ပြုမူ ပြောဆိုကြသည့် အပြုအမူနဲ့ ရာဇဝတ် မျိုးစုံကျူးလွန်ပြီး ရောက်ရှိနေသည့် အခန်းလူကြီးအပါအဝင် သူတို့နော် လိုက် ကပ်တီးမှုးလဲတွေနဲ့က စရိုက်ချင်းမတူဘူးလေ။

တစ်ခါတစ်ရံမှာ အခန်းလူကြီးလုပ်သူက ထိုးကြိတ်ကန်ကျောက် အနိုင်အထက် ပြုနေတာမျိုးရှိရင် ကျွန်တော်တို့ ပုဒ်မ (၅-ည) များ ဝင်ရောက်ဖျောင်းဖျပေးရတယ်။





အဲဒီလို မေတ္တာရပ်ခံဖျောင်းဖျရင် အခန်းလူကြီးလုပ်သူက ...

"မင်းတို့ ဒီစာရေးဆရာ (၅-ည) တွေကြောင့် သက်သာသွားတာ နော်။ နို့မို့ သွေးအတော်လိုက် အန်သွားမယ်။ သိလား"

အဲဒီလို ပါးစပ်က ကြိမ်းဝါးပြီး ကျွန်တော်တို့အလိုကို လိုက်နာသည့် အချုပ်ခန်းလူကြီးမျိုးလည်း ရှိပါတယ်။

တစ်ခါတစ်ခါကျရင်တော့ ပိုပိုသာသာ ကြိမ်းဝါးတယ်။

"မင်းတို့အဘ ချစ်သန်းမြင့်တို့၊ ဆရာညီမှိုင်းတို့ မရှိတဲ့အချိန်ကျ ရင် အားလုံး ဘုရား၊ တရား၊ သံဃာ တထားကြားလား"

ခု ... ကျွန်တော်တို့ အင်းစိန်အကျဉ်းထောင်ကို ပြောင်းရတော့ ဆိုက်နှက်မှု ခိုးမှု၊ ရန်ဖြစ် ရိုက်နှက်မှု အမှုသေးများနှင့် အချုပ်ထဲရောက် နေကြသည့် ဟိုရွာဒီရွာများက လူငယ်လူကြီး တရားခံအချုပ်သားတို့ မျက်နှာ ညှိုးသွားကြတယ်။ မျက်ရည်စို့သွားကြတယ်။

အကြောင်းရှိ၊ အရေးရှိ၊ ငါတို့ဘက်က ဖေးဖေးမမ လိုက်ပေး ဆုံးမပေးဆုံးမမည့် မှန်မှန်ကန်ကန် မျှမျှတတ လူပုဂ္ဂိုလ်အချုပ်သားတွေ ရှိတော့ပါလားဆိုတဲ့ အသိနဲ့ပေါ့။

ထောင်ပြောင်းရမည့်နေ့ကျတော့ အဘချစ်သန်းမြင့်က အားလုံးကို အခန်းစီပုံစံထိုင်စေပြီး နှုတ်ဆက်ဆုံးမစကားပြောတယ်။

"ငါ့ညီတို့၊ ငါ့တူတို့၊ ငါ့အစ်ကိုတို့ ... မင်းတို့ငါတို့အားလုံးဟာ ကိုယ်ပြုသည့်ကံမှုရဲ့ တုံ့ပြန်ချက်ကို ကိုယ်ခံစားနေရတာပါပဲ။ ဘယ်သူမပြု မိမှုလို့ ခေါ်တာပေါ့။ ဘာသာရေးအမြင်ရှုထောင့်နဲ့ပြောရရင် ဟိုးဘဝတုန်း က ဘဝဝဋ်ကြွေးပါခဲ့လို့ ခုဘဝမှာ ကြေအောင်ဆပ်တာ အကောင်းဆုံးပါပဲ။ မင်းတို့ငါတို့ ဒီအချုပ်ထဲမှာ ဘဝတူများပီပီ ကောင်းတူဆိုးဘက်နေနေရတယ်။ အခုငါတို့ ထောင်ကို ပြောင်းရတော့မယ်။ မင်းတို့ကို ဟိုအလျှင်နေ့များကို ပြန်ပြီး ဆိုဆုံးမ၊ အနီးကပ် အားပေးစကားပြောလို့ မရတော့ဘူး။ အချင်းချင်း ညီအစ်ကိုလို ပြုစုစောင့်ရှောက်ကြပါ။ ချစ်ချစ်ခင်ခင်နေပေါ့။ ကြီးနိုင် ငယ်ညှဉ်း မလုပ်ကြပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမှုအကြောင်း ကိုယ်တွေးပြီး အကုသိုလ်အမှုများ လျော့ပါး စေဖို့ ရတနာသုံးပါး အနန္တောအနန္တငါးပါးကို အာရုံပြုပါ။ ပုတီးစိပ်ပါ၊ မေတ္တာ ပို့ပါ။ မင်းတို့ငါတို့ လွတ်လပ်တဲ့ ပြင်ပမှာ ပြန်ဆုံရင်လည်း ကောင်းမွန်သော ပြန်ဆုံခြင်းနဲ့ ပြန်ဆုံကြစို့လို့ ပြောခဲ့ပါရစေ။ ငါ့ညီများ အစ်ကိုများတို့"

အဘချစ်သန်းမြင့်ရဲ့ တုန်ရီလှိုက်လှဲ စကားဆုံးတော့ ...

အချုပ်ခန်းနှစ်ခန်းက အချုပ်သားရာကျော်တို့က အဘချစ်အပါ အဝင် ကျွန်တော်တို့အားလုံးကို လက်အုပ်ချီ ရှိခိုးကန်တော့ကြတယ်။

သူတို့ပါးပြင်မှာလည်း မျက်ရည်စတွေ စိုစွတ်လို့ ...

ကျွန်တော်တို့ မျက်ဝန်းအိမ်မှာလည်း မျက်ရည်စတွေ ယိုးလေ လို့ပါပဲလေ။

✿ ✿ ✿

| ၆ |

□

ကျွန်တော်တို့ အင်းစိန်အကျဉ်းထောင် တိုက်ထဲမှာ အတန်ကြာနေ ပြီး တိုင်းတရားရုံးများ အမှုကိုရင်ဆိုင်ရတယ်။ အမေရယ်၊ ဖနီးမခင်စန်း နဲ့ ညီမောင်စံကြည် (ကွယ်လွန်) တို့၊ အစ်မကြီးတို့က မိုးရာသီကာလကြီး ကုန် – ပဲခူးမြစ် လှိုင်းလေထန်ထန်ကို ကြုံရာရရာသင်္ဘောနဲ့ အချိန်မီ ရောက်အောင် ကူးလာစီးလာရတယ်။ အန္တရာယ်များလိုက်ပါဘိဗျာ။

ရုံးချိန်တွေမှာ တရားရုံးပလက်ဖောင်းမှာ အိမ်သူယူလာတဲ့ ရသာရှိ ဟင်းဟင်းများကို အားရပါးရစားရတယ်။ ရှေ့နေကြီးက ရလိုရငြား အာမခံ တက်တယ်။

တရားသူကြီးက သူ့ထုံးစံအတိုင်း အာမခံကို နောက်အပတ်အမှု မှာ စဉ်းစားပေးပါမယ်လို့ ပြောတာ အပတ်တိုင်းပါပဲ။

ဒီလိုနဲ့ ညနေ (၃/၃၀) နာရီရောက်ရင် အင်းစိန်ထောင်ပြန် အချုပ် ယာဉ် ပေါ် အားလုံးစုပြုံတက်။ တစ်ပေမရှိတရှိ အချုပ်ကား ပြတင်းပေါက်က မိဘ၊ ဖနီး၊ သားသမီး၊ ညီအစ်ကို မောင်နှမများကို အသံပြုနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မိသားစုက မျက်ရည်ရွဲရွဲနဲ့ မြို့လေးကိုပြန်၊ ကျွန်တော်တို့က ဝမ်းနည်းဆို့နင့်နဲ့ အင်းစိန်ထောင်ကို ပြန်ပေါ့။

ဒီလိုနဲ့ တစ်နှစ်နီးပါး တိုင်းတရားရုံးမှာ စစ်ဆေးလို့ပြီးရော။ ဝမ်းသာစရာ စကားတစ်ခွန်းကို တရားသူကြီးက အမိန့်ချပါရော ခင်ဗျ။

ကျွန်တော်တို့ ပုဒ်မ (၅-ည) အမှုကို တိုင်းတရားရုံးကနေ မြို့နယ်တရားရုံးကို ပြန်ချပေးလိုက်ပါပြီတဲ့။

အို ... ဝမ်းသာလိုက်ကြတာ ကသူ က၊ ခုန်သူ ခုန်၊ ရယ်သူ ရယ်နဲ့ ပျော်လိုက်ကြတာ။ လွတ်တာ မဟုတ်သေးဘူးနော်။

အဆင့်လျှော့ချပေးလိုက်တာ။ မိသားစုလည်း ပျော်ရတာပေါ့။ ကိုယ့်မြို့မှာဆို အိမ်က ထမင်း နေ့တိုင်းပို့လို့ရတယ်။ ညှော်သည်တွေ နေ့တိုင်းတွေ့ချင်တွေ့လို့ရတယ်။

အင်းစိန်ထောင်မှာက တစ်ပတ်တစ်ခါပဲ ညှော်သည်တွေ့လို့ရတယ်။ တစ်ခါတွေ့ တစ်ယောက်ပဲ။ စကားပြောခွင့်က ငါးမိနစ်ပဲရတယ်။ လာရသူ့တာ အဝေးကြီး။

(ဩော် ... အဝေးကြီးလို့ ကိုယ့်လူများကသာ ဆိုကြတာ။ အ မြစ်ကြီးနားထောင်၊ ကသာထောင်တို့ အဝေးကြီးမှာ အပို့ခံရသူများဆို တစ် တစ်ကြိမ်တောင် မတွေ့နိုင်ကြဘူးလေ)

ဒီနေ့ ချက်ချင်းပါပဲ။ ကျွန်တော်တို့ (၆) ဦး ကိုယ့်မြို့အချုပ် ကို ပြန်ရောက်ခဲ့ရတယ်။

အချုပ်ထဲလည်းရောက်ရော အခန်းလူကြီးအသစ်က ကျွန်တော် တို့ အင်းစိန်ပြန်များကို ပုံစံထိုင်ခိုင်းလေရဲ့။

ပုံစံထိုင်ခိုင်းပြီး မေးခွန်းများမေးပါရော ...။

ကျွန်တော်တို့ အင်းစိန်ပြန် (၆) ယောက်ကို စစ်ဆေးမေးမြန်း တဲ့ အချုပ်ခန်းလူကြီးရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်း ကြည့်ကြပါဦး၊

ဆံပင်က ဘုတ်သိုက်နဲ့ အသားမည်းမည်း။ ဂင်တိုတို၊ နှုတ်ခမ်း မွေးက ထူထူကဲကဲ၊ အိုက်လို့နဲ့တူပါရဲ့။ ခန္ဓာကိုယ်ပေါ်မှာ အကျႌမပါ၊ ချေးကံ လက်လေးသစ်နဲ့။





ညာလက်ဖျံပေါ်မှာ ဆေးမင်ကြောင်တစ်ခု ရေးထိုးထားတာကို မြင်ရတယ်။

'ရိုင်ဖယ်ကို အာခံရဲတယ်' တဲ့။

အင်း ... ရိုင်ဖယ်ကို အာခံရဲတယ်ဆိုတော့ မဟုတ်မှလွဲရော အတော်မိုက်မည့်ပုံပါပဲ။

ထုံးစံအတိုင်းပေါ့ဗျာ။ အခန်းလူကြီးဆိုတော့ ကျွန်တော်တို့ အင်းစိန်ပြန်တွေကို ပုံစံထိုင်ခိုင်းပြီး မေးတာပေါ့။

နောက်ဆုံးမေးခွန်းက ...

"ဘာပုဒ်မလဲ"

"(၅-ည) ပါ"

"(၅-ည)ဆိုတာ ဘာတုံး"

ကိုယ့်လူက ပုဒ်မ (၅-ည)ရဲ့ အဓိပ္ပာယ်ကိုတောင် မသိဘဲနဲ့ အခန်းလူကြီးလုပ်နေတာကိုး။ ဒါနဲ့ ပုဒ်မ (၅-ည) အရေးယူရမည့်အကြောင်းကို ရှင်းပြလိုက်တော့မှ သူ သဘောပေါက်သွားပုံရတယ်။

သဘောပေါက်သွားမှ သူက မာထန်ထန်နဲ့ ပြောလိုက်တယ်။

"ကိုယ့်လူတို့ ... ငါတိုပက အင်းစိန်ထောင်ကနေ ပြန်လာတာ။ အချုပ်ကို ဂရုမစိုက်ဘူးဆိုတဲ့ ဂိုက်မျိုးမချိုးနဲ့။ ချိုးရင် ရှိသမျှ နံရိုးအားလုံး ကျိုးသွားမယ်။ ကြားလား"

"ဟုတ် ..."

"လျှော့ထား၊ ဘာပြောချင်သေးလဲ"

"မရှိ ..."

"သွား ... အိပ်လို့ရတဲ့ နေရာမှာ နေရာသွားယူ"

တော်ပါသေးရဲ့ဗျာ။ ကျွန်တော်တို့ အင်းစိန်ပြောင်းခါနီးတုန်းက ရှိခဲ့တဲ့ အချုပ်သားလူရင်း အချို့က ...

"ဆရာတို့ ... ဒီနားကိုလာ"

"အဘချစ် ... ဒီမှာနေ"

"ဆရာမှိုင်း ... ဒီနေရာမှာ ယူထား"



www.burmeseclassic.com

www.burmeseclassic.com



အသိလူရင်း အချို့က ရိုရိုသေသေ လေးလေးစားစား ဝိုင်းကူနေရာ ပေးကြလို့ သင့်တင့်တဲ့ နေရာလေးမှာ ကျောချခွင့်ရခဲ့ရတယ်။

မကြာပါဘူးဗျာ။

အခန်းလူကြီး ရိုင်ဖယ်ဆိုတဲ့လူရဲ့ အကြောင်းကို သိရတော့တာပဲ။ ဒီကောင်က အပြင်မှာတုန်းက ကြီးကြီးကျယ်ကျယ် လူမိုက်မဟုတ်ပါဘူးတဲ့။ အရက်ဝိုင်းမှာ ရန်ဖြစ်၊ ကြုံရာကို လစ်ရင်ခိုး၊ ဒီလိုကောင်။

အရပ်ထဲမှာ စွာကျယ်ကျယ်။

စစ်အစိုးရ တာဝန်ယူချိန်မှာ ဒီကောင်က အကြောင်းမသိတော့ စွာကျယ်စွာကျယ်လုပ်တယ်။ လက်ဖျံပေါ်မှာလည်း ရိုင်ဖယ်ကို အနိုင်တုရဲတယ်ဆိုတဲ့ စာတန်းနဲ့ ...

နောက်ဆုံး ပြဿနာတစ်ခုကြောင့် ရဲလိုက်ဖမ်းတော့ လှေတစ်စင်းနဲ့ ပဲခူးမြစ်ကိုဖြတ်ပြီး မြစ်တစ်ဖက်ကမ်း ဆိပ်ကမ်းမြို့နယ်ဘက်ကို ကူးပြေးရာ ...

ရဲကလည်း သေနတ်နဲ့ လှမ်းခြောက်ပစ်ပြီး အဖမ်းခံဖို့ လှမ်းပြောတယ်။ မရဘူး။ လှေကို တအားလှော်ပြေးတယ်။ အမှန်က ရဲအဖွဲ့က ညာလိုက်တာ။ တကယ်ပစ်ရင် ပွဲချင်းပြီးသေတယ်။

အဲဒါ သူက သူ့ကိုယ်သူ ရိုင်ဖယ်ကျည်လွဲတယ်လို့ ထင်နေတာလေ။ နောက်ဆုံး ဆိပ်ကမ်းမြို့နယ်က ရပ်ကွက်ငြိမ်ဝပ်ပိပြားရေးအဖွဲ့က သင်းကိုမိသွားလို့ စစ်ဆေးပြီးနောက် သည်မြို့နယ်က ငြိမ်ဝပ်ပိပြားရေးအဖွဲ့ကို အကြောင်းကြားရော ...

ငနဲသား ထိတော့တာပဲ။

"မင်းလားကွ၊ ရိုင်ဖယ်ကို အနိုင်တုရဲတယ်ဆိုတာ၊ ကိုင်းဟာ ..."

"ရဲအဖွဲ့ဝင်တွေကို မထော်တရော်လုပ်ပြတာ မင်းလား"

"အမလေးဗျ ..."

"သေပဟ ..."

"ဘုန်း ... ဖွပ် ..."





သူ အနိုင်တုရဲတဲ့ ရိုင်ဖယ်ဒင်နဲ့ ငြိမ်ဝပ်ပိပြားရေးအဖွဲ့က ဝိုင်းပုံစံပေးလိုက်တာ။ မျက်ရည်ဖြိုင်ဖြိုင်ကျရောတဲ့။ စစ်သားတပ်ကြပ်ကြီးတစ်ဦးက သူ့လက်နှစ်ဖက်ပေါ် ရိုင်ဖယ်ကို အနိုင်တုရဲတယ်ဆိုတဲ့ စာတမ်းအရေပြားပါ လှီးပစ်မယ်လို့ ဓားမြှောင်ထုတ်ပြရော။

ငိုယိုပြီး ခြေသလုံးဖက် တောင်းပန်လိုက်တာ ချီးရော သေးရော ထွက်ကရောတဲ့။

အခု အဲဒီအကောင်က အချုပ်ထဲ အခန်းလူကြီး လာဖြစ်နေတယ်။ အလျင်လူကြီးတွေ ထောင်ကျသွားလို့ စွာစွာကျယ်ကျယ်သူက အပိုင်သား အင်အားနဲ့ အခန်းလူကြီးလုပ်သတဲ့။

အခန်းလူကြီးဖြစ်တဲ့နေ့က စပြီး ချုတ်၊ ခွာ၊ ရိုက်၊ နှက် အနိုင်ကျင့်လုပ်စားတော့တာပဲ။ ကြောက်တော့လည်း ဘယ်သူမှ မပြောရဲ မတိုင်ရဲဘူးပေါ့။

❦

အခု ကျွန်တော်တို့ အင်းစိန်ကနေ ဒီမြို့အချုပ်ကို ပြန်ရောက်ပြီး တိုင်းတရားရုံးအဆင့်ကနေ မြို့နယ်တရားရုံးမှာ အမှုရင်ဆိုင်ရသည့် အခြေအနေကို ရောက်လာပါပြီ။

အင်းစိန်ထောင်မှာ တိုက်စုံအောင်လည်း နေခဲ့ဖူးပြီးပြီ။

နောက်ဆုံး အဆောင်နံပါတ် (၇) ကနေ ဒီကို ပြန်ရောက်လာခဲ့တာ။ အဲဒီလိုလူတွေကို ရိုင်ဖယ်ဆိုတဲ့ကောင်က လေးစားရမှန်း၊ အလေးထားရမှန်း နားမလည်ဘူး။ ရိုင်းရိုင်းပျပျ ဆက်ဆံနေတယ်။

တစ်နေ့လည်းကျရော အချုပ်ခန်းထဲမှ ပြဿနာပေါ်ပါရော။

လူသစ်တစ်ဦး ဝင်လာတယ်။

ပုံစံထိုင်ခိုင်းတယ်။ ပုံစံထိုင်တာ ထောင့်မကျိုးကောင်းလားဆိုပြီး လူသစ်အချုပ်သားကို ရိုင်ဖယ်ရယ်၊ သူ့လူအချုပ်သားနှစ်ဦးရယ်က ဝိုင်းဗျင်းတန်ကျောက်ပါလေရော။

သုံးယောက်ထိုးကြိတ်ကန်ကြောက်သည့် ဘေးမှာ လူသစ်လေလည်း ခံနေရတယ်။ နာလွန်းအားကြီးတော့ လူသစ်အချုပ်သားက မခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ရွှေတောင်မှ ချောင်ပိတ်ရိုက်ရင်း နောက်ဆုံး မခံနိုင်တော့ သူ့အသက်အတွက် ပြန်ရုန်းမှုသေးတာ ဥစ္စာ။

နာလွန်းတော့ လူသစ်က မခံဘူး။ ပါးစပ်ကနေ 'ကျား'လို့ တစ်ချက် အော်ဟစ်ကြုံးဝါးရင်း ဒူးပျံ၊ လက်သီး၊ တံတောင်၊ ခြေဖျား စသည်တို့နဲ့ ဖယ်ဆက်သလို ပြန်ခုခံတိုက်ခိုက်လိုက်တာ ...

အခန်းလူကြီး ရိုင်ဖယ်နဲ့ သူ့နောက်လိုက် အပိုင်သားနှစ်ဦး 'အား'၊ 'အင့်'၊ 'အုံ'၊ 'အမလေး သေပါပြီဗျ' အော်ပြီး ဝုန်းဒိုင်းကြဲလဲကွဲကုန်ပါရော။

လက်စသတ်တော့ လူသစ်အချုပ်သားက သိုင်းဗန်တိုသမားကိုး။ သုံးယောက်စလုံးကို သိုင်းဗန်တိုပညာနဲ့ ပြန်ချတာ။

ရဲအဖွဲ့ဝင်တွေက အချုပ်ခန်းတံခါးဖွင့်ပြီး ဝင်လာရိုက်နှက် ဖျန်ဖြေကြလို့ပေါ့ဗျာ။ နို့မို့ ... ရိုင်ဖယ်တို့သုံးယောက် သေသွားနိုင်တယ်။

သင်းတို့သုံးယောက် ကွဲပြဲဖူးရောင်ကုန်လို့ မြို့ဆေးရုံကို အပြန်ပို့ပေးရတယ်။ ဒီမှာ ရဲက လူသစ်အချုပ်သားကို မေးရော ...

''ပျံလွှား ...''

''ဗျာ ... ဆရာ''

''မင်းက အခုပဲ အချုပ်ထဲကို ဝင်တယ်။ ခုချက်ချင်းပဲ အချုပ်ခန်းကို ဆူပူအောင် လုပ်ရောလား''

''ကျွန်တော် မလုပ်ချင်ပါဘူး ဆရာ''

''မလုပ်ချင်ဘူးလို့သာ ပြောတယ်။ မင်း အချုပ်ခန်းလူကြီးနဲ့ အခြားနှစ်ယောက်ကို ဆေးရုံပို့ရအောင် မင်းချလိုက်ပြီမဟုတ်လား''

''ဟို ...ဟို ... ကျွန်တော့်ကို မတရား ထိုးကြိတ်နှိပ်စက်တာကို မခံနိုင်လို့ပါဆရာ။ ဆရာတို့မယုံရင် ဒီမှာရှိနေတဲ့ လူတွေကို မေးကြည့်ပါ ဆရာ''

ဒါနဲ့ ရဲ (တာဝန်မှူး) က ပုံစံထိုင်နေကြသည့် အချုပ်သားများကို ကြည့်ပြီး ...





''ကိုင်း ... အချုပ်ခန်းထဲမှာရှိတဲ့ အချုပ်သားတွေ၊ ခုဖြစ်တဲ့ကိစ္စမှာ အခန်းလူကြီးလုပ်တဲ့ ရှိန်ကြီးရယ်၊ အောင်မောင်းနဲ့ မြအေးလွန်သလား။ ဒါမှမဟုတ် အခုဝင်လာတဲ့ လူသစ်အချုပ်သား ပျံလွှားလွန်သလား ပြောကြ''

ဘယ်သူမှမပြောဘူး။

''ပြောပါ ... ဘယ်သူက လွန်ကျူးလို့ ဖြစ်တာတုံး။ ရဲရဲမှန်မှန်သာပြော။ ခင်ဗျားတို့ ဘာမှမဖြစ်စေရဘူး။ သူတို့ကိုသာ အပြစ်ပေးမှာ''

တစ်ယောက်မှ အသံမထွက်ကြဘူး။ အမှန်က အခန်းလူကြီးလုပ်တဲ့ ရိုင်ဖယ်ခေါ် ရှိန်ကြီးတို့အဖွဲ့က တရားလွန်မှားနေမှန်း အကုန်သိတယ်။ အခန်းလူကြီးမှားတာလို့ သက်သေခံပြောလိုက်ရင် ဟိုကောင်ကြီးရှိန်တို့ ပြန်လာရင် ပြောတဲ့လူ၊ သက်သေခံတဲ့လူ မလွယ်တော့ဘူး။

ရိုင်ဖယ် (ခေါ်) ရှိန်ကြီးတို့က သက်သေခံတဲ့လူကို အပြတ်နှာတော့မှာ။ အခန့်မသင့်ရင် အချုပ်ခန်းထဲမှာ သေသွားနိုင်တယ်။

ဒါကြောင့် ရှိန်ကြီး မှားမှန်းသိပေမဲ့ မပြောပြဘူး။

''ရှိန်ကြီး ... မှားသလား''

မပြောသေးဘူး။

''ပျံလွှားမှားသလား ပြောလေ၊ ပြောလေ''

လုံးဝ မပြောကြဘူး။ တာဝန်မှူးလည်း အကြံအိုက်နေတယ်။ နောက်ဆုံး ခုမှဝင်လာတဲ့ လူသစ်ပျံလွှားကိုလည်း အရေးယူမလို့လုပ်ရော။ ဒီမှာ ကျွန်တော်တို့ အင်းစိန်ပြန်၊ ပုဒ်မ (၅-၁၁) အုပ်စုထဲက အဘချစ်က ချက်ချင်းထရပ်လိုက်ပြီး ...

''ကျွန်တော်ပြောမယ်''

ကျွန်တော်တို့ရော အချုပ်သားများပါ။ အသက်ကြီးနေသည့် အဘချစ်ကိုကြည့်ပြီး အလွန်အံ့ဩနေကြတယ်။ အဘ ဘယ်လိုပြောမှာပါလဲ။

''ဦးချစ် ... ဘာပြောမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အခု ရန်ဖြစ် သတ်ပုတ်ကြသည့် ကိစ္စမှာ တောပကိုလူသစ်အချုပ်သား ပုံလွှားလွန်တာ မဟုတ်ဘူး။ အခန်းလူကြီးလုပ်တဲ့ ရှိုင်ဖယ်ခေါ် ရှိန်ကြီးလွန်တာ။ အခန်းလူကြီး ရှိန်ကြီးဟာ ဟောဒီအချုပ်ခန်းထဲမှာ နိုင်လိုမင်းထက်လုပ်နေတယ်။ တရားမဝင် ချုပ်တာ ခွာတာ လုပ်တယ်။ နေရာရောင်းစားတယ်။ သူ့အလိုမလိုက်ရင် နှိပ်စက်တယ်။ အချုပ်သားဘဝတူချင်း စည်းကမ်းနဲ့အညီ ထိန်းသိမ်းစောင့်ရှောက်၊ ငြိမ်ဝပ်ပိပြားအောင် လုပ်ရမည့်အစားနိုင်လိုမင်းထက် ကြီးနိုင်ငယ်ညှဉ်း၊ တပည့်မွေး လုပ်ကိုင်စားသောက်နေတယ်။

အခုလည်း အချုပ်ရဲ့ဘဝကို မသိသေးတဲ့ လူသစ်ကို အချုပ်စည်းကမ်းတောင်းမှန်စွာ မသင်ပြဘဲ အနိုင်ထက် ဝိုင်းညှဉ်းပန်းတော့ ဟိုခံမခံနိုင်သည့်အဆုံး သေမထူး နေမထူး ပြန်လည်တုံ့ပြန်ရတာပေါ့။ လူသစ်နိုင်ချေရှိသွားလို့ပါ။ နို့မဟုတ်ရင် ရှိန်ကြီးတို့အုပ်စုလက်ချက်နဲ့ အချုပ်ထဲမှာလူသစ် သေရင်သေသွားနိုင်ပါတယ်"

တာဝန်မှူးက အသက်ဝါလည်းကြီး ပညာလည်းတတ်၊ ဖူးကလည်း (၅-ည) ဖြစ်တဲ့ အဘချစ်ရဲ့စကားကို နားထောင်ပြီး ...

"အချုပ်သားတွေ ... အဘချစ်ပြောတာ ဟုတ်ပါသလား"

"ဟုတ်တယ် ..."

"ဟုတ်ပါတယ်"

"မှန်ပါတယ် ခင်ဗျ"

နောက်ဆုံး ကျွန်တော်တို့ကပါ အဘချစ်ရဲ့စကားကို ဝိုင်းထောက်ခံရော ကျန်အကျဉ်းသားအားလုံးကလည်း ဟုတ်တယ်၊ မှန်တယ်လို့ ဝိုင်းပြောကြလို့ တာဝန်မှူးက ရေးသားမှတ်ယူပြီး သူ့ရုံးခန်းကို ပြန်သွားခဲ့တယ်။

နောက်နေ့ရောက်တော့ ကိုရှိန်ကြီးတို့သုံးယောက်ကို အခြားထောင် ပို့လိုက်တယ်။ ဒါနှင့်အတူ ကျွန်တော်တို့ အချုပ်ခန်းမှာ အခန်းလူကြီးအသစ် ရွေးကြရတယ်။

"ကိုင်း ... ခင်ဗျာတို့ အခန်းလူကြီးအသစ် စိတ်ကြိုက်ရွေးကြပေါ့။ ဘယ်သူ့ကို အခန်းလူကြီးခန့်မှာလဲ ... ပြောကြ"





"အဘချစ်ကို ခန့်ပါ"

"ဟုတ်ပါတယ်။ ကျုပ်တို့ အဘချစ်ကို ကြိုက်တယ်"

"အဘချစ် ... အခန်းလူကြီး လုပ်ပါဗျို့"

"အဘချစ်နဲ့ အသင့်တော်ဆုံးပါပဲ ခင်ဗျ"

အားလုံးရဲ့ ကြိုက်နှစ်သက်မှု ဆန္ဒပေးမှုနဲ့ ဒီမိုကရေစီဆန်ဆန် အဘချစ် အခန်းလူကြီးလုပ်တာကို နှစ်သက်သဘောတူကြတယ်။

အဘချစ်ကလည်း လုပ်မယ်လို့ သဘောတူတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ မဟာအောင်ပွဲပါ။ ကျွန်တော်တို့ကို အချုပ်သားများက လေးစားချီကြည့်မှု၊ အားကိုးမှု စတင်ခြင်းပါပဲ၊

"အဘချစ် ... သြဝါဒစကား ပြောပါခင်ဗျ"

"ပြောရမှာလားဟ"

"ပြောရမှာပေါ့ဗျ ... အဘရ။ အခု အဘ အခန်းလူကြီးဖြစ်နေသဘျာ။ ဝင်လာသမျှ အချုပ်သားအားလုံးကို သင်ကြားပြသ ဆုံးမရမှာ လုပ်ပါ ... ဥက္ကဋ္ဌကြီးရ"

"ချီးမွမ်းပဲကွာ ... မောင်မှိုင်းရာ၊ မင်းတို့က ပင့်ပြန်ပါပြီ"

"မြန်မြန်လုပ်ပါဗျ။ မိုက်ကရိုဖုန်းတော့ ပါဘူးပေါ့ဗျာ"

"လန့်ဒူးပါပဲကွာ"

"ကိုင်း ... စ"

"အဟမ်း ... အဟမ်း"

ကျွန်တော်တို့ (၅-ည) များကလည်း ဝိုင်းပတ်၊ မြှောက်တင်ပေး ကိုယ့်ဆရာက ထရပ်၊ မုဆိုးပြင်ဝတ်၊ ခေါင်းကုတ်၊ ဖင်ကုတ်လုပ်ပြီး အသံနဲ့ စတော့တယ် ...။

"အဟမ်း ... အဲ ... အဲ ... ခင်ဗျားတို့ အချုပ်သားအားလုံး သဘောတူတင်မြှောက်လို့ ကျွန်တော် အခု အချုပ်ခန်းလူကြီး ဖြစ်ခဲ့ရပါပြီ။ ပြောပါမယ်။ ကျွန်တော်တို့ကလည်း အမှုကို ရင်ဆိုင်နေရတဲ့ အချုပ်သား ခင်ဗျားတို့နဲ့ ဘဝတူပါပဲ။ ဒီအထဲကို ရောက်လာရတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားနဲ့ ကိုယ်ပါ။ ရောက်တုန်းရောက်ခိုက်မှာ ဘဝတူချင်းမှိုင်း ပင်းပေါ့။ ကူညီစောင့်ရှောက်ပေါ့။

အထူးသဖြင့် အချုပ်ရဲ့စည်းကမ်းကို မပျက်မကွက် လိုက်နာကြပေါ့။ မခိုးနဲ့၊ မဝှက်နဲ့၊ ရန်မဖြစ်နဲ့၊ ယောက်ျားချင်း အဓမ္မမပြုနဲ့။ လက်နက် မူးယစ်ဆေးဝါး မသွင်းနဲ့။ စည်းကမ်းဖောက်ရင်တော့ ဘယ်သူ့ကိုဖြစ်ဖြစ် အရေးယူရမှာပါပဲ။ ကျွန်တော် အခန်းလူကြီးအဖြစ် တာဝန်ယူနေရချိန်မှာ ကျွန်တော် ခင်ဗျားတို့အားလုံးကို ညီရင်းအစ်ကိုလိုဆက်ဆံပြီး အချုပ်သား ဘဝ မနစ်နာရအောင် အကောင်းဆုံးလုပ်ပေးသွားပါ့မယ်လို့ ကတိပြုပါတယ် ခင်ဗျား''

''ကြောင်း ... ကြောင်း ... ကြောင်း ...''

''ဖြောင်း ... ဖြောင်း ... ဖြောင်း ...''

''ရှိုး ... ရှိုး ...''

''ဒါမှ တို့အဘကွ''

''(၅-ည)ကွနော်။ ထောင့်ထား ... အောင်မောင်း''

✿ ✿ ✿

[ ၇ ]

❑

ကျွန်တော်တို့ ပုဒ်မ (၅-ည) အုပ်စုထဲက အဘချစ်အခန်းလူကြီး ဖြစ်သည့် သွားသည့်အချိန်ကစပြီး အချုပ်ခန်းပြုပြင်ပြောင်းလဲမှုများကို ချက် ချင်း ဆောင်ရွက်လိုက်ကြ၏။

နွေရာသီမှာ အပြင်က ရေဝယ်ပြီးသုံးရတော့ တစ်ယောက်ကို အိမ် သာသုံးရင် ဖလားလေးတစ်ခွက်၊

မျက်နှာသစ်ရင် တစ်ခွက်၊

ရေချိုးရင် ငါးခွက်လို့ သတ်မှတ်ထားတယ်။

ရေချိုးလျှင် ခွက်သေးသေးငါးခွက်၊ ဘယ်လိုမှ မလုံလောက်ဘူး။ နွားကိုယ်ရေစိုရုံ ရေပက်ရုံပဲရတယ်။ ရေဝဝမချိုးရတော့ ယားနာဖြစ်တယ်။

ဒါကြောင့် ရေဝဝလင်လင်ချိုးဖို့ ချိုးရေကို ဦးစားပေးဝယ်ရတယ်။ အခုရင် အခန်းလူကြီးတွေတုန်းက အချုပ်သားလူသစ်ဝင်လာရင် 'ရေဖိုး' တောင်းကြရတယ်။ ကျွန်တော်တို့လည်း ပေးရတာပဲ။

ရေက ရေဘုံဘိုင်က လုံးဝ မလာဘူးလေ။ ဘာကြောင့် ရေမလာ သလဲမသိဘူး။ ဒါကြောင့် အချုပ်ထဲဝင်လာရင် ရေဖိုး ပိုက်ဆံတောင်းရ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေဝယ်ရတယ်။ ရေဖိုးရသမျှပိုက်ဆံကို အခန်းလူကြီးက ခပ်များများ ကိုယ်ကျိုးသုံးပြီး ရေနည်းနည်းဝယ်လို့ ခွက်ချင်နဲ့ ချိုးနိုင်းတော့ ခန္ဓာကိုယ်မသန့်ရှင်းဘဲ ယားနာတွေဖြစ်ကြတာပေါ့။

အဘချစ် အခန်းလူကြီးဖြစ်တော့ အခန်းဝင်ရေဖိုးကို ကိုယ်ကျိုး မသုံးဘူး။ ချိုးရေသောက်ရေ များများဝယ်တယ်။ ချိုးရေကို (၁၀) ခွက်အထိ ချိုးခွင့်ပြုလို့ အားလုံးဝမ်းသာကြတယ်။

အချုပ်ခန်းထဲက ဘုရားပန်းအိုးမှာ သုံးရက်တစ်ခါ ဘုရားပန်းရောင် စုံလဲထိုးပေးလို့ ဘုရားဆွမ်းတော်ကပ်သူများနဲ့ ကျက်သရေရှိလို့။

အရင်တုန်းက ဘုရားပန်းအိုးမှာ ပန်းမရှိဘူး။။

ည (၇) နာရီထိုးရင် အချုပ်သားအားလုံး ဘာသာကွဲမှလွဲလို့ ဘုရား ရှိခိုးကြတယ်။ အဘချစ်ကိုယ်တိုင် ဘုရားစာတိုင်ပေးတာလေ။

ပုံစံထမင်းဝင်လာရင် ကျွန်တော်တို့ကိုယ်တိုင် ထမင်းနဲ့ဟင်းကို အညီအမျှ ဝေပေးတယ်။ သူ့လူကိုယ့်လူ မရွေးဘူး။ မျှမျှတတပဲ။ အရင်က ဒါမျိုး ဘယ်ဟုတ်မှာလဲ။ အခန်းလူကြီးက ပုံစံထမင်းကို လျှော့ပေးတယ် ပဲဟင်းကို အရည်ပဲပေးတယ်။ အဖတ်မပါဘူး။

အဖတ်တောင်းရင် လက်သီးနဲ့ထိုးရော။

အနှစ်အဖတ်ကို သူတို့လူစုချည်း ဝေစားတာလေ။

တစ်ခါ အချုပ်သားများ ရုံးချိန်းက ပြန်ဝင်လာရင် အိမ်ကပေးလိုက် တဲ့ ငါးပိချက်၊ ငါးခြောက်ကြော်၊ ဆေးလိပ်၊ ကွမ်းယာဆိုလည်း သင်း အခန်းလူကြီးကို ဦးဦးဖျားဖျား စားတော်ဆက်ရတယ်။

အခု ဒီပို့ဆွမ်းတို့၊ 'စားတော်ဆက်'တို့ မလိုဘူး။ အဘချစ်တို့ တောင်းလည်းမစားဘူး။ စားဦးစားဖျားလေး အသက်ကြီးသူမို့ မိဘ သဘောထားပြီး လာပေးရင်တောင် ...

"နောင် မပေးကြနဲ့တော့။ ကိုယ့်ဘာသာဝအောင် စားကြကွယ်"

လို့ပြောရတယ်။ နောက်တစ်ချက်က ...

တနင်္ဂနွေနေ့ရောက်တိုင်း ရေဖိုးပိုလျှံစုငွေနဲ့ ကျွန်တော်တို့ (၅-ည)မိသားစုများက အလှူငွေ ထည့်ဝင်စုပေါင်းပြီး ...





ကြွဲဆန်ထမင်း၊ ငါးခြောက်ထောင်းကြော်၊ အရည်ပဲကုလားဟင်း နဲ့ အချုပ်သားအားလုံးကို (ရှယ်) ကုသိုလ်ဖြစ် ကျွေးပေးတယ်။

ရဲစခန်းက တာဝန်ရှိသူများ၊ စခန်းမှူးမြို့နယ်မှူးတို့က အချုပ်ခန်း ငြိမ်ဝပ်ပိပြားပြီး သာယာအေးချမ်း စိုစိုပြေပြေရှိနေလို့ ဝမ်းသာကြတယ်။ ကျွန်တော်တို့ (၅-ည) များကို ကျေးဇူးတင်ကြတယ်။

အချုပ်ထမင်း အချုပ်ဟင်းဆိုတာက ထမင်းက စေ့နီဆန်ကြမ်း ချက်တာ၊ ပျော့သွားရင် ကော်လို၊ မာသွားရင် ကျောက်ခဲလိုပဲ။

ထောင်မှာလို ပေါင်းထမင်းမဟုတ်ဘူး။ ပဲဟင်းတို့၊ တာလပေါဟင်း တို့ကလည်း ထောင်မှာလို အဖတ်မများဘူး။ နိုင်လွန်ဟင်းရည်။ အဲဒါကို ဆားနည်းနည်းနဲ့ တို့မြုပ်စားရတာ။

အသားဟင်း၊ အချုပ်မှာ လုံးဝ 'နိုး'ပဲ။

အဲဒီလို အစားဆင်းရဲနေချိန်မှာ ကျွန်တော်တို့က အပြင်မှာရှိသည့် ကိုယ့်မိသားစုများ၊ ဆွေမျိုးသားချင်းများ၊ အလှူရှင်များရဲ့ အကူအညီ ကုသိုလ် စိတ်နဲ့ တစ်ပတ်တစ်ခါ ဟင်းကောင်းဟင်းလျာ ဆန်ထမင်းကောင်းကောင်း ချက်ပြုတ်ကျွေးမွေးကုသိုလ်ပြုတော့ အချုပ်သားတွေ ဝမ်းသာကြည်နူး၊ ပျော် ရွှင်ချမ်းမြေ့လာလေ၏။

ပြောရရင်တော့ ကျွန်တော်တို့ (၅-ည)တွေ အချုပ်ကနေ မလွတ် ချင်း အချုပ်သားများရဲ့ တနင်္ဂနွေနေ့တိုင်း ဆေး၊ အာဟာရကောင်းကောင်း စားရရေး၊ ရေ ဝဝလင်လင် သုံးစွဲရရေး၊ အချင်းချင်း အနိုင်ကျင့်နှိပ်စက်မှု ကင်းဝေးရေး၊ အပြုအမူအနေအထိုင် အကျင့်စာရိတ္တကောင်းမွန် လိမ္မာရေး တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❑

တစ်နေ့လည်းကျရော ကျွန်တော်တို့ သတင်းတစ်ခုကြားရတော့ တယ်။ ကျွန်တော်တို့အမှုကို လာမည့်ရုံးချိန်းမှာ အပြီးစီရင်ချက်ချမည်တဲ့

အကျိုးတော်ဆောင် ရှေ့နေများကရော ကျွန်တော်တို့ မိသား များကပါ ပြောကြတာ။ ဒီသတင်းကို အချုပ်သားတွေကြားတော့ အားလုံး လွှတ်ဝမ်းသာတာလည်း ရှိတယ်။

အလွန်ဝမ်းနည်းကြတာလည်း ရှိကြတယ်။

လွှတ်ဝမ်းသာတာက ဘယ်နေ့လွှတ်ရတော့မည်ဆိုသည့် ရက် ကြိုသိနိုင်ပြီမို့ အချိန်ကျူံ့သွားပြီဆိုပြီး ကျွန်တော်တို့အတွက် ဝမ်းသာ ကြတာ။ ကြည်နူးပျော်ရွှင်နေကြတာလေ။

ဝမ်းနည်းရတာက ကျွန်တော်တို့မရှိရင် နောက်လာမည့် အခန်း ကြီးဆိုသူက ကျွန်တော်တို့ (ရှ–ည)လောက် ကောင်းနိုင်ဖွယ်မဖြစ်ဘူး။ ကျွန် တော်တို့ ရုံးသွားချိန်ကျရင် အချို့လူသတ်မှု၊ ဓားပြမှုအချုပ်သားများက

''မင်းတို့ (ရှ–ည) တွေမရှိတော့ရင် ကိုယ့်ဘဝ ကိုယ်တွေးထား ဟု နောက်သလိုလိုနှင့် ခြိမ်းခြောက်စကားပြောကြသတဲ့။





နက်ဖြန် ကျွန်တော်တို့ စီရင်ချက်ချမည့် ရုံးချိန်းပါ။

အချုပ်သားများက မျက်ရည်ဝဲဝဲနှင့် ကျွန်တော့်အနီးမှာ ရှိနေကြ တယ်။ အဘတို့၊ ဆရာမှိုင်းတို့ မရှိရင် ကျွန်တော်တို့ ဘယ်သူ့ကို အားကိုး ပြီး နေရမှာလည်းတဲ့ ...။

ကျွန်တော်တို့လည်း ရက်ရှည်လများ အတူနေဘဝတူများကို ခွဲခွာ သွားရမှာ လုံးဝ စိတ်မကောင်းကြပါဘူး။ သို့သော် အချုပ်တို့၊ ထောင်တို့ဆို တာက ဝင်ဆိုရင်ဝင်၊ ထွက်ဆိုရင်ထွက်ပဲ။ တစ်ရက်တစ်နာရီ နေပါရစေလည်း ရဘူး။ ဆိုင်းပါဦးလည်း မရဘူး။

သူတို့ကို ကျွန်တော်တို့မရှိရင် လိမ်လိမ်မာမာနေကြဖို့ ပြောရတယ်။ မှူးကြီး အချုပ်သားတွေကိုလည်း ကိုယ့်ညီကိုယ့်သားလို ကူညီစောင့်ရှောက် ကြဖို့ ပြောရတယ်။

သူတို့ တစ်ညလုံးလုံးနီးပါး ကျွန်တော်တို့ကို ခြေဆုပ်လက်နယ် နှိပ်ပြီး ကျေးဇူးဆပ်ကြတယ်။ ကန်တော့ကြတယ်။

မနက်(၁၀)နာရီထိုး ရုံးချိန်းထွက်ရော သူတို့အားလုံးထံက ရှိုက် များကို ကြားလိုက်ရတယ်။

ရပ်ကြည့်နှုတ်ဆက်နေတဲ့ သူတို့ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်း နဲ့

ကျွန်တော်တို့ မျက်လုံးအိမ်မှာလည်း မျက်ရည်စိုစိုနဲ့၊ အဲဒီလိုနဲ့ ပ်ခန်းကားခေါင်းကို ကျော်ခိုင်းပြီး အထုပ်ပိုက်လို့ တာဝန်ရှိသူများခေါ် လိုက်ခဲ့ရတယ်။

တရားရုံးကိုရောက်တော့ တရားသူကြီးက ကျွန်တော်တို့ကို နောက် ကြိမ် စစ်မေးတယ်။

''အပြစ်ရှိပါသလား''

''ရှိပါတယ် ...''

ဝန်ခံလိုက်ပါတယ်။ ဟုတ်တယ်လေ။ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ကို က်ကကြည့်ရင် အပြစ်မရှိဘူးလို့ယူဆကြပေမဲ့ ပြဌာန်းထားတဲ့ ဥပဒေ ကြည့်ရင် အပြစ်ရှိနေတာကိုး။ ဒါကို အပြစ်မရှိဘူးလို့ ငြင်းနေရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သက်သေများ ခေါ်ယူစစ်ဆေးခြင်းများနဲ့ အမှုသံသရာ ရှည်တော့မယ်။

နောက်တစ်ချက်ကြားနေရတာက အရေးအခင်း၊ အမှုကိစ္စများကို စစ်ခုံရုံးဖွဲ့ပြီး စစ်မေးမယ်လို့ ကြားနေရတယ်။ စစ်ခုံရုံးဆိုတာ အရပ်သားရုံးနဲ့ မတူဘူးတဲ့။ လွတ်နိုင်ဖွယ်ရာ မမြင်ဘူး။

ပြစ်ဒဏ်သာ ပိုများသွားနိုင်ဖွယ်ရှိတယ်လို့ အတွေ့အကြုံရှိသူများက ပြောကြတယ်လေ။ ဒီတော့ အကျဉ်းထောင်နဲ့ ရဲဘက်စခန်းမှာ နှစ်ရှည်လများ အကျဉ်းသားဘဝနဲ့ ဒုက္ခခံပြီး အသက်နဲ့ဘဝကို စတေးမှာလား။

အပြင်ကို စောစောရောက်ပြီးမှ ကိုယ့်ယုံကြည်ချက်ကို လွတ်လပ်စွာ သက်ဝင်လှုပ်ရှားပြီး မိသားစုများရဲ့ စားဝတ်နေရေးကိစ္စအဝဝကို ဦးဆောင်သွားကြမှာလား။ စဉ်းစားကြတယ်။

နောက်ဆုံး အပြင်ကိုရောက်ဖို့ အရေးကြီးတယ်။ ဒါကြောင့် အပြစ်ရှိတယ်လို့ ဝန်ခံလိုက်တယ်။ ဒါနဲ့ တရားသူကြီးက ကျွန်တော်တို့ ပုဒ်မ (၅–ည) ၆ ဦးရဲ့ ပြစ်စဉ်အကျဉ်းကို ဖတ်ပြပြီး စီရင်ချက်ကို အမိန့်ချလိုက်တယ်။

"ထောင်ဒဏ်ခုနစ်လ ကျခံကြစေ။ ပြစ်ဒဏ်ကို ချုပ်ရက်မှ ရေတွက်ခံစားစေ"

ဝမ်းသာလိုက်ရတာ။

အလွန့်ကို ဝမ်းသာခဲ့တာပါ။

ကျွန်တော်တို့အင်းစိန်ထောင်ရဲ့ မြို့ကလေးရဲ့အချုပ်မှာ တစ်နှစ်နီးပါး အချုပ်ခံရပြီး အမှုကို စိုးရိမ်ကြီးစွာ ရင်ဆိုင်ခဲ့ရတာ။ ကိုကိုးကျွန်းပုဒ်မ (၅–ည) ဦးထိန်ဝင်း (သုံးခွ) ကလည်း သူ့အတွေ့အကြုံအရ ပြောခဲ့ရှိသကိုး။

"ပုဒ်မ (၅–ည) ကို ဒီအတိုင်း မလွတ်ဘူးဗျ။ ဒီပုဒ်မက လွတ်ချင်လည်း ချက်ချင်းဖွတ်လို့ရတယ်။ မလွတ်ချင်ရင်လည်း အကန့်အသတ်မဲ့ ချုပ်နှောင်ထားလို့ရတယ်။ အဲ ... ပြစ်ဒဏ်စီရင်ချက် ချမယ်ဆိုရင် ထောင်ဒဏ် (၇)လကနေ (၇)နှစ်အထိ အမြင့်ဆုံးအပြစ်ပေးလို့ရတယ်





တော်ပါသေးရဲ့ (၇) လတဲ့။

ကိုယ်တို့က ချုပ်ရက်များနေတော့ ချက်ချင်းလွတ်ရတယ်။ သူတို့အပေါ်အကြွေးတောင် တင်လိုက်သေးတယ်။

ကျွန်တော်တို့ကို လွှတ်ဝရမ်းနဲ့ လွှတ်လည်းလွှတ်လိုက်ရော ...

ရင်းနှီးခဲ့ရတဲ့ အဖွဲ့ဝင်များကလည်း ပျော်ကြ၊ ဝမ်းသာကြ၊ မိတ်ဆွေများကလည်း အားရဝမ်းသာဖြစ်၊ မိသားစုကလည်း တရားရုံးရှေ့မှာ ဝမ်းသာလို့ ကခုန်၊ သမီးတွေက ပြေးလာပြီး ကျွန်တော်တို့ကိုပြေးဖက်လို့ ပါးကိုနမ်းကြ၊ အမေနဲ့ ဇနီးသည် မခင်စန်းမြင့်က မျက်ရည်စိုစွတ် ဝမ်းသာတဲ့မျက်လုံးများနဲ့ အနီးမှာ စိုက်ကြည့်တုန်ရီနေကြ။

"ဆရာ ..."

"ဆရာမှိုင်း ... ဆရာမှိုင်း ..."

"အဘချစ် ... အဘချစ် ..."

"ကိုအေးသိန်း ... ဗျို့ ... အစ်ကိုအေးသိန်း ..."

ဒီလိုအချိန်မှာ တရားရုံးရဲ့ ဝက်ခြံအချုပ်လေးထဲက အချုပ်သားများရဲ့ ဟစ်အော်သံများကြောင့် ကျွန်တော်တို့ (၅–ည) များအားလုံး ဝက်ခြံအချုပ်ကလေးရဲ့ သံဆူးကြိုးစည်းရိုးရှေ့မှာ ရပ်လိုက်ကြတယ်။

"အဘ ... ချစ် ... အဘတို့ ... လွတ် ... လွတ်ပြီဆို။ ဟင်"

"ဟုတ်တယ် ... မောင်ပျံလွှားတို့၊ ကျော်ခဲတို့"

"ကိုမှိုင်းတို့ရောနော်"

""ဟုတ်တယ် ... ကိုပျံ"

"ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်တို့ ဝမ်းသာလိုက်တာဗျ။ ဟီး"

"ဟီး ... ဟီး ..."

ဝမ်းသာလွန်းလို့ သူတို့ အချုပ်ဘာယာတန်းကို ကိုင်ပြီး ငိုကြတယ်။ ကျွန်တော်တို့ သိပါတယ်ဗျာ။ ကျွန်တော်တို့အပေါ် သူတို့ဖြစ်နေသည့် သံယောဇဉ်၊ ယုံကြည်မှု၊ ချစ်ခြင်း၊ လေးစားခြင်း၊ အားကိုးခြင်း၊ ဒီအကြောင်းများကြောင့် အမှန်တကယ်ခွဲကြရပြန်ပြီမှန်းသိပြီး ကြေကွဲဝမ်းနည်းဝမ်းသာကြ ဖြစ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"မငိုကြပါနဲ့ကွာ။ မင်းတို့လည်း တစ်နေ့ကျရင် လွတ်ကို လွတ်ကြမှာပါ။ အဲဒါကို ယုံကြည်မှုရှိကြပါ . . . နော် . . ."

"ယုံပါတယ် . . . အဘရယ်၊ ဒါ . . . ဒါပေမဲ့ အဘတို့ မ . . . ရှိရင် ကျွန်တော်တို့ . . . ဘဝ . . ."

"သားတို့ရယ် . . . ဘယ်သူမှ မင်းမဲ့စရိုက်လက္ခဏာနဲ့ နေရာတကာတိုင်း အနိုင်ကျင့်၊ အနိုင်ယူလို့ မရပါဘူး။ တရားဥပဒေ ရှိပါသေးတယ်။ သိပ်လိုအပ်လာရင် တရားဥပဒေက မင်းတို့ကို စောင့်ရှောက်မှာပါ။ တစ်ခုတော့ ဆုတောင်းလိုက်ပါတယ်။

အဘတို့လိုပဲ မင်းတို့အပေါ် ကောင်းမွန်စွာ ကျွေးမွေးပြုစု စောင့်ရှောက်နိုင်တဲ့လူစားမျိုးနဲ့ မင်းတို့ရောက်လေရာအရပ်မှာ တွေ့ဆုံကြပါစေလို့။ သားတို့၊ မင်းတို့ရဲ့ မျက်ရည်များနဲ့ ညီညွတ်စွာ စုပေါင်းပြီး တူညီရှိုက်တဲ့ အားမာန်သစ်ကို ဒီနေ့ကစလို့ ခိုင်ခိုင်မတ်မတ် စိုက်ထူလိုက်ကြစမ်းပါကွယ် . . နော်"

မောင်ညိုမှိုင်း (သန်လျင်)


www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

တစ်နေ့ . . .

ထုတ်ဝေသူ ကိုတင်ထွန်း (စိတ်ကူးသစ်)စာပေတိုက်မှာ ကျွ[illegible] တော်ရယ်၊ ထုတ်ဝေသူ ကိုတင်ထွန်း (နုတ်လှူဦး) ဆိုပြီး စာပေလက်ကမ်[illegible] ကြော ထနေသူပေါ့ဗျာ။ အချို့က ကလောင်နာမည်နုတ်လှူဦးကို အမြန်[illegible] တော့ မပီသဘူး။ အဲဒါနဲ့ အချို့ တစ်မျိုးတစ်ဖုံ နားကြားလွဲကြတယ်။

ဒါကြောင့် သူက သူ့တိုက်ထွက် စာရေးဆရာများဖြစ်ကြသ[illegible] ကျွန်တော် (မောင်ညိုမှိုင်း –သန်လျင်)၊ ထောင်မှူးကြီးဦးသိန်းဝင်း၊ မုဆိ[illegible] လေးမောင်၊ နေစိုးသော်၊ ဇေယျမင်းသျှင်၊ မင်းဘုန်းသိခ်သူ၊ ဒေါ်မော်[illegible] (သူဌေး)၊ မောင်စိန်လှိုင်(ဥဿာ) ပန်းချီဆရာမြတ်မင်းဟန်နဲ့ ရုပ်ရှင်သ[illegible] ဆောင် (ပြေတီဦး) နဲ့ ခပ်ဆင်ဆင်တူသည့် ဆုမွန်ဦး (ဟသာတ) [illegible] စာရေးဆရာများကို အထူးမေတ္တာရပ်ခံတယ်။

"ဆရာတို့ခင်ဗျာ"

"ဘာတုံး . . . လူကလေး"





ဆရာထောင်မှူးကြီး သိန်းဝင်းက သူ့ကို ငါ့ညီ၊ ငါ့တူလို့ ဘယ်တော့မှ မခေါ်ဘူး၊ အိပ်ရာကနေ ယောင်ပြီးလည်း မခေါ်ဘူး။

နုတ်လှူဦး (ခေါ်) မောင်တင်ထွန်းခေါ်တာက လူကလေးလို့ပဲ ခေါ်တယ်။

ထုတ်ဝေသူ စာရေးဆရာမောင်တင်ထွန်းကလည်း စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းကို ဆရာလို့ မခေါ်ဘူး။

အဖေကြီးလို့ပဲ ခေါ်လေ့ရှိတယ်။

ဘာကြောင့် . . . 'လူကလေး' . . . 'အဖေကြီး' ခေါ်နေတာကို လည်း ကျွန်တော်တို့ မေးပေမဲ့ မဖြေဘူး။

ဘဝဟောင်းတုန်းက တော်စပ်ခဲ့တာနေမှာပါ။ ဘာလို့လဲဆိုတော့ ထောင်မှူးကြီးဦးသိန်းဝင်းကလည်း ခပ်ဝဝတုတ်တုတ် (ပွင့်နှစ်ကိုယ်ခွဲ) နှစ်ယောက်ပဲ ရှိသည့်ဥစ္စာ။

"ဆရာလေး . . ."

"ဘာတုန်း . . . ကိုနေစိုးသော်"

"နုတ်လှူဦးခေါ် မောင်တင်ထွန်းကရော ဒီတစ်သက် မိန်းမရကိန်း ရှိတယ်လို့ မြင်လို့လား . . . ဆရာရယ် . . . ဟင် . . ."

"သင်း . . . လိုချင်နေတာ နန့်နန့်တက်ပဲဗျ။ သူ့ဆရာ မောင်ညိုမှိုင်း (သန်လျင်) က အရပ်ခြောက်ပေလောက်မြင့်ပြီး ဖြူဖြူဖွေးဖွေး အယ်စတုံ ကြီးကို ယူပြပြီးကတည်းက မောင်တင်ထွန်းက (ငန်းဖမ်း)ချင်သလို ဖြစ်နေ တာဗျ"

"ခုလည်း နံ့ပြည်စုတ်ကို အမြောက်နဲ့ ချိန်နေတယ်ဆို"

"ဒီမောင်တင်ထွန်းက ငန်းဖမ်းရောဂါဝင်လာကတည်းက နံ့ပြည် စုတ်ရော၊ စာပုတီးရော၊ ဘွတ်ကလုံရော၊ ဘင်္ဂလားဒွေးရှလင်းတရော လိုက် နှိုက်တာပဲ။ သို့သော် သူ့ဆရာ မောင်ညိုမှိုင်းရဲ့ခြေရာကို မမီဘူး"

"ဘယ်လိုဖြစ်လို့လဲ . . . ဆရာလေးမောင်ရဲ့"

ဒါက ပန်းချီမြတ်မင်းဟန်နဲ့ မင်းတုံးပြင်နေသူ (ခေါ်)မင်းဘုန်းသိခ် သူရဲ့အမေး။



www.burmeseclassic.com

www.burmeseclassic.com



''အမြောက်ကျည်ဆန် ရှေ့မထွက်ဘဲ နောက်ပြန်ရင်ဘတ်ကိုမှန်လို့လေ''

''ကျွတ် ... ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေ ... ဆရာတို့ရယ်''

''အားလုံး ... သူက ချိန်လိုက်၊ လင်နောက်လိုက်ချည်းပဲ''

''ဒါနဲ့ မသိလို့မေးပါရစေ ... ဆရာရယ်''

မောင်တင်ထွန်းက ထုတ်ဝေသူ သူဌေးပါ။ ပြီး ကိုယ်ပိုင်တိုက်ခန်းရော၊ ကားရော ရှိတယ်မဟုတ်လား။ အဲဒါ သူ့ကိုယူမည့်သူ မရှိရတာက ဘာကြောင့်တုန်းဗျ''

''တိုက်ခန်းက ပြင်ရမှာ။ ပြင်ရင် ပိုက်ဆံသိန်းတစ်ရာ အနည်းဆုံးကုန်မယ်။ ကားကလည်း ဆယ်မိနစ်မောင်းပြီးရင် တစ်ခါ ဝပ်ရှော့ကို ဝင်ဝင်ပြရ၊ နှုတ်ဆက်ရ တစ်နေ့ ဆယ်ကြိမ်လုပ်ရတယ်။ မိန်းကလေးများဘက်ကလည်း စဉ်းစားမှာပေါ့။ ငါတို့ ဒီထုတ်ဝေသူ တရုတ်လိုလို၊ နှစ်ရုတ်လိုလိုလူကိုယူလိုက်ရင် မိဘပေးလိုက်တဲ့ ပစ္စည်းလေး၊ သူ့အိမ်ပြင်၊ ကားပြင်၊ စာအုပ်ထုတ် အကြွေးစာရင်းမှာ ပါသွားပြီး နောက်ဆုံး တိုက်ခန်းရှေ့ ပလက်ဖောင်းမှာ မုန့်ဟင်းခါးသော်လည်းကောင်း၊ ရခိုင်မုန့်တီသော်လည်းကောင်း ရောင်းပြီး သူ့ကို နေ့ရောညပါ နှစ်၍ လုပ်ကျွေးရမှာ အတပ်သိလို့ အမြန်လင်နောက်လိုက်သွားကြတာ ခင်ဗျား''

''ဩော် ... ဒီလိုလား။ ခမျာ သနားပါတယ် ... ဆရာရယ်။ တစ်နေ့ကလည်း ကော်ပတ်ရုပ်ကြီး ဖက်နမ်းနေတာ တွေ့တယ်။ သူ့ဆရာ မောင်ညိုမှိုင်းကရော သူ့တပည့်ကို ပြန်မကြည့်ဘူးလားဗျာ''

''သူ့ဆရာ မောင်ညိုမှိုင်းလား''

''ဟုတ်တယ်လေ ... ဆရာအရင်း ခေါက်ခေါက်ပဲခင်ဗျာ''

''သူ့ဆရာကိုယ်၌ကလည်း မိန်းမရပြီးကတည်းက တပိန်ပိန်တလိမ်လိမ်ဖြစ်ပြီး ဆေးခန်းပြနေရတာ နေ့လား၊ ညလားပဲ''

''အာဂလူတွေပဲ ဆရာရယ်နော်''

---

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ အားမနာပါးမနာ စကားဝိုင်းကောင်းနေစဉ် တယ်လီဖုန်းသံမြည်လာလို့ ထုတ်ဝေသူကိုတင်ထွန်းက ဖုန်းကိုင်ပြီး အသံကျယ်ကျယ်နဲ့ အများကြားအောင် ပြောရဲ့ဗျာ။

''ဟဲလို ... ကျွန်တော် နတ်လူဦးပါ''

''...''

''ဩော် ... ညီမလေးလား ... အဟဲ ... အဟဲ ... ဟဲ ... အခုဘယ်မှာလဲ ... ဟင်''

''ထရိတ်ဒါးမှာ ...''

''အစ်ကို ... အခုလာခဲ့ရမယ် ... ဟုတ်လား''

''ဘာ ... ဘာ ... ဘာ ... ရှေ့ဆောင်ရုံမှာ ရုပ်ရှင်ကြည့်မလို့''

''အစ်ကိုပါ လိုက်ခဲ့ရမယ် ... ဟုတ်''

''ဟာ ... ညီမလေး အစ်ကိုတောင်းပန်တယ်ကွာ ... ညီမလေး ဒီမှာ စာရေးဆရာတွေ အများကြီးရောက်နေလို့ပါ။ စာမူခတွေ ရှင်းဆရာရှိလို့ပါ။ အဟဲ ... ဟဲ ... ဟဲ ... အဟတ် ... နက်ဖြန် .... ဟဲ ... ဟဲ ... ညီမလေးက လိမ္မာရဲ့သားနဲ့။ အဟဲ ... ဟဲ ... အဟီး''

''အစ်ကို ဘယ်တုန်းက ကတိဖျက်ဖူးလို့လဲ။ အဟဲ ... ဟဲ ... ... ဟဲ ...''

ကျွန်တော်တို့ စာရေးဆရာများက တယ်လီဖုန်းကိုင်ပြီး နေအောင် ခန့်စည်သူစတိုင်၊ ဂျော့ဟိန်းစတိုင် စတိုင်အမျိုးမျိုးပေးပြီး ညီမလေး ပြုံးမွှန်နေသည့် မောင်တင်ထွန်း (နတ်လူဦး) ရဲ့ မျက်နှာပေးကို ကြည့် အချင်းချင်း မေးငေါ့မေးထိုးပြုဂါ။

''မုဆိုးကြီး ...''

''ဘာတုံး ... ကိုသိန်းဝင်း''

''ဆရာပြောတော့ အင်း ... မစွံဘူးဆို။ ကြိုက်မည့်သူ မရှိဘူးဆို ... ကြည့်စမ်း ... နက်ဖြန် ညီမလေးနဲ့ ရှေ့ဆောင်မှာ ရုပ်ရှင်ကြည့်ဖို့ အချက်လုပ်နေကြတာ ခင်ဗျားကြားလား''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်းဝင်း ..."

"ပြော ... ဆရာလေးမောင်"

"ခင်ဗျား မောင်တင်ထွန်းအကြောင်း မသိလို့ပါ"

"ဆရာက သိလို့လား"

"သိပ်သိတာပေါ့ဗျာ"

"သိရင်လုပ်ပါဗျ။ ဟိုမှာ ငနဲက အရူးရှင်ပြီး သွားတွေ အအေးပတ်တော့မယ်"

"ရှူး ... ရှူး ... တိုးတိုး ... အဲဒါ သူ့ရည်းစားမဟုတ်ဘူး"

"ဟင်း ... ပြောနေတဲ့အသံက ရည်းစားနဲ့ အရူးရှင်နေသံဆရာရဲ့"

"မဟုတ်ဘူး ... အဲဒါ မရမ်းကုန်းက ကြွေးရှင်"

"ဗျာ ..."

"သူ့ပဲဂိုဒေါင်ကလည်း လက်ကျန်နဲ့ပြည့်နေပြီ။ အဲဒါ အကြွေးရှင်မိန်းမဆီက ဖုန်းလာတိုင်း ထရိတ်ဒါးမှာ ကျွေးမယ်၊ တွေ့မယ်။ ဆီဒိုးနားမှာ စားမယ်၊ သောက်မယ်။ ထိုင်းနိုင်ငံသွားပြီး အတူတူ ရှော့ပင်းထွက်မယ် ချော့ပြော ... ရှိုးပြောနေတာ။ အမှန်က ခင်ဗျားတို့၊ ကျုပ်တို့ ရှိနေလို့"

"ဟင် ..."

"ခင်ဗျားတို့ ကျုပ်တို့သာမရှိရင် ဗုဒ္ဓဝင်ဖွားတော်မူခန်းက သုဒ္ဓေါဒနမင်းကြီး ငိုချင်းနဲ့ တောင်းပန်မှာဗျ"

"ဟော ... ဟော ... ဆရာ ... ပြီးသွားပြီ။ ရှူး ... အသံတိတ်တိတ်နေ"

မောင်တင်ထွန်းက ကျွန်တော်တို့ရှိရာကို ပြုံးရွှင်သောမျက်နှာထားနှင့် ပြန်ရောက်သည်နှင့် ...

"နက်ဖြန်ခါတော့ ဒီကိုမလာကြပါနဲ့၊ ဆရာတို့ရာ နော်"

"ဟ ... ဘာဖြစ်လို့တုံး ... မောင်တင်ထွန်း ... လူကလေးရဲ့"

"နက်ဖြန် ... ကျွန်တော် အမျိုးသမီးနဲ့ ချိန်းထားလို့ပါ ... အဲဒါ ဟဲ"





"အံမာ ... ငါ့လူက စွံလှချည်လားဟ ... လူကလေးရ"

"တက္ကသိုလ်မှာကတည်းက ဖြစ်ခဲ့တာကိုး ... အဖေကြီးရဲ့ ... အဟဲ"

"အိမ်း ... အိမ်း ... သာဓုဗျာ ... သာဓု ... သာဓု ... နက်ဖြန်ခါကျရင် ဆွေမေ့မျိုးမေ့ဖြစ်ပြီး အသက်ကလေး မျှော့မျှော့ပဲ ရှိပါစေဗျာ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟက် ... ဟက် ... ဟက် ..."

"အာမခံတော့ ကြိုလုပ်ထားမှဗျို့။ ဟား ... ဟား ... ဟား .. ဟား ..."

"ကိုင်း ... ကိုယ့်လူ ... စာမူခတွေ ရှင်းပေး"

မောင်တင်ထွန်းက စာရေးဆရာများကို စာမူခအသီးသီး ရှင်းပေးပြီးနောက် ...

"ဆရာတို့ခင်ဗျာ"

"ပြော ... လူကလေး"

"မေတ္တာရပ်ခံချင်လို့ပါဗျာ"

"နက်ဖြန်ကိစ္စလား"

"မဟုတ်ဘူး ... အဖေကြီးရဲ့"

"မသာလေး ... လူထူရင် လုပ်ပြီ"

ထောင်မှူးကြီးသိန်းဝင်းကား သူ့ကို အဖေကြီးဟု အများရှေ့မှာ ခေါ်၍ ကလော်တုတ်၏။

"သေသွားတဲ့ ကျွန်တော့်အဘိုး ဦးကျင်ကျောင်းလန်းနဲ့ ဆရာက သူလို့ပါ ... အဖေကြီးရာ။ ကိစ္စက ဒီလိုပါ ... ဆရာတို့ရယ်။ ကျွန်တော် အေးနဲ့စပ်လျဉ်းပြီး စာအုပ်တစ်အုပ် ထုတ်ချင်လို့ပါ။ ခွေးတွေလိမ္မာပုံ၊ သစ္စာရှိပုံ စသည်ပေါ့ ... ဆရာတို့ရယ်။ ခွေးဘဝဇာတ်လမ်းစုံ ဝတ္ထုတိုပေါင်းချုပ် စာအုပ် လုပ်ချင်လို့။ အဲဒါ တစ်ပုဒ်စီ၊ နှစ်ပုဒ်စီ ရေးပေးပေါ့ဗျာ နော်"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော်တို့ စာရေးဆရာအုပ်စုသည် ထုတ်ဝေသူ လူပျို သို့။ လူပျိုဟိုင်း၊ လူပျိုရှဲ့တွကြီး မောင်တင်ထွန်းအကြောင်းကို ရပ်၍ ခွေး များအကြောင်းသို့ စကားလမ်းကြောင်း ပြောင်းသွားရော . . .

ဆိုက်ကားသမားအိမ်က ခွေးမောင်နုမကတော့ ထမင်းရည်နဲ့ အရိုး ကျွန်လေးပဲ စားရတော့ တပိန်ပိန် တလိန်လိန် ဝဲတစွဲစွဲပေါ့။

ပိုက်ဆံရှိတဲ့ စတိုးဆိုင်ပိုင်ရှင် အိမ်ရောက်သွားတဲ့ ခွေးထီးကလေးက အစားကောင်းစားရပြီး ဝတုတ်လို့ အမွေးအရောင်ပြောင်နေတယ်။ လည်ပင်း မှာလည်း ခွေးလည်ပတ်နဲ့ ခြူနဲ့ သန့်သန့်လေးပေါ့။

မောင်နှမသုံးကောင်ပေါင်း မကြာခဏ လမ်းမရှေ့မှာ ဆုံကြပြီးရင် ပျော်ရွှင်စွာ ဆော့ကစားကြတာပဲ။

ဒါကို စတိုးဆိုင်ပိုင်ရှင်အိမ်က မြင်တော့ ဆင်းရဲသားခွေးမောင်နှမ ကို ရိုက်ပုတ်မောင်းထုတ်တယ်။

နောက်တော့ ပိုက်ဆံရှိတဲ့အိမ်က သူတို့ခွေးဝတုတ်ချစ်စရာလေး ကို ခြံတံခါးပိတ်လှောင်ထားတော့ ခွေးက ထွက်လို့မရဘူး။ အဲဒါ ခွေးဝဲစား မောင်နှမက သူတို့အစ်ကို ခွေးသူဌေးသားကို ခြံဝကနေလာတွေ့တာ။ မာလီ က လိုက်ရိုက်၊ လေးခွနဲ့ပစ်လို့ နောက်ပိုင်း အဝေးက မောင်နှမနှစ်ယောက် မျှော်ကြည့်ပြီး လွမ်းလွမ်းဆွေးဆွေး အူသံပေးရတယ်ဗျာ။

နောင်အခါ ပိုက်ဆံရှိတဲ့ အိမ်ရောက်နေတဲ့ ခွေးသူဌေးသားက သခင်နဲ့အတူ လမ်းလျှောက်ရင်း လိုက်ပါလာလို့ သူ့နှမနဲ့ သူ့ညီခွေးဝဲစား နှစ်ကောင်ကို တွေ့ရင် ဟိုးအရင်တုန်းကလို မခေါ်တော့ဘူး။ အသံမပြုဘူး နောင်တော့ မျက်နှာချင်းဆိုင် တွေ့ရင်တောင် လှည့်မကြည့်တော့လို့။

ခွေးဝဲစားမောင်နှမကလည်း ဘဝမေ့သွားတဲ့ သူတို့အစ်ကို ခွေး သူဌေးသားကို မမေ့ချင် မမေ့ရက်နဲ့ တဖြည်းဖြည်းမေ့ပြီး ခွေးဝဲစားဘဝနဲ့ အရိုးထုတ်သွားရတယ်ဗျာ''

''အေးဗျာ . . . ထောင်မှူးကြီးသိန်းဝင်း ပြောပြတဲ့ ခွေးပုံပြင်က လူ့ဘဝနဲ့ တူသဗျ''





''ဒါပါပဲဗျာ . . .။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အခြေအနေ ပေါ်မူတည်ပြီး အဆင့်အတန်းကွာခြားချက်ပေါ် မူတည်ပြီး ဘဝအနေအထား တွေ ပြောင်းလဲသွားကြတာပါပဲလေ''

''ထောင်မှူးကြီးလည်း နာမည်ကြီးစာရေးဆရာဖြစ်သွားရင် ကျုပ် တို့ကို မေ့မသွားပါနဲ့ဗျာ နော် . . .''

ပန်းချီမြတ်မင်းဟာန်က ဒီလိုပြောတော့ . . . .

''ရှာရှိမသား မြတ်မင်းဟာန် . . . မင်းက ငါ့ကို ဟိုခွေးသူဌေးသား လိုများ မှတ်နေလို့လား . . . ဟင်''

''ဖြစ်သွားမှာ . . . စိုး . . . စိုး . . . ရိမ် . . . လို့ . . . ပါဗျာ''

''ငါ . . . ညိုမှိုင်းလို မဟုတ်ဘူးကွ။ ဖွီး . . .''

တွေ့လား . . . သူ့ဘက်လှည့်နေတဲ့ မြားဦးကို ကျွန်တော့်ဘက် လှည့်ပေးလိုက်တယ်။ ဘယ်လိုအဖေကြီးလည်း မသိပါဘူးဗျာ။

''ကိုင်း . . . ဒေါ်မော်မော် . . . ခင်ဗျားကရော မပြောတော့ဘူး လား''

''ကျွန်မက ဆရာတို့လို စာရေးဆရာမ မဟုတ်တာ၊ ဘယ်လိုလုပ် ပြောတတ်မှာလဲလို့''

''ပြောတတ်သလိုသာ ပြောပေါ့ဗျာ။ ဇာတ်လမ်းပေါင်းရင်း ကျွန် တော်တို့ ပြုပြင်ပြီး ရေးလိုက်ပါမယ်ဗျာ''

''စဉ်းစားပါရစေဦး . . . ဆရာရယ်''

''စဉ်းစားဗျာ။ ခင်ဗျားစဉ်းစားတုန်း ဆရာမှုဆိုးကြီးလေးမောင်က လည်း ပြောပါဦးဗျာ။ ဆရာက ခွေးနဲ့ လုပ်စားတဲ့လူလေ''

''ကိုညိုမှိုင်း . . .''

''ဘာတုံး . . . ဆရာစိန်ရေ''

''ခွေးနဲ့ လုပ်တာဟုတ်လား။ ဘယ်လိုလုပ်တာတုန်းဗျ''

''အမဲလိုက်တာကို ပြောတာဗျို့''

''အို . . . ဟိုး . . . ဒီလိုလား . . . ရှင်းပြီဗျို့။ ကိုင်း . . . ပြော



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အခုပြောမှာ အမဲလိုက်ခွေးမဟုတ်ဘူးဗျ"

"ဒါဖြင့် ... ဘယ်လိုခွေးမျိုးတုန်းဗျာ"

"ညိုမှိုင်းနဲ့ မြတ်မင်းဟန်အကြောင်းဗျ"

"ဟား ... ဘဲရီးဂွတ်ဗျာ မုဆိုးကြီး၊ အသေးစိတ်လုပ်ဗျာ"

ကြည့်စမ်း ... မုဆိုးကြီးနဲ့ ထောင်မှူးကြီးရယ် ဘယ်လိုဘယ်အချိန် စည်းဝါးရိုက်လိုက်လဲ မသိဘူး။ ကိုတင်ထွန်းကို နှိပ်ကွပ်လို့ပြီးတော့ ကျွန်တော်နဲ့ ကိုမြတ်မင်းဟန်ကို ရက်ရက်စက်စက် နှိပ်ကွပ်ပါရော ...။

"နောက်တာပါဗျာ။ ဒီလိုနာမည်ကြီး စာရေးဆရာကြီးနဲ့ နိုင်ငံကျော် အရက်သမား ... အဲလေ ... ပန်းချီဆရာ ခြောက်ပုလင်းမြတ်မင်းဟန်ကြီးကို မဟုတ်မဟတ်တွေ ပြောရမှာလဲ။ ဒီလိုဗျာ ... ကျုပ်တို့ရွာ ဘုန်းကြီးကျောင်းမှာ ခွေးကြီးနှစ်ကောင်ရှိတယ်"

"ကျုပ်တို့ပဲလား ဟင် ..."

"မဟုတ်ပါဘူး ... ကိုမှိုင်း၊ အောင်နက်နဲ့ ကုတ်ကျားတဲ့။ ရွာမှာလည်း တောင်ကျောင်းနဲ့ မြောက်ကျောင်းရယ်လို့ နှစ်ကျောင်းရှိတယ်။ မြောက်ကျောင်းက ဆွမ်းစားတုံးခေါက်။ ကြေးစည်ထုလိုက်ရင် မြောက်ကျောင်းကို နှစ်ကောင်စလုံး ပြေးသွားပြီး ဆွမ်းကျန်စွန့်ခဲ့တဲ့ ထမင်းနဲ့ ဟင်းကိုစားမယ်

တစ်ခါ တောင်ကျောင်းက ဆွမ်းစားတုံးခေါက် ကြေးစည်ရိုက်ရင် တောင်ကျောင်းကို အမြန်ပြေးလာပြီး စွန့်သမျှကို အကုန်စားတယ်။ ဘယ်သူ့မှလည်း ဟောင်ရမှန်းမသိဘူး။ ဟောင်လည်း မဟောင်ဘူး။ လူလည်း မကိုက်ဘူး။ စားပြီး အိပ်တာပဲ။ ဝလိုက်တာမှ ခွေးနဲ့မတူဘူး။ ဝက်ကြီးတွေ ကျနေတာပဲ"

"ညိုမှိုင်းနဲ့ တင်ထွန်းကို အတူထားရင် ဝလာမှာပဲဗျ ... မုဆိုးကြီးရ"

ကြည့် ... အလကားနေရင်း အလစ်ကို ဝင်ခွပ်နေတာ။

"နောက် ... ခွေးနှစ်ကောင်က နားတိုနဲ့ နားရှည်တဲ့၊ အချို့က သူတို့ခွေးနှစ်ကောင်ကို ခွေးသူတောင်းစားလို့လည်း ခေါ်ကြတယ်။ အချို့က ခွေးဒရဝမ်လို့လည်း ခေါ်ကြတယ်"





"ဘယ်လိုကြောင့်တုန်းဗျာ"

"သူတို့က ပိုင်ရှင်သီးသန့် အလိုမရှိကြဘူး။ လွတ်လပ်စွာ အချုပ်အချယ်မရှိနေချင်တဲ့ ခွေးနှစ်ကောင်ဗျ။ အခြား အခြားအိမ်ခွေးများမှာ ပိုင်ရှင်ရှိတယ်။ နေ့စဉ် အစာကျွေးတယ်။ သူတို့က သခင်အပေါ် စောင့်သိရိုသေကြတယ်။

သို့သော် ...

နားတိုဆိုတဲ့ နားရွက်တိုစိစိနဲ့ ခွေးထီးရယ်၊ နားရှည်လို့အမည်ပေးထားတဲ့ နားရွက်ဖားလျားနဲ့ ခွေးရယ်ဟာ ခွေးသူတောင်းစားစာရင်းမှာ ပါတယ်။

သူတို့က မိုးလင်းရင် လမ်းထိပ်ဆုံးက ဦးဘအိမ်ကို ဝင်ကြရော။ ဝင်တာ တောင်းစားချိန်ကျမှနော်။ အဲဒါ ဦးဘတို့ စားကြွင်းစားကျန်စွန့်ဖို့ကို အိမ်ရှေ့ကနေ တအီအီ၊ တအူအူနဲ့ တောင်းရော။

နှင်လို့လည်း မပြန်ဘူး။ ဘယ်သူ့မှလည်း မကိုက်ဘူး။

သို့သော် ... အစာလုဘက်ဆိုရင်တော့ အသေအကြေကို ကိုက်ကြတာ။ အဲဒါ ဦးဘက ရှိသမျှလေးကို နားငြီးလို့ ချကျွေးရတယ်။

အဲဒီလို ... ဦးဘအိမ်က မနက်စာကိုစားပြီးရင် အဲဒီနေ့တစ်နေ့လုံး ဦးဘအိမ်က မပြန်ဘူး။ တစ်ညလုံး ဦးဘအိမ်ရဲ့လုံခြုံရေးကို စောင့်ရှောက်ပေးတာဗျာ။ ယုံမလား မသိဘူး။ ညဘက်များ ခိုးကြောင်ခိုးဝှက် ဝင်မလာနဲ့၊ အသားပြုတ်သွားမယ်သာမှတ်။

အဲဒါ မိုးလင်းရင် နောက်တစ်အိမ်ပြောင်းပြီး အဲဒီဘက်မှာ နှစ်ကောင်သား အစာတောင်းမယ်။ စားရရင် တစ်ညလုံး အိမ်ဖန် စောင့်လုပ်ပေးတယ်။

အဲဒါ အိမ်စေ့ တစ်နေ့၊ တစ်ညကို တစ်အိမ်နှုန်း လိုက်တောင်းစားပြီး ဒရဝမ်အိမ်ဖန်စောင့်အလုပ်ကို လုပ်ပေးနေတာ ယနေ့ထိ (ကော်ချဲ) ဗိုတုန်းပဲ။ သူတို့က တစ်ခုအတုယူဖို့ကောင်းတာက သူတို့ထမင်းရှင်[illegible]ကို တာဝန်ကျေပြွန်စွာ စောင့်ရှောက်ပေးလေ့ရှိတာပဲ။ နိုးလည်း [illegible] ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ဒေါ်မော်မော် . . . ခင်ဗျားပဲ ပြောဖို့ကျန်တော့တယ်"

"ဟုတ်တယ် . . . ဒေါ်မော်မော် အတွေ့အကြုံထဲက ခွေးဇာတ်လမ်းကို နားထောင်ချင်တယ်ဗျာ"

"နေပါဦး . . . ဆရာတို့ရယ်၊ ဘယ်ခွေးအကြောင်းပြောရင် ကောင်းမလဲလို့ စဉ်းစားပါရစေဦးရှင့်"

အဲဒီလို ဒေါ်မော်မော်က ပြောတော့ အယုတ်တမာကြီးဦးသိန်းဝင်းက ကျွန်တော်တို့ဘက်ကို လှမ်းကြည့်ပြီး စပ်ဖြဲဖြဲနဲ့ ပြုံးပြနေတယ်။ အံကြိတ်ပြလိုက်မှ သင်း ငြိမ်သွားတော့တယ်။

တကယ်ကို မကောင်းတဲ့ အဖေကြီးဗျာ။

"ရပြီ . . . ရပြီ . . . ဆရာတို့ရေ . . ."

✿ ✿ ✿

| ၂ |

❑

( . . . . . ) မြို့မှာပေါ့ . . . ဆရာရယ်။ သီလရှင်စာသင်တိုက်မှာ သီလရှင်တွေ များလွန်းပြီး ကျောင်းကျပ်နေတယ်။

နယ်ကရောက်လာတဲ့ မိဘမဲ့ကလေးများလည်း ရှိတော့ ကျောင်းနဲ့လူဦးရေ မဆံ့တော့ဘူး။

အဲဒီအခက်အခဲကို ကျွန်မရဲ့မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပါဝင်ကူညီဖြေရှင်းပေးတဲ့အနေနဲ့ ပေခြောက်ဆယ်ပတ်လည် မြေကွက်တစ်ကွက်ကို သီလရှင်စာသင်တိုက်ကျောင်းဆောက်ဖို့ ပေးလှူလိုက်ရောရှင်။

အဲဒါက မူလစာသင်တိုက်နဲ့ အတော်ဝေးတဲ့ သီးသန့်နေရာမှာပေါ့။ မူလစာသင်တိုက်မှာ လူကျပ်ပြီး စားရေးသောက်ရေး အိပ်ရေးပါခက်လွန်းနေတော့။

တိုက်အုပ်သီလရှင်ကြီးက ဒေါ်သီလဝတီဆိုတဲ့ အသက်(၅၀) ခန့် သီလရှင်ကြီးကို ဦးဆောင်စေပြီး ဒီတိုက်က သီလရှင်အပါး (၆၀) ကို ကျောင်းသစ်ဆောက်နေတဲ့ ကျောင်းကို အမြန်ဆုံးပြောင်းပါလေရောရှင်။

---

ဆိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာမှာ ယာယီသစ်သားထရံကာ ကျောင်းသစ်ငါးလုံး အမြန် ဆောက်ပေးလိုက်ကြတယ်။

ဆရာကြီး ဒေါ်သီလဝတီတို့ သီလရှင်အုပ်စုလည်း ဝမ်းသာသွား ကြတာပေါ့။ မွန်းကျပ်တဲ့ဘဝကနေ လွတ်မြောက်ပြီကိုး။ စားအိုးစားခွက် လိုအပ်သည့် အသုံးအဆောင်ပရိဘောဂ အနည်းအကျဉ်း၊ စာအုပ်စာတမ်း များနဲ့ ရောက်ရှိနေရာချကြတယ်။

မနက်စာအတွက် ချက်ပြုတ်နေတုန်း …

ကျောင်းနေရာသစ်ရှိရာကို နားရွက်ထက်ခြမ်းကွဲနေတဲ့ ခွေးနက် ကြီးတစ်ကောင်ရောက်လာပြီး သီလရှင်အုပ်စု ချက်ပြုတ်နေတာကို လာကြည့် တယ်။ ပြီးတော့ ပြန်သွားရော …

အဲ … သီလရှင်များ ဆွမ်းစားချိန်ရောက်ရင် အဲဒီနားရွက်နှစ် စလုံး ထက်ခြမ်းကွဲပြီး ဖားလျားကျနေတဲ့ ခွေးနက်ကြီးရောက်လာပြီး အစ တောင်းရော။

အဲဒါ အခုကျောင်းအုပ်ဆရာကြီး ဒေါ်သီလဝတီက ရှားရှား တစ်ကောင်တည်း ရောက်လာသည့် ခွေးနားရွက်ကွဲကြီးကို ဆွမ်းကျန် ကျန်ကျွေးရာ စားလိုက်တာမှ အားရပါးရ ဝေါ်ကြီးကျသလို စားတာ

စားလို့ဝရော ဟိုအဝေးကရွာ၊ ရပ်ကွက်ကို ပြန်သွားရော။ တစ်နေ့လည်းမဟုတ်ဘူး။ အဝေးရွာကနေ တစ်ကောင်တည်း လာစား ပြန်နေတာ နေ့တိုင်းလိုလိုပဲ။

ဒါနဲ့ ခင်မင်ရင်းနှီး မျက်မှန်းတန်းမိနေတော့ သီလရှင်ကြီးဒေါ် ဝတီက ပြောရောရှင့် …။

"ဟဲ့ … နားကွဲကြီး၊ နင်ကစားတော့ ငါတို့ကျောင်းမှာ လာ တယ်။ ညရေး၊ နေ့ရေးကျတော့ ငါတို့ကျောင်းကိုရော၊ သီလရှင်များကို မစောင့်ရှောက်ဘူး။ နင်က ဒီလိုပဲ စားပြီး ရွာပြန်လုပ်နေမှာလား"

ကြည့်စမ်း … အဲဒီလိုလည်း ပြောလိုက်ရော"

စိတ်ကူးသစ်စာပေ



နားကွဲကြီးဟာ သီလရှင်ကြီးရဲ့မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီး သစ်ပုံပေါ်မှာ သွားအိပ်နေလိုက်တာ။

အဲဒီနေ့ကစ၍ သူ့နေရပ်ရွာကို လုံးဝ မပြန်တော့ဘူး။

ညဘက်ကျရင် ကင်းလှည့်တယ်။ သူစိမ်းလူစိမ်း အရိပ်အသံကြား ရင် ဟောင်တယ်။ အဝေးက အသံကြားရင် ပြန်အူပြတယ်။

"မအူနဲ့ နားငြီးတယ်"

"အိပ်လို့မရဘူး"

"နားကွဲ … ရပ်စမ်း"

လို့အော်ရင် မအူတော့ဘူး။ ရပ်ပစ်လိုက်ရော။ အဲဒါ သီလရှင်များက ည်း နေ့စဉ်မြင်ပါများတော့ ခွေးနက်ကြီး နားကွဲအပေါ် ခင်မင်သံယောဇဉ် ဖြစ်လာတယ်။

နားကွဲကြီးက သီလရှင်ကြီးငယ်ဟူသမျှကို စောင့်ရှောက်တယ်။ ကိုက်ဘူး။ သီလရှင်ကလေးတွေနဲ့ ညနေဘက်ရောက်ရင် အတူဆော့ကစား တယ်။

သီလရှင်များ ဆွမ်းဆန်စိမ်းအလှူခံထွက်ရင် လမ်း၊ ကတ္တရာ သမ်းနံဘေး၊ ဒါမှမဟုတ် အခြားရွာ၊ ရပ်ကွက် အစပ်ရောက်အောင် ပို့ပြီးမှ ကျောင်းကိုပြန်လာတယ်

ညနေစောင်းလို့ သီလရှင်များ ပြန်လာချိန် ကျောင်းဝအလွန်ကနေ ကြိုခေါ်လာတယ်။

ကျောင်းဆောက်နေသည့် လက်သမား၊ ပန်းရန်ဆရာများကိုလည်း အားလုံးမှတ်မိတယ်။ အလုပ်သမားထဲမှာ လူသစ်ပါလာရင် အဲဒီအလုပ် လူသစ်ကို နားကွဲကြီးက စောင့်ကြည့်စောင့်ကြည့်လုပ်လို့ အလုပ်သမား ပြောရတယ်။

"နားကွဲကြီး … ဒါ ငါ့လူအသစ်ပါကွ။ မကိုက်ရဘူးနော်"

"အီ … အီ …"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားနော် ... ဟော့ကောင် ... ခွေးလိမ္မာကြီး"

"အီ ... အီ ..."

ပြောရင် နားလည်တယ်။ ပြောများမပြောရင် အဲဒီလူစိမ်းကို နှာခေါင်းနဲ့ လာနမ်းလိုက်။ 'ဟဲ ... အဲ ...' အသံပေးလိုက်နဲ့ ကြားရ မြင်ရ ကြောက်လန့်အသည်းယားစရာကြီး။

ခွေးကြီးကလည်း ဝစို လုံးအိနေတာကိုး ...

တစ်နေ့ ... တိုက်အုပ်သီလရှင်ကြီးက နားကွဲကြီးကို မေးတယ်။

"နားကွဲကြီး ..."

"အီး ... အီ ..."

"နင် မပျင်းဘူးလား။ တစ်ကောင်တည်း၊ နင့်မှာ အဖော်မရှိဘူးလား။ အဖော်ရှိရင် ခေါ်ခဲ့လေ"

"အီ ... အီ ... အီ ..."

အဲဒီလိုပြောပြီး ဘာမှမကြာဘူး။ ညနေလည်း ရောက်ရော ခွေးအဖြူမတစ်ကောင် ရောက်လာပါရောရှင် ...။

သီလရှင်ကြီးလည်း အံ့ဩ၊ သီလရှင်လေးတွေလည်း ရယ်ကြပေါ့။ အဲဒါ လက်သမားနဲ့ ပန်းရန်သမားတွေကပြောရော ...၊

"နားကွဲကြီး ... မိန်းမခိုးလာတယ်ဟေ့"

"ဟုတ်လား ... ဘယ်သူ့များပါလိမ့်ဗျာ"

"မိဖြူတဲ့။ ဟော ... ဟိုမှာဗျာ"

"ဟုတ်ပ့ါဗျာ။ စားနေကျ စားခွက်အင်တုံနံဘေးမှာ နားကွဲကြီး အဖြူရောင် ချစ်စရာခွေးမလေးနဲ့ အတူယှဉ် အစာစားလို့"

သီလရှင်ကြီးကလည်း ခွေးချစ်တတ်သူကြီးလေ။

"နားကွဲကြီး ..."

"အီ ... အီ ..."

"ဒါ ... နင့်အဖော်လားဟဲ့ ... ဟင် ..."

"အီ ... အီ ... အီ ..."

---





"အေး ... အေး ... ကောင်းကောင်းမွန်မွန်နေကြ။ ကျောင်းကိုရော၊ သီလရှင်တွေကိုရော စောင့်ရှောက်ကြ။ ကြားလား"

"အီး ... အီး ..."

"အင်း .... အင်း ...."

နှစ်ကောင်စလုံး လူစကားကို နားလည်သည့်အတိုင်း ခေါင်းတလေးဝပ်လို့။ မျက်လုံးလှန်ကြည့်ပြီး အီအီအင်းအင်း လုပ်ပြကြတယ်။

သီလရှင်ကြီးက သူတို့ကိုကြည့်ပြီး ...

"အင်း ... ကာမတဏှာ သမုဒယဆိုတာ လူမှာမှမဟုတ်ဘူး တိရစ္ဆာန်မှာလည်း ရှိကြလေသေးသကိုး။ အင်း ... အင်း ... ဘုရား၊ ဟန္တာမဟုတ်သေးသမျှ သမုဒယသံယောဇဉ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြတ်နိုင်မှာလဲ။ ကြိုးစားအားထုတ်မှ ဖြတ်လို့ရပေမပေါ့လေ။ ဘုရား ... ဘုရား ... ဘုရား ..."

ပြောရရင် ကျွန်မတို့ အခုဆောက်လုပ်နေတဲ့ သီလရှင်ကျောင်းထဲမှာ သီလရှင်ဆရာလေး ငယ်ငယ်ချောချောလေးတွေလည်း ရှိနေတာကိုး။

အဲဒီသီလရှင် ငယ်ငယ်ချောချောလေးများကို ပန်းရန်သမား၊ လက်သမားငယ်ရွယ်သူ ကာလသားနဲ့ တစ်ခုလတ်များက တစ်ချက်တစ်ချက် ကြိုက်စားရင်း တိုးတိုးတိုးတိုး ပြောကြတာတွေရှိတယ်။

အချို့အတင့်ရဲတဲ့ လူရွယ်များကျတော့ လက်ပြ၊ ဘာညာ လုပ်ရင်း မလုပ်ရင် လူလစ်တာနဲ့ ဖြတ်သွားဖြတ်လာကြုံရင် မေးရောရှင် ...။

"နာမည်ဘယ်လိုခေါ်တုံး ... ဆရာလေး"

"..."

"ဘယ်ဇာတိတုံးခင်ဗျ"

"..."

"လိုအပ်တာရှိရင် ပြောနော် ... ဆရာလေး ဟဲ ... ဟဲ ..."

---



www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း စေတနာစကား။ အချို့ကလည်း ဝေဒနာစကား ပေါ့။ ဒါပေမဲ့ ဣန္ဒြေကြီးလှသည့် သီလရှင်လေးများက ခေါင်းဆောင်သီလရှင်ကြီး ဆုံးမပဲ့ပြင်သည့်အတိုင်း သမုဒယရှာကို ခြေဦးမလှည့်ကြပါဘူး။

ကောင်းကောင်းမွန်မွန် လေးလေးစားစား မေးမြန်းရင် ပြန်ပြောလိုက်တာပဲ။ ရိသလိုလို ထေ့သလိုလို လုပ်လာကြရင် အဲဒီလူကို နောင်စကားမပြောတော့ဘူး။

ပြောတာ တစ်ကောင်ပဲရှိတယ်။

အဲဒါ နွားကွဲကြီးပဲ ...

နွားကွဲကြီးက သိပ်အကင်းပါးတယ်။ သီလရှင်လေးတွေကို အလုပ်သမားလေးအချို့ စနေ၊ နောက်နေ၊ ရိသွဲ့သွဲ့လုပ်နေတာကို မြင်တာနဲ့ 'ဟုန်းဝေါင်း'နဲ့ ပြေးချလာပြီး ...

ရိသွဲ့သွဲ့ နောက်ပြောင်ပြောင် လုပ်နေသူကို 'ဂီး ... ဟဲ ... ဂီး ... ဟဲ' လုပ်ပြီး အစွယ်ထုတ်ပြလို့ ဟောင်လိုက်တာနဲ့ အားလုံးငြိမ်သွား

နောင်တော့ ... အလုပ်သမားတွေ သဘောပေါက်လာကြတယ်။

"ဟဲ့ကောင်တွေ ... သီလရှင်လေးတွေကို မနောက်ကြနဲ့"

"နွားကွဲကြီး မကြိုက်ဘူး။ ဒီခွေးကြီးက လူဝင်စားခွေးလား။ ဘယ်လိုဘဝကလာတဲ့ ခွေးလည်း မသိဘူး။ သီလရှင်ကျောင်းရှေ့ ယောကျ်ားလေး အဝင်မခံဘူး။ မင်းတို့ နွားကွဲကြီးကိုက်လို့ သေလိမ့်မယ်။ နောင်ကို ရှောင်ရော၊ မျက်နှာရော ဆင်ခြင်။ ကြားလား ..."

"ဟုတ် ... ဟုတ် ..."

"သူတို့ မကြိုက်တာလုပ်လာရင် ငါကလည်း မင်းတို့ကို အလုပ်ကနေ ထုတ်ပစ်ရမှာပဲ"

"အလုပ်တော့ မထုတ်ပါနဲ့ ... အဘရာ။ ကျွန်တော်တို့ ဆင်ခြင်ပါ့မယ်ခင်ဗျာ"

"အဲဒါဆို ပြီးရော"

✿ ✿ ✿

| ၇ |

❑

ဟိုတစ်နေ့ညတုန်းက ညဉ့်နက်သန်းခေါင်ကျော်မှာ သီလရှင်ကျောင်းဝင်းထဲကို သူခိုးဝင်တယ်။ သူခိုးက ကျောင်းဆောက်တဲ့ သစ်သားချောင်းတွေကို ဝင်ထမ်းခိုးတာ။

ခိုးနေတုန်း နွားကွဲကြီးက ဘာမှမလုပ်ဘူး။

သူခိုးက ဝင်လာတုန်းက နွားကွဲကြီးကို ထန်းလျက်ခဲပစ်ကျွေးတာလေ။ နွားကွဲကြီးက နမ်းကြည့်ပြီး လုံးဝမစားဘူး။ အထဲမှာ အဆိပ်ပါမှန်း သိနေတာကိုး။ မိဖြူကလည်း သူ့နွားကွဲကြီး မစားတော့ လုံးဝကို တို့နမ်းမကြည့်ဘူး။

အဲဒါ ... သူခိုးက နွားကွဲကြီး သေပြီမှတ်ပြီး သစ်သားတွေ ထမ်းပြီး ကျောင်းပြင် စည်းရိုးကျော်ရော လိုက်ကိုက်ဆွဲလိုက်တာ ကမ္ဘာပျက်သလို အော်ဟစ်နေတာပဲ၊

သီလရှင်တွေ နိုးကြလို့ပေါ့။

နို့မို့ သူခိုးခများ။



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်များ အသံတွေကြောင့် နိုးလာပြီး မီးထိုးကြည့်ရော။ သူခိုးနဲ့ ခွေးနှစ်ကောင် သတ်ပုတ်နေတာမြင်လို့။ အကုန်ပြေးဆင်း ဖျန်ဖြေရှော့ မော့လို့ ခွေးနှစ်ကောင်ကို ဆွဲရ၊ ထိန်းရတယ်။

သူခိုးလည်း သွေးသံရဲရဲ ရှိုးတောင်းပန်လိုက်တာ မျက်ရည်လည်ရွှဲပဲ။

ဆိုလိုတာက နားကွဲတို့လင်မယားက အဲဒီလို အကင်းပါးတယ်။ လျင်တယ်။ သစ္စာရှိတယ်။

ဒီလိုနဲ့ စာသင်တိုက်ကြီး ပြီးသွားခဲ့လို့ ကျောင်းအပ်ပွဲကျောင်းသစ်တက်ပွဲ လုပ်ကြတာ ခြိမ့်ခြိမ့်သဲသဲပဲ။

အဲဒီနေ့တုန်းက ကျောင်းအပ်ပွဲ၊ ဖွင့်ပွဲမှာ ဆရာတော် သံဃာတော်များရော၊ သီလရှင်များစွာရော၊ လူငယ်ပရိသတ်ရော၊ အများကြီးကို ဆွမ်းထမင်းကျွေးကြတာကိုး ...။

ဟော ... ညနေလည်း ကျွေးရော ...

ကျောင်းဝိုင်းထဲမှာ ခွေးအကောင် ၇၀ ခန့် ရောက်နေပါရော။ ဆရာတို့ရေ ... ဘယ်ရပ်ဘယ်ရွာက ခွေးတွေမှန်းမသိဘူး။ ခွေးအုပ်ကြီးဆိုတာ နေရာတိုင်းမှာ မြင်နေရတာ။

ပိုလျှံသည့် အစားအစာများကို အားရပါးရ စားလိုက်ကြတာ။

ကျောင်းမှာလည်း သီလရှင်စာသင်သားတွေ တိုးပွားလာလို့ ဆွမ်းက ပိုလျှံတာပေါ့။ အဲဒါ ဆွမ်းစားချိန်ရောက်ရင် ရွာနီးချုပ်စပ်က ခွေးအကောင်တစ်ရာလောက် ရောက်လာကြတယ်။

စာသင်တိုက်ကို အနီးဝန်းကျင်က ဆွမ်းဟင်းများ နေ့စဉ် ကြည်ညိုသဒ္ဓါပွားပြီး လာပို့ကြတော့ ပိုလျှံဆွမ်းဟင်းများက မနည်းဘူးကိုး။

အဲဒါ အနီးဝန်းကျင်က ဆင်းရဲနွမ်းပါးကလေးများလည်း ခေါ်ကျွေး၊ ပိုသမျှကို ခွေးအကောင် (၁၀၀) ကျော်ကိုလည်း ကျွေးပေါ့။

အံ့သြစရာကောင်းတာက ...

ခွေးအကောင် (၁၀၀) ကျော် အစာစားနေတာ အသံတစ်စက်မှ မကြားရဘူး။ မဟောင်ကြဘူး။ မကိုက်ကြဘူး။ ရန်မဖြစ်ကြဘူး။ နားကွဲ





ကြီးတို့လင်မယားက စောင့်ကြည့်နေတာ။ ခွေးအုပ်က အသံတိတ်စားပြီးတာနဲ့ ည(၈)နာရီမှာ သူတို့ ရပ်ရွာအသီးသီးကို ပြန်ကြတယ်။

မိုးလင်းလို့ ဆွမ်းစားချိန်နီးလျှင် အလျှိုအလျှို ရောက်လာကြမယ်။ ဆွမ်းစားတုံးခေါက်၊ ကြေးစည်ရိုက်တာနဲ့ ခွေးအကောင်ရာကျော်က တစ်ပြိုင်နက် အူကြတယ်။

သူတို့ ပြိုင်တူအူသံကို ဟိုးအဝေးရပ်ကွက်ကပါ ကြားရတယ်။

ည (၇) နာရီမှာ သီလရှင်များအားလုံး ဘုရားရှိခိုး။ ဝတ်တက်ကြတယ်။ ဘုရားရှိခိုး ဝတ်ရွတ်ပြီးလို့ ကြေးစည်ရိုက်တာနဲ့ ...

ပြိုင်တူအူကြတဲ့အသံဟာ ...

နားယဉ်လာရင် နားထောင်လို့ သိပ်ကောင်းတယ်။ နားဝင်သာယာတယ်။

ကျက်သရေ မင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံနေသလိုပဲ။

အဲဒီလို အူပြီးမှ အသီးသီး ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်သွားကြတယ်။ ကျောင်းကြီးရဲ့ လုံခြုံရေး၊ ညစောင့်တာဝန်က နားကွဲကြီးတို့ ဇနီးမောင်နှံပေါ့။

ဒီလိုနဲ့ လူနဲ့ခွေးတို့ အတူတကွ အပြန်အလှန် အကျိုးကျေးဇူးပြုပြီး နေလာလိုက်တာ ...

ခွေးမကြီးမိဖြူလည်း သေဆုံးသွားခဲ့ပြီ။

နားကွဲနဲ့ မိဖြူတို့က ပေါက်ဖွားခဲ့တဲ့ ခွေးသားသမီးတွေလည်းကြီးပွားလို့ ဆင့်ပွားတွေမွေးပြီး အုပ်နဲ့သင်းနဲ့ ကျောင်းဝိုင်းထဲမှာ ရှိနေကြပြီ။

နားကွဲကြီးလည်း သွားတွေကျိုးလို့၊ အမွေးတွေကျွတ်ပြီး ဇရာရဲ့ ဆုထောင်းခြင်းဒဏ်ကို ခံစားနေရပြီ။

သွားလည်းနှေးနှေး၊ စားလည်းနှေးနှေး၊ အူလည်း လေးတွဲ့တွဲ့။

ဘယ်လိုပဲ အသက်ကြီးကြီး၊ အိုအို သီလရှင်ကျောင်းရဲ့ လုံခြုံရေး သီလရှင်အားလုံးရဲ့ လုံခြုံရေးကို အသက်လဲပြီး ကာကွယ်စောင့်ရှောက်နေတုန်း ...

ဝတ်တက်ကြေးစည်ရိုက်ရင် အူတုန်း။



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားတုန်းခေါက်ရင် အူတုန်၊ ဝတ္တရားမပျက်ခဲ့ဘူး။

တစ်နေ့တော့ ...

တိုက်အုပ်သီလရှင်ဆရာကြီးဒေါ်သီလဝတီ၊ ဖျာရဲ့အထုအထောင်းနဲ့ အိပ်ရာထဲမှာ လဲရရှာတယ်။ အသက်ကို မျှဉ်းမျှဉ်းပဲရှူပြီး ပုတီးကို ညာလက်နဲ့စိပ်။ ခဏနားပြီး ဝင်သက်ထွက်သက်ကို ဝိပဿနာဉာဏ်အမြင်နဲ့ မှတ်ရင်း နောက်ဆုံးထွက်သက်ကို ငံ့လင့်နေတယ်။

အို ... အနီးဝန်းကျင်မှာ မျက်ရည်စိုစွတ်နဲ့ သီလရှင်အရွယ်မျိုးစုံတို့ဟာ မိခင်ကြီးရဲ့ နောက်ဆုံးထွက်သက်ကို ကြေကွဲငံ့လင့်စောင့်စားနေကြသည့် သားသမီးများရဲ့ မျက်နှာမျိုးနဲ့ ပူဆွေးနေကြတယ်။

ဒီအချိန်မှာ ...

ဟိုး ... အဝေးဘုန်းတော်ကြီးကျောင်းက အရုဏ်ဝတ်တက် တုံးမောင်း (တုံးငယ်) ခေါက်သံကြားရော။ သီလရှင်ဆရာကြီး ဒေါ်သီလဝတီဟာ တိုးတိုးညင်းညင်းအသံနဲ့ ... သာဓု ... သာဓု ... သာဓု ... လို့ခေါ်ရင်း ဖက်လည်ကျလို့ အသက်ထွက်သွားခဲ့တယ်။

"အူး ... အူး ... အူး ..."

"ဝူး ... ဝူး ... ဝူး ..."

"အိန် ... အိန် ... အိန် ..."

"ဂိန် ... ဂိန် ... ဂိန် ..."

"အူး ... ဝူး ... ဝူး ... ဝူး ..."

သီလရှင်ဆရာကြီး အသက်ထွက်သွားသည့် အချိန်မှာပဲ ဖျာ အကောင်ရာကျော်အုပ်ကလည်း အရပ်လေးမျက်နှာကနေ အော်ဟစ်အူ ကျောင်းရှိရာ ရောက်လာစုရုံးကြလို့။

မြေပြင်ကနေ ကျောင်းအပေါ်ထပ် ကွယ်လွန်သူ သီလရှင်ဆရာကြီး ရှိရာကို မျှော်ပြီး အူငိုနေကြတာ မျက်ရည်လည်ရွဲနဲ့လေ။

ဒါနဲ့ မိုးလည်းလင်းရော ...

ဆိုင်ရာဌာနအသီးသီးကို အကြောင်းကြားပြီး သီလရှင်ဆရာကြီး၏ ရှုပနကိစ္စကို တာဝန်ရှိသူတို့က စီစဉ်ဆောင်ရွက်နေချိန် ...

---

စိတ်ကူးသစ်စာပေ



"ဟော့တော့ ... ဒါ ... ဒါ ..."

"ဒေါ်ဉာဏစာရီ ... ဘာဖြစ်လို့တုံး"

"အမြန်လာပါဦး ... ဆရာကြီးရယ် ... မြန်မြန်လာပါ"

"ဟဲ့ ... ဘာဖြစ်လို့တုံး။ ဒေါ်ဉာဏရဲ့ ... ဟင် ..."

"နားကွဲကြီး ... အိပ်နေတာလား ... ဒါမှ ... မဟုတ် ..."

ဒေါ်ဉာဏစာရီ ညွှန်ပြလို့ ကြည့်လိုက်တော့ ...

နားကွဲကြီးရယ် ကျောင်းတိုက်လှေကားခြေရင်းမှာ လက်နှစ်ဖက်ပေါ် ခေါင်းတင်ရင်း ငြိမ်သက်လို့။

"ဟဲ့ ... နားကွဲကြီး ... နားကွဲကြီး ..."

"ဟဲ့ကောင် ... နားကွဲကြီး ... ထ ... ထ ... နင့် ... သခင်မကြီး ... ပျံ ..."

"ဟင် ..."

"ဟဲ့ ... အသက်မရှိတော့ပါလား"

"အို ... ဘုရားရေ ..."

သီလရှင်တွေ နားကွဲကြီးကို လှုပ်နှိုးကြတယ်။ ဒါပေမဲ့ သစ္စာရှိလှသည့် နားကွဲကြီးဟာ သူ့ရဲ့ကျေးဇူးရှင်သခင်မကြီး ဒေါ်သီလဝတီပျံလွန်ချိန်မှာပဲ အခြားခွေးများနှင့် ကြေကွဲစွာ ငိုကြွေးအူဟစ်ရင်း အသက်ပျောက်သွားရှာတာပဲ။

ဇာတ်ကြောင်းက ဒါပါပဲ ဆရာတို့ရယ် ...။

ဘယ်လိုရေစက် ...

ဘယ်လို သံယောဇဉ် ...

ဘယ်လို ဘဝရဲ့ အကျိုးပေးတူနေကြသလဲဆိုတာတော့ ဆရာတို့ ဆရာများပဲ စဉ်းစားသုံးသပ် အဖြေထုတ်ပေးကြပါရှင်။

မောင်ညိုမိုး(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

မြွေပေါက် ...

သိပ်ရန့်လိုတဲ့ ကောင်ဗျာ။ အလကားနေ ပြဿနာရှာချင်နေတာပဲ။

အဲဒီတုန်းက ကျွန်တော်ကလည်း အချုပ်ထဲမှာရှိနေ်ဗျ။ ပြဿနာကို ဖားမီးခွက်ကြီး ထွန်းရှာချင်တဲ့ကောင်။

အခု ဒီကောင် သေဒဏ်နဲ့ နှစ်ပါးသွားရကိန်း ကျိန်းသေသွားပြီ။ ယ်ဗျာ ... ဒီလို ဆိုးသွမ်းမိုက်ရိုင်းပြီး ပြောဆိုဆုံးမ တရားပြလို့မရတဲ့ ကောင်စားမျိုးကတော့ ဥပက္ခာနဲ့ မလုံလောက်ဘူးလို့ ဆိုကြတာကိုးဗျ။

ဥပက္ခာတရားရဲ့ ဟိုးအပြင်ဘက် နက်နက်ရှိုင်းရှိုင်းထဲကို ရောက်ကိုရောက်သင့်တာလို့ ဝေဖန်ကြတယ်။ အခု သင်းရောက်သွားပါပြီ။ ကျော်ပြီး နိုင်ငံတော်အကြီးအကဲထံ အသနားခံစာတင်လို့ ကံအလွန်ကောင်း ဒီအတောင် အနှစ်နှစ်ဆယ် ထောင်ကျခံရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အချစ်သားအားလုံးကရော ...

မျက်မြင်ကိုယ်တွေ့ မြင်ရသူများကရော လိုက်လိုက်လှဲလှဲ မေတ္တာပို့ကြတာက ...

မြွေဟောက် ...

လူ့လောကကနေ နေ့ချင်းညချင်း ပျောက်ကွယ်ပါစေတဲ့။

✿ ✿ ✿

| ၂ |

❑

ဟုတ်ပြီ ... အများက မေးကြမယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့အားလုံး မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ ဥစ္စာ။ ဘာလို့ အကြင်နာမဲ့စကားကို အလွန်အကျွံဆိုရသလဲလို့ မေးကြမယ်။

ကိုင်း ... ဒါဆို ခင်ဗျား ဆိုးသွမ်းမိုက်ရိုင်းတဲ့ လူစားမျိုးနဲ့ တစ်ရပ်ကွက်ထဲ အတူနေနိုင်သလား။

တစ်လမ်းတည်း အတူနေနိုင်မလား။

တစ်အိမ်တည်း၊ တစ်ဝိုင်းတည်း၊ အတူနေနိုင်၊ စားနိုင်မလား။ အတူနေရပြီး သူလိုက်ရှာနေတဲ့ ပြဿနာမှန်သမျှကို အချုပ်ထဲရှိသမျှ လူအားလုံး စိတ်ညစ်စွာ မျှဝေခံစားနေရတာ။

အခု သူက ရုံးထွက်အချုပ်ခန်းထဲမှာ ဘဝတူ အချုပ်သားတစ်ဦးကို ရက်ရက်စက်စက် သတ်ပစ်လိုက်တဲ့ကိစ္စ။

လူတစ်ယောက်ကို ကိုယ့်မျက်စိရှေ့မှာ သတ်နေတာကို ကျုပ်တို့ သက်ကြီးဆိုတဲ့လူတွေ မျက်စိမှိတ်နေရတယ်ဆိုရင် ယုံမှာလားဟင်။

ပြောပြမယ် ...။

✿ ✿ ✿

www.burmeseclassic.com

[ ၃ ]

❑

မြွေဟောက်ဆိုတဲ့ကောင် အချုပ်ထဲကို တစ်နေ့နံနက် ရောက်လာတယ်။ ဒီကောင့်နာမည်အရင်းက တင်မောင်တဲ့။ အချုပ်ထဲရောက်လာရင် ထုံးစံအတိုင်း ပုံစံထိုင်ရတယ်။ ရှိရှိသေသေ ဦးချိုးပြီး ဝင်လာရတယ်။ ဒါက အချုပ်ထုံးစံပဲ။

မြွေဟောက်ဆိုတဲ့ အကောင်က ဒီလိုမဟုတ်ဘူး။ ကျားခေါင်းက ဝင်လာကတည်းက ဂျစ်ကန်ကန် ပေတူးတူးဂိုက်နဲ့ ရှိသမျှ အချုပ်သားအားလုံးကို လူမထင်သလို ဂရုမစိုက်သလိုဟန်မျက်နှာပေးနဲ့ ဝင်လာတာ။

ဒီမှာ ကျွန်တော်တို့ အခန်းလူကြီး ကိုမှတ်ကြီးကလည်း သင်းပုံကို အကဲခတ်နေတယ်။

ကိုမှတ်ကြီးဆိုတာကလည်း လူသတ်မှုကြီး နှစ်ကြိမ်၊ ဓားပြမှုသုံးကြိမ် အချုပ်ခန်းဖောက်ပြေးမှု နှစ်ကြိမ်နဲ့ ထောင်ထဲဝင်လိုက်၊ ထွက်လိုက်လုပ်နေတဲ့ ရာဇဝင် လူဆိုးလူမိုက်ကြီး။

လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ကြုံပြီး ကံကောင်းလို့မသေရတာ—





အချုပ်သားအားလုံးကလည်း မထီမဲ့မြင်စတိုင်နဲ့ လူမိုက်စတိုင် ဝင်လာသူကို မဝံ့မရဲကြည့်နေကြတယ်။

"ဟေ့ကောင် ... ပုံစံထိုင် ..."

ဒီမှာ အခန်းလူကြီး ဦးမှတ်ကြီးက ဝင်လာသူကို စိုက်ကြည့်ပြီး အမိန့်ပေးလိုက်တယ်။

"ဘယ်သူ့ကိုပြောတာလဲကွ"

"မင်းကိုပြောနေတာ"

"ကျုပ်ကို ပြောနေတာ။ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ ... ပြောစမ်း"

"မှတ်ကြီးကွ ... ကျား ..."

"ဖောင်း ..."

"ဝုန်း ..."

"ကျား ..."

"ဖောင်း ..."

"ဝုန်း ..."

"အား ..."

ကဏ္ဍာကောစလုပ်နေတဲ့ ဝင်လာသူ။ အခန်းလူကြီးကို မထီလေးစားလုပ်နေတဲ့ ဗလကောင်းကောင်း၊ နှုတ်ခမ်းမွေးကျင်စွယ်နဲ့ ကြည့်လိုက်ရင် ရုပ်ရှင်မင်းသား လင်းထင်လိုလိုနဲ့ရဲ့ မျက်ခွက်ရှိရာကို ကိုမှတ်ကြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်တယ်။

ဟိုကလည်း ဝင်လာတဲ့လက်သီးကို ပြန်ကာချိန်မှာပဲ သိုင်းဗန်ဒိုတတ်တဲ့ အခန်းလူကြီး ကိုမှတ်ကြီးက ငနဲသားရဲ့ပေါင်ခွကြားကို ပစ်ကန်လိုက်တာများ ...။

ငနဲသား အပေါ်ကို မြောက်တက်သွားပြီး ပေါင်ခွကြားကို လက်နဲ့အုပ်လို့ ဝုန်းခနဲ သမံတလင်းပေါ်ပြုတ်ကျပြီး တအီးအီးဖြစ်နေရော ...။

ကျုပ်တို့က သေပြီမှတ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကန်ကန် ငနဲသား လူးလွန့်အော်ဟစ်နေတယ်။ ဒီမှာ ကိုမှတ်ကြီးက သင်းကို ခြေနဲ့ထပ်ကန်ပြီး …၊

"ဟော့ကောင် … ပုံစံထိုင်"

"အား … အီး …"

"ထိုင် …"

ငနဲသားက ပုံစံတကျ ထိုင်လိုက်တယ်။ အချုပ်ပုံစံထိုင်ဆိုတာ ဦးစွာ တင်ပျဉ်ခွေပြီး ရင်ဘတ်ကိုကော့လို့ အရှေ့ရှူးရှူးတည့်တည့်ကို ကြည့်နေရမယ်။ ဒူးနှစ်လုံးပေါ်ကို လက်သီးဆုပ်နှစ်ခု လက်ဆန့်ပြီး တင်ထားရမယ်။

တန်းထားသည့် လက်လျှော့နေလို့ မရဘူး။

သင်းက လျော့တိလျော့လျည်း ထိုင်တယ်။ ဒီမှာ ဦးမှတ်ကြီးက သင်းရဲ့ဖက်ပိုးကို ရိုက်ချလိုက်တာ ရှေ့ကို စိုက်ရော။ (ဒီအကြောင်းတွေဖတ်ပြီးရင် အချုပ်ထဲ၊ ထောင်ထဲကို ဝင်လာဖို့ လုံးဝ စိတ်မကူးပါနဲ့။ လိမ်လိမ်မာမာ နေကြပါခင်ဗျား)

(ဒါ … အချုပ်ခန်းရဲ့ ပသာဒကို ရေးပြနေတာပါ။ တစ်နည်း အချုပ်ခန်းရဲ့ စည်းကမ်းကို ရေးကြရတာပါ။ အချုပ်သား၊ အကျဉ်းသားရဲ့ မူလပြဋ္ဌာန်း ဥပဒေမှာ အချုပ်သား၊ အကျဉ်းသားကို လူ့အခွင့်အရေးအရ မညှဉ်းပန်းရဘူး။ မနှိပ်စက်ရဘူး။

သို့သော် ဒီအထဲကို ဝင်လာတဲ့သူ မှန်သမျှအနက် (၉၉) ရာခိုင်နှုန်းက သူတော်ကောင်းတွေမဟုတ်ဘူး။ လူလိမ္မာတွေ မဟုတ်ဘူး။ ဘုရားဒကာ၊ ကျောင်းဒကာ မဟုတ်ဘူး။ လူဆိုးလူမိုက်၊ သူခိုး၊ ဓားပြနဲ့ မူးယစ်ကောင်တွေပဲ။

ဒီအထဲမှာ ဘုရားဒကာလူလိမ်နဲ့ ဂေါပကာသူခိုးလည်း ရှိတယ်။ ပညာတတ်အရာရှိ သူခိုးလည်းရှိတယ်။ စုံလို့ … စုံလို့။

အသက်(၆၀)ကျော်မှ ကိုယ့်မြေးအရွယ်၊ သမီးအရွယ် အပျိုပေါက်ကို မုဒိမ်းကျင့်တဲ့ တဏှာရာဂ သက်ကြီးဘီလူးလည်းရှိတယ်။

စိတ်ကူးသစ်စာပေ



ဘုန်းကြီးကျောင်းဝင်ပြီး အနုကြမ်းစီးတဲ့ လူဆိုးလူမိုက်တွေလည်း ရှိတယ်။ မူလတန်းကလေးကို သတ်ပြီး နားဆွဲဖြုတ်တဲ့ ရက်စက်ကြမ်းကြုတ်သူမျိုးလည်း ရှိတယ်။

သူတို့ကို အချုပ်ပုံစံထိုင်နည်းနေနည်းကို အမှုထမ်းက ပြလို့မရဘူး။ ပြတိုင်း သိပ်ဂရုမစိုက်ဘူး။

သည်တော့ ဟိုး … မြန်မာမင်းလက်ထက်မှသည် အင်္ဂလိပ်မင်းအုပ်ချုပ်သည့်ကာလ၊ လွတ်လပ်ရေးရရှိပြီးကာလ၊ အဲဒီကနေ ယနေ့ မျက်မှောက်ခေတ်အထိ အချုပ်သားတရားခံများကို အချုပ်သား၊ အမှုကြီး၊ လက်အမြန်၊ လူမိုက်မှန် လူမှန်များက အချုပ်ထဲမှာ ဖိဖိစီးစီး နှိပ်နှိပ်ကွပ်ကွပ် အုပ်ချုပ်ပုံစံပြရတယ်။

မတစ်ရာသား လူဆိုး၊ လူမိုက်ချိုးရာပါ၊ ခွာရာပါ၊ ဒဏ်ရာပါများကို အချုပ်ခန်း ငြိမ်ဝပ်ပိပြားအောင် ဆူဆူပူပူမဖြစ်ရအောင် အုပ်ချုပ်ရတယ်။ ပြရတယ်။

လျော့လို့ပေါ့လို့ကတော့ ဘုရားစင်အောက် ခွေးယိုမည့်ကောင်ချည်း။ ဒါ မရှိမဖြစ်ဘဲ၊ မလုပ်မဖြစ်ဘဲ။ ဒါကြောင့် နည်းနည်းပါးပါး သဘောပေါက်အောင် ရေးပြရတာပါ။ ဒါကိုမှ သဘောမပေါက်လို့ အချုပ်အကြောင်း၊ ထောင်အကြောင်း သိချင်သူများရှိခဲ့ရင် ကိုယ်တွေ့ ဝင်ရောက်လေ့လာကြည့်ပါလို့ မေတ္တာရပ်ခံပါတယ်။

"ဟော့ကောင် … မင်း … ထောင်ကျဖူးတယ်မဟုတ်လား"

"ဟုတ် …"

"အချုပ်ထဲရောက်ဖူးတယ် မဟုတ်လား"

"တုတ် …"

"ဖောင်း …"

"အား …"

"ရောက်ဖူး၊ ကျဖူးရင် ပုံစံ အဝီအပြင်ထိုင်"

နောက်ဆုံး အခန်းလူကြီးမှတ်ကြီးကို စမ်းလို့မရမှန်း သိသွားတော့ ထင်း ဦးကျိုးသွားတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ..."

"မြွေဟောက်"

"အမည်ရင်းပြော"

"တင်မောင်"

"အဘအမည်"

"ဦးဝင်းသိန်း"

"အမှု"

"ဓားခုတ်မှု"

"ယောက်ျားကို ခုတ်တာလား၊ မိန်းမကို ခုတ်တာလား"

သင်း မပြောဘူး။ ရင်ဘတ်ကို တစ်ချက်ပေးလိုက်မှ ပြောတယ်

"မိန်း ... မ ... ကို ... ခုတ်တာပါ"

"သတ္တိကောင်းပဲကိုး ... အဟင်း ... ဟင်း ... ဟင်း ..."

"နေရပ်လိပ်စာ ပြော"

"အမှတ် (...)၊ ချောင်းကောက်ကျေးရွာ"

"ထောင်ကျဖူးတယ် ဟုတ်လား"

"ဟုတ် ..."

"ဘယ်နှကြိမ်ကျဖူးလဲ"

"လေးကြိမ်"

"မဆိုးဘူးပဲ။ ဘာမှုနဲ့ ကျလဲ"

"ရိုက်မှု၊ ဓားခုတ်မှု၊ ဓားထိုးမှု၊ ဖောက်ထွင်းမှု"

"တင်မောင် မင်းလည်း ထောင်ကျဖူးသူ၊ ငါလည်း ထောင်ကျဖူးသူပဲ။ ထောင်မှာ ထောင်စည်းကမ်းဆိုတာရှိတယ်။ အချုပ်မှာ အချုပ်စည်းကမ်းရှိတယ်။ မင်းဘာသာမင်း ထောင် ဘယ်နှကြိမ်ပဲကျကျ။ ဒီနေ့ အချုပ်ထဲပြန်ဝင်လာရင် လူသစ်ပဲ။ လူသစ်ဖြစ်လို့ အချုပ်ထဲရောက်ရင် အချုပ်အမှန်အကန်ထိုင်ရမှာပဲ။ ငါ ထောင်ကျဖူးသူပဲကွဆိုပြီး အချုပ်ပုံစံ မထိုင်လို့ မရဘူး။





ဒီမှာ ငါ အခန်းလူကြီးပဲ။ ငါ့ကို အချုပ်သားအားလုံးကရော အမှုထမ်းတွေကရော သဘောတူညီစွာ အုပ်ချုပ်ဖို့ အခွင့်ပြုသဘောတူထားတယ်။ မခိုးနဲ့၊ မဝှက်နဲ့၊ ရန်မဖြစ်နဲ့၊ လိင်တူမဆက်ဆံနဲ့။ ချွတ်တာ ခွာတာ မလုပ်နဲ့။ ရေစည်းကမ်းချက်ခြင်နဲ့ ချိုး၊ အိမ်သာအပေါက်တည့်အောင်ပါ။ အိမ်သာထဲ သေးမပေါက်နဲ့။ ကြားလား ..."

"ကြား"

"နားလည်လား"

"လည်ပါတယ်"

"လျှော့ထား"

ရက်သားလေးရလာတော့ ဒီကောင်အကြောင်း ပိုသိလာရတယ်။ ဒီကောင်က ပြစ်မှုသုံးခုနဲ့တဲ့။ ဓားခုတ်မှု၊ ရိုက်မှုနဲ့ ဖောက်ထွင်းမှု သုံးမှု။ ဓားခုတ်မှုကလည်း သူ့အိမ်နံဘေးက မိန်းမနဲ့ ဖြစ်တာဆိုပဲ။

သူ့ကို မချေမငံပြောလို့ဆိုပြီး အဲဒီမိန်းမ ဈေးဝယ်အထွက်မှာ ဓားရှည်နဲ့ လိုက်ခုတ်တာ သေကောင်ပေါင်းလဲ ဆေးရုံရောက်နေသတဲ့။

နောက်တစ်မှုက ပိုက်ဆံရလို့ ကြေးစားလူရိုက်တာ။

အရိုက်ခံရတဲ့လူ (၆) ချက်ချုပ်လိုက်ရတယ်။

"မင်း အဲဒီတုန်းက ရိုက်ခ ဘယ်လောက်ရလဲ။ မြွေဟောက်"

"တစ်သိန်းပါ"

"ရိုက်ခိုင်းတဲ့လူရော အဖမ်းမခံရဘူးလား"

"ပြေးပြီဗျ"

နောက်ဖောက်ထွင်းမှုကလည်း ထောင်ကျဖို့ သေချာပြီးသားပဲ၊ ဘယ်သူ့အိမ်ဖောက်တာ မှတ်လို့လဲ။ အငြိမ်းစား ဝတ်လုံတော်ရကြီးအိမ်ဖောက်တာတဲ့။ ပျော်စရာပဲ။ ဟော့ ... ဟော့ ...။

ပထမပိုင်းမှာတော့ အချုပ်ခန်းက အေးအေးဆေးဆေးပါပဲ။ ပြဿနာမရှိပါဘူး။ အချုပ်ခန်းလူကြီး ဦးမှတ်ကြီးကလည်း အချုပ်သားအားလုံးကို နိုင်နိုင်နင်းနင်း ပိပိပြားပြား အုပ်ချုပ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲမှာ အိမ်ကနေ ဘာပစ္စည်းမှ လာမပို့နိုင်တဲ့ အချုပ်သား တရားခံများလည်း ရှိတယ်။ မိသားစုများက ဟိုးအဝေးရွာတွေမှာ နေကြတော့ (၁၅) ရက် ရုံးချိန်း ယမန်ကြီးတစ်ပတ်ကျမှ ရုံးချိန်းလာတွေ့ပြီး စားစရာ ငါးပိကြော်လေး ဆေးလိပ်၊ မုန့်ပဲသွားရေစာလေး ပေးကြရတယ်။

အဲဒါလည်း များများမပေးနိုင်ကြဘူး။ သူ့နည်းနည်းပေး၊ ကိုယ့်နည်းနည်းဝေနဲ့ ကုန်ရော၊ အချို့ဆေးလိပ်သောက်စရာမရှိဘူး။ အဲဒါ အခြားသူရဲ့ ဆေးလိပ်ကို ခိုးတယ်။ ပြဿနာဖြစ်တယ်။

အချုပ်ခန်းထဲမှာ ငွေကြေးပိုက်ဆံ အနည်းအကျဉ်းကိုင်လို့ရတယ်။ တရားဝင်လို့ မဟုတ်ဘူး။ နားလည်ပေးတဲ့ သဘောမျိုးပေါ့။

ရဲစခန်းရှေ့နားက မုန့်ပဲသရေစာ၊ ငါးခြောက်ကြော်၊ ငါးပိကြော် ထမင်းဖြူရောင်းတဲ့ဆိုင်က စားချင်တာတွေ၊ ကွမ်းယာ၊ ဆေးလိပ်ထိ ဝယ်ခိုင်းပေးပို့စေရတာပေါ့။

ပိုက်ဆံကိုင်ရတော့ ပိုက်ဆံပျောက်တယ်။ ခိုးတယ်၊ အဲဒါမျိုးတွေကို ဦးမှတ်ကြီးက ဖော်ထုတ်အရေးယူဆုံးမပေးရတယ်။

မရိုက်နှက်ပါဘူး။

ဖားခုန် ခုန်ခိုင်း၊ နားရွက်ဆွဲထိုင်ထသောအခါ နှစ်ရာသုံးရာအထိ ဒဏ်ပေးရတယ်။ အဲဒီလိုမှ မဟုတ်ဘဲ အချင်းချင်းရန်ဖြစ်ရင်တော့ ဦးမှတ်ကြီး ကိုယ်တိုင် ဖြင်းရတယ်။

"ငါ ဆုံးမတာ နာခံမလား၊ နောက်တစ်မှု အတိုးခံမလား"

"ဘမှတ်ကြီး ... ဆုံးမပါခင်ဗျာ"

"ဟိုကောင်ကရော"

"အဘဆုံးမတာ နာခံပါ့မယ်ခင်ဗျ"

"ဟုတ်ပြီ၊ ဒါဆို"

ဟုတ်တယ်လေ။ လက်ရှိအမှုမှ မပြတ်သေးဘူး။ နောက်တစ်မှု ထပ်တိုးရင် လွတ်ရက်က မြန်ပါဦးတော့မလား။ ဒါကြောင့် အဘဦးမှတ်ကြီး ရဲ့ ဆုံးမတာကို ခံယူရင်း ပြန်သင့်မြတ်အောင် နေကြရတယ်။

---

စိတ်ကူးသစ်စာပေ



ပြောရရင် ...

ဦးမှတ်ကြီး အချုပ်ခန်းလူကြီး လုပ်နေစဉ်ကာလမှာ အချုပ်သားအားလုံး စိတ်ရောကိုယ်ပါ ကျေနပ်ချမ်းသာကြတယ်။

လူဆိုး၊ လူသွမ်း၊ လူမိုက် မြွေဟောက်လည်းသိပ်ပြီး ပြဿနာမရှာရဲဘူး။ တစ်ခုတော့ရှိတယ်။ ဦးမှတ်ကြီးရုံးချိန်းရှိလို့ အချုပ်ကနေထွက်တဲ့နေ့မျိုးကျရင် မြွေဟောက် ကြိမ်းဝါးတယ်။

"မှတ်ကြီးမရှိတဲ့နေ့ မင်းတို့အားလုံး သိမယ်။ ကြားလား ...။ ဒို့နာမည် မြွေဟောက်။ ဘယ်သူမှ ဂရုမစိုက်ဘူး။ အဆိပ်ပြင်းတယ်။ နေ့မရွေး၊ ညမရွေးဘူး"

ဒီလိုနဲ့ ကံဆိုးမိုးမှောင်ကျတဲ့နေ့ ရောက်လာတာပါပဲ။

ဦးမှတ်ကြီးကို ရုံးတော်က စီရင်ချက်ချလိုက်တယ်။

ဦးမှတ်ကြီး ထောင်ဒဏ်သုံးနှစ် ခံစားရလို့။ ဒီနေ့မှာပဲ အင်းစိန်အကျဉ်းထောင်ကို ထောင်ကျနဲ့ ပြောင်းသွားရတော့တယ်။

ကျွန်တော်တို့ သူ့ကို နှုတ်ဆက်ခွင့် မရလိုက်ဘူး။

အားလုံး မျက်ရည်စို့ကြတယ်ဗျာ။ သူဟာ ကျုပ်တို့အားလုံးကို ဘူ့ ရင်ဝယ်သားလို နေ့ရော ညပါ စောင့်ရှောက်ခဲ့သူကိုး။

ကျွန်တော်တို့လည်း အတောင်စုတ်ပြီး ထောင်ဘုတ်ကို ရောက်ရဦးမှာပါဗျာ။ အကြောင်းသင့်ရင် အလုပ်စခန်းမှာ ပြန်ဆုံကြတာပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

မကြာပါဘူးဗျာ။

အချုပ်ခန်းဟာ ငရဲခန်းလို ဖြစ်လာခဲ့တယ်။ ထောင်သက်ရင့်တဲ့ မြွေဟောက်က အခန်းလူကြီးဖြစ်သွားတယ်လေ။ အထဲမှာ သူ့ပါတနာတွေ နောက်လိုက်တွေရှိနေတော့ အဆိုတင်သွင်းတာလည်း သူ့ရဲ့လူတွေ။ ထောက် ခံတာလည်း သူ့ရဲ့လူတွေပဲဆိုတော့ အခန်းလူကြီးဖြစ်သွားတော့တာပေါ့။

အခန်းလူကြီးဖြစ်တဲ့နေ့ကစပြီး ခေါင်းရင်းခန်း အဘမှတ်အိပ်တဲ့ နေရာမှာ သူနေရာယူတယ်။ အနီးမှာ သူ့ဘော်ဒါလူရင်း လူမိုက်အချို့ကို ကိုယ်ရံတော်များအဖြစ် နေရာစားပေးထားတယ်။

သူ အခန်းလူကြီး ဖြစ်သည့်နေ့ကစပြီး အချုပ်ခန်းထဲမှာ ဆဲရေး တိုင်းထွာသံနဲ့ နိုင်လိုမင်းထက်လုပ်တာတွေ အရှိန်တက်လာခဲ့တယ်။

ဆေးလိပ်ပျောက်၊ ပိုက်ဆံပျောက်တာ လူတိုင်းနီးပါး ရှိလာတယ်။

သူများကို ရေချိုးရင် ငါးခွက်ချိုးမယ်လို့ သတ်မှတ်ပြီး သူတို့ကျ တော့ ရေကို အိမ်မှာချိုးသလို စိတ်ကြိုက်ချိုးကြတယ်။ ရေက အချုပ်သား တွေ ငွေစုပေါင်းထည့်ပြီး ဝယ်ရတာ။ သူတို့ငွေ လုံးဝမပါဘူး။





ဒီကြားထဲ အချုပ်သားများ ရုံးပြန်ပါလာသည့် အိမ်ပို့ အိမ်ပေး ဆေးလိပ်၊ ကွမ်းယာ၊ စားစရာများအနက် မြွေဟောက်ကို စားတော်ဦး အရင်ဆက်ရတယ်။ စီးကရက်နဲ့ ဆေးပေါ့လိပ်ပါရင် စီးကရက်ကို ဦးစားပေး ဆက်ရတယ်။

အချုပ်သားလူသစ်ဝင်လာရင် ချွတ်တယ်၊ ခွာတယ်။

ချွတ်တာ ခွာတာကို အစောင့် ရဲအမှုထမ်းများ မသိမမြင်အောင် တိုးတိုးခြိမ်းခြောက် ဖျောင်းဖျပြီးယူတာ။ လူသစ်ဆိုတော့ ကြောက်တာပေါ့။ ရဲကို မတိုင်ရဲဘူး။ မတိုင်ဘူး။ အထဲမှာ အရိုက်အနှက် မခံရရင်ဘဲ ဝမ်းသာ လို့။

အချုပ်ပုံစံ ထမင်းဝေရင် သူတို့အုပ်စုက ထမင်းဘုတ်ကိုင်။

အခြားသူကို ပုံစံမပြည့်တပြည့်ပေးပြီး သူတို့က ပို၍ အမျှအဝ စား။ အကြိုက်ယူ၊ ဦးမှတ်ကြီးနဲ့ ကွာပါ့ဗျာ။

လူစွမ်းကောင်း။ ထောင်ကျဖူးသူ ဝင်မလာနဲ့။ အချုပ်သစ်ဘဝနဲ့ ဝင်လာရင် သူတို့က အုပ်စုနဲ့ ပုံစံပေးပြီး နှိပ်ပစ်လိုက်တာ။

အချို့က နေသေးသပ။ ချိုသွေးစပေါ့။ ချုံထဲကပေါ့။

''ဆရာမှိုင်း ...''

''ဘာတုန်း ... ကိုဂျက်ကြီး''

''ဒီကောင်မျိုး ထောင်ထဲရောက်ရင် သက်ဆိုးမရှည်ပါဘူးဗျာ''

''ဘာဖြစ်လို့တုံး .. ကိုဂျက်ကြီးရ''

''ဒီမှာသာ ဗိုလ်ကျနေ၊ အနိုင်ကျင့်နေတာ ထောင်ထဲရောက်တော့ လည်း ချေးပုံး (ချီးပုံး) ထမ်းရတဲ့ ကောင်တွေပါ''

''ဟုတ်ရဲ့လား ... ကိုဂျက်''

''ကျွန်တော် ထောင်ကျဖူးပါတယ်ဗျာ။ သင်းတို့အကြောင်း အမေး ခံပါးမကျန်သိပါတယ်။ ဟိုမှာ လုပ်လို့မရဘူး။ သူ့ထက်သာတာချည်းပဲ''

''ဆိုးတာတော့ တော်တော်ဆိုးတာပဲနော်''

''ငါနိုင်တယ်ဆိုတာ ငါ့ကိုနိုင်တဲ့သူ မပေါ်သေးလို့ပါဗျာ။ သူ့ကိုနိုင် တဲ့သူပေါ်လာရင် မြောင်းထဲရောက်သွားတာပါပဲ ... ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ . . . ဟုတ်တာပေါ့"

ကျွန်တော်နှင့် မြွေဟောက်ရဲ့ဆက်ဆံရေးက မဆိုးပါ။ ကျွန်တော် စာရေးဆရာမှန်း သတင်းထောက်မှန်းသူသိသဖြင့် ကျွန်တော့်ကိုတော့ လေးလေးစားစား ဆက်ဆံပါတယ်။

ကျွန်တော်ကလည်း သူ့ကို တတ်နိုင်သမျှ ဖျောင်းဖျစည်းရုံးရတယ်။

"ကိုမြွေဟောက် . . ."

"ဗျာ . . . ဆရာ"

"မိဘများရော ခင်ဗျားမှာ ရှိသေးသလား"

"မရှိတော့ဘူး ဆရာ"

"ဘယ်လို မရှိတာတုံး"

"အဖေက ရွာမှာ ပိုးထိလို့ဆုံးသွားပြီ ဆရာ။ အမေက ကျွန်တော် ဆိုးသွမ်းတဲ့ ဒဏ်ကိုခံရင်း ရှိသမျှ ပြုတ်ပြုတ်ပြုန်းလို့ အခု သီလရှင်ဝတ် သွားပါပြီခင်ဗျာ"

"မိန်းမရော၊ ကလေးရော ရှိသေးလား"

"အရင်တုန်းက ရှိတယ်။ ကျွန်တော့် ဒဏ်မခံနိုင်လို့ ကိုယ်ဝန်နဲ့ ထွက်ပြေးတာ ရှင်လား။ သေလား မသိရဘူး"

"သူမသေရင် ခင်ဗျားရင်သွေး ဘယ်အရွယ်ရှိမလဲ"

"သုံးလေးနှစ်သားအရွယ် ရှိရောပေါ့ဆရာ"

"လိုက်မရှာဘူးလား . . . ကိုမြွေဟောက်"

"ကျွန်တော့်ကို ရှုံ့ရှာစက်ဆုပ် ကြောက်လန့်လို့၊ မပေါင်းချင်လို့ ထွက်ပြေးတဲ့မိန်းမကို ဘာလို့ သံယောဇဉ်ထားနေရမှာလည်း ဆရာ"

"ဒါဆို ခင်ဗျားရင်သွေးကျတော့ရော"

"ဖြူသလား၊ မည်းသလား၊ မတွေ့ဘူးတော့ သံယောဇဉ် မရှိ ဘူးဗျ"

"ခင်ဗျားအမေကတော့ လွတ်မြောက်သွားတာပေါ့"

"ဒီလိုပဲ ပြောရမှာပေါ့ဆရာ"





"ခင်ဗျားမိန်းလည်း လွတ်မြောက်သွားတာပဲဗျ"

"ဒီလိုပဲ ပြောရမှာပေါ့ဆရာ"

"သို့သော် လွတ်မြောက်ပုံချင်း မတူဘူး . . . ကိုမြွေဟောက်ရ"

"ကွဲလို့လားဆရာ"

"ကွဲတယ်။ ခင်ဗျားမိန်းမ လွတ်မြောက်သွားပုံက နေ့စဉ် အညှဉ်းဆဲခံရပြီး စိတ်မချမ်းသာလို့။ ခင်ဗျားဒဏ်မခံနိုင်ဘဲ ကိုယ်လွတ်ရုန်းသွားရတာ သူ့လည်း အပြစ်မပြောသာဘူး။ ခင်ဗျားက သိပ်ဆိုးတာကိုး"

"ဟုတ်ပါတယ် ဆရာ"

"သူက ခင်ဗျားရဲ့ ဆိုးဒဏ်လောင်းရိပ်အောက်က လွတ်မြောက် သွားတယ်။ ဒါပေမဲ့ သူတို့သားအမိစားဝတ်နေရေးအတွက် မိဘညီအစ်ကို မောင်နှမ လောင်းရိပ်အောက်ကိုသော်လည်းကောင်း၊ အားကိုးအားထား နောက်လင်သားရဲ့ အရိပ်လောင်းရိပ်အောက်ကိုသော်လည်းကောင်း၊ ရောက် ဦးမှာ"

"ဟုတ်တယ်"

"အဝိဇ္ဇာလိုင်း၊ အဝိဇ္ဇာလမ်းလို့ခေါ်တာပေါ့။ မှောင်မှန်းတော့ သိ တယ်။ တိုးနေရတယ်။ လှမ်းနေရတယ်။ ခင်ဗျားအမေကျတော့ တစ်မျိုး လေ။ သူ့ရင်သွေးနဲ့ လွယ်မွေးခဲ့ရသည့် သားရင်သွေးမို့ ခင်ဗျားဆိုးသမျှ ဒဏ်အားလုံးကို အိမ်ခြံမြေပါရောင်းပြီး ပေးဆပ်ခဲ့တယ်။ ခင်ဗျားမှာ နေစရာ မှိုတယ်။ အဲဒါက ထောင်နဲ့အချုပ်၊ အဲဒီမှာ စားစရာလည်း အခမဲ့ရနေ တယ်။

သို့သော် ခင်ဗျားအမေမှာ နေစရာမရှိဘူး၊ စားစရာမရှိဘူး။ သမု သံယောဇဉ်ကြောင့်ဖြစ်သည့် အပူမီးတွေ လောင်နေတယ်။ ဒါ အချစ် ကြောင့်၊ တဏှာကြောင့်၊ အဝိဇ္ဇာအမှောင်ကြောင့် ဒီလမ်း ဒီအချုပ်ကနေ ရုန်းရတော့မယ်။ သံယောဇဉ်ဖြတ်ရမယ်။ တဏှာအစွဲကို ဖြတ်ရမယ် အဝိဇ္ဇာကို ပယ်ရမယ်။ အားလုံးကို ရဲရဲပယ်ပြီး သီလရှင်ဝတ်သွားပြီး ဝိမုတ္တိ လမ်းကို သူရဲရဲသွားနေတာပဲ။ ခင်ဗျား သူ့ကို အပူမီးတွေ သွားပေးလို့မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ သူ့ရင်ထဲမှာ မီးငြိမ်းမိုးတွေ ရွာနေပြီလေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒါကို ခင်ဗျားအမေ သိသွားပြီ။ မြင်သွားပြီ။ ဆုပ်ကိုင်ထားလိုက်ပြီ။ သူ့ဘဝ တကယ်လွတ်မြောက်သွားပြီ။ ဟုတ်ရဲ့လား ... ကိုမြွေဟောက်''

''ဟုတ်ပါတယ် ... ဆရာ''

''ခင်ဗျားရော အဲဒီဘဝ မလွတ်မြောက်ချင်ဘူးလား''

''ဒါဆို ဆရာရော ...''

သူက ပြန်လှန်မေးခွန်းထုတ်တယ်။ ဒါ ... ဖြေရမှာပဲ။

''ကျွန်တော်လည်း လွတ်မြောက်အောင် လုပ်ရမှာပဲ ... ကိုမြွေဟောက်။ ထောင်သံသရာ၊ အချုပ်သံသရာထဲ တဝဲလည်လည် နစ်မွန်းနေရင် ဘဝဟာ သေသာသေရော နိဗ္ဗာန်ဘုံပျောက်ပြီး ငရဲပြည်ကို မျက်မှောက်ပြုရမှာ ကေန်ပဲ။ ကျွန်တော်က လူဆိုး၊ ဓားပြ ဆိုးသွမ်းသူမဟုတ်ဘူး။

ဒါကြောင့် အဝိဇ္ဇာ ကိလေသာမီးတွေနဲ့ ဝေးရာအရပ်၊ ဝိဇ္ဇာအရပ်ကို တစ်နေ့ မျက်မှောက်ပြုလို့ရတယ်။ အနည်းဆုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ နေလို့ရတယ်။ အဲဒီမှာ နေလို့ရရင် အဲဒါဝိဇ္ဇာလမ်းပဲ။ ခင်ဗျားကို ကျွန်တော် အဲဒီဝိဇ္ဇာလမ်း၊ ဗြဟ္မာနိုင်လမ်းကို လျှောက်စေချင်တယ်''

''ဟူး ...''

''ဘယ်နှဲ့ ...''

''ကျွန်တော့်မှာ အပြစ်တွေ အများကြီးဆရာ''

''ဆေးကြောမှာလား။ အပြစ်ကို သန့်စင်အောင် ဆေးကြောမှာလား''

''ဆပ်ရဦးမယ်။ အတိုးနဲ့အရင်း များနေတယ်ဆရာ''

''တစ်နေ့ကျေသွားမှာပါဗျာ။ အကြွေးကျေသွားတဲ့ ခင်ဗျားကို ကျွန်တော် ဝိဇ္ဇာလမ်းပေါ်မှာ မြင်ချင်တယ် ... ကိုမြွေဟောက်ရာ''

''စောင့်နေပါ့ဆရာ''

✿ ✿ ✿

[ ၅ ]

❑

ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပါပဲ။

ခွေးအမြီးက ကောက်နေတယ်။ ဒါကို ဖြောင့်သွားအောင် ဝါးကျည်တောက်နဲ့ အမြီးမှာ စွပ်ပေးလိုက်တယ်။ ဖြောင့်လောက်ပြီလို့ ယူဆပြီး အချိန်အတန်ကြာမှ ဝါးကျည်တောက်ကို ချွတ်လိုက်ရော။ ခွေးအမြီးက မဖြောင့်ဘူး။ နဂိုအတိုင်း ကောက်နေမြဲကောက်လို့။

မြွေဟောက်လည်း ခွေးမြီးကောက်လိုပဲ။ မဖြစ်ဘူး။ ဖြောင့်ပေးလို့ မရဘူး။ ဝါးကျည်တောက်ပဲ ကွဲရုံရှိတယ်။ သူ့ကို မည်သူကမျှ မနှစ်သက်ဘူး။ သူ အခန်းလူကြီးလုပ်ပြီး လုပ်စားနေတာကိုလည်း မကျေနပ်ပေမဲ့ မပြောရဲကြဘူး။ မြွေဟောက်လိုကောင်စားက သေမထူး၊ နေမထူးလို့ ကိုယ့်ကိုယ်ကိုယ် သဘောထားသူလေ။ သူ့လိုလူစားနဲ့ ဘယ်သူက ပြိုင်မိုက်ရဲမှာလဲ။ တုဖက်လည်း မပြိုင်ကြဘူး။

ဒီနေ့ မြွေဟောက် ရုံးထွက်နေ့ ...။

သူ့အမှုသုံးမှုအနက်က တစ်မှုကို ဒီနေ့စီရင်ချက်ချတယ်တဲ့။ ငွေနည်း ပငှားနိုင်ဘူး။ အမှုက မိန်းမတစ်ယောက်ကို ဓားနဲ့ခုတ်မိလို့ အဲဒီကောင်မလေးဘဝ ရောက်သွားရတယ်လို့ သိရကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့အတူ ...

ကျွန်တော်ရော အခြားအချုပ်သားများရော ဒီနေ့ တော်တော်များများ ရုံးထုတ်နေ့မို့ တရားရုံးဝင်းခြံ (ယာယီအချုပ်ကလေး)နှစ်ခန်းမှာ လူစုခွဲထားရတယ်။ နေရတယ်။

မြွေဟောက်နဲ့ မြမော်၊ လှတိုး၊ စိန်မြင့်၊ မောင်ချစ်ညွန့်၊ ကျော်သောင်းတို့ (၁၀) ဦးက အရှေ့ဘက်အချုပ်ခန်းမှာ ...

ကျွန်တော် ကိုပေသီး၊ ကိုထုံးမွန့်၊ စိုးရွှေ၊ အောင်ကြီးတို့ (၉) ဦးက အနောက်ဘက်အချုပ်ခန်းမှာနေရင်း ရုံးမင်းခေါ်ချိန်ကို ငံ့လင့်လို့၊ မိသားစုများနဲ့ သုံးလံကွာတွင် အော်ပြောနေရတယ်။

"မအိ ...နေကောင်းရဲ့လား မိန်းမ"

"ကောင်းတယ် ...အစ်ကို၊ အစ်ကိုရော နေကောင်းလား"

"ကောင်းတယ်။ ဒါနဲ့ အမေရော မပါဘူးလား"

"ဒီနေ့ ဘုန်းကြီးကျောင်းသွားမလို့တဲ့"

"ဩော် ...အေး ...အေး ...ကောင်းတယ်"

ဒီအချိန်မှာ ရုံးမင်းက လှမ်းအော်တယ်။

"ပုဒ်မ (-) မြွေဟောက်ခေါ်တင်မောင် ရုံးတော် ရှေ့ထုတ်"

တရားသူကြီးက ဒီနေ့ပုဒ်မ (-) ဓားခုတ်မှုအတွက် စီရင်ချက်ချမယ်လို့ ပြောပြီးနောက် စီရင်ချက်အမိန့်ကို ဖော်ပြတယ်။

"ရန်ကုန်တိုင်း (....) မြို့နယ်၊ (....) ကျေးရွာနေ၊ အဘဦးဝင်းသိန်း၏သား (....)၊ မြွေဟောက် (ခေါ်) တင်မောင်၊ အသက်(၂၈) နှစ်သည် (....) နေ့က (....) နေ မခင်လှကြည်ဆိုသူကို ငှက်ကြီးတောင်ဓားရှည်နှင့် ခုတ်ခဲ့ရာ သေလောက်သည့်ဒဏ်ရာ (၆) ချက်ရရှိပြီး အထူးကြပ်မတ် ဆေးဝါးကုသခံယူခဲ့ရသည်။ တရားခံတင်မောင်သည် ၎င်းပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ဖြောင့်မှန်စွာ ဝန်ခံခဲ့သည်။

စီရင်ချက် ...

ပုဒ်မ (-) ကျူးလွန်သူ မြွေဟောက်(ခေါ်)တင်မောင်အား (...) ...နဲ့သူ မိန်းမသားတစ်ယောက်ပေါ် ရက်စက်စွာ ပြစ်မှုကျူးလွန်ခဲ့သည်





အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၇)နှစ်စီရင်ချက် ချမှတ်လိုက်သည်။

"ပုံ ..."

စီရင်ချက်ဆုံးတော့ မြွေဟောက် (ခေါ်)တင်မောင် ခေါင်းငိုက်စိုက်ကျသွားခဲ့တယ်။ သူမှန်းထားတာက အများဆုံး (၃) နှစ်ပဲ ကျမယ်လို့ မှန်းထားတာ။

"မြွေဟောက် (ခေါ်) တင်မောင် ဘာတင်ပြချင်ပါသလဲ"

သူ အံကိုကြိတ်ပြီး တရားသူကြီးရဲ့မျက်နှာကို မကျေမနပ်ပုံစံနဲ့ စိုက်ကြည့်လိုက်တယ်။ ဒါကို တရားခွင်မှာ ရှိနေသူအားလုံး သိသာမြင်သာကြတယ်။ အားလုံးက မိုက်ရိုင်းလိုက်တဲ့အကြည့်လို့ ဝေဖန်ကြတယ်။

တရားခံမြွေဟောက်က ဘာမှပြန်မပြောဘူး။

ခေါင်းတဆတ်ဆတ်ညိတ်လို့ မချိပြုံး ပြုံးပြလိုက်သေးတယ်။ သည့်နောက် သူ့ကို ယာယီအချုပ်ဝင်းခြံထဲ ပြန်သွင်းလိုက်တယ်။ ရင်းနှီးသူ အချုပ်သားအချို့က မျက်နှာကြီး သုန်မှုန်နေတဲ့ မြွေဟောက်ကို မဝံ့မရဲနဲ့ မေးကြတယ်။

"ကိုမြွေဟောက် ...ဘယ်နှနှစ်တဲ့လဲ"

"မြွေကြီး ...အခြေအနေ ဘယ်လိုတုံး"

"ခုနစ်နှစ်လို့ ကြားတယ်။ ဟုတ်လား ...မြွေဟောက်"

"တော် ...ငါ့ကို ဘယ်သူမှမမေးနဲ့။ သွားကွာ ...သွား ...ငါ့အနားကို တစ်ယောက်မှမလာနဲ့။ ညစ်နေတာ အကုန်သေသွားမယ်။ ...င်း ..."

မြွေဟောက်အနီးရှိ အချုပ်သားများကို ညစ်ပြီး ဟောက်ထုတ်ဆဲနေလို့ အချို့ကို ကန်ကျောက်ပစ်လိုက်တယ်။

သည့်နောက် အချုပ်ခန်းကျဉ်းလေးထဲ လမ်းလျှောက်လိုက်၊ ဟောက်ခေါက်လိုက်၊ ဗာရာတန်းကို လက်သီးနဲ့ထုလိုက်၊ ဆဲရေးတိုင်းထွာလိုက်နဲ့ ဒေါသတွေ ပေါက်ကွဲနေတယ်။

သိပ်မကြာခင်မှာ ...နောက်ထပ်ပြစ်မှု၊ ကျန်သေးတဲ့ပြစ်မှုအတွက် စီရင်ချက်ကို ခံစားရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒါတွေကို တွေးရင်းမြင်ရင်း ရင်လှိုက်လာတယ်။ ဒေါသနှင့်မောဟ ဝိဇ္ဇာတရားတွေက သူ့စိတ်နဲ့ ကိုယ်ကို ဖိစီးလာခဲ့တယ်။

သူတုန်လှုပ်ပြီး ဂနာမငြိမ် ဖြစ်နေတယ်။

ဒီအချိန်မှာ မောင်ချစ်ညွန့်ဆိုတဲ့ မသက်ာမှုနဲ့ တရားရုံးရင်ဆိုင်နေရသည့် ရွှေပြည်ကြီးရွာသားလေး ဒီနေ့ အာမခံရလို့ ပျော်ရွှင်ပြီး အချုပ်ခန်းထဲကို ပြန်ဝင်လာတယ်။ ခဏကြာလို့ စာရွက်စာတန်းကိစ္စပြီးရင် သူ့ကိုဝက်ခြံထဲကနေ အာမခံနဲ့ တရားဝင်ထုတ်မှာ။ ထွက်ရမှာ။

ရွှေပြည်ကြီးရွာသား မောင်ချစ်ညွန့် အာမခံရတဲ့အကြောင်း သိရောဘဝတူ အချုပ်သားတွေ ပျော်ကြတာပေါ့။ ဝမ်းသာအားရ မေးကြတာပေါ့။

''ချစ်ညွန့် ...''

''ဗျာ ... ကိုကံကောင်း''

''အာမခံရဆို''

''ဟုတ်တယ် ... အစ်ကိုရေ၊ ခဏနေ ထွက်ရမယ်ဗျ''

''ကံကောင်းပဲ့ကွာ။ ငါ့နာမည် ကံကောင်းတောင် နောက်ရောက်သွားသကွ။ ဝမ်းသာတယ်ဟေ့''

''ချစ်ညွန့်ကြီး ...''

''ဝေလကွာ ... ဘာတုံးဟ''

''မင်းမိန်းမ ပျော်နေတာ မြင်လား''

''ဟား ... ဟား ... ဟား ... ဟား ... တွေ့တယ်''

''ဟား ... ဟား ... ဟား ... ဟား ...''

အဲဒါ နောက်ပြောင်ပြောဆိုရင်း ဝမ်းသာအားရ ပွေ့ဖက်ကြ ရှု ဆက်ကြရာက အခန့်မသင့်ချင်တော့ ညစ်ပြီး ဒေါသဖြစ်နေတဲ့ လူမိုက်မြွေဟောက်ကို တိုက်မိပြီး မြွေဟောက်ယိုင်လဲသွားပါရော။

အဲဒီမှာ ဒိုချင်လျက်လက်တို့ ဖြစ်သွားပြီး ...

''ဖောင်း ...''

''အား ...''





မြွေဟောက်က ချစ်ညွန့်ရဲ့နားအုံကို ဖြတ်ရိုက်ပြီး ရင်ဘတ်အင်္ကျီကို လက်နဲ့ဆုပ်ကိုင်ဆောင့်ရင်း ဒေါသနဲ့မေးရော။

''မင်းက ငါ့ကို သောက်ဂရုမစိုက်ဘူး။ စိုက်စရာလည်း မလိုတော့ဘူးဆိုပြီး တက်နင်းဝင်တိုက် စိန်ခေါ်တယ်ပေါ့။ ဟုတ်လား ... ချစ်ညွန့်''

''အား ... ဟာ ... မ ... မ ... ဟုတ်ပါဘူး။ အစ်ကို မြွေကြီးရာ''

''ကိုင်းဟာ ... လုပ်ဦး''

''ခွပ် ...''

''အင့် ...''

''ဟေ့ ... ဟေ့ ... မလုပ်ကြနဲ့၊ မဖြစ်ကြနဲ့''

''ကို ... မြွေ ... ကြီး ...၊ မ ... မ ... တော် ... လို့ ... ပါ ... ဗျာ ... အား ...''

''ဖောင်း ...''

''ခွပ် ...''

''အင့် ...''

''အုန်း ...''

''အား ... အမလေးဗျ''

''လုပ်ကြပါဦး ... ကျွန်မယောက်ျားကို သတ်နေလို့ လုပ်ကြပါဦးရှင်''

ညစ်လုံးလုံးပြီး ဒေါသဖြစ်နေတဲ့ မြွေဟောက်ဟာ ရမယ်ရှာလို့ကည်း မရရော၊ အပျော်လွန်နေတဲ့ ချစ်ညွန့်ကိုဆွဲပြီး အတင်းထိုးကြိတ်လှဲချညှပ်ရင်း ညှစ်သတ်ပါရော။

ခွန်အား ဗလချင်းလည်း မမျှတော့ ချစ်ညွန့်ခံရတာပေါ့။

မြွေဟောက်ရဲ့ 'ဇ'ကို သိနေတော့ ဝင်မဖျန်ရဲဘူးပေါ့။ ဝင်ဖျန်ရင်ပါမှာစိုးလို့ လွတ်ရာလွတ်ကြောင်း ဟာရာတန်အသွင်များ နဲ့ ခုန်တက်ပြီး ပုန်းကပ်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာတော့ လှူးလွန့်သံ၊ တောင်းပန့်သံ၊ ဆဲရေးပေါက်ကွဲသံ၊ အချုပ်ခန်းလေးအပြင်က လူအချို့ရဲ့ ထိတ်လန့်တကြား အော်ဟစ်သံနဲ့ အတူ။

တာဝန်ကျ ရဲအမှုထမ်းများ အမြန်လှုပ်ရှားကြတာကို မြင်ရတယ်။ ကျွန်တော်တို့ ဒီဘက်အချုပ်ခြမ်းကလည်း မြွေဟောက်ကို ရက်ရက်စက်စက် ကြမ်းကြမ်းရမ်းရမ်း မလုပ်ဖို့ ဝိုင်းအော်ကြတာ ကမ္ဘာပျက်သလို ဆူလို့။

မြွေဟောက်ကလည်း ချစ်ညွန့်လေးရဲ့ လည်ပင်းကို လက်နှစ်ဖက်နဲ့ အားကုန်ညှစ်ထားတာ။ အချုပ်ခန်း (ဝက်ခြံ) တံခါးပွင့်ပြီး ရဲအမှုထမ်းများ အပြေးဝင်လာ ...

မြွေဟောက်ကို ကန်ကျောက် တွန်းဖယ်ရှင်း ဖမ်းဆီးလို့ပြီးရော ချစ်ညွန့်ကို လှုပ်ခေါ်ကြတော့ ...

စိတ်မကောင်းစရာ၊ ရင်တုန်စရာ မြင်ကွင်းပါဗျာ။

မောင်ချစ်ညွန့်လေး အသက်မရှိတော့ဘူး။

ဒေါသပေါက်ကွဲသံများနဲ့ ကြေကွဲဝမ်းနည်း ရှိုက်ငင်ငိုကြွေးသံတွေ မျက်စိရှေ့မှာပင် အားပြိုင်နေကြတယ်။ အချိန်တစ်ငုံလေးမှာ ဖြစ်သွားတာ။

ပျော်ရွှင်ကြည်နူးနေတဲ့ လူရွယ်တစ်ယောက်ကို စိတ်ညစ်ဒေါသ ထွက်နေတဲ့ လူကြမ်းတစ်ယောက်က မျက်စိရှေ့မှောက်မှာ ရက်စက်ကြမ်းကြုတ်စွာ သတ်ပစ်လိုက်သည့်မြင်ကွင်း။

အားလုံးရဲ့ မျက်စိရှေ့မှောက်မှာ ဖြစ်သွားတဲ့ အနိဋ္ဌာရုံမြင်ကွင်းကို ငြင်းပယ်လို့မရတဲ့ သက်သေတွေက အထင်အရှားရှိနေတယ်။

သိပ်မကြာပါဘူး။

အချိန်တိုတိုအတွင်းမှာပဲ ...

မြွေဟောက် (ခေါ်)တင်မောင်ကို တရားရုံးတော်က သေဒဏ်စီရင် ချက်ချလိုက်တယ်။ ကြားရသူတိုင်း ဝမ်းသာကြလို့။

အချို့က လူတစ်ယောက် သောက ဝေဒနာ ခံစားနေရရင် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေလို့ ဆုတောင်းပေးကြတယ်။





အချို့ကျတော့လည်း ...

လူဆိုးလူမိုက် လူသွမ်းတို့ရဲ့ ဆိုးဒဏ်ကို မခံစားချင်ကြလို့ အမုန်းတရားခေါ်မှာလား။ အနိဋ္ဌာရုံတွေ ဖယ်ရှားချင်လို့လား မသိ။

အသက်တိုပါစေလို့ ဆုတောင်းကြတယ်။

ဥပေက္ခာတရားရဲ့ စည်းရိုးကိုကျော်ပြီး ဆန္ဒပြုကြတော့ ...

မှားသလား၊ မှန်သလား ကိုယ့်ရင်နဲ့ကိုယ် စဉ်းစားကြပေတော့။

ဝိဇ္ဇာဆိုတဲ့ အမြင်မှန်ခြင်း၊ အမြင်ကြည်လင်ခြင်းအပေါ် ဝိဇ္ဇာဆင့်ကဲကြရင်း သမ်းပိုးကြရင်း လောကသုံးပါး ငြိမ်းချမ်းသာယာ စိုပြေကြတာပဲလေ။

ဒီလိုမှမဟုတ်ဘဲ ...

အဝိဇ္ဇာအမှောင်ထု အမြင်မှားနေခြင်းအပေါ် ထပ်ဆင့်ပြီး အိုးမည်းသုတ်၊ ဆေးမည်းသုတ် အယူမှားနေကြဦးမယ်၊ မိုက်တွင်းနက်နေကြဦးမယ် ဆိုလျှင်တော့ ...

သံသရာမှာ အကြွေးတွေ ဆပ်ရဦးမှာပဲ။

သံသရာအကြွေးမဆပ်ချင်လို့ တစ်ပေါင်းတည်း ကိစ္စအပြတ် အကြွေးဆပ်ချင်ရင်တော့ သွားပေါ့ငရဲ ...

မောင်ညိုမှိုင်း (သန်လျင်)

မှတ်ချက် ။ ။ ဖြစ်ရပ်မှန်ဇာတ်လမ်းကို မြို့ရွာအမည်၊ နေရပ်လိပ်စာ ပြောင်း၍ ရေးသားပါသည်။ ကိုမြွေဟောက်လည်း မသေသေးလျှင် တရားနှင့် ဝိဇ္ဇာလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ဖြစ်ပုံပျက်ပုံက မြန်လွန်းလိုက်တာရယ် ...
အံ့လည်း အံ့သြစရာပဲ ...
ဟုတ်မှ ဟုတ်ရဲ့လား။ အမြင်မှောက်နေကြလို့လား ...။
မကြီးရှင်ကလည်း သူ အမြင်မမှောက်ဘူး။ အမြင်မမှားဘူး။
အသေအချာမြင်လို့ အိမ်ထဲကို ခေါ်နိုင်းတာတဲ့။

ဘုန်းမိုးကလည်း သူတစ်ယောက်တည်း ပြန်လာတာလို့ ရှတ်ပြော နေတယ်။

ဘာအဖော်မှ ခေါ်မလာဘူး။ ဘယ်သူမှလည်း သူ့ကို လိုက်မပို့ ဘူးတဲ့။

ပြီး ... ဇနီးလုပ်သူကို ပြောလိုက်သေးတယ်။
"ကြီးရှင် ..."
"ဘာလဲ ... ကိုဘုန်းမို"
"ငါ ... ခေါင်းနည်းနည်းမူးသလို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အရက်သောက်တာ များသွားလို့နေမှာပေါ့"

"ငါ ... မသောက်ခဲ့ဘူး"

"ဒါဆို ထမင်းစားလိုက်ပါလားတော်"

"မစားတော့ဘူး ... အိပ်တော့မယ်"

အဲဒီလိုပြောပြီးနောက် ဖျာပေါ်၌ လှဲချလို့ အိပ်လိုက်တာ၊ မိုးလင်းလို့ အိပ်ရာက မထသေးတာနဲ့ နိုးကြည့်လိုက်ရော ...

✿ ✿ ✿

| ၂ |

❑

"ဖောင်း ..."

"အား ..."

ရထားပေါ်ကနေ လူတစ်ယောက် ပြုတ်ကျသွားတာ။ ည(၉)နာရီခန့်ကျော်ဆိုတော့ ရထားဘူတာရုံလေးမှာ လူရှင်းနေတယ်။ လူတစ်ယောက် ပြုတ်ကျသွားတာကို ရထားပေါ်က ခရီးသွားတွေလည်း မသိလိုက်ကြဘူး ထင်ပါရဲ့။

ရထားက သူ့လမ်းကြောင်းအတိုင်း ... ဟိုး ... မင်္ဂလာဒုံရှိရာ အရပ်ကို သွားနေမြဲအတိုင်း သွားနေတာ။

သို့သော် ... လူတစ်ယောက် ရထားပေါ်က ကျသလိုလို၊ ခုန်ချသလိုလို မြင်ကွင်းကို ဘူတာရုံလေးမှာ ပြောင်းဖူးရောင်းနေတဲ့ ဈေးသည်ကြီးက ဈေးသိမ်းရင်း မြင်လိုက်တယ်။

ဘူတာရှေ့မှာကျရင်မီးရောင်နဲ့ ထင်သာမြင်သာရှိနိုင်ပေမဲ့ ဘူတာအလွန်မှာ ကျမလိုရှိတာဆိုတော့ မသေချာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ခေါင်းမြှင့်လို့ လှည့်လို့ စူးစမ်းသလို ကြည့်လိုက်တယ်။

ခမျာ လူးလွန့်နေတယ်။

ဟော ... ကုန်းထနေတယ်။ ဟော ... မထနိုင်ရှာဘူး။ လဲကျ သွားပြီ ... ဟင် ... လှုပ်ရှားတာ မတွေ့ရတော့ပါလား။

အို ... ခမျာ ... တစ်ခုခုများ ဖြစ်သွားရော့သလား။

ဒါနဲ့ (...) ရထားဘူတာက တာဝန်ရှိသူများကို ပြေးဝင်ပြော လိုက်ရော ရထားဘူတာရုံက တာဝန်ရှိသူအချို့ လက်နှိပ်ဓာတ်မီးကိုယ်စီနဲ့ ထိုးရှာကြည့်လိုက်တာ။

ဟုတ်တယ် ... အသက် (၃၅) နှစ်အရွယ် လူတစ်ယောက် သွေး သံရဲရဲနဲ့ ရထားလမ်းနံဘေးမှာ မလှုပ်နိုင်တော့ဘူး။ နောက်ဆုံး မီးရထား ဘူတာ တာဝန်ရှိသူများ၊ မြို့နယ်ရဲအဖွဲ့ကို အကြောင်းကြား အသိပေးလိုက် ပြီး ရဲအဖွဲ့က တာဝန်ရှိသူများ ရောက်လာမည့်အချိန်ကို စောင့်နေလိုက်ကြ တယ်။

မြို့နယ်ရဲစခန်းက တာဝန်ရှိသူများ လာရောက်စစ်ဆေးကြတော့ အချိန်က ညဉ့် (၁၀) နာရီကျော်အချိန်ကို ရောက်နေပြီ။

ပတ်ဝန်းကျင်မှာလည်း လူသူသိပ်မရှိတော့ဘူး။

ပြောရရင် ဒီလို ညဉ့်ဘက် ရထားပေါ်က ကျသေတာမျိုး မကြာ ခဏရှိနေ၊ ဖြစ်နေကြတော့ သည်ဘူတာဝန်းကျင်က လူများအဖို့ ဒါမျိုးမြင် ရတာ ရိုးနေပြီလေ။

ကိုယ့်အသိမဟုတ်ရင် သိပ်လည်း အလေးအနက်မရှိဘူး။ သေတဲ့ လူကို ရဲအဖွဲ့က ကြည့်ရှုစစ်ဆေးကြတယ်။ သေသူက ပိန်ပိန်ပါးပါးပဲ။ လူ မမာရုပ်ပေါက်နေတယ်။ အရက်သမားလား၊ ဂိလာနလား မသိဘူး။

အဝတ်အစားက ခပ်နွမ်းနွမ်း၊ အကျီအနက်နဲ့ အဖြူအကွက် ပုဆိုးက အစိမ်းရောင်နဲ့ အကျီအိတ်ထဲမှာ မှတ်ပုံတင်မပါဘူး။ နေရပ်လိပ်စာ သိနိုင်မည့် သဲလွန်စ စာရွက်စာတမ်း ဘာမှမရှိဘူး။ ပိုက်ဆံလည်း မရှိဘူး။

အဆုံးပြောရရင် စီးတဲ့ဖိနပ်တောင် မပါဘူး။

အခြေမဲ့၊ အနေမဲ့ ခြေသလုံးအိမ်တိုင် လူစားမျိုးအနေအထား





"သူ့ကို သိတဲ့လူများ ရှိသေးလား"

"မရှိဘူး"

"အရင်တုန်းကရော သူ့ကို ဒီဘူတာဝန်းကျင်မှာ မြင်ဘူးလား"

"သတိမထားမိဘူး ဆရာ"

ဈေးသည်များနဲ့ ဆိုက်ကားသမားများကလည်း အိမ်ပြန်ကုန်ကြပြီ ဆိုတော့ ရှိနေတဲ့ မီးရထား အမှုထမ်းနဲ့ ရပ်ကွက်လူကြီးများကိုလည်း မေးရ တာပေါ့။

ရှိနေသည့် သူများကလည်း သေသူကို မမြင်ဖူးကြဘူး။

နာမည်မသိ၊ နေရပ်လိပ်စာမသိ။

"သူ့ကို ဆေးရုံပို့ဗျာ။ ကားရှာစီစဉ်ပေးပေါ့။ ဒီမှာ ကားကို ရှာလို့ ရဘူး။ အချိန်က ညဉ့် (၁၁) နာရီထဲ ရောက်ပြီလေ။ ဘူတာရုံကလည်း ကားသွားကားလာကျဲတဲ့ ဘူတာရုံဥစ္စာ"

အနီးဝန်းကျင်ရှိ ကိုယ်ပိုင်ကားများကလည်း လူသေကောင်တင်ရ ည့် ညဉ့်သန်းခေါင်ကို အာရုံမဝင်စားကြဘူး။ စိတ်မပါဘူး။ ကြောက်ရွံ့စိုး ရိမ်ကြတယ်။

ငွေမည်မျှ ပေးပါ့မယ်လို့ ပြောခေါ်လည်း မလိုက်ဝံ့ကြဘူး။ နောက် ဆိုက်ကားတစ်စီးပဲရတယ်။

သို့သော် ဆိုက်ကားနင်းတဲ့ ဆိုက်ကားဆရာမရှိဘူး။

ခရီးသွားနေသတဲ့ ...။

"နင်းတတ်တဲ့လူ မရှိဘူးလားဗျ"

"မရှိဘူး"

အမှန်ကရှိတယ်။ စဉ်းစားလေဗျာ။ ညဉ့်နက်သန်းခေါင် ဒီဘူတာ မြောက်ဥက္ကလာ ဆေးရုံရောက်အောင် အစိမ်းသေ လူသေကောင် ဘုတ်၊ ပက်လက်တင်ပြီး သွားပို့ရမည့်အလုပ် ဘယ်လိုလူစားက လုပ် ကိုယ့်သွေးကိုယ့်သား၊ ဆွေမျိုးရင်းချာမှ မဟုတ်တာဥစ္စာ။

"ရှာကြစမ်းပါဦးဗျာ။ ပိုက်ဆံပေးမယ်လို့ ပြောပါ"

www.burmeseclassic.com



"ကျွန်တော် လိုက်ပို့မယ်"

"ဟော . . . အေး . . . အဲဒီလို လုပ်စမ်းပါကွာ။ ငါ့လူကရော ဆိုက်ကားနင်းတတ်သလား"

"အရင်တုန်းက နင်းဖူးတယ်။ အခု ကျန်းမာရေးမကောင်းလို့ မနင်းဘဲနေတာ ကြာပြီ"

"ဒါဆို . . . ခု ဒီကိစ္စက မနေနိုင်လို့ ကူညီတာပေါ့"

"ဟုတ်တယ်"

"ဒါဆို အကျိုးဆောင်ခ ဘယ်လောက်ပေးရမလဲ။ ပွင့်ပွင့်လင်းလင်းပြော"

"အရက်နှစ်လုံးဖိုးပဲ ပေးပါ"

"ဩော် . . . ငါ့လူက သောက်တတ်တယ်ပေါ့"

"ဟုတ်တယ်"

"ရတယ် . . . ပေးမယ်။ ကိုင်း . . . ရဲဘော်တို့ . . . သေသူကို ဆိုက်ကားပေါ် ဝိုင်းတင်ကြဟေ့"

"ဒါနဲ့ ငါ့လူနာမည်က ဘယ်လိုခေါ်သလဲကွယ်"

"ကိုဘုန်းမိုးပါခင်ဗျာ"

"နေတာကရော"

"ဒီဘူတာရပ်ကွက် ( . . . . . )လမ်းမှာပါ။ ဘုန်းမိုးနဲ့ ပဲပြုတ်ရောင်းတဲ့ မကြီးရှင်လို့ လူတိုင်း သိပါတယ်ခင်ဗျ"

"ကျေးဇူးပါပဲ ငါ့ညီရာ"

ဒီလိုနဲ့ လူသေကောင်ကို ဆိုက်ကားပေါ်ရအောင် တင်ပြီး ဘုန်းမိုးက ဆိုက်ကားကို ဖြည်းဖြည်း တွန်းလာခဲ့လိုက်တယ်။ နံဘေးမှာ ရဲတပ်ကြပ်တစ်ဦးက ထိန်းရင်း လိုက်ပါလာတယ်။

မြောက်ဥက္ကလာတံတားပေါ်ရောက်တော့ ရဲတပ်ကြပ်ကြီးက ဝိုင်းတွန်းတယ်။ လေးလိုက်တဲ့ မသာသူသေကောင်နဲ့ယ်။ လူအရှင်လတ်လတ်သုံးယောက်တင်နင်းရသလောက်ကို လေးဘာ။





"ဟူး . . . ချွေးကိုပြန်ရော"

အရေးထဲ ချွေးအချို့က သူတို့မသာတင် ဆိုက်ကားကို ကြည့်ပြီး အူလိုက်တာ ကြက်သီးဖြန်းဖြန်းထရော။

ဆိုက်ကားကိုသာ အားစိုက်တွန်းနေရတာ စိတ်ထဲမလုံဘူး။ တွဲလောင်းကျနေသည့်လက်က တွန်းနေသည့် ဘုန်းမိုးရဲ့တင်ပါးကို လာလာထိနေလို့ လန့်ပြီး မကြာခဏ လှည့်ကြည့်ရတယ်။

ပါလာသည့် ရဲကြပ်ကြီးကလည်း မသာရဲ့မျက်ခွက်ကို မကြည့်ရဲ မကြည့်ချင်လို့ ခပ်လှမ်းလှမ်းကနေ လိုက်လာနေတာ။

စဉ်းစားကြည့်တယ်။

မတော် . . . သူ့ခါးများ မသာကြီးက တွဲလောင်းကျတဲ့ လက်နဲ့ဆွဲထား၊ ဖက်ထားရင် . . .

အမလေး . . . လေး . . .။

အရက်ဖိုးလိုချင်လို့ အရဲစွန့်ရတာ။

ဒီလို ညဉ့်နက်သန်းခေါင် အစိမ်းသေမသာကို ဆိုက်ကားနဲ့ ဆေးရုံ ဆိုက်ပို့တာပါ။

ညဉ့်ဘက်မပြောနဲ့၊ နေ့ဘက်တောင် မလုပ်ဖူးဘူး။ ဒီမှာ ကိုဘုန်းမိုး မောဟိုက်လာတယ်။

မြောက်ဥက္ကလာတံတားကို တွန်းကျော်ရတာ အလွန်ပင်ပန်းတာကိုး။ နဂိုကလည်း နှလုံးအားနည်းနဲ့ အရက်ဒဏ်ရောဂါအခံက ရှိနေတော့ တံတားရဲ့ အဆင်းလည်းရောက်ရော မောလို့ မတွန်းနိုင်တော့ဘူး။

"ဆရာကြီး . . "

"ဘာတုံး . . . ကိုဘုန်းမိုး"

"ကျုပ် . . . ကျုပ် . . . မတွန်းနိုင်တော့ဘူး။ မောနေပြီဗျာ . . . ဗျား . . . "

"ဒါဆို . . . ဘယ်လိုလုပ်ရမတုံးဗျ"

"ဆ . . . ဆရာကြီးဘာသာ ဆေးရုံအရောက် တွန်းချင်လည်း တွန်း၊ နင်းချင်လည်း နင်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... မနင်းတတ်ဘူးဗျ ... ဒုက္ခပါပဲဗျာ"

ရဲတပ်ကြပ်ကြီးကလည်း မောဟိုက်နေသည့် သူ့ကိုကြည့်ပြီး ညည်းညူပါရော။

"ဟော ... ဟိုမှာ ... ကား ... ကားတစ်စီးလာနေတယ် ဆရာကြီး"

ဟုတ်တယ်၊ လက်တားလိုက်လို့ ကားရပ်သွားတယ်။ ဟန်ကျလိုက်လေဗျာ။ ကားက မတ်တူးကား။ စက်စမ်းမောင်းကြည့်နေတာတဲ့။

"ဘာဖြစ်လို့လဲ ဆရာ"

"ဒီမှာဗျာ ... လူတစ်ယောက် ရထားပေါ်က ကျသေလို့ပါ။ မြောက်ဥက္ကလာဆေးရုံကို သယ်တာရယ်။ ဆိုက်ကားဆရာ အမောဖောက်လို့ ရှေ့ဆက်မတွန်းနိုင်၊ မနင်းနိုင်ဘူး ဖြစ်နေတယ်ဗျာ။ ကျေးဇူးပြုပြီး ခင်ဗျား၊ နိဗ္ဗာန်ယာဉ်နဲ့တင်ပြီး ဆေးရုံအရောက် ကူညီပါလားဗျာ။ ရဲကိစ္စလည်း ဆေးနဲ့ ပူးပေါင်းဆောင်ရွက်စရာ ရှိနေသေးလို့ပါ"

"ရပါတယ် ... ဆရာ၊ အလောင်းကိုသာ ကားပေါ်ရောက်အောင်တင်ပေးပါ"

သည့်နောက် ပိုင်ရှင်မဲ့ အမည်မသိအလောင်းကို နှစ်ယောက်မနိုင်လို့ ကားဆရာအပါအဝင် သုံးယောက်ပေါင်းပြီး မ,ပွေ့တင်မှ အေး... နေသည့် မသာကောင်ရယ် ... သန်းခေါင်အကျော်မှာ စက်စမ်းနိဗ္ဗာန်ယာဉ်ပေါ်အရောက် အတော်ကို ပွေ့တင်၊ မ,တင်ရတယ်။

မသာကို ဆိုက်ကားပေါ်က မ,တော့ မသာက မကြွချင်ဘူး... ဆိုက်ကားနဲ့ ငြိနေလို၊ ကပ်နေသလိုဖြစ်ပြီး လေးလိုက်တာ...

ဒါနဲ့ ရဲတပ်ကြပ်ကြီးက ပြောရော ...

"မသာက ဆိုက်ကားနဲ့ပဲ၊ သွားချင်ပုံရတယ်ဗျ"

"ဟော့ကောင် ... နိဗ္ဗာန်ယာဉ်နဲ့ သွားရမှာ ... ထ ... ကြွ"

"မင်းနှမယောက်ျား ဆိုက်ကားဆရာက နေမကောင်းဘူး မသာကောင်ရဲ့။ ဆိုက်ကားကို တွယ်ကပ်မနေနဲ့။ ကြွ ... တော့ ..."





အဲဒီလို ရဲကြပ်ကြီးက အမိန့်ပေးသလိုလို၊ ဟောက်သလိုလို ပြောလိုက်တော့မှ အေးစက်တောင့်စပြုနေသည့် မသာကိုယ်ကို မပွေ့တွန်းတင်လို့ရတော့တယ်။

"ကိုင်း ... ဆိုက်ကားဆရာ ပြန်တော့"

"ဟုတ်ကဲ့ ..."

"ပြန်ရဲရဲ့လားဗျ"

"ပြန်ရဲပါတယ် ... ဆရာ၊ သွားနေလာနေကျ နေရာပါ"

"ဒီမသာက ခင်ဗျားဆိုက်ကားကို သံယောဇဉ် ရှိပုံရတယ်ဗျ"

"သံယောဇဉ်ရှိလည်း ဆင်း၊ သုံးရက်နေရင် ပြာကျမှာပဲ။ သွားပြီ ... ဆရာရေ"

ကိုဘုန်းမို ဆိုက်ကားကို မြောက်ဥက္ကလာလမ်းအတိုင်း ဖြည်းဖြည်းချင်း မရမ်းကုန်းဘက်ကို နင်းလို့ ပြန်လာခဲ့လိုက်တယ်။

"အူး ... ဝူး ... ဝူး ... ဝူ ..."

"အူး ... ဝူ ... ဝူ ... အိန် ... ဂိန် ... ဂိန် ..."

"ဟဲ့ ... ခွေး ... ဟယ် ..."

သန်းခေါင်ကျော်တစ်ယောက်တည်း မသာတင်တဲ့ ဆိုက်ကားနဲ့ ပြန်လာတော့ ခွေးအချို့က သူ့ကိုကြည့်ပြီး ပြိုင်တူအူပါလေရော။

မြောက်ဥက္ကလာတံတားက အဆင်း၊ မရမ်းကုန်းမြို့နယ်အပိုင်း ...မလေး ထမင်းဆိုင်ဝန်းကျင်ရောက်တော့ အမှိုက်ပုံအနီးကနေ ခွေးငါးကောင် ခြောက်ကောင် သူ့ဆိုက်ကားကိုကြည့်ပြီး ဆွဲဆွဲငင်ငင် အူပါရော။

အူနေကြပုံက မကောင်းဆိုးဝါးကိုမြင်လို့ အူနေပုံမျိုး။

ကြက်သီးဖြန်းခနဲ ကျောနောက်က ထသွားတယ်။

ခွေးအုပ်က ရှေ့တိုးပြီး အူပြန်ပါရော ...

"အူ ... ဝူ ... ဝူ ... ဝူ ..."

"ဂိန် ... ဂိန် ... အိန် ... အိန် ..."

"အူ ... ဝူ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ခွေး ..."

ဟောက်လို့ မရဘူး။ ဒါနဲ့ဆိုက်ကားပေါ်က ဆင်းလိုက်ပြီး တွေ့သည့် အုတ်ခဲကျိုးနဲ့ပစ်လိုက်မှ ဝါးခနီဆိုင်နဲ့ အနောက်ဘက် ဝပ်ရှော့လမ်းကြားကို ဝင်ပြေးကြတယ်။

သည့်နောက် ဟိုကြည့်ဒီကြည့်လုပ်ပြီး နင်းလာခဲ့လိုက်တယ်။

"ရှပ် ... ရှပ် ... ရှပ် ..."

"ဖလပ် ... ဖလပ် ... ဖလပ် ..."

"အလို ... ဘာသံလဲ"

နားစွင့်လိုက်တော့ ပြေးလာနေသည့် ခြေသံမျိုး။ နောက်ပြန်လှည့်ကြည့်လိုက်တယ်။ ဘာမှမရှိဘူး။ မမြင်ရဘူး။ စိတ်ထင်လို့ ဝူပါရဲ့။ အလို ... ဆိုက်ကားက ဘာကြောင့် လေးသွားရပါလိမ့်။

ကုန်းအတက်လည်း မဟုတ်ပါဘူး။

အတော်ကို လေးနေတာ။

လူတစ်ယောက် ကပ်စီးလိုက်ပါနေသလို လေးနေတာ။

မဟုတ်မှလွဲရော ဟိုမသာကောင်များ လိုက်လာရော့သလား မသိဘူး။

ဒါနဲ့ ဆိုက်ကားကို ရပ်လိုက်တယ်။

လူက ရောဂါကြောင့် အမောဖောက်ချင်ရသည့်ကြားထဲ။ ဆိုက်ကားချည်းသက်သက် နင်းလာတာတောင် အတော်ကို မောရတဲ့အထဲ ရှစ်တရက် နင်းနေသည့်ဆိုက်ကားက နင့်နေအောင် လေးလာတော့ မသတ်ဘူး။

ဒါနဲ့ ပြောရရော ...

ကိုဘုန်းမိုက သရဲတစ္ဆေ မကြောက်ပါဘူး။

သချိုင်းကုန်းထဲမှာတောင် အရက်မူးပြီး အိပ်ခဲ့ဖူးတဲ့လူဥစ္စာ၊

"ဟေ့ကောင် ... မင်း ... ငါ့ဆိုက်ကားကို စီးလာသလား"

" ....."

စိတ်ကူးသစ်စာပေ



"ဆင်းနော် ... ခွေးမသား၊ မင်းသွားရမှာ သေးရုံနဲ့ သချိုင်းဆင်း ... အခု ... ဆင်း။ ဆင်းလိုက်စမ်း ... ဘုန်းမိုကွ၊ ငါ့ ဘာထင်လို့လဲ"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပြန်ဟန့်ရ။ ခြောက်ရတယ်။ အံမယ် တယ်ဟုတ်တာပဲ။

သို့ကလို ဟိန်းဟောက်ပြီး ဆိုက်ကားထိုင်ခုံပေါ် တံတွေးနဲ့ ထွေးပစ်လိုက်ရော။ ကြည့်စမ်း ... ဆိုက်ကားက ချက်ချင်းကို ပေါ့သွားတာ၊ အံ့ရော။ ဟိုကောင်များ ဖြစ်နေရော့သလား။

ဒါနဲ့ပေါ့သွားတဲ့ ဆိုက်ကားကို လမ်းထဲရောက်အောင် နင်းလာလိုက်ပြီး အိမ်ထဲမသွင်းချင်သေးဘူးလေ။ မိုးလင်းမှ ရေဆေးသန့်စင်ပြီး ဟိုပိုင်ရှင်လက်ကို အပ်ရမှာ။

သည်တော့ ခြံဝရှေ့မှာ ရပ်၊ သော့ခတ်ပြီး အိပ်နေသည့်မိန်းမကို လှမ်းအသံပြုရတယ်။

"ကြီးရှင်ရေ ... လာ ... ကြီးရှင် ... ထပါဦးဟ"

အိမ်ရှေ့ရောက်မှ မောသလိုလို၊ မူးသလိုလို နောက်လာလို့ ခြံဝတိုင်ကိုကိုင်ရင်း မှေးထိန်းရပ်နေလိုက်တယ်။

"ကြီးရှင် ... မိန်း ... မ ..."

"လာပြီ ... ကိုဘုန်းမိုရေ ... လာပြီ"

မိန်းမက မီးခလုတ်ဖွင့်လိုက်လို့ အိမ်ရှေ့တစ်ပြင် လင်းသွားတယ်။ ကြီးရှင် အိမ်ပေါ်ကနေ 'လာလေ'လို့ ခေါ်တယ်။

"လာလေတော် ... ဘာဖြစ်နေပြန်တာလဲ၊ သောက်လာလို့လား"

"မသောက်ပါဘူးဟ"

"ကိုဘုန်းမို ..."

"ဘာတုန်းဟ ... ဒီမိန်းမကလည်း ..."

"ရှင့်သူငယ်ချင်းလည်း အိမ်ထဲခေါ်လိုက်ဦးလေ"

"ဘာ ... ဘာပြောတယ် ... ကြီးရှင် ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

"ဟိုမှာ . . . နောက်မှာလေ . . . ရှင့်သူငယ်ချင်း မဟုတ်ဘူးလား။ ရှင့်ကိုလိုက်ပို့တာ မဟုတ်ဘူးလား"

"ဘာ . . . ဒီ . . . သောက်မိန်းမတော့ကွာ"

ကိုဘုန်းမိ ဇနီးလုပ်သူရဲ့ ပြောစကားကြောင့် အလျင်စလို နောက်ပြန် လှည့်ကြည့်လိုက်တယ်။ သူ့နောက်ခြံဝမှာရော၊ လမ်းပေါ်မှာရော လူနဲ့တူတာ ဘာမှမရှိဘူး။

သို့သော် လမ်းခွေးသုံးကောင်က သူ့ကိုကြည့်ပြီး ချောက်ချားစရာကောင်းလောက်အောင် ဆွဲဆွဲငင်ငင်အူနေတုန်းပဲ။

"ကြီးရှင် . . ."

"ဘာတုံးတော် . . ."

"နင် . . . မဟုတ်မဟတ် မပြောနဲ့။ ငါ့ကို ဘယ်သူမှ လိုက်မပို့ဘူး။ ငါတစ်ယောက်တည်း ပြန်လာတာ"

"အလိုတော် . . . ရှင့်နောက်က အင်္ကျီအနက်ကွက်၊ ပုဆိုးအစိမ်းရောင်နဲ့လူက ရှင့်အဖော်မဟုတ်ဘူးလား ဟင်"

"ဟင် . . ."

ကိုဘုန်းမိ ကြားရချက်ကြောင့် ခေါင်းနားပန်းကြီးသွားပြီး အိမ်ထဲကို အမြန်ပြေးဝင်လို့ ခြံစည်းရိုးတံခါးကို အလျင်စလို ပိတ်လိုက်တယ်။

သည့်နောက် ဇနီးလုပ်သူရဲ့ပခုံးကို တွန်းပြီး အိမ်ပေါ်ကို အမြန်လှမ်းတက်လိုက်တယ်။

"အားနာစရာတော်"

"တောက် . . . ကြီးရှင်"

"ဘာတုံး"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း။ ဖွ . . . ဖွ . . . ဖွ . . ."

"ရှင် . . . ဘာဖြစ်လာလို့တုံး"

"အိပ်ရာခင်း။ ငါ ခေါင်းနည်းနည်းမူးနေတယ်"

"ရှင် အရက်သောက်တာ များသွားလို့နေမှာပေါ့"

"ငါ မသောက်ခဲ့ဘူး"





"ဒါဆို ထမင်းစားလိုက်ပါလား"

"မစားဘူး။ ကြီးရှင် . . ."

"ဘာတုံးတော် . . . ခေါ်နေတာလဲ . . . ဟွန်း"

"စောစောတုန်းက ငါ့နောက်မှာ လူတစ်ယောက်ပါလာတာ ကျိန်းသေလား၊ သေချာလား"

"သေချာလို့ ပြောရတာပေါ့တော်။ အင်္ကျီက အဖြူနဲ့အနက်ကွက်ကို ဝတ်ထားတယ်။ ပုဆိုးက အစိမ်း။ လူက ပိန်ပိန်ပါးပါး"

"ဘုရား . . . ဘုရား . . ."

"ရှင် ဘာဖြစ်နေတာတုံး။ ရှင့်ကြည့်ရတာ တစ်စုံတစ်ခုကို လန့်နေသလိုပဲ"

"နောက် . . . နင် . . . ဘာ . . . ဘာ . . . မြင်သေးလဲဟင်"

"ရှင်က သူ့ကို အိမ်ထဲဝင်ဖို့ မဖိတ်ခေါ်မှန်းသိရော ရှင့်နောက်ကျောကို စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း လှည့်ထွက်သွားပါရော"

"ဘုရား . . . ဘုရား . . . ဟူး . . . အံ့သြစရာ . . . ကြောက်စရာကြီးလား"

"ကိုဘုန်း . . . တော် . . . ကိုဘုန်းရဲ့ . . ."

"အင် . . . ဟင် . . ."

"ရှင် ဘာဖြစ်လာလို့တုံး။ ကျွန်မကို ပြောပြစမ်း"

မယားလုပ်သူက အတန်တန်မေးမှ သူက အိပ်ရာပေါ်၌ လှဲရင်း ရထားပေါ်က ပြုတ်ကျသွားသည့်အကြောင်းနဲ့ အဲဒီလူသေအလောင်းကို ဆေးရုံပို့ဖို့ ကားငှားမရတာနဲ့ ကိုပေသီးဆိုက်ကားနဲ့ သူတွန်းပြီး သန်းခေါင်လောက်မှာ လိုက်ပို့ခဲ့ရကြောင်း . . .။

"ပေသီးက ဘာလို့ လိုက်မပို့တာလဲ"

"ပေသီး ခရီးသွားနေလို့ပါ။ ငါလည်း အရက်မိုးရလို့ပါ"

သည့်နောက် မြောက်ဥက္ကလာတံတားအဆင်းမှာ မောင်နှမတွန်းတုန်း စက်စမ်း နိမ့်ဗွာန်ယာဉ်နှင့်တွေ့ပြီး လူသေကောင် ကားပေါ်လွှဲပြောင်း

www.burmeseclassic.com



ပေးခဲ့လို့ တစ်ယောက်တည်း ဆိုက်ကားနင်းပြန်လာခဲ့ကြောင်း။ ဆိုက်ကား လေး၌ နှင်းချခဲ့ရသည့်အကြောင်းပါ ပြောပြတယ်။

"သေသူရဲ့ ပုံစံကရော"

"ပိန်ပိန်ပါးပါးပဲ"

"အဝတ်အစားကရော"

"စောစောတုန်းက နှင်မြင်လိုက်ရတဲ့ အဝတ်အစားတိုင်းပဲ"

"ဟင် . . ."

"ဒါ . . . ဒါ . . . ဆို . . . ဟို . . . ဟို . . . လူ . . . ပုံသဏ္ဍာန်က ရော . . . ဟင် . . . ဟင် . . ."

"သေသွားတဲ့လူပဲ"

"အို . . . ဘုရား . . . ဘုရား . . . ဒါ . . . ဒါဆို သူ . . . သူ ရွဲ့ လမ်းလမ်းနဲ့ သွားရာမဲ့ အားကိုးရာမဲ့ဖြစ်ပြီး ကူညီတဲ့ ရှင့်နောက်ကိုများ တစ္ဆေဖြစ်ပြီး လိုက်လာရော့သလား . . . ကို . . . ဘုန်း . . . ရယ် . . . ဟင် . . . ဟင်လို့"

"မပြောတတ်ဘူး . . . ငါ အိပ်တော့မယ်"

"တစ်ခုခု စားလိုက်ပါဦးလားတော်"

"ခေါင်းမူးနေတယ် မစားတော့ဘူး"

"ကိုဘုန်း . . . ရှင် . . . အရက်ရယ်၊ သူ့ကိုရယ်ပဲ အစွဲမထား နဲ့။ ဘုရားလည်း အာရုံပြု မေတ္တာပို့ အမျှဝေပြီးမှ အိပ်တော်။ ကြား လား"

ပြန်မပြောပါ။

သူ အိပ်ပျော်သွားပြီဖြစ်သည်။

သုံးနာရီထိုးတော့ ပဲပြုတ်ပြုတ်တယ်။ ပဲပြုတ်ကျက်တော့ ဘုရား ဆွမ်းကပ်ပြီး ရှိခိုးအမျှဝေလိုက်တယ်။ သည့်နောက် ဝေလီဝေလင်းမှာ ပြ တောင်းရွက်ပြီး တစ်လမ်းဝင်တစ်လမ်းထွက် လိုက်ရောင်းတယ်။

(၇) နာရီခွဲတော့ ပဲပြုတ်တစ်တောင်း ကုန်ပြီ။

စာတိုက်ဈေးဝင်ပြီး ဟင်းချက်စရာဝယ်လို့ ပြန်လာလိုက်တယ်





"ဟဲ့ . . . သမီး၊ နင့်အဖေ မနိုးသေးဘူးလား"

"မနိုးသေးဘူး . . . အမေ အိပ်နေတုန်းပဲ"

(၆) နှစ်သမီးက စာကျက်ရင်းကပြောလို့ နှိုးရအောင် အိပ်ရာထဲ ဝင်လိုက်တယ်။

"ကိုဘုန်းမို . . ."

"ကိုဘုန်းမို . . . ထတော့ (၈)နာရီ ထိုးနေပြီ"

"ကိုဘုန်းမို . . ."

မနိုးဘူး။ ဒါနဲ့ စောင်ကိုဖယ်ပြီး လှုပ်နှိုးလိုက်ရော . . .

"ဟင် . . ."

"အေးစက်လို့ပါလား . . . ဘုရား . . . ဘုရား"

နဖူးကို စမ်းတယ်။ အေးစက်လို့ ရင်ဘတ်ကို စမ်းကြည့်တယ်။ အေးစက်နေတယ်။

အလို . . .

ခြေဖျားကို ထပ်စမ်းကြည့်တယ်။ ဘုရားရေ . . . ရေခဲရိုက်ထား သလို တောင့်နေတယ်။

မကြီးရှင် စိုးရိမ်ကြီးစွာနဲ့ လှုပ်နိုးလိုက်တယ်။

"ကိုဘုန်းမို . . ."

"ကိုဘုန်း . . . မို . . . အင် . . . ဟီး . . . ဟီး . . ."

သူမ အေးစက်တောင့်နေသည့် ချစ်လင်ရဲ့ရင်ဘတ်ပေါ်မှာ မျက်နှာ အပ်ပြီးချုံးပွဲချ ငိုပစ်လိုက်တယ်။ ခေါ်လို့မရတော့ဘူး။ သူ့အသက်မရှိ တော့ဘူး။ သူ့ငိုသံကြားတော့ သမီးလေးကလည်း အဖေလို့ခေါ်ရင်း ငိုပါ လေရော။

သူတို့အိမ်ရှေ့မှာ ညတုန်းက ရထားပေါ်က ကျလို့သေတဲ့မသာ လိုက်ပို့တဲ့ ဆိုက်ကားက သော့တန်းလန်းနဲ့ရပ်လို့ . . .။

"အို . . . ကိုဘုန်းမိုရဲ့၊ သူများအသုဘကို ညဉ့်နက်သန်းခေါင် လိုက်ပို့သူကြီးရဲ့။ ခုတော့ ရှင်ကို ကျွန်မတို့ လိုက်ပို့ရဦးမှာပေါ့ ဟီး . . . ဟီး . . . ဟီး . . ."

www.burmeseclassic.com



ကြားရမြင်ရသူတိုင်း စိတ်မကောင်းကြဘူး။

ရထားဘူတာက လူကြီးတွေလည်း သတင်းမေးကြတယ်။ ရဲတပ်ဖွဲ့ကလည်း ကြားကြားချင်း ရောက်လာရှာတယ်။

သူတို့လည်း ကိုဘုန်းမိုရဲ့အလောင်းကို ကြည့်ပြီး စိတ်မကောင်းကြဘူး။

အမျိုးမျိုး ဝေဖန်ချက် ပေးကြလေရဲ့။

ကိုဘုန်းမိုကို ရထားပေါ်က ကျသေတဲ့လူ အဖော်လာခေါ်သွားတာတဲ့။

အချို့က ကိုဘုန်းမို သွေးတိုးနဲ့ ရုတ်ခြည်းသေရတာပါတဲ့။

မကြီးကတော့ သူရဲ့ယောက်ျားမှာ နှလုံးရောဂါအခံရှိသတဲ့။ ဖြောရင်း ရှိုက်ကြီးတငင် ငိုရှာတယ်။

ဒါနှင့်အတူ ...

ညတုန်းက ခြံဝမှာ ကိုဘုန်းမိုနဲ့ပါလာတဲ့ အကျီအကွက်နဲ့ လူကိုမြင်ယောင်ပြီး ...

အားလုံး .. ကောင်းရာသုဂတိဘုံသို့ ရောက်ပါစေ ... အမျှ ... အမျှ ... အမျှ ...။

❧

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC .com

စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးဆရာ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | ခြွေဝင်စားခေါင်ခြွေ | | ၁၂၀၀ိ/- |
| ၂။ | (သန်လျင်) | လူထူးဆန်းသတိုက်ပုံဦးရာဇကျော် | | ၁၂၀၀ိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ခွေးနတ်ကြီး | | ၁၂၀၀ိ/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဖဲ | | ၁၂၀၀ိ/- |
| ၅။ | ။ | မြွေတောက်ပါးဖြူမှော်ခင်းသားဗိုးစည်နှင့်တောဇော်ခဲ | | ၁၂၀၀ိ/- |
| ၆။ | ။ | ပြိတ္တာရွာသူမတွေ | | ၁၂၀၀ိ/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်ဖြင်းနှင့် အင်းတစ်ထောင်မင်းဂေါင် | | ၁၂၀၀ိ/- |
| ၈။ | ။ | ဝရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် | ဝမ္ဘီရဝတ္ထုတိုများ | ၁၂၀၀ိ/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရထာလမ်းကြမ်း | | ၁၅၀၀ိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀၀ိ/- |
| ၁၁။ | ။ | ကျောဇာတ်ကြီးငြေ | | ၁၅၀၀ိ/- |
| ၁၂။ | ။ | နတ်မြင်းခွာသံ | ။ | ၁၅၀၀ိ/- |
| ၁၃။ | ။ | ငြမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှမ်းအိမ်သစ် | | ၁၅၀၀ိ/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိကျောင်းဝမ္ဘီရဝတ္ထုတိုများ | | ၁၅၀၀ိ/- |
| ၁၆။ | ။ | ဖြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀ိ/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအဝါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၈။ | ။ | နာနာဘာဝဗိုင် | ဝမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၁၉။ | ။ | ဖြူစွာရာသီဖွားနန်းအိမ်ကြို | | ၃၀၀၀ိ/- |
| ၂၀။ | ။ | မျက်ရည်မြစ်ဝေါ်မှာသောင်မတင်တဲ့အကြာရောင်ဗေဒါ | | ၁၅၀၀ိ/- |
| ၂၁။ | ။ | လေးစည်ရထွန်းကြိုင် | ဝမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၂၂။ | ။ | ကျော့ကုန်းဝေါ်ကလက်ဝါးရာ | ။ | ၂၀၀၀ိ/- |
| ၂၃။ | ။ | တေးသွားဝေါ်မှာထတဲ့ဝန်းပွင့် | | ၂၅၀၀ိ/- |
| ၂၄။ | ။ | စိန်စီတဲကြိုးရေချမ်းအိုး | | ၂၅၀၀ိ/- |
| ၂၅။ | ။ | ရင်တွဲရွှေကျိုးညို | ။ | ၂၀၀၀ိ/- |
| ၂၆။ | ။ | ပြိတ္တာရေဆန် | | ၂၀၀၀ိ/- |
| ၂၇။ | ။ | ပုံဖျက်ဝန်းဖျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလုံလက် | | ၂၀၀၀ိ/- |
| ၂၈။ | ။ | သိင်္ဂီရမြွေအိမ် | | ၃၀၀၀ိ/- |
| ၂၉။ | ။ | ငှက်ကြီးတောင်အဂျမ်း | ဝမ္ဘီရဝတ္ထုတိုများ | ၃၀၀၀ိ/- |
| ၃၀။ | ။ | ဇာရနဂွတ်ကြောင်နတ်နှစ်ကောင် | | ၃၀၀၀ိ/- |
| ၃၁။ | ။ | ရွှေပြည်ဝင်ရတ္တစိုးအိုးစည် | | ၃၀၀၀ိ/- |
| ၃၂။ | ။ | နတ်မျက်စိတောင်စုန် | ဝမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၃၃။ | ။ | ထူးကျိုးလိုက်လှဲခွေ့ စံဇေတဲ့ယော့ | | ၂၅၀၀ိ/- |
| ၃၄။ | ။ | နရသိန်ပြန်အိမ်မက်များ | ဝတ္ထုတိုများ | ၂၀၀၀ိ/- |

www.burmeseclassic.com